www.burmeseclassic.com

မှုခင်းအလွန့်ရှားယပါ ပြုပြင်ကောင်းကွယ်နိုင်ပြုစေဖို့

# မှုခင်း ရှာဖော်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , N0 ( 31 ) ၂၀၁၃ ခုနှစ် ၊ ဇူလိုင်



www.burmeseclassic.com

## ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----


မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြဲ-၀၃၈၂၈ဖြင့်
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား
လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | |
|---|---|
| နာယက | - ရဲမှူးကြီးဝင်းခေါင် |
| | - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - ဒေါ်သက်ရီ (Jacob) |
| | **Jacob Media Group** |
| အယ်ဒီတာချုပ် | - ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - ငွေးနိုင် (ပြင်ပဆက်သွယ်ရေး) |
| | - အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - စောဝဏ္ဏ |
| ကွန်ပျူတာစာစီ | - တင်တင်အောင် |
| ရုံးလုပ်ငန်း | - ခင်စန်းဝင်း၊ ဖြူဖြူလှိုင်၊ ခင်ဟဒသွေ တင်ကြိုင်၊ တင်ရွှေ |
| ကြော်ငြာတာဝန်ခံ | - ဦးသက်ထွန်း၊ ဒေါ်အေးအေးခင် |
| စာအုပ်ချုပ်အဖွဲ့ | - ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - စိန်နဂါးပုံနှိပ်တိုက် |
| အဖုံးဖလင် | - **EAGLE** |
| အတွင်းဖလင် | - **PERFECT** |



**သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ**

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ
(၉၆)၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH: 01-297297, 01-9000017
FAX : 01-397164
Email : shuhtaunt@gmail.com
nyonyoseinnt@gmail.com


### သတင်းစုဆောင်းရေးရုံးခွဲများ

| | |
|---|---|
| ဦးဇော်လင်းသန်း (ရဲရဲအဖွဲ့) | - နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - မြဝတီရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - မူဆယ်ရုံးခွဲ |
| ဦးသန်းဝင်းအဖွဲ့ | - ချောက်ရုံးခွဲ |
| ဦးလှရွှေအဖွဲ့ | - ကျောက်ပန်းတောင်းရုံးခွဲ |
| ဦး-------------အဖွဲ့ | - ညောင်ဦး(ပန်းတောင်း)ရုံးခွဲ |
| ဦးအောင်သန်းထွဋ်အဖွဲ့ | - ပြည် (၁)ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - အောင်လံ (ပြည်လို့)ရုံးခွဲ |
| ဦးစိုင်းဇော်ဇော်အဖွဲ့ | - ရွှေတောင်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - သဲကုန်း/ပုတီးကုန်းရုံးခွဲ |
| ဦးခင်ဇော်အဖွဲ့ | - ဇီးကုန်းရုံးခွဲ |
| ဦးသိန်းဝင်းအဖွဲ့ | - ကြို့ပင်ကောက်ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - ပေါင်းတည်ရုံးခွဲ |
| ဦးထွန်းဝေအဖွဲ့ | - ကံမရုံးခွဲ |
| ဦးလှမြင့်အဖွဲ့ | - မိုးညိုရုံးခွဲ |
| ဦးစိုးနိုင်အဖွဲ့ | - အုတ်ဖိုရုံးခွဲ |
| ဦးဇော်မိုးနိုင်အဖွဲ့ | - နတ်တလင်းရုံးခွဲ |
| ဦးမြင့်နိုင်အဖွဲ့ | - လှိုင်ကော်ရုံးခွဲ |
| ဦးသိန်းလှိုင်အဖွဲ့ | - မော်လမြိုင်ရုံးခွဲ |
| ဦးစိုးမြင့်အဖွဲ့ | - ဘိုကလေးရုံးခွဲ |
| ဦးဇော်ရှင်းအဖွဲ့ | - ပဲခူးရုံးခွဲ |
| ဒေါ်လှလှကြည်အဖွဲ့ | - လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - သာကေတ (၁) ရုံးခွဲ |
| ဦးတင်မောင်ဝင်းအဖွဲ့ | - သာကေတ (၂) ရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - ဒေါပုံ (၁) ရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - ဒေါပုံ (၂) ရုံးခွဲ |
| ဦးစိန်ဝင်းအဖွဲ့ | - ရေစကြိုရုံးခွဲ |

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃာ မေ သရဏံ အညံ နတ္ထိ။
ဒီဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေပူရေန္တု သင်္ကပ္ပာ။

ဩော်င်း-တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရဟန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဇူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချီ ဟောဝန္တာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှုမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။
ဩော်င်း-နမော ဗုဒ္ဓါနုဘာဝေန၊ ဩော်င်း-နမောဓမ္မာနုဘာဝေန၊ ဩော်င်း-နမော သံဃာနုဘာဝေန၊
ဩော်င်း-နမော ဒူရေ-ဒူရေ သွား ဟုံ-ဟုံ။

# ဆရာစောဝင်း (လက္ခဏာဗေဒပဏ္ဍိတ)

မယ်လမုဘုရားဝင်း/မြောက်ဥက္ကလာပမြို့

## (၇)ရက်သားသမီးများ၏ ကောင်းကျိုးအတွက် စိတ်ဝင်စားဖွယ်သတင်းကောင်း

၁။ မိမိတို့၏ ကံဇာတာကိုလည်းကောင်း၊ လက္ခဏာကိုလည်းကောင်း စစ်ဆေးဟောပြောခြင်း။
၂။ မကောင်းကျိုးပေးသော မှဲ့ကိုလည်းကောင်း၊ နာမည်ကိုလည်းကောင်း၊ အစီအရင်နည်းဖြင့် ပယ်ဖျက်ပေးခြင်း။
၃။ မိမိတို့၏ မိသားစုဝင်များတွင် ပြောဆိုဆုံးမ၍မရသူများအား လိမ္မာကောင်းမွန်လျက် ပြောစကားနားထောင်ရန် ယတြာအစီအရင် ပြုလုပ်ပေးခြင်း။
၄။ အရက်သောက်ခြင်း၊ ဆိုးသွမ်းခြင်းများအား လူခေါ်လာစရာမလိုဘဲ အရက်ဖြတ်ပေးခြင်း။

❖ အထွေထွေကိစ္စရပ်များအတွက် အထူးယတြာ ❖


(၁) ယတြာဆောင်ရွက်ရာတွင် ငွေကုန်ခြင်း၊ ခက်ခဲခြင်းမရှိစေရ။
(၂) မိမိတို့ ဆောင်ရွက်လိုသော ယတြာအတွက် မိမိတို့၏ဖြစ်စဉ်နှင့် အကြောင်းခံတို့ညည်သာလျှင် မှန်ကန်မှု၊ တရားမျှတမှု ရှိစေရပါမည်။
(၃) ဆရာပေးသော ယတြာကို ပြုလုပ်ပြီးလျှင် (၇)ရက်အတွင်း ထူးခြားစေရမည်။
(၄) အချိန်မီ အလျှင်အမြန် ဆောင်ရွက်သင့်သော ကိစ္စများဖြစ်ပါက ညမအိပ်၊ နေ့မကူး ထူးခြားစေရမည်။

နေ့စဉ် နံနက် (၈း၁၅)နာရီမှ ညနေ (၅း၄၅)နာရီအထိ။ (ပိတ်ရက်မရှိ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# "အဋ္ဌကထာကြေးပိဋကတ်တော်ကို ပြုလုပ်လှူဒါန်းဒါနပြုကြပါစို့"



ဗဟန်းမြို့နယ်၊ ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနာ့ဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ပဏ္ဍိတဓမ္မစာဆိုတော်)မှ ဦးဆောင်စီစဉ်၍အဋ္ဌကထာ ကြေးပိဋကတ်တော်တစ်ဆူပြုလုပ်လှူဒါန်းနိုင်ရန် စတင်ဆောင်ရွက် နေပါပြီ။

"ကျွန်ုပ်တို့သည် လူ့ဘဝရောက်ချိန်တွင် ကောင်းမြတ်သော သာသနာ့အကျိုးပြု ကုသိုလ်ကောင်းမှုပြုလုပ်သင့်ကြသည်" ဟု ယုံကြည်ကြ၍ သာသနာတော် အဓွန့်ရှည် တည်တံ့အောင် မြတ်စွာဘုရား၏ ပါဠိပိဋကတ်ကျမ်းစာတော်မြတ်တို့ကို ကြေးပိဋကတ်ပြုလုပ်လှူဒါန်းထားကြပြီးဖြစ်ပါသည်။

ယခုတဖန် အဋ္ဌကထာကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် ပါဝင်လှူဒါန်းလိုသော အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိစေအပ်ပါသည်။

(အဋ္ဌကထာကြေးပိဋကတ်တော်(၁)ချပ်ကို ၂၆၀၀၀ိ/-)ကျပ်နှုန်းဖြင့်လှူဒါန်းနိုင်ပါသည်။

အဋ္ဌကထာကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရာဌာန

- မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကြားတောရ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ **(ရေခဲဆိုင်မှတ်တိုင်ဆင်းပါ)**
- ဖုန်း-၅၄၈၀၀၅၊ ၀၉၅၁-၉၅၂၀၆

ဒေါ်အေးအေးခိုင်

www.burmeseclassic.com

www.burmeseclassic.com

## "ကဗျာရှုထောင့်"


- ငွေးကြည် (စလင်း) ၈
- အဖျောက်ဖြေ မောင်ဆွေမွန် ၉
- နိုင်မျိုးသစ္စာ (နမ္မတူ) ၁၀
- ထက်ဦးလူ (မူဆယ်) ၁၁


## "ကာတွန်းရှုထောင့်"

BURMESE CLASSIC .com


- ရွှေကိုဦး၊ ဇွဲနေ၊ မြင့်သန်း


## ဥပဒေရှုထောင့်


- မောင်ဉာဏ်ရှင် ၁၅


## "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၆၈)"


- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၁၉


## "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"


- ဟသ်ာတ မောင်မျိုးသက် (အပိုင်နော်ကြဲလိုက်ရင်) ၃၁
- တွင်းကြီးသား တင်ဝင်းဦး (ပစ်မယ့်ပစ်မှတ်) ၃၄
- မောင်မောင်စိန်လင်း (နတ်မောက်) (သိပ်ချစ်တယ်ဆိုတဲ့ကိုကို) ၄၃
- ကေတုလုနိုင် (ဆေးလိပ်တိုခြေရာကောက်) ၅၂
- ဇော်ထွဋ် (ကမ်းသာယာ) (မီး) ၅၈
- ကျော်သန်းစံ (ကျောချမှတားပြမှန်းသိ) ၆၉
- ရာကျော် (ဖြူး) (အချစ်မှန်ကြောင့်ဖြစ်ဒဏ်ခံရသည်) ၇၆
- တင်ဝင်းဦး (သည်းကြွေလုဆွေး) ၈၁
- ဟသ်ာတ မောင်မျိုးသက် (အာယာတလား၊ လောဘလား) ၉၄


www.burmeseclassic.com

www.burmeseclassic.com


- မော်ကျွန်းရဲနိုင် (စ/ဆုံး)
  (ရဲအုပ်သာဦးနှင့်လူသတ်တရားခံ) ၁၀၉

"ရသဝတ္ထုတိုရှုထောင့်"

- ဇော်ထွဋ် (ကမ်းသာယာ)
  (မေတ္တာဆိုသည်မှာ) ၁၂၅

"ရသဝတ္ထုတိုရှုထောင့်"

- ယုယုလွင်ကျော်
  (ကွင်းဆက်၏ကွင်းဆက်) ၁၃၁

"ဆောင်းပါးရှုထောင့်"

- ဆူးသစ်
  (ဘယ်တော့မှမစွန့်လွှတ်ရင် ---) ၁၅၁

"နှလုံးသားရှုထောင့်"

- လွန်းရီရီ (ပင်လည်ဘူး)
  (သောင်တင်ခဲ့ဖူးသောကမ်းခြေ) ၁၅၅

"ဖြောင့်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၆၀
- မိုးစက် (ဥပဒေ)
  (ခြေရာမဲ့လှိုင်း) ၁၆၂

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇောဟိန်း (ဒေါ်ပုံ)
  (အမုန်းမီးတောက်) ၁၆၆
- နိုင်စင်သန့်
  (သူတို့၏မာန်) ၁၇၀

"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၁

"ဗေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com



# မြစ်နှင့်တူသောမိဘများ

ဒွေးကြည်–စလင်း



မေတ္တာပြတင်း
ဖွင့်လှစ်ရင်းဖြင့်
အရင်းစိုက်ထူ
မယူ အမြတ်
ပေးဆပ်မေတ္တာ
စုန်ရေသာတည့်
စီးသည့်စုန်ရေ
မခန်းလေပြီ
ဆန်ရေပွက်ပွက်
မပွက်ပွက်။ ။




www.burmeseclassic.com

www.burmeseclassic.com



# တုံးအောက်ကဖား

အဖျောက်မြေ–မောင်ဆွေမွန်



- လူ့ရုပ်ဝန်းကျင်၊ အကောင်းမြင်၍
ဆင်ခြင်နေမှု၊ ပြောဆိုပြုမှ
လူ့သဘာဝပီသမည်–––။
- လူဟုဆိုလျှင်၊ လူပီပြင်ကာ
ဖြူစင်သန့်ရှင်း၊ ချေးညှော်ကင်းလျက်
စိတ်ရင်းကောင်းမြတ်၊ သင်ထားတတ်မှ
လူ့ပတ်ဝန်းကျင်၊ စမ်းရေသွင်နှယ်
ကြည်လင်အေးမြနိုင်စွမ်းမည်–––။
- သို့မဟုတ်ဘဲ၊ အတ္တကဲ၍
တင့်ရဲကြမ်းတမ်း၊ စိတ်သော့သွမ်းလျက်
ပရမ်းပတာ၊ နှုတ်ပွင့်အာပြီး
ဘာဆိုဘာမျှ၊ လိုမကျတည့်
ဆန္ဒချည့်လျှင်၊ ရှေ့တန်းတင်ရင်း
အမြင်ဖောက်ထိုး၊ မျက်လုံးမျိုးဖြင့်
အဆိုးပကတိ၊ သင်ရှုမိသော်
ပီဘိလုံးလုံး၊ လူဖြစ်ရှုံးလိမ့်
တုံးအောက်ကဖား ဖြစ်ရောမည်–––။



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကေတ

နိုင်မျိုးသစ္စာ (နမ္မတူ)



- နေခြည်လွန့်လူး
  လင်းရောင်မြူးတော့
  အရုဏ်ဦးမှန်းသိလိုက်တယ်။
- နေရောင်ကွယ်မြုပ်
  အမှောင်အုပ်တော့
  မိုးချုပ်ပြီမှန်းသိလိုက်တယ်။
- မတွေ့သလို
  နှုတ်မဆိုဘဲ
  လူကိုရှောင်ဖယ်
  ပုန်းလျှိုးကွယ်တော့
  ပျက်ပြယ်နှောင်ထုံး
  ချစ်စိတ်သုဉ်း၍
  သူမုန်းပြီမှန်းသိလိုက်တယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



# ကြော်ငြာအတိုင်းသာ

ထက်ဦးလူ (မှူဆယ်)

♥ ပုလင်းအဖုံးကို ဖွင့်စဉ်ခဏ
ဒီကောက်ကြောင်းထင်လာတယ်
ပန်းသီးစားရင် အခွံခွာရမယ်
ချိုတာချဉ်တာ ဒုတိယနေရာမှာ
ပန်းသီးကို ပန်းသီးလိုစားရင်
ဘားထက်ထက်က အရသာသိတယ်။

♥ မှတ်ပုံတင်ကတ်က
လူတစ်ယောက်ကို လူဖြစ်ကြောင်း
ရွှေဟာရွှေဖြစ်ကြောင်း
မှတ်ကျောက်မှာ လက်မထောင်ပြလိုက်၊
လူတစ်ယောက်ဟာ လူဖြစ်ကြောင်း
လူ့အခွံတွေ ခွာပြလိုက်၊
ရတနာတွေ ဖြုတ်ချလိုက်၊
ပိုးဖဲကတ္တီပါတွေ ချွတ်ချလိုက်၊
ဂုဏ်ပဝါတွေ ခွာချလိုက်၊
တန်ဖိုးအတိအကျနဲ့ လူတစ်ယောက်
သူ့နှလုံးသားထိ မြင်နိုင်တယ်။

♥ ဦးဖူ---
ကျွန်တော်ဖွင့်လိုက်တဲ့ပုလင်း
တံဆိပ်အတိုင်း ဖြစ်ရင်တော့
ဒီည ခေါင်းမကိုက်တော့ဘူး။ ။





www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ၊ မယားခိုးမှုဆိုပြီး လင်ယောကျ်ားတွေက သူတို့မယားနဲ့ ခိုးယူပေါင်းဖက်သူကို တရားစွဲကြတယ်။ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ လင်ယောကျ်ားတစ်ယောက်ဟာ အခြားအမျိုးသမီးတစ်ယောက်နဲ့ ပေါင်းဖက်နေထိုင်ရင် လင်ခိုးမှုနဲ့ တရားစွဲလို့မရဘူးလား ဆရာ။

ချစ်သက်ဝေ

**ဖြေ။** ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇အရ လင်ရှိမယားတစ်ယောက်ကို ခိုးယူပေါင်းဖက်စပ်ယှက်ရင် မယားခိုးမှုနဲ့ တရားစွဲကြတယ်။ လင်ယောကျ်ားတစ်ယောက်က အခြားအမျိုးသမီးတစ်ယောက်ကို ပေါင်းဖက်နေထိုင်ရင် လင်ခိုးမှုနဲ့ တရားစွဲလို့မရပါဘူး။ ဒါပေမယ့် လင်ခိုးမှုနဲ့ တရားစွဲဆိုနိုင်တဲ့ဥပဒေပြဋ္ဌာန်းချက်တော့ ရှိပါတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၄မှာ အသက်ရှင်လျက်ရှိတဲ့ လင်ဖြစ်စေ၊ မယားဖြစ်စေ ရှိပါလျက် နောက်ထပ် လင်ဖြစ်စေ၊ မယားဖြစ်စေ ထပ်ယူရင် ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားတယ်။

ယောကျ်ားတစ်ယောက်ဟာ မယားငုတ်တုတ်ရှိပါရက် နောက်ထပ် မယားတစ်ယောက် ထပ်ယူရင် ဤပုဒ်မအရ အရေးယူနိုင်တယ်။ တစ်လင်တစ်မယားစနစ်ကို အသိအမှတ်ပြုထားတာဖြစ်တယ်။ ဒါပေမယ့် ချစ်သက်ဝေရေ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ယောကျ်ားတစ်ယောက်ဟာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မယားတစ်ယောက်ထက်မက ယူပိုင်ခွင့်ရှိတဲ့အတွက် ဒီပုဒ်မအရ လင်ခိုးမှုနဲ့ တရားစွဲလို့မရပါဘူး။ သိပ်တော့စိတ်မပူပါနဲ့။ မြန်မာယောကျ်ားတွေဟာ မယားတစ်ယောက်ထက်မက ယူနိုင်ခွင့်ရှိပေမယ့် မြန်မာ့ယဉ်ကျေးမှုနဲ့ ဘာသာတရားရဲ့ ကိုင်းရှိုင်းမှုကြောင့် တစ်လင်တစ်မယားစနစ်ဟာ အခြားနိုင်ငံတွေထက် ခိုင်မြဲလျက် ရှိတယ်ဆိုတဲ့အကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဩရသသားသမီးဆိုတာ ဘာကိုဆိုလိုပါသလဲ ဆရာ။ ဩရသသားသမီးကို သားသမီးတိုင်းရနိုင်ပါသလား။

မေသက်မွန်



www.burmeseclassic.com

www.burmeseclassic.com



**ဖြေ။** ဩရသအဓိပ္ပာယ်က ရင်၌ဖြစ်သော သားသမီးအရင်းဟု အဓိပ္ပာယ်ရပါတယ်။ ဩရသ သားသမီးကို သားသမီးတိုင်း ရပိုင်ခွင့်မရှိပါဘူး။ (၁) တရားဝင်သားသမီးဖြစ်ရမယ်။ (၂) သားရင်းသမီးရင်း ဖြစ်ရမယ်။ (၃) သားဖြစ်လျှင် အဖ မကွယ်လွန်မီ သမီးဖြစ်လျှင် အမိမကွယ်လွန်မီ အသက် (၁၈)နှစ် ပြည့်ရမယ်။ (၄) (၁၈)နှစ်ပြည့်ချိန်၌ သားသမီးများတွင် အကြီးဆုံးဖြစ်ရမယ်။ သားဖြစ်လျှင် အဖ၊ သမီးဖြစ်လျှင် အမိ၏ တာဝန်ဝတ္တရာများကို ကူညီဆောင်ရွက်နိုင်စွမ်းရှိရမယ်။ ဥပမာ ရူးသွပ်သူမဖြစ်စေရ။ (၅) သားဖြစ်ရင် အဖေ၏ ပစ္စည်းဥစ္စာ ရှာဖွေရေး သမီးဖြစ်ရင် အမိ၏ အိမ်ထောင်ဝတ္တရားများကို ကူညီလုပ်ကိုင်ဆောင်ရွက်ရပါမယ်။

**မေး။** ဆရာ၊ ဆရာတို့ အမေးအဖြေတစ်ခုမှာ ထိမ်းမြားလက်ထပ်ခြင်းနဲ့ မိန်းကလေးရဲ့ အသက်အပိုင်းအခြားကို အထောက်အထားနဲ့ ပြည့်စုံစွာဖော်ပြထားတာ ဖတ်ရပါတယ်။ ကျွန်တော်သိချင်တာက ထိမ်းမြားလက်ထပ်ခြင်းနဲ့ ပတ်သက်ပြီး ယောကျ်ားလေးရဲ့ အသက်အပိုင်းအခြားကို သိလိုပါတယ်ဆရာ။

မောင်မျိုးမင်း

**ဖြေ။** မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ထားတဲ့ စီရင်ထုံးတွေအရ မြန်မာဗုဒ္ဓဘာသာ ယောကျ်ားလေးတစ်ယောက်ဟာ ကျန်းမာရေးနဲ့ ပြည့်စုံရင် ဘယ်အရွယ်မှာမဆို ထိမ်းမြားလက်ထပ်နိုင်တယ်။ မိဘအုပ်ထိန်းသူတို့ရဲ့ သဘောတူညီချက်ရယူရန် မလိုဘူး။ ဒါပေမယ့် ပြစ်မှုဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းထားချက်ကလေးတစ်ခုတော့ သတိထားဖို့ လိုပေလိမ့်မယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃မှာ ပြဋ္ဌာန်းထားတာက အသက် (၁၄)နှစ်အောက် ယောကျ်ားလေးတစ်ယောက်ကို မိဘ၊ အုပ်ထိန်းသူရဲ့ သဘောတူညီမှုမရှိဘဲ ခိုးယူသွားရင် ထောင်ဒဏ် (၇)နှစ်ထိ ချမှတ်နိုင်တယ်။ ယောကျ်ားလေးက သဘောတူတူ မတူတူ မိဘအုပ်ထိန်းသူက သဘောမတူရင် အရေးယူနိုင်တယ်။

**မေး။** ဆရာ သတင်းစာထဲမှာ မိဘတွေက သားသမီးကို သူတို့သဘောမတူသူနဲ့ လိုက်ပြေးသွားတာနဲ့ အမွေပြတ်ကြော်ငြာလေ့ရှိတယ်။ အဲလိုသတင်းစာက ကြော်ငြာရုံနဲ့ တကယ်အမွေပြတ်ပါသလား ဆရာ။

မောင်ဆွေမြင့်

**ဖြေ။** မောင်ဆွေမြင့်မေးတဲ့ မေးခွန်းက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဆရာလည်း အဲဒီအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးမလို့ပါပဲ။ မိဘတွေက သတင်းစာထဲမှာ သားသမီးကို အမွေပြတ်ကြော်ငြာရုံနဲ့ တကယ်အမွေမပြတ်ပါဘူး။ သားသမီးရဲ့ ရခွင့်ရှိတဲ့ အမွေဟာ မဆုံးရှုံးပါဘူး။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ မိဘတွေဟာ သားသမီးကို အမွေမှ ပယ်ထုတ်နိုင်ဘူးလို့ စီရင်ထုံးပြုထားတာတွေ ရှိတယ်။ အောက်ပါအချက်တွေနဲ့ ငြိစွန်းနေတဲ့ သားသမီးကိုတော့ အမွေဆက်ခံပိုင်ခွင့် ဆုံးရှုံးနိုင်တယ်။ (၁) သားသမီးကို သူတစ်ပါးအား မွေးစားရန်ပေးအပ်ခဲ့ခြင်း။ (၂) မိဘများကွာရှင်းပြတ်စဲပြီးနောက် သားသမီးဖြစ်သူဟာ မိဘတစ်ဦးနဲ့နေထိုင်ပြီး ကျန်တစ်ဦးအား သားသမီးတို့၏ ပြုရသော ဝတ်ကြီးဝတ်ငယ်များကို ဆက်လက်မပြုစုခြင်း။ (၃) သားသမီးတို့၏



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝတ်ပျက်ပြားခြင်းတို့ ဖြစ်တယ်။

မိဘသဘောမတူသူနဲ့ ခိုးရာလိုက်ပြေးမှုဟာ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားခြင်းဖြစ်တယ်လို့ လုံးဝမဆိုနိုင်ဘူး။ ဒါကြောင့် မိဘသဘောမတူသူနဲ့ ထွက်ပြေးကာမှုဖြင့် မိဘထံမှ အမွေမဆုံးရှုံးနိုင်ဘူး။ မွေးစားမိဘကလည်း မွေးစားသားသမီး သဘောမတူသူနဲ့ ထွက်ပြေးတဲ့အတွက် မွေးစားမှုကို တစ်ဖက်သတ် ပယ်ဖျက်ခွင့်မရှိဘူး။ အမွေလည်း မဆုံးရှုံးနိုင်ပါဘူးလို့ ဖြေကြားလိုက်ပါတယ်။

**မေး။** ဆရာ၊ အမှုတစ်ခုဖြစ်လာရင် ရဲစခန်းကို တိုင်ရမယ်လို့ပဲ ကျွန်တော် ယူဆထားပါတယ်။ နောက်နားက ကျွန်တော့် သူငယ်ချင်းတစ်ယောက် လက်သီးနဲ့အထိုးခံရလို့ ရဲစခန်းသွားတိုင်တယ်။ ဆေးရုံကိုလည်း ပို့ပေးတယ်။ ဆေးစာရတော့ ကျွန်တော် တို့ကို တရားရုံးမှာ ဦးတိုက်လျှောက်ပါလို့ဆိုပြီး ရဲစခန်းက အရေးမယူဘဲ ပြန်လွှတ်လိုက်တယ်။ ကျွန်တော်တို့လည်း နားမလည် နိုင်အောင် ဖြစ်သွားတယ်။ အဲဒါ ဖြေကြားပေးပါဆရာ။

**မောင်လှအေး**

**ဖြေ။** အမှုတစ်မှု ဖြစ်လာရင် ကျူးလွန်တဲ့အမှုကိုလိုက်ပြီး ပုဒ်မတပ်ရတယ်။ ကျူးလွန်တဲ့ပုဒ်မဟာ ရဲအရေးပိုင်သလား။ မပိုင်ဘူးလား ကြည့်ရတယ်။ ပုဒ်မတစ်ခုဟာ ရဲအရေးပိုင်သလား။ မပိုင်ဘူးလားဆိုတာက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ နောက်ဆက်တွဲဇယား (၂)မှာ ကြည့်ရတယ်။ အတိအကျဖော်ပြထားတယ်။ ရဲအရေးပိုင်တယ်၊ မပိုင်ဘူးဆိုတဲ့ သတ်မှတ်ချက်ကတော့ ယေဘုယျအားဖြင့် အမှု အကြီး၊ အသေးအပေါ်မှာ မူတည်သတ်မှတ်တယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် တချို့အမှုများဟာ ကြီး တယ်လို့ ယူဆရပေမယ့် ရဲအရေးမပိုင်ဘူး။ တချို့ အမှုကျပြန်တော့လည်း အမှုသေးတယ်လို့ ထင်ရပေမယ့် ရဲအရေးပိုင်နေ တတ်ပြန်တယ်။

ရဲအရေးမယူနိုင်တဲ့ အမှုကို ရဲက အမှုဖွင့်အရေးမယူနိုင်ဘူး။ ရဲအရေးမပိုင်တဲ့အမှု ရဲစခန်း လာတိုင်ရင် ရဲနောက်ဆက် တွဲပုံစံ (က) (ခ) ထုတ်ပေးလိုက်ပြီး တရားရုံးမှာ ဦးတိုက်စွဲဖို့ ညွှန်ကြားပေးရတယ်။ မိမိဘာသာ ရဲအရေးမပိုင်မှန်းသိလို့ ရဲစခန်း မသွားဘဲ ပုံစံ (က) (ခ)မပါဘဲ တရားရုံးကို ဦးတိုက်သွားစွဲရင်လည်း တရားရုံးက လက်ခံပါတယ်။

မောင်လှအေး သူငယ်ချင်းက လက်သီးနဲ့အထိုးခံရတယ်ဆိုတော့ ဆေးစာမှာ သာမန်ဒဏ်ရာမျိုးဖြစ်နိုင်တယ်။ အဲဒါ ဆိုရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃အရ အရေးယူရမှာဖြစ်တယ်။ ဒီပုဒ်မက ရဲအရေးပိုင်တဲ့ပုဒ်မ မဟုတ်ဘူး။ ရဲစခန်းက အမှု ဖွင့် အရေးမယူနိုင်ဘူး။ အဲဒါကြောင့် ရဲစခန်းက တရားရုံးမှာ ဦးတိုက်လျှောက်ထားစွဲဆိုဖို့ ညွှန်ကြားလိုက်တာ ဖြစ်ပါလိမ့်မယ်။

**မောင်ဉာဏ်ရှင်(ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့် မှုခင်းပဟေဠိအစီအစဉ် အမှတ်စဉ် (၆၈)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

**အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။**



www.burmeseclassic.com

www.burmeseclassic.com



# မှုခင်းပဟေဠိအမှတ်စဉ် (၆၈)

မောင်ငြိမ်းသူ
(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



"မှုခင်းပဟေဠိအမှတ်စဉ်(၆၈)"

မောင်ငြိမ်းသူ

(ကြို့ပင်ကောက်)

"ကဲ . . . ဥက္ကဋ္ဌ . . . ဖြစ်လာမှတော့၊ အဖြေရှာရတော့ မှာပေါ့ဗျာ။ ဥက္ကဋ္ဌ သိသလောက် ပြောပြစမ်းပါဦး"

"သေသွားတဲ့ လှအောင်ရော၊ သူ့ညီလှဆောင်ပါ ရွာထဲမှာ ကာလသားခေါင်း တွေလုပ်ခဲ့ကြသလို၊ ညီအစ်ကို နှစ်ယောက်စလုံးက လက်လျှင် ကြတယ် ဗိုလ်ကြီး"

"လက်လျှင်တယ် ဆိုတာက ဘာလဲ ဥက္ကဋ္ဌ"

"ထစ်ခနဲဆို ရိုက်ပြီး၊ ခုတ်ပြီး၊ သိပ်လက်လျှင်တဲ့ ညီအစ်ကိုတွေပါ"

"အဲဒီလို လက်လျှင်ပါရက်နဲ့၊ ခုတော့ လှအောင် အသတ်ခံလိုက်ရပြီ မဟုတ်လား"

"ကျွန်တော်လဲ အဲဒါကို မစဉ်းစားတတ်အောင် ဖြစ်နေတာပါ ဗိုလ်ကြီး"

စခန်းမှူး ရဲအုပ် သက်မောင်က ညောင်လှကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်ရွှေကို လှအောင် အသတ်ခံရသည့် လူသတ်မှု အခြေအနေကို ဆွေးနွေးမေးမြန်းနေရင်းက စဉ်းစားနေလေသည်။

ဥက္ကဋ္ဌ ဦးမြင့်ရွှေကလည်း ခေါင်းငိုက်စိုက်ချကာ တွေးတောနေသည်။ စကားပြန်စသူက ရဲအုပ်သက်မောင် . .

"သူတို့ ညီအစ်ကို နှစ်ယောက်ကို ရန်ငြိုးထားသူတွေ များရှိနေသလား ဥက္ကဋ္ဌ"

"ကျွန်တော် သိသလောက်ကတော့ မရှိပါဘူး။ သူတို့ ညီအစ်ကိုနှစ်ယောက်က မတရားတာဆို ဘာမှမလုပ်ကြပါဘူး။ စီးပွားရေးလဲ အဆင်ပြေနေကြလို့ ပတ်ဝန်းကျင်ကို သူတို့ကပဲ ကူညီပံ့ပိုးကြပါတယ်။ ရွာမှာ သာမှု၊ နာမှုရှိရင်လဲ လက်မနှေးကြပါဘူး။ စိတ်ရောကိုယ်ပါ ကူညီလေ့ရှိကြလို့ တစ်ရွာလုံးက သူတို့ ညီအစ်ကိုနှစ်ယောက်ကို လေးစားအားထားနေကြပါတယ်၊ ကျွန်တော်လဲ အပါအဝင်ပါ ဗိုလ်ကြီး"

"ဒီလောက် လူချစ်လူခင် များပါရက်နဲ့ လုပ်ကြံသတ်ဖြတ်ခံလိုက်ရတာဟာ စဉ်းစားစရာပဲ ဥက္ကဋ္ဌ"

"ကျွန်တော်လဲ ဗိုလ်ကြီး ပြောသလိုပဲ စဉ်းစာနေမိတယ်"

"ဥက္ကဋ္ဌ . . စဉ်းစားကြည့်လေ။ လှအောင် ဓားဒဏ်ရာနဲ့ သေဆုံးနေတာက သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ခြံစည်းရိုးဘေးမှာ ဖြစ်နေတာရယ်၊ လှဆောင်ကလဲ တောက်တစ်ခေါက်ခေါက်နဲ့ သူ့အစ်ကို့ကို သတ်တဲ့ကောင်ကိုတွေ့အောင်ရှာပြီး သူကိုယ်တိုင် လက်စားချေပြမယ်လို့ ဓားကြိမ်း ကြိမ်းနေတာရယ်ဟာ ကျွန်တော့် ရင်ထဲမှာ တစ်ခုခုပဲလို့ ထင်နေတယ်"

"ဗိုလ်ကြီးက ဘယ်လို ထင်လို့လဲ"

"လက်လျှင်နေပါရက်နဲ့ အသတ်ခံရတာဟာ သတိလစ်သွားလို့ပဲ ဖြစ်ရမယ်။ မထင်မှတ်တဲ့ အတွင်းလူလူယုံကြောင့်လဲ ဖြစ်ရမယ် ဥက္ကဋ္ဌ"

ဥက္ကဋ္ဌ ဦးမြင့်ရွှေ . . . တွေဝေသွားသည်။

ရဲအုပ် သက်မောင်က ဆက်ပြောသည်။

"သူတို့ ညီအစ်ကိုချင်းရော သင့်မြတ်ကြရဲ့လား ဥက္ကဋ္ဌ"



www.burmeseclassic.com

www.burmeseclassic.com



"သင့်မြတ် ကြပါတယ်။ လှအောင်က ခေါင်းရင်းအိမ်၊ လှဆောင်က ခြေရင်းအိမ်၊ နှစ်အိမ်တစ်အိမ် ဝင်ထွက်သွားလာနေကြတာပါ"

"နှစ်ဖက် မိသားစုရဲ့ အခြေအနေက ဘယ်လိုရှိသလဲ"

"လှအောင်မှာက (၁၈)နှစ်အရွယ် သားကြီးနဲ့ ပျိုဖော်ဝင်အရွယ် သမီးငယ်ရှိတယ်။ လှဆောင်မှာက (၁၀)နှစ်အရွယ် သမီးကြီးနဲ့ (၈)နှစ်အရွယ်သားငယ်ရှိတယ်။ ကလေးချင်းလဲ အဆင်ပြေကြပါတယ်။"

"လင် ,ညီအစ်မချင်းကော အဆင်ပြေကြရဲ့လား"

"ပြေပါတယ် ဗိုလ်ကြီး။ လှအောင် ဇနီးက လှဆောင်ထက် အသက်ကြီးပါတယ်။ အသက် (၅၀)ထဲ ရောက်နေပြီ။ လှဆောင် ဇနီးကျတော့ လှဆောင်ထက် ငယ်ပါတယ်။ အခုမှ အသက် (၃၀) လောက်ပဲရှိပါတယ်။ ဒီတော့ကား လှအောင်ရဲ့ဇနီး မခင်မြကို လှဆောင်ရဲ့ ဇနီး မဝေက 'မမ' လို့ခေါ်သလို မခင်မြကလဲ မဝေကို 'ညီမလေး'လို့ ခေါ်ပါတယ်။ မမနဲ့ ညီမလေး အစ်ကိုကြီးနဲ့ ညီလေးဆိုပြီး အတွဲညီနေကြတဲ့ မိသားစုပါ--

"ပြီးတော့ မဝေကလဲ၊ မခင်မြ အနားမှာ အနေများပါတယ်။ မခင်မြက ရောဂါထူ ချူချာလွန်းလို့ မဝေကပဲ သူတို့ မိသားစုတာဝန်ကို ကူညီပေးနေရတယ်။ လင်ညီအစ်မလို့ မထင်ရဘဲ ညီအစ်မအရင်းလိုပဲ ပြောဆိုနေထိုင်နေကြတာပါ ဗိုလ်ကြီး။ နှစ်ဖက် မိသားစုကြားမှာ ဘာပြဿနာမှ မရှိကြပါဘူး။ ဗိုလ်ကြီးက ဘာကို သိချင်တာလဲ"

"ဩော် . . မိသားစု အချင်းချင်း အတွင်းရေးပြဿနာတွေများ ရှိနေသလားလို့ပါ။ မိသားစုပြဿနာ မရှိဘူးဆိုတော့လဲ ပြင်ပပြဿနာရှိ မရှိ စဉ်းစားရမှာပေါ့ဗျာ။ ဆိုလိုတာက အတွင်းရန် မရှိရင် အပြင်ရန်ရှိနိုင်တာပေါ့။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ အနေနဲ့ လူသတ်တရားခံကို အနေးနဲ့အမြန် ဖော်ထုတ်ဖမ်းဆီးရမယ့် တာဝန်ရှိပါတယ်။ ဒါကြောင့် ထောင့်စုံဘက်စုံအောင် စဉ်းစားလေ့လာရပါတယ်။ လမ်းဆုံးရင်တော့ ရွာတွေ့မှာပါ။ ဥက္ကဋ္ဌတို့လဲ လေ့လာကြပါ။ စုံစမ်းကြပါ။ ထူးခြားရင် သတင်းပို့ပါ"

"စိတ်ချပါ ဗိုလ်ကြီး"

တကယ်တော့ ရဲအုပ်သက်မောင်က သည်လူသတ်မှုကို မိသားစုပြဿနာကြောင့် ဖြစ်ရတာဟု ယူဆ သုံးသပ်ထားသည်ကို ဥက္ကဋ္ဌ မရိပ်စားမိ။



အသုဘ ရက်လည်ပြီး ကတည်းက မဝေသည် မခင်မြ



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ဘက်သို့ လုံးဝမသွား တော့သည့်သတင်းကို အမာခံ သတင်းပေးထံမှ ရထားသော ရဲအုပ်သက်မောင်က အတွင်းရန် ရှိနေသည်ဟု ဆင်ခြင်စဉ်းစား နေခဲ့သည်။

ထို့ကြောင့် ဥက္ကဋ္ဌထံမှ သတင်းရအောင် သတင်းနှိုက်နေ သည်ကို ဥက္ကဋ္ဌလုံးဝ နားမလည် ပေ။

❀❀❀❀❀

လှအောင်၏ သားကြီး ဇော်ဦးအောင်က သူ့အဖေကို သတ်သူအား ရိပ်စားမိဟန်ရှိ သော်လည်း မသေချာသေးသော ကြောင့် အံတကြိတ်ကြိတ်ဖြင့် ခံပြင်းနေသည်။ ကိုင်းခုတ်ဓားကို နေ့စဉ် မြနေအောင် သွေးကာ ဟိုအပင်ခုတ်၊ သည်အပင်ခုတ် လုပ်နေသည်။

၎င်းသည်ကို ရိပ်စား သိသော ဦးလေးဖြစ်သူ လှ ဆောင်က ဇော်ဦးအောင်ကို ဖျောင်းဖျ နားချသည်။

"ငါ့တူ ‥ မင်းအဖေ အတွက် မင်းရင်ထဲမှာ ဘယ် လောက်ခံစားနေရတယ်ဆိုတာ ငါနားလည်ပါတယ်။ ငါလဲ ငါ့ အစ်ကိုအတွက် တနုံ့နုံ့ခံစားနေ ရတာပဲကွ။ တောက် ‥ ရာဇဝင် ရှိင်းလိုက်လေကွာ။ မင်းက ငယ် သေးတယ်၊ ရှေ့လျှောက် လူလုပ် ရဦးမယ်။ ဘေးက ဖယ်နေ။ ငါ က သေပျော်ပြီ။ ငါ့ အစ်ကို အတွက် ငါကိုယ်တိုင်လက်စား ချေပြမယ်။ မင်း စောင့်ကြည့်နေ ပါကွာ"

ဇော်ဦးအောင်က ဘာမှ ပြန်မပြော။ တုဏှိဘာဝေ၊ ဆိတ် ဆိတ်သာ နေသည်။ သူ့ရင်ထဲ မှာတော့ ခံပြင်းစိတ်က အထွတ် အထိပ်သို့ ရောက်နေလေပြီ။

သည်ကြားထဲ လှ ဆောင်၏ မိန်းမ မဝေကလည်း တစ်မျှောင့်။ မျက်ရည်တစမ်းစမ်း ဖြင့် အပူသည်မပုံ ပေါက်နေလေ ရာ၊ လှဆောင်၏ ဒေါသမြားဦး က မဝေဘက် လှည့်လာသည်။

"မမြကလင်သေလို့ မှိုင်တွေနေတာက သဘာဝ ကျ ပေမယ့် နင်က ဘာဖြစ်နေတာ လဲ မိဝေ။ နင့်လင် ငါမသေသေး ဘဲနဲ့ ငိုမနေနဲ့။ ဒီအိမ်ဟာ အ သုဘအိမ် မဟုတ်ဘူး။ နင် ကြပ် ကြပ်သတိထား။ နင်ပါ အဆစ်ပါ သွားမယ်"

"အဆစ်ပါတော့ ဘာ ဖြစ်လဲ၊ ကျွန်မကိုပါ သတ်လိုက် လေ။ သေရင်အေးတာပဲ"

"ပြောလေ ကဲလေပါ လား မိဝေ။ အသံကြောင့် ဖား သေဖြစ်သွားမယ်၊ ကလေးတွေ မျက်နှာကြောင့် ငါ့စိတ်ကို ထိန်း နေတာ ‥ နင်သိရဲ့လား"

မဝေက ဘာမျှ ပြန်မ ပြောတော့ဘဲ အံကြိတ်ကာသာ ကျိတ်၍ ငိုရှိုက်နေသည်။

လှဆောင်၏ စိတ်ထဲ တွင် ဆောက်တည်ရာမရ ယောက်ယက်ခတ်၊ ရှုပ်ထွေး နောက်ကျိနေသည်။ ထင်ရာစိုင်း ချင်နေသည်။ တူမောင် ဇော်ဦး အောင်ကိုရော၊ ဇနီး မဝေကိုပါ အမြင် မကြည်လင်တော့ဘဲ အပြတ်ရှင်းပစ်ချင်စိတ်ပင် ပေါက် နေသည်။ ချီတုံချတုံ အနုလုံ ပဋိ လုံ စဉ်းစားနေရင်းက မေးကြော ကြီးတွေ တင်းလာသည်။ထောင် လာသည်။

"ဟေ့ ‥ လှဆောင် ‥ လှဆောင် ရှိသလားကွ"

နေအိမ်ရှေ့မှ ဥက္ကဋ္ဌ ဦးမြင့်ရွှေ၏ အော်ဟစ်ခေါ်သံ ကြောင့် ဒေါသစိတ်ကို [illegible]လျှော့



www.burmeseclassic.com

www.burmeseclassic.com



ဘာ ကူညီဆည်လိုက်ပြီး ပြန်၍ အသံပြုရင်း အိမ်ရှေ့သို့ ထွက်ခဲ့သည်။

"ကျွန်တော် ရှိပါတယ် ဦးလေးမြင့်ရွှေ၊ ဘာကိစ္စရှိလို့လဲ"

"မင်းအစ်ကိုကိစ္စ မေးစရာရှိလို့တဲ့။ မနက်ဖြန် မနက် (၉)နာရီအရောက် မြို့နယ်ရဲစခန်းကို လာခဲ့ပါလို့ စခန်းမှူးက မှာလိုက်လို့ပါကွာ"

"သိပ်အလုပ်ရှုပ်တာပဲဗျာ။ ဘာမှလဲ ဟုတ်ကြတာ မဟုတ်ဘဲနဲ့၊ ရဲတွေအလုပ်က ဟိုမေး ဒီမေးအဆင့်နဲ့ပဲ အချိန်ကုန်နေတာ။ အစ်ကို့ အတွက်က ကျွန်တော့်တာဝန်ပါ။ ရဲတွေကို အားကိုးနေရင် အစ်ကိုရဲ့ အရိုးဆွေးတောင် အမှုက ပေါ်မှာ မဟုတ်ဘူး"

"သူတို့လဲ တာဝန်အရ ခေါ်တာနေမှာပေါ့ကွာ။ သွားလိုက်ပါ။ ငါလဲ လိုက်ခဲ့ပါ့မယ်"

"သွားဆိုတော့လဲ။ သွားရတာပေါ့ဗျာ"

လှဆောင်က မကျေမနပ်ဖြင့် သွားဖို့ ကတိပေးလိုက်ရလေသည်။

✤✤✤✤✤

'မင်းနားတစ်ထောင်' ဟူသော စကားနှင့်အညီ လှဆောင်တို့ အိမ်တွင်းရေး မီးပွားပြဿနာကို ရဲအုပ်သက်မောင်က တစ်စွန်းတစ်စ ကြားသိနေပြီးဖြစ်သည်။

တကယ်တော့ ရဲတပ်ဖွဲ့အနေဖြင့် နည်းလမ်းပေါင်းစုံ ဘက်ပေါင်းစုံဖြင့် စုံစမ်းနေခဲ့ရာ လူသတ်မှု၏အကြောင်းရင်း တစ်စိတ်တစ်ဒေသကို သိခဲ့ရသည်။

သို့သော် မပိုင်သေးဘဲနှင့် ဖမ်းဆီးပါက ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်သွားနိုင်သည်။ ဂရားခံအစစ် လွတ်မြောက်သွားနိုင်သည်။

ထို့ကြောင့် သေချာသထက် သေချာအောင် နည်းဗျူဟာ တစ်ရပ်အနေဖြင့် အတွင်းစည်းကို ထိုးဖောက်ဝင်ရောက် စုံစမ်းခဲ့ကြသည်။

လှဆောင်ကို မြို့နယ်ရဲစခန်းသို့ ဆင့်ခေါ်ပြီး ရဲအုပ်သက်မောင်က သွယ်ဝိုက်သောနည်းဖြင့် စစ်ဆေးနေချိန်တွင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေမျိုးက ညောင်လှရွာသို့ ရောက်လာသည်။

ရှေးဦးစွာ သေဆုံးသူ လှအောင်၏ နေအိမ်သို့ ဝင်ပြီး လှအောင်၏ဇနီးနှင့် တွေ့ဆုံမေးမြန်းအားပေးသည်။

"ဘာမှ အားမငယ်ပါနဲ့ ဒေါ်ဒေါ်။ ကျွန်တော်တို့လဲ အမှုမှန် ပေါ်ပေါက်အောင် စုံစမ်းနေ





www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ ဒေါ်ဒေါ့် အနေနဲ့ ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ ‥ ဩော် ဒါနဲ့ ဒေါ်ဒေါ့်အနားမှာ ဆေးပေးမီးယူ လုပ်ပေးနေကျ မဝေကိုလဲ မမြင်ပါလား"

ဒုရဲအုပ်နေမျိုး စကားကြောင့် ဒေါ်ခင်မြ မျက်နှာပျက်သွားသည်ကို ဒုရဲအုပ်နေမျိုးက သတိထားမိလိုက်သည်။

"မဝေခများလဲ၊ တော်တော် ပင်ပန်းသွားလို့ နေထိုင်မကောင်း ဖြစ်နေတယ်ကွယ့်"

"ဟုတ်လား။ ဦးလှဆောင်ကောရှိရဲ့လား"

"သိပါဘူးကွယ်။ ဒေါ်ဒေါ်လဲ အိမ်ပြင် မထွက်နိုင်လို့ ဘယ်သူတွေ ဘာတွေလုပ်နေကြတယ်ဆိုတာကို မသိဘူး ဖြစ်နေတယ်"

ဒုရဲအုပ် နေမျိုးသည် ဒေါ်ခင်မြနှင့် ခေတ္တခဏမျှသာ ပြောဆိုပြီး သားကြီးဖြစ်သူ ဇော်ဦးအောင်ကို သီးခြားတွေ့ဆုံ မေးမြန်းသည်။

"ညီလေး မင်းအဖေကို သတ်နိုင်တဲ့ သူကို မင်းသိရင် ပြောပြပါလားကွာ"

"ကျွန်တော်လုံးဝ မသိလို့ပါ ဗိုလ်လေးရာ။ သိရင် အဲဒီကောင်ရဲ့ အလောင်းကိုပဲ ဗိုလ်လေးတို့ တွေ့ရမှာပါ"

"မင်း အဖေအတွက် မင်းခံစားနေရတာကို အစ်ကိုလဲ စာနာမိပါတယ် ညီလေးရာ။ ရန်ကိုရန်ချင်း မတုံ့နှင်းရဘူးကွ။ တရားဥပဒေရှိပါတယ်။ လူသတ်တရားခံဟာ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကို ကျခံရမှာပါကွာ"

ဒုရဲအုပ် နေမျိုးက ဇော်ဦးအောင်ကို စေ့စေ့ စိုက်ကြည့်ကာ ပြောလိုက်ရာ ဇော်ဦးအောင်က မျက်နှာလွှဲထားသည်။

ဇော်ဦးအောင်၏ စိတ်ထဲတွင် တစ်ခုခုကို သိနေပြီး ခံပြင်းဟန် ဖြစ်ပေါ်နေသည်ကို နေမျိုးက ရိပ်စားမိသည်။ ထို့ကြောင့် ထပ်မံ၍ အစ်အောက်ကြည့်သည်။

"မင်းတို့မိသားစုနဲ့ မင်းဦးလေး မိသားစု အဆင်ပြေရဲ့လားကွ"

"အဆင်ပြေပါတယ်။ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲကွ။ ဆက်ပြောပါဦး"

စကားတိခနဲ ရပ်သွားသော ဇော်ဦးအောင်ကို ဒုရဲအုပ်နေမျိုးက ချက်ချင်းဖြတ်မေးလိုက်သည်။ ဇော်ဦးအောင်က ပြောသင့် မပြောသင့် ချင့်ချိန်နေပုံရသည်။

"ရဲရဲသာ ပြောစမ်းပါ ညီလေးရာ။ အစ်ကိုတို့ ရဲတပ်ဖွဲ့က တရားဥပဒေဘောင်အတွင်းက မင်းတို့ကို ကူညီချင်လို့ပါကွာ။ မှန်တာလုပ်သူတွေရဲ့ ဘက်တော်သား စစ်စစ်တွေက အစ်ကိုတို့ ရဲတပ်ဖွဲ့ဝင်တွေပါ။ ဒီတော့ကာ ညီလေးရင်ထဲမှာ ဘဝင်မကျတာရှိရင် မျိုသိပ်မထားနဲ့။ ရဲရဲသာ ပြောပြပါကွာ"

"ကျွန်တော့် ဦးလေး မိန်းမ ဒေါ်ဝေဟာ ဂြိုဟ်မွှေတဲ့ မိန်းမဗျ"

"ဘယ်လို ဂြိုဟ်မွှေတာလဲ ညီလေးရ"

"သူ့ကိုသာ သွားမေးကြည့်ပါတော့ဗျာ။ ကျွန်တော် မပြောပါရစေနဲ့"

ဇော်ဦးအောင်သည် သူ၏ ရင်ထဲတွင် ခံစားနေရသည်ကို လူငယ်သဘာဝ မအောင့်နိုင်တော့ဘဲ အရိပ်အမြွက်မျှ ဖွင့်ဟ



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်ခြင်းပင်။

ဒုရဲအုပ် နေမျိုး အနေဖြင့်လည်း သည်မျှလောက် သိလိုက်ရသည်ကိုပင် ကျေနပ်အားရသွားလေသည်။ အရိပ်ပြလျှင် အကောင်မြင်သည်မှာ ဥပဒေဘက်တော်သားများ၏ အလေ့အကျင့်ပင် ဖြစ်သည်။

ထို့ကြောင့် ဇော်ဦးအောင်ကို နှုတ်ဆက်ကာ လှဆောင်တို့ အိမ်ဘက်သို့ကူးခဲ့ပြီး မဝေနှင့် တွေ့ဆုံမေးမြန်းသည်။

မဝေ၏ ရုပ်က အပူသည်ရုပ်။ ဖြီးသင်အလှပြင်ခြင်းကင်းမဲ့နေသည်။ အရွယ်နှင့်မမျှ။ အိုစာလှသည်။ ထို့ပြင် တစ်ခုခုကို ကြောက်လန့် စိုးရိမ်နေဟန်ရှိသည်။

"ကျွန်မ ဘာမှ မသိပါဘူး။ ကျွန်မ ယောကျ်ားကလဲ ကျွန်မကို ရန်လုပ်နေလို့ ကျွန်မကိုယ့်ကိုယ်ကိုယ် သတ်သေချင်နေပြီ ဗိုလ်လေး"

ဒုရဲအုပ် နေမျိုးက လူသတ်မှု ကိစ္စကို မမေးရသေးမီမှာပင် မဝေက စိုးရိမ်ကြောက်လန့်စွာ ငြင်းဆန်နေလေရာ ဒုရဲအုပ် နေမျိုးက လေပြည်ကလေးနှင့် ဖျောင်းဖျနားချသည်။

"လူ့ဘဝက ရခဲ့လှပါတယ်ဗျာ။ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်ရင် အဖန်ငါးရာငါးကမ္ဘာ ခံရတယ်ဆိုတဲ့ စကားကို မဝေလဲ ကြားဖူးမှာပါ။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရင်းက မသေရင်လဲ သေကြောင်းကြံစည်မှုနဲ့ ဥပဒေအရ အရေးယူအပြစ်ပေးခံရမယ် မဝေ"

"အစ်ကို လှအောင်ကို မသတ်ဘဲ ကျွန်မကို သတ်သွားရင် ကျွန်မလည်း ဝဋ်ကျွတ်သွားမှာပါရှင်"

လူ့သဘော၊ လူ့သဘာဝ၊ လူ့အထာအရ၊ သိစိတ်ကို မသိစိတ်က မမျှော်လင့် မထင်မှတ်ဘဲ ဖွင့်ဟ ဖော်ထုတ်တတ်ကြသည်ကို လေ့ကျင့်မှုနှင့် အတွေ့အကြုံအရ ဒုရဲအုပ် နေမျိုးက နားလည်လိုက်လေသည်။

ထို့ကြောင့် မဝေ သတိလက်လွတ် ပြောလိုက်သောစကားကို အမိအရဆုပ်ကိုင်ကာ ချက်ချင်းပင် ပြန်လည်မေးမြန်းလိုက်သည်။

"နေပါဦး မဝေ၊ မဝေက ဘာကြောင့် ဝဋ်ကျွတ်ချင်ရတာလဲ။ မဝေ ယောကျ်ားက မဝေကို ဘာကြောင့် ရန်လုပ်နေရတာလဲ"

"မသိတော့ပါဘူးရှင်၊ စိတ်ထဲမှာလဲ နောက်ကျိနေလို့ ပြောမိပြောရာ ပြောနေမိတာပါ"

မဝေက သူ့စကားများ သွားတာကို သတိထားမိပြီး စကား ဆက်မပြောလိုဟန်ဖြင့် တုံးတိဖြတ်ပစ်လိုက်သည်။

ဤသည်ကို ဒုရဲအုပ် နေမျိုးက သဘောပေါက်သည်။ ထို့ကြောင့် နှုတ်ဆက်ကာ ပြန်ခဲ့သည်။

ရဲတပ်ဖွဲ့၏ စေ့စပ်သေချာမှု၊ စိတ်ရှည်ဇွဲရှိမှုနှင့် နည်းဗျူဟာပြောင်းမြောက်မှု၏ အကျိုးရလဒ်ကို ဒုရဲအုပ်နေမျိုး ရရှိခဲ့လေပြီ။

✽✽✽✽✽

စခန်းမှူး ရဲအုပ် သက်မောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နေမျိုးတို့ နှစ်ယောက်ခေါင်းချင်းဆိုင် တိုင်ပင်နေကြသည်။

"အတွဲညီ လက်လျှင်ကြတဲ့ လှအောင်တို့ ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကို ဘယ်သူမှ မ သတ်ရဲကြဘူးဆိုတာ ကျွန်တော်တို့ သိထားကြလို့ လူယုံ အတွင်းလူထဲကပဲ အနီးကပ် ပူးကပ်ပြီး သတ်နိုင်တယ်လို့ ကျွန်တော်တို့ ကောက်ချက်ဆွဲခဲ့ကြတယ်နော်"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"ဒါကြောင့် ကျွန်တော်တို့ ထောင့်စုံဘက်စုံမှာ နည်းလမ်းပေါင်းစုံနဲ့ လေ့လာစုံစမ်းခဲ့ကြလို့ မှုခင်းမြင်ကွင်းကျယ်ကြီးဟာ ကျဉ်းမြောင်းလာလိုက်တာ ခုတော့ ထောင့်ကျဉ်းလေးထဲ ရောက်နေပြီဗျို့"

"မှန်ပါတယ် ဗိုလ်ကြီး၊ တစ်စစီ ဖယ်ထုတ်ခဲ့တာ လှဆောင်ရယ်၊ မဝေရယ်၊ ဇော်ဦးအောင်ရယ်၊ သုံးယောက်ပဲ ကျန်ပါတော့တယ်"

"ခင်ဗျား ဘယ်လိုထင်လဲ ကိုနေမျိုး"

"လူမှုရေး ဖောက်ပြန်မှုတစ်မှုမှုကြောင့် လူသတ်မှု ဖြစ်ပွားရတယ်လို့ ထင်ပါတယ် ဗိုလ်ကြီး"

"ခင်ဗျား သိပ်တော်တာပဲဗျာ။ ကျွန်တော်လဲ အဲဒါကိုပဲ စဉ်းစားနေတာဗျ။ ဒါပေမယ့် ဘယ်လို လူမှုရေးဖောက်ပြန်မှုလဲ ဆိုတာ ခွဲခြားရဦးမယ်"

"ကျွန်တော် သိပ်မရှင်းဘူး ဗိုလ်ကြီး"

"ဇော်ဦးအောင်နဲ့ မဝေက မောင်လေးနဲ့ မမအရွယ်ဆိုတော့ အနေနီးစပ်သွားကြရင်းက ဖောက်ပြန်မိကြသလားဆိုတာရယ်။ ဒါမှမဟုတ် လှအောင်က သူ့ထက်အသက်ကြီးတဲ့ မိန်းမကို ယူထားမိလို့ ချချာလွန်းတဲ့ မိန်းမကို ငြီးငွေ့လာတာကြောင့် ညီရဲ့ ဇနီး ခယ်မ မဝေနဲ့ ဖောက်ပြန်မိကြသလားဆိုတာရယ်ကို ခွဲခြားစိစစ်ဖို့ လိုတယ်ဗျ"

"စဉ်းစားစရာပဲ ဗိုလ်ကြီး။ ဇော်ဦးအောင်က မဝေကို ငြိုဟ်မွေ့တဲ့မိန်းမလို့ ပြောလိုက်တာရယ်၊ မဝေကလဲ သူသေချင်နေပြီ၊ ဒိဝင်္ဂက ကျွတ်ချင်နေပြီလို့ ပြောလိုက်တာရယ်ကို ကောက်ချက်ဆွဲရင် မဝေဟာ ဒီသုံးယောက်ထဲမှာ အဓိက အရာကျသူပဲ ဗိုလ်ကြီး"

"ကျွန်တော်တို့ လှအောင်ရဲ့ အလောင်းကို စစ်ဆေးနေတုန်းမှာ လှဆောင်ဟာ တောက်တခေါက်ခေါက်နဲ့ သူ့အစ်ကိုကို သတ်တဲ့ ကောင်ကို တွေ့အောင်ရှာပြီး သူကိုယ်တိုင် လက်စားချေပြမယ်လို့ ဓားကြိမ်းကြိမ်းနေခဲ့တာကို ခင်ဗျား မှတ်မိသလား"

"မှတ်မိပါတယ် ဗိုလ်ကြီး"

"မှတ်မိရင် ကျွန်တော် ပြောပြမယ်၊ ဟိုနေ့က ခင်ဗျားက ညောင်လှရွာမှာ သွားစုံစမ်းနေတုန်း လှဆောင်ကို ကျွန်တော်က ဒီစခန်းမှာ ခေါ်ပြီးမေးတော့ ဒီကောင် သိပ်မှုမမှန်ဘူးဗျ"

"ဘယ်လို မှုမမှန်တာလဲ ဗိုလ်ကြီး"

"လှဆောင် လေသံပြောင်းသွားတယ်။ လူသတ် တရားခံကို ကျွန်တော်တို့ ရဲတပ်ဖွဲ့ကပဲ တွေ့အောင်ရှာပြီး ဥပဒေအရ အရေးယူပါတဲ့။ သူကတော့ တရား ရနေပြီတဲ့။ အစ်ကိုရဲ့ မိသားစုကိုရော၊ သူ့မိသားစုကိုပါ တာဝန်ယူစောင့်ရှောက်ရမှာမို့လို့ စိတ်သောကရောက်နေလို့ ဘာမှ မစဉ်းစားချင်တော့ဘူးတဲ့။ ရွာမှာတောင် မနေချင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဗျ''

''ဒါဆိုရင် လှဆောင် လှဆောင်''

''ဒါပေါ့ဗျာ။ ဒီတော့ကာ လှဆောင်ကို တစ်ဦးတည်း ခေါ်ပြီး အချုပ်ခန်းထဲမှာထည့် စစ်ဆေးမယ်။ လှဆောင်မသိအောင် မဝေကိုလဲ ခေါ်ပြီး စစ်ဆေးမယ် ကိုနေမျိုး''

''သိပ်မှန်တာပေါ့ ဗိုလ်ကြီး''

''ကဲ . . ခပ်မြန်မြန် လှုပ်ရှားပေတော့''

❀❀❀❀❀

မြို့ရဲ့ စခန်း အချုပ်ခန်းထဲတွင် လှဆောင်ကို ထည့်ထားပြီး မဝေကို ဦးစွာ စစ်ဆေးကြသည်။ မဝေ ရဲစခန်းသို့ ရောက်နေသည်ကိုလည်း လှဆောင် လုံးဝမသိ။

မဝေက မျက်ရည်ဖြိုင်ဖြိုင်ကျကာ ဘူးကွယ်၍ ငြင်းဆိုသည်။

''ရှက်မနေပါနဲ့ မဝေ။ ဖော်ဦးအောင်က မဝေနဲ့သူ့အဖေ ဖောက်ပြန်နေတဲ့အကြောင်း ဖွင့်ဟ ဝန်ခံထားပါတယ်။ တရားနတ်စောင့်တယ်ဆိုတာကို မဝေ သိတယ်နော်။ အမှန်ကို ဝန်ခံစမ်းပါ။ မဝေဘက်က ကျွန်တော်တို့ ကူညီဖို့အသင့်ပါ။ မဝေက ဝန်မခံဘူးဆိုရင်လဲ မဝေယောကျ်ားကတော့ ဓာတ်သိ အတွင်းသိ၊ အစင်းသိမို့ မဝေကို သတ်တော့မှာဗျ။ ဒါကြောင့် အမှန်ကိုပဲ ဖွင့်ပြောပါ။ မကြောက်ပါနဲ့''

ရဲအုပ် သက်မောင်၏ စကားက မဝေအကြောက်တရားကို နှိုးဆွပေးလိုက်သည်နှင့် တူသွားသည်။ သူ့ယောကျ်ားက သူ့ကိုသတ်ပစ်မည်ဟု ကြိမ်းဝါးနေသည်မှာ အကြိမ်ကြိမ်မို့ သူ့ကို တကယ် သတ်တော့မည်ဟု ထင်သွားသည်။ စိုးရိမ်ကြောက်လန့်သွားသည်။ ထို့ကြောင့် အမှန်ကို အစစ်ခံထွက်ဆိုသည်။

''ကျွန်မနဲ့ အစ်ကိုလှအောင် ဖောက်ပြန်နေကြတာကို ကိုလှဆောင် သိသွားတဲ့နေ့က ဒေါသူပုန်ထပြီး နှစ်ယောက်စလုံးကို သတ်ပြီး ငါကြိုးစင်ပေါ်တက်မယ်လို့ ကြိမ်းဝါးခဲ့ပါတယ်။ နောက်ပိုင်းများလဲ ခဏခဏ ကြိမ်းမောင်း ခြိမ်းခြောက်နေခဲ့ပါတယ်။ ကျွန်မလဲ အဲဒီအချိန်ကစပြီး အစ်ကိုလှအောင်နဲ့ လုံးဝမဆက်သွယ်တော့ပါဘူး။ ဒါပေမယ့် အစ်ကို လှအောင်က ကိုလှဆောင် ခရီးထွက်တဲ့အခါ ကျွန်မဆီရောက်ရောက်လာခဲ့ပါတယ်။ အခုအစ်ကို လှအောင် အသတ်ခံရတာနဲ့ ပတ်သက်လို့ ဘယ်သူ သတ်တယ်ဆိုတာကိုတော့ ကျွန်မ မသိပါဘူးရှင်''

''ဒါ အမှန်ပဲလား''

''အမှန်ပါရှင်။ ကျွန်မ မလိမ်ဝံ့ပါဘူး''

မဝေထံမှ သည်မျှသာ ကြားသိလိုက်ကြသော်လည်း လှဆောင်ကို အချုပ်ခန်းမှ ထုတ်ကာ ရဲပရိယာယ်ဖြင့် အစ်အောက် စစ်မေးကြသည်။

''ကဲ လှဆောင် လုပ်ရဲရင်၊ ခံရဲမှ ယောကျ်ားကွ။ မယားထိ ဓားကြည့်ဆိုတဲ့အတိုင်း မင်းမိန်းမကြောင့် မင်းဟာ မင်း အစ်ကိုကို သတ်ခဲ့တယ်ဆိုရင် မင်း ဝန်ခံတယ် မဟုတ်လား''

''ကျွန်တော့် အစ်ကို့ကို ကျွန်တော် မသတ်ပါဘူး။ ဘာကြောင့်သတ်ရမှာလဲဗျ''

''ဟေ့ကောင် လှဆောင်၊ တို့က အထောက်အ



www.burmeseclassic.com

www.burmeseclassic.com



ထားတွေ ရနေလို့ မင်းကို ဝန်ခံခိုင်းနေတာကွ''

''ဘာ အထောက် အထားလဲ။ ကျွန်တော့်ကို လုပ်ကြံ အကွက်ဆင်ပြီး ရဲကျင့်ရဲကြံ ကြံနေကြတာကို ကျွန်တော်က ငုံ့ခံနေမယ်ကောင် မဟုတ်ဘူးဗျ''

''တော်တော် လာတဲ့ကောင်ပဲ။ မင်းက တို့ရဲတပ်ဖွဲ့ကိုတောင် စော်ကားမော်ကား ပြောနေပါလား။ ကြာတယ်ကွာ ဟို အမျိုးသမီးကို ခေါ်ခဲ့စမ်းကွာ''

ခဏအကြာတွင် ရုံးခန်းထဲသို့ မျက်ရည်စက်လက်ဖြင့် ဝင်လာသူက မဝေ။ မဝေကို လှဆောင် မြင်တွေ့လိုက်ရသောအခါ အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ပြီးမှ ဣန္ဒြေဆည်ကာ မဝေကို လှမ်းမေးလိုက်သည်။

''မိဝေ နင် နင် ဒီကို ဘာလာလုပ်တာလဲ''

မဝေက မဖြေ။ လှဆောင်ကို စိုက်ကြည့်ကာ အားစေးမိနေသည်။ ကြားထဲက ဝင်၍ ဖြေသူက ရဲအုပ် ,သက်မောင်။

''မဝေကို ငါ ခေါ်ခိုင်းလိုက်တာ လှဆောင်၊ မဝေက အကုန်လုံး ဖွင့်ဟရှင်းပြထားလို့ ငါတို့လဲ သိနေတာပေါ့ကွာ''

''မိန်းမယုတ်၊ သစ္စာမဲ့တဲ့ မိန်းမယုတ်၊ ငါ ထောင်က လွတ်လာရင် နင်အသေပဲ''

ရဲအုပ် သက်မောင်က သူတို့လင်မယားနှစ်ယောက်ကို ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် မဲ့ပြုံးပြုံးပြီး ပြောလိုက်သည်။

''မဝေကို ခေါ်သွားကြ။ အဖြေက ထွက်သွားပြီ။ ကဲ လှဆောင် ဘေးသူပြောတာထက် မင်းဝန်ခံတာကို ကြားချင်တကယ်ကွာ။ မင်းကို တို့က ဘာမှမလုပ်ဘူး။ မင်းအသားကိုလဲ မထိဘူး။ မင်း အမှန်ကို ဝန်ခံတာပဲ လိုချင်တယ်။ ဒါကိုမှ မင်းက ဘူးခံငြင်းနေမယ်ဆိုရင်တော့ မင်းထိုက်နဲ့ မင်းခံရမှာပဲ''

လှဆောင် မငြင်းသာတော့ဘဲ ဝန်ခံရလေသည်။

''ကျွန်တော် အစ်ကို လှအောင်ကို သတ်ခဲ့မိပါတယ်။ သူတို့ နှစ်ယောက်စလုံးကို အကြိမ်ကြိမ် သတိပေးထားပါရက်နဲ့ ဘယ်သူ့ မျက်နှာကိုမှ မထောက်ကြဘဲ မျောက်ဇာတ်ခင်းဖောက်ပြန်နေကြလို့ အစ်ကို လှအောင် အိမ်ခြံစည်းရိုးကြားကဖြတ်အဝင်မှာ ကျွန်တော် ဓားနဲ့ ခုတ်သတ်လိုက်တာပါ။ ပေးတဲ့အပြစ်ကို ကျွန်တော်ခံပါ့မယ်''

''ဒါပေါ့ကွာ။ သောက်လေ သောက်လေ၊ ငတ်မပြေတဲ့ ဆားငံရေနဲ့တူတဲ့ ကာမရာဂ ထကြွ သောင်းကျန်းမှုဒဏ်ကို မင်းတို့ ညီအစ်ကို နှစ်ယောက် ခံလိုက်ကြရတာပဲ။ ဥပဒေအရ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ခံပေဦးတော့ လှဆောင်ရေ''

ရဲအုပ် သက်မောင်က ကရုဏာဒေါသော ပြောဆိုလိုက်လေရာ လှဆောင်ခမျာ ခေါင်းစိုက်ကျသွားလေပါတော့သည်။

ဥပဒေ၏ ဘက်တော်သားများနှင့် ဒုစရိုက်သမားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တရားခံများ၊ အားပြိုင်ယှဉ်နွှဲ အကဲစမ်းကြရာတွင် သမင်ဆယ်လှမ်း ကျားတစ်လှမ်းပမာ လွန်စွာ ကွာခြားနေသည်ကို သည်မှုခင်းဖြစ်ရပ်ကသာဓက တစ်ရပ်ပင်တည်း။ ။

မောင်ငြိမ်းသူ
(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

အမှတ် (၆၈)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

**မေးခွန်းနံပါတ် (၂)** တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် သဲလွန်စတွေက ဘာတွေလဲ?

**မေးခွန်းနံပါတ် (၃)** သည့်မှုခင်းဖြစ်ပေါ်ရခြင်းရဲ့ အကြောင်းအရင်းတွေက ဘာတွေလဲ?

**မေးခွန်းနံပါတ် (၄)** ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း။ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၇-၂၀၁၃)နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**မှတ်ချက်**

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# HURRICANE
## Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE Restaurant** သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-[illegible]


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်နော် ကြံ့လိုက်ရင်

အပိုင်ကြံ့လိုက်ပေမယ့်
ခံလိုက်ရတဲ့ ခင်ဖုန်းဆိုတဲ့
အမျိုးသမီးရဲ့ဖြစ်ရပ်



ဟင်္သာတ
မောင်မျိုးသက်



www.burmeseclassic.com

www.burmeseclassic.com



**အပိုင်နေ့ကြဲလိုက်ရင်**

**ဟသ်ာတ**

**မောင်မျိုးသက်**

ခင်ဖုန်းဆိုတာ မိန်းမလည် သိန်းကြွယ်ကတောင် အမေ ခေါ်ခံရလောက်အောင် လည်တဲ့ အမျိုးသမီး။ အသက်က ၄၃နှစ် အရွယ်ကောင်း၊ ဆိုဒ်ကောင်း၊ ပုရိသယောကျ်ားတွေကို ညို့ငင် ဖမ်းစားနိုင်လောက်တဲ့ ရုပ်ရည်နဲ့ ကိုယ်ခန္ဓာအချိုးအစား ပိုင်ဆိုင်သူ။ သို့သော်လည်း အပျိုတော့ မဟုတ်။ လူမသိသော တစ်ခုလပ်မ၊ သူ့အလုပ်က မြို့အထည်ဆိုင်တစ်ဆိုင်မှာ ခေါက်ပြန်ပေး အထည်ယူပြီး လိုက်ရောင်းတယ်။

ဦးမြင့်စည် ဆိုတာက ချမ်းသာတဲ့ မုဆိုးဖို။ အသက်က ၆၅နှစ် သားသမီးသုံးယောက်ရှိတယ်။ အိမ်ထောင်တွေနဲ့မို့ အိမ်မှာ သူတစ်ယောက်တည်းနေတယ်။ ငွေတိုးချေးစားတယ်။ ကိုယ့်ဟာကိုယ် ထမင်းချက်စားတယ်။ ဒီမှာတင်တွေ့ကြပြီပေါ့။ ပထမ ငွေချေးတယ်။ မှန်မှန်ပြန်ဆပ်တယ်။ တစ်စတစ်စရင်းနှီးလာရာက ကောင်းနိုးရာရာဟင်းလေးဝယ်လာပေး။ အခန့်သင့်ရင် ချက်ပြုတ်ပေးနဲ့ သဒ္ဓါလွန်သွားကြတယ်။ ဦးမြင့်စည်က ဆက်ရက်တောင်ပံကျိုး မဟုတ်ဘူး ကြောင်ခံတွင်းပျက် ခင်ဖုန်းကတော့ တောင်ပံကျိုးသလို ခံတွင်းပျက်သူမဟုတ်ဘူး။ သားသမီးတွေ ကန့်ကွက်တဲ့ကြားက ခင်ဖုန်းကို လက်ထပ်ယူလိုက်တယ်။ ခင်ဖုန်းဘဝကလည်းရွှေပင်နားလို့ ရွှေကျေးဖြစ်သွားတယ်။



ခင်ဖုန်း ကံကောင်းတာလား၊ ကံဆိုးတာလားမသိ။ သုံးနှစ် အကြာမှာ ဦးမြင့်စည် ကွယ်လွန်သွားတယ်။ သေတဲ့နေ့က ခင်ဖုန်း ငိုပြလိုက်တာ အကယ်ဒမီရှော့ပဲ။ အကြောင်းသိသူတွေကတော့ ရယ်မောနေ



www.burmeseclassic.com

www.burmeseclassic.com





# လင်သေရင် ကျန်ရစ်တဲ့ပစ္စည်း မယားရရမှာ မဟုတ်လား။

တဲ့ ခင်ဖုန်း နှလုံးသားကို မြင်တယ်။ လင်သေရင် ကျန်ရစ်တဲ့ ပစ္စည်းမယားရရမှာ မဟုတ်လား။ ခြံရယ် အိမ်ရယ်၊ အိမ်ပေါ်ရှိ ပစ္စည်းတွေရယ်၊ အတွင်းပစ္စည်းရယ်၊ တစ်ထောကြီး မဟုတ်လား။ ခင်ဖုန်းက ဒီအတွက်ကြောင့် အားလုံး အပိုင်စီးတယ်၊ တိုတိုပြောရရင် ဦးမြင့်စည် သားသမီးတွေနဲ့ ခင်ဖုန်း သူပိုင်ကိုယ်ပိုင်တရားဖြစ်ရော။

တရားကို နှတ်ခေါင့်တယ်။ ခင်ဖုန်းရဲ့ လောဘနဲ့ အတ္တကို သိလာတဲ့ ဦးမြင့်စည် အသက်အရွယ်က ကျန်းမာရေးချို့တဲ့လာမှုကြောင့် ရလာတဲ့ သံဝေဂတွေကြောင့် အရင်းနှီးဆုံး မိတ်ဆွေ ဦးစုနဲ့ ဦးအောင်သိန်းကို တိုင်ပင်ပြီး သူတို့နှစ်ယောက်ကိုပဲ သက်သေထားလို့ "မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး"မှာ ခင်ဖုန်း မသိအောင် မသေခင် တစ်နှစ်က ရှိပစ္စည်းအားလုံးကို သားသမီးတွေကို လွှဲပေးခဲ့တယ်။

ခင်ဖုန်းက လက်ထပ်စာချုပ်တင်ပြသလို ဦးမြင့်စည် သားသမီးတွေကလည်း မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ လွှဲပေးခဲ့တဲ့ စာချုပ်ကို တင်ပြခဲ့တယ်။ ဒီတော့ ခင်ဖုန်းဘယ်လိုမှ မနိုင်နိုင်ဘူး။

အပိုင်နော် ကြဲလိုက်ပေမယ့် တိုင်ပေါ် လုံမစိုက်နိုင်တာက ခင်ဖုန်းပဲ၊ ခုတော့ သူမ မြောင်းထဲမှာ .....

ဟသ်ာတ

မောင်မျိုးသန့်

၀



www.burmeseclassic.com

www.burmeseclassic.com

# ဝဋ်စဝဋ္ဌ ဝဋ်စရဋ်

တွင်းကြီးသား (တင်ဝင်းဦး)





www.burmeseclassic.com

www.burmeseclassic.com



## “ပစ်မယ့် ပစ်မှတ်”

**တွင်းကြီးသား–တင်ဝင်းဦး**

ကုန်းကြီးရွာက ပြန်သည့်အချိန် ညနေလေးနာရီထိုးပြီဖြစ်သည်။

နယ်ထိန်း မြင့်ထွန်းသည် တပည့်ဖြစ်သူ ကြည်ဝင်း၊ မျိုးအောင်တို့ နှင့်အတူ ဆိုင်ကယ်ကိုယ်စီနှင့် ရွာအပြင်တောလမ်းအတိုင်း စီးခဲ့ကြသည်။ ပတ်ဝန်းကျင်မှာတော့ ထန်းတောတွေ၊ သရက်ခြံတွေကို ဖြတ်ရသည်။

ကုန်းကြီးရွာနှင့် နှစ်မိုင်အရောက်မှာတော့ လမ်းကကောင်းသွားပြီ။ ကျောက်လမ်းပေါ် ရောက်ခဲ့ပြီ။ လမ်းပေါ်ရောက်သည်နှင့် ပထမဆုံးတွေ့ရသည်က သရက်တောရွာ အဲဒီသရက်တောရွာနှင့် မိမိတို့စခန်းရှိရာ ရွာသည် လေးမိုင်ကျော်ခန့် ဝေးသေးသည်။ သရက်တောရွာအရောက် သရက်တော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးနှင့် ရွာထဲမှ လူငယ်နှစ်ဆယ်ခန့်ကို တွေ့လိုက်ရသည်။ သူတို့ လက်ထဲမှာ ပေါက်ပြား၊ ဂေါ်တွေ ပြီးတော့ တမာပင်ပေါက်လေးတွေ၊ ယူကလစ်ပင်လေးတွေကို ကိုင်ထားတာတွေ့ရသည်။

“ဆရာ ဘယ်ကပြန်လာတာလဲ။ ကုန်းကြီးကပဲလား”

သရက်တော ဥက္ကဋ္ဌက ရင်းနှီးစွာမေးသည်။

“ဟုတ်တယ် ဥက္ကဋ္ဌရေ။ အရှုပ်တော်ပုံကတော့ ထုံးစံအတိုင်း အရှုပ်ရွာ ကုန်းကြီးက ပြန်လာတာ”

“ဟား ဟား ဟား ကျွန်တော်သိပြီးပါပြီ ဆရာရဲ့ ကဲ ရွာထဲဝင်ပါဦး။ ရုံးမှာနားနားနေနေပေါ့။ မကောင်းဘူးလား”

ဥက္ကဋ္ဌက ရွာထဲရှိ ရုံးမှာ ဝင်နားဖို့ပြောသည်။

“နေပါစေ ဥက္ကဋ္ဌ။ စခန်းကို ပြန်ရဦးမယ်။ နောက်ရက်ကျမှ သီးခြားလာတော့မယ်။ ဒါနဲ့ ဥက္ကဋ္ဌတို့က သစ်ပင်စိုက်နေတာပေါ့”

နယ်ထိန်း မြင့်ထွန်းက သိလျက်နှင့်မေးလိုက်သည်။ တကယ်တော့ ရွာတွင်းဆက် ကားလမ်း၊ လှည်းလမ်းတွေ ဘေးမှာ သစ်ပင်တွေ စိုက်ကြဖို့ မြို့နယ်က ညွှန်ကြားထားသည်။ သည့်အတွက် အရိပ်ရအပင်တွေ စိုက်နေကြခြင်းပင်။ သည်မဟာ အညာဒေသနှင့် တမာ၊ အညာနှင့် မန်ကျည်းပင်က ခွဲခြားမရသည့်အတွက် တမာပင်နှင့်မန်းကျည်းပင်များကို စိုက်ပျိုးနေကြခြင်းပင်။

ဥက္ကဋ္ဌက သစ်ပင်စိုက်နေသည့် အကြောင်းပြောသည်။ နယ်ထိန်း မြင့်ထွန်း နှုတ်ဆက်ရင်း စခန်းဆီ ပြန်ခဲ့သည်။ ဘေးဝဲယာမှာတော့ ထနောင်း၊ တမာပင်၊ ပြီးတော့ ချုံနွယ်ပင်တွေကိုကြည့်ရင်း ရင်ထဲမှာ အမည်မသိ ခံစားမှုတစ်ရပ် နိုးထလာသည်ကို သ‌ဘောပေါက်မိသည်။

ဒီကနေ့ ဖြစ်ပျက်ခဲ့ ဖြေရှင်းခဲ့သည့် ကုန်းကြီးရွာက အဖြစ်အပျက် တစ်ခု။

~~~~~

တကယ်တော့ နယ်ထိန်း မြင့်ထွန်းအနေဖြင့် တာဝန်ထမ်းဆောင် လာခဲ့တာ နှစ်နှစ်ဆယ်ကျော်ပြီ။ အလျင်က ရွှေဘိုနယ်၊ ရေစကြိုနယ်၊ ပြီးတော့ ချောင်းဦးနယ်အထိ။ ယခု နယ်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ကိုရောက်လာတာ သုံးနှစ်သာ ရှိသေးသည်။ ဒီနယ်က အလျှင်နယ်တွေထက် ခြေရှုပ်ကြသည်။ အတိုင်အတောထူသည်။ အမှု အခင်းပေါသည်။ နှစ်လုံးသုံးလုံး လောင်းကစား ကြက်ဝိုင်း ဖဲဝိုင်း အထိ ပေါသည့်ရွာ။

ပြီးတော့ အချင်းချင်း ခြေပုန်းခုတ်တတ်သည့် ရွာကို ပြပါဆိုရင် ကုန်းကြီးရွာကိုပြရပေမည်။ အခြားရွာတွေထက် ဆိုးသည့် ကုန်းကြီးရွာ။ အချင်းချင်း ပြုံးပြနေပေမယ့် ခြေထောက် လိုက်နင်းလိုသည့်ရွာ။ တစ်ဦး အမှားတစ်ဦးကြည့်ပြီး အတိုင်အတော ထူထပ်သည့်ရွာ။ သူတစ်ပါးကောင်းစားတာကို နာလိုခံခက်နှင့် အပြစ်ရှာတတ်သည့် ရွာ။ အပေါင်းအသင်း မဆိုထားနှင့် ဆွေမျိုးချင်း သားသမီးနှင့် မိဘ၊ မောင်နှမ အချင်းချင်းပင် အမွေလုတတ်သည့်ရွာ။ နောက်အမှုမဖြစ်ဖြစ်အောင် မြှောက်ထိုးပင့်ကော်နှင့် သူ့လူ ကိုယ့်ဘက်သားတွေက ရှိသည်။ တို့မီးရှို့မီးသမားတွေကလည်း တစ်မျိုး။

ပြောရလျှင် ပညာတတ်ပေါ။ လူညစ်ပတ်များသည့် ရွာဆိုရင်မမှား။ လူမှုရေး စီးပွားရေးကောင်းသလောက် အမြင်ကျဉ်းသည်ဟု ဆိုရပေမည်။ အချင်းချင်း ပြိုင်သည်။ ဆွေမျိုးချင်း ပြိုင်သည်။ အဲဒါ စီးပွားပြိုင်ဘက်တွေ အခြားသူကို မပြိုင်ရလျှင် မောင်နှမချင်းတောင် စီးပွားပြိုင်သည့်ရွာ။

တတ်တာ သိတာလည်း ဥပဒေပညာရှိ အရှုံးပေးရ၊ မဟော်သတာသုခမိန်ဩချရသည့်ရွာ။ နိုင်ငံခြားသတင်းတွေ နားထောင်၊ တကြီးတကျယ်တွေ ပြောကြကြေးဆိုရင်လည်း လာခဲ့။ နိုင်ငံရေးအကြောင်းပြောမလား။ နိုင်ငံတကာက အရေးပြောမှာလား။ ပြီးတော့ ကုလသမ္မဂ္ဂ အကြောင်းပြောမလား။ ဗိုလ်ချုပ်အကြောင်း ဒေါ်အောင်ဆန်းစုကြည်အကြောင်း ပြောမလား။ လှတောသား ဩချယူရသည့် ကုန်းကြီးရွာ။

ပြီးတော့ နှစ်လုံးသုံးလုံး ဆိုလျှင်လည်း ထိုင်းဘုရင့်သမီးတော်တောင် လက်ဖျားခါလောက်တဲ့အဆင့်။ နှစ်လုံးသုံးလုံး ထိုးတာကလည်း တစ်ရွာလုံးနီးပါး။ ဥက္ကဋ္ဌက မရှောင်းရ အမိန့်ထုတ်ရင် မသိအောင် လက်သိပ်ထိုးရောင်း။ အနီးရွာကို နယ်ထိန်း မြင့်ထွန်း အနေဖြင့် တစ်လတစ်ခါတော့ အမြဲရောက်ခဲ့သည်။ ရောက်သည့်အခါမျိုးဆိုလျှင် နှစ်လုံးသုံးလုံးသမားတွေ အားလုံးက မခုတ်တတ်တဲ့ကြောင်လို သဘောမျိုး ဟန်ပြ ဟန်ဆောင် သိပ်ကောင်းတဲ့ ရွာသားတွေ။

အဆိုးဆုံးကတော့ ရပ်ရွာ လူကြီးကိစ္စ။ ဥက္ကဋ္ဌ ဆိုတာ သူတို့ရွာအတွက်တော့ ဘုရင် တစ်ပါးလို သတ်မှတ်ကြသည်။ လိုချင်ကြသည်။ ပြိုင်ပြီး အရွေးခံကြသည်။ ရပ်အကျိုး ရွာအကျိုးထက် မိမိစားကျက် ကျယ်ဖို့ကသာ အဓိက။ ဥက္ကဋ္ဌဖြစ်ဖို့ဆိုရင် မိဘလယ်မြေရောင်း ငွေထိုးပြီးလိုက်ကြသည်။ ဥက္ကဋ္ဌဖြစ်ပြီးရော။ ဒီတော့ကုန်းကြီးက ဥက္ကဋ္ဌရှူး အချို့က မြို့နယ် လူကြီးနှင့်ရော၊ ကြားပွဲစားနှင့်ပါ ကပ်ပေါင်းပြီး ဥက္ကဋ္ဌရာထူးရရေး ကြိုးစားကြသည်။

နယ်ထိန်း မြင့်ထွန်း အနေဖြင့် အလျှင် တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



စနစ်က ကုန်းကြီးရွာ အခြေအနေကို မသိခဲ့ရ။ ဘယ်လိုဖြတ်သန်းသည်တော့မသိ။ နောက် ဒီနယ်ကို ရောက်လာပြီးသည့်နောက် ကုန်းကြီးရွာအကြောင်း စနည်းနာကြည့်မိသည်။ ထိုစဉ်က သိပ်ပြီး ချစ်စရာကောင်းသည်တဲ့။ ဖြူစင်ကြသည်တဲ့။ ပြိုင်အဆိုင်ဆိုတာ မရှိခဲ့ပါဘူးတဲ့။ လူငယ်တွေအနေဖြင့် အသောက်အစား အတော်ကင်းခဲ့ကြပြီး အသုံးအဖြုန်းလည်းမရှိခဲ့။

သို့သော် အရေးအခင်းဖြစ်သည့်အချိန် သမဝါယမ အသင်းကို ထိန်းချုပ်၊ ပစ္စည်းတွေ သယ်ကြရင်းနဲ့ နောက် အရေးအခင်းအပြီးမှာတော့ လူတတ်လူကပ်တွေပေါလာသည်။ စိတ်ထားတွေလည်း ပြောင်းကုန်သည်။ စောစောက ပြောခဲ့သလို စီးပွားပြိုင်ကြသည်။ အချင်းချင်း မေးငေါ့တတ်လာသည်။ အချင်းချင်း ခြေဖနောင့်နင်းတတ်လာသည်။ သူ့ထက်သာအောင် ကိုယ့်ထက်သာရင် မနာလိုစိတ်တွေနှင့်ပြောင်းလဲသွားသည့်ရွာ။

ဘာပဲဖြစ်ဖြစ် ခေတ်စနစ်တွေ ပြောင်းလဲလာသည့်ကတော့ မှန်သည်။ လူသားတွေ အနေဖြင့် စိတ်ထားတွေလည်း ပြောင်းလဲနေကြရမည်ကလည်း အမှန်။ သို့သော် မှားယွင်းသည့် ပြောင်းလဲမှုဆိုရင်မကောင်း။ ပြုပြင်လိုစိတ်၊ ညီညွတ်လိုစိတ်နှင့် ဆိုရင်တော့ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်လိုက်လျောညီထွေရှိမည်။ ယခုတော့ ငါ ဆိုသည့် အတ္တတွေနှင့် ငါမှ ငါဆိုသည့် မာနတွေနှင့် ဆိုရင်တော့။

နယ်ထိန်း မြင့်ထွန်းတွေးရင်း ခေါင်းခါမိသည်။ ဒီကနေ့ ဖြစ်ခဲ့သည့် ကုန်းကြီးရွာက အကြောင်း။

"ဆရာ ကုန်းကြီးရွာက လူတွေရောက်နေတယ် ဆရာ။ ဥက္ကဋ္ဌလဲ ပါတယ်"

အောင်မျိုးက ရဲကင်းရှေ့ ဆိုင်ကယ်ရပ်ရင်းပြောလာသည်။

"လွှတ်လိုက်လေ"

ပြောရင်းနဲ့ ရဲကင်း အတွင်း ရုံးခန်းထဲကနေ၍ နယ်ထိန်း မြင့်ထွန်း စောင့်နေသည်။ မကြာမီပင် ကုန်းကြီးရွာ ဥက္ကဋ္ဌနှင့် ရွာသားအချို့ ရုံးခန်းထဲ ဝင်လာကြသည်။ ခုံအလွတ်များတွင် ဝင်ထိုင်လိုက်ကြသည်။

"ကဲ ပြော"

နယ်ထိန်း မြင့်ထွန်းက မေးလိုက်သည်။

"ဒီလို ဆရာရေ။ မနေ့ညက ကျွန်တော်တို့ရွာနဲ့ ထိန်တောရွာ လမ်းဘေးက အပင်တွေ ဓားနဲ့ခုတ်သွားလို့ လာတိုင်တာ"

"ဟင်"

ကုန်းကြီးရွာ ဥက္ကဋ္ဌ စကားကြောင့် နယ်ထိန်းမြင့်ထွန်း မျက်လုံးပြူးသွားသည်။ အံ့အားတသင့် ဖြစ်သွားသည်။ ဘယ်နှယ့် လူသတ်မှု၊ လုယက်မှုလည်း မဟုတ်။ နွားလုံး သုံးလုံးကိစ္စလည်းမဟုတ်။ ခုတော့ သစ်ပင်တွေ ခုတ်တဲ့အမှုတဲ့။

ထိန်တောရွာ ဆိုတာ ကုန်းကြီးရွာရဲ့ အရှေ့ဘက်မှာရှိပြီး လေးမိုင်ခန့်ဝေးသည်။ ကားလမ်းစီမံချက်ကျပြီးပေမယ့် လမ်းကလမ်းချောမဟုတ်။ လမ်းမကြီးသာဖြစ်သည်။ မိုးမရွာရင်တော့ ရေစီးကြောင်း မကျရင်တော့ သွားလာလို့ကောင်းသည်။ ကျောက်ခင်းထားပြီး မြေသား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ထားသည့်လမ်း။ အရင်လက်ထက်တုန်းက ကိုယ့်ရဲ့ကိုယ့်ရွာ ကိုယ့်လုပ်အားနှင့် ဖောက်လုပ်ထားသည့်လမ်း။

"ကဲ ဆိုပါဦး ဘာ အပင်တွေလဲ"

"တမာပင်နဲ့ ထနောင်းပင်တွေပါ ဆရာ။ အားလုံးနီးပါး ခုတ်သွားတာ"

"ဟုတ်တယ် ဆရာ အပင်တွေက မတရားဖြစ်လာပြီ။ နောက် လေးငါးနှစ်ဆိုရင် အရိပ်လဲရ လမ်းလဲလှတော့မှာ။ အခုတော့ အားလုံးနီးပါး ခုတ်ပစ်လိုက်တာ"

ဥက္ကဋ္ဌနှင့် ရာအိမ်မှူးတစ်ဦးက ရှေ့ဆင့်နောက်ဆင့် ပြောသည်။ ခုတ်သူကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး အရေးယူဖို့ပါ ပြောလာသည်။

"ဒီအပင်တွေကို ခုတ်တာ ဘယ်သူလို့ ထင်သလဲ ဥက္ကဋ္ဌ"

သူတို့ ပြောစကားတွေအဆုံး နယ်ထိန်းမြင့်ထွန်းက စူးစမ်းကြည့်ရင်း မေးလိုက်သည်။ သို့သော် ကုန်းကြီးဥက္ကဋ္ဌ အပါအဝင် ဘယ်သူမှ မဖြေကြသေး။ တကယ်တော့ ဒီအပင်တွေ ခုတ်တာ ခုတ်ခဲ့သည့် တရားခံတော့ သူတို့ သိလိမ့်မည်ထင်သည်။ သိလို့လည်းမပြောရဲကြလေသလား။ သို့မဟုတ် နောက်ကြောင်းမှာ ကြောက်စရာရှိလို့လား၊ နောက်ကရန်သူကို လန့်နေကြလို့လား။

"ပြောပါ အနီးစပ်ဆုံးပေါ့"

နယ်ထိန်း မြင့်ထွန်းက ထပ်ဆင့်မေးသည်။

"ကိုညိုပုပါ ဆရာ"

"ကိုညိုပု ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ခုတ်သည့် လူက ခုတ်သည့် တရားခံက ကိုညိုပုဆို၍ ပိုပြီး အံ့အားသင့်ရပြန်သည်။ ဘယ်နှယ့် ညိုပုဆိုတာကုန်းကြီးရွာမှာ ဥက္ကဋ္ဌအဖြစ် အတော်ကြာအောင် အကြိမ်များစွာ တာဝန် ထမ်းဆောင်လာခဲ့တဲ့လူ။

"ကိုညိုပုလို့ အသေအချာ ဘာကြောင့်ပြောနိုင်တာလဲ ဥက္ကဋ္ဌ"

ပို၍ သေချာအောင် မေးမိသည်။ ဤတွင် အဖြေစကားပြောလာသူက ဥက္ကဋ္ဌပင် ဖြစ်သည်။

"သူကိုယ်တိုင်က ပြောသလိုမျိုး သူခိုင်းတဲ့လူက ပြောခဲ့တာပါ"

"ဘယ်လို"

"ဒီလိုပါဆရာ ကိုညိုပုက ကျောက်ခဲနဲ့ ကျက်တောကိုငှားပြီး ခုတ်ခိုင်းခဲ့တာ။ အဲဒါ ကျက်တော ကိုယ်တိုင် ပြောခဲ့တာပါ ဆရာ"

နယ်ထိန်း မြင့်ထွန်း ဘာပြောရမည် မသိတော့။ သို့သော် သိလိုက်သည်က ကုန်းကြီး ရွာသားတွေရဲ့ထုံးစံအတိုင်း မင်းသား မလုပ်ရတော့ ပတ်မကြီး ထိုးဖောက်လိုက်ပြီဆိုတာ။

နောက် ကုန်းကြီးကို မနက်ခင်း ခရီးထွက်ခဲ့ကြရသည်။

~~~~~

"သစ်ပင်တွေ ခုတ်ခံရတယ်ဆိုတဲ့ဆီ အရင်သွားရအောင် ဥက္ကဋ္ဌ"

ရွာထဲဝင်ဝင်ချင်း နယ်ထိန်း မြင့်ထွန်းက ပြောလိုက်သည်။ တပည့် မြင့်အောင်က ဆရာအလိုကျ အရန်သင့်။

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဥက္ကဋ္ဌက ဆိုင်ကယ်ကို ရှေ့မှကျော်တက်စီး သွားသည်။ ရွာလယ်လမ်းမှနေ၍ အရှေ့ရွာဝင် ထံခါးကြီးမှ ထွက်ခဲ့ကြသည်။ ရွာပြင်ရောက်သည်နှင့် စပါးခင်းတွေ၊ ပဲခင်းတွေကို မြင်ရသည်။ အချို့ နေရာမှာကော့ နွားအုပ်၊ သိုးအုပ်၊ ဆိတ်အုပ်တို့ကို တွေ့နေရသည်။ လှပသည့် ဝန်းကျင်ဟု ဆိုရလိမ့်မည်။ လမ်းမပေါ် ရောက်သည်နှင့် သက်တမ်းရင့် ထနောင်းပင်၊ တမာပင်၊ မြစိမ်းပင်နှင့် ချုံနွယ်များက မျက်စိထဲ အေးမြစေသည်။

မိနစ်နှစ်ဆယ်ခန့် အကြာမှာတော့ တွေ့ရပါပြီ။ ခုတ်လှဲထားသည့် တမာပင်အချို့နှင့် ထနောင်းပင်အချို့။ အပင်တွေက ဝါးတစ်ပြန်မရှိတရှိ အရွယ်တွေ။ ပင်လုံးရော အကိုင်းအခက်ပေါ်ပါ မြေပြင်မှာအတုံးအခဲ့။ ရင်ထဲ မွန်းကျပ်သွားသည်။ မောသွားသည်။ အားလုံး ဘေးမီးဘေးချုံဘေး ဖုတ်ဘေးမှာ ဆိုင်ကယ်များကို ရပ်လိုက်ကြသည်။

"မြင့်အောင် .. ဓာတ်ပုံရိုက်။ အောင်မျိုးက အပင်တွေကို လိုက်ပြီးရေ။ တမာပင်က ဘယ်နှစ်ပင်၊ ထနောင်းပင်က ဘယ်နှစ်ပင်ဆိုတာ"

"ဟုတ်ကဲ့ ...."

အောင်မျိုးနှင့် မြင့်အောင်က လုပ်စရာရှိတာ သူ့တာဝန်နှင့် သူ။ နယ်ထိန်း မြင့်ထွန်းနှင့် ကုန်းကြီးဥက္ကဋ္ဌ၊ စာရေး အပါအဝင်၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးအချို့နှင့် လမ်းမပေါ် ဖြည်းလေးစွာ လျှောက်လာရင်း ကြည့်နေမိသည်။

ဒီလမ်းက မြို့နယ်ဖွံ့ဖြိုးရေးလမ်း။ ရွာလူထု လုပ်အားနှင့် တည်ဆောက်ခဲ့သည့်လမ်း။ စီးပွားရေး၊ လူမှုရေးမှာ အသုံးဝင်သည့်လမ်း။ ကားရော လှည်းပါသွားရသည့်လမ်း။ စက်ဘီး၊ ဆိုင်ကယ်တွေ သွားနေသည့်လမ်း။ လမ်းဖောက်ပြီ ဆိုကတည်းက ဘေးဝဲယာမှာ သစ်ပင်ရှိရမည်။ အဖြစ်မြန်သည် မမြန်သည် အပထား။ အညာဒေသ၏ အထိမ်းအမှတ် ဖြစ်သည့် ထနောင်းပင်နှင့်တမာပင်ဆိုတာက ဘယ်ရွာကြည့်ကြည့် ဘယ်လမ်းကြည့်ကြည့် မပါမဖြစ် ဇာတ်လိုက်အပင်တွေ။

အဲဒီ အပင်တွေအောက်မှာ လှည်းတွေရပ်နား၊ လူတွေရပ်နား။ ပြီးတော့ နွားကျောင်းသား၊ သိုး၊ ဆိတ်ကျောင်းသူတွေ နားကြသည့်နေရာ။ ရေအိုးစင်လေးတွေ ထားရှိပြီး ချိုးငှက်လေးတွေ၊ တောငှက်လေးတွေ နားသည့် အပင်။ အခုတော့ .. မကြာခင် လေးငါးဆယ်နှစ်ဆိုရင် အပင်ကြီးတွေ ဖြစ်တော့မည့် အပင်လေးတွေကို အကြောင်းမဲ့ သက်သက် ခုတ်လှဲခံခဲ့ရပြီ။

## ထင်မှတ် မထားဘဲ တောက်ခေါက်သံ ထွက်သွားသူက

"တောက်"

ထင်မှတ် မထားဘဲ တောက်ခေါက်သံ ထွက်သွားသူက နယ်ထိန်း မြင့်ထွန်း။

"လုပ်ရက်တယ်ဗျာ။ အင်းလေ သစ်တောဌာနက အမှုတွဲ လုပ်မှာပါ။ အားလုံး အမှန်တိုင်း ဖြစ်သွားမှာပါ"

နယ်ထိန်း မြင့်ထွန်းက ပြောသည်။ ဥက္ကဋ္ဌက–



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်လဲ နားကို မလည်တော့ဘူး ဆရာရယ်။ ဘာဖြစ်လို့များ အပြစ်မရှိတဲ့ အပင်တွေကို ခုတ်တယ်ဆိုတာ"

နယ်ထိန်း မြင့်ထွန်းတို့ စကားပြောနေဆဲမှာ မြင့်အောင် ပြန်လာသည်။ ထနောင်းပင် (၁၂) ပင်၊ တမာပင် (၂၃) ပင်။ စုစုပေါင်း (၃၅)ပင်တိတိ။

အသေးစိတ် ရေးမှတ်ရှာဆိပြန်။ ရုံးရောက်တော့ ရုံးစောင့် မောင်အေးကို ကျက်တောနှင့် ကျောက်ခဲကို အခေါ်လွှတ်လိုက်သည်။ နာရီဝက်အကြာ အရက်နံ့ တထောင်းထောင်းနှင့် သူတို့နှစ်ဦး ရောက်လာချေပြီ . . . .

~~~~~

"ကဲ မင်းတို့ ပြန်ကြတော့။ ဟုတ်ပြီ။ ဒီ အမှု မပြီးမချင်း၊ ဘယ်မှမသွားကြနဲ့။ လိုအပ်ရင် ထပ်ခေါ်မယ်။ ဟုတ်ပြီလား "

"ဟုတ်ကဲ့ ဆရာ . ."

နယ်ထိန်း မြင့်ထွန်းက ကျက်တောတို့ကို ပြန်လွှတ်လိုက်သည်။ သူတို့ ,နှစ်ဦးစလုံး ကြောက်စိတ်ဝင်နေချေပြီ။ အရက် မှူးတာတွေ ပျောက်သွားသည်က အမှန်။ မကြောက်ဘဲ နေမည်လား။ ဒီအမှုက ပေါ့သေးသေးအမှု မဟုတ်။ သူတို့၏ ထွက်ဆိုချက်များကို အသံဖမ်းစက်နှင့်ရော အသေးစိတ်ပါ မှတ်ထားပြီးသား။ ပြီးတော့ အမှုသွား အမှုလာကိုလည်း ပြောပြလိုက်ပြီးသား။

ယခုတော့ အချုပ်ပြီး ပြန်လွှတ်လိုက်သည်။

သူတို့ ထွက်ချက်က ရှင်းပါတယ်။ ဥက္ကဋ္ဌပြုတ် ကိုညိုပုက ခိုင်းတာမှန်သည်။ တစ်လနီးပါးကြာသည်အထိ ကိုညိုပုက ချဉ်းကပ်ကာ အရက်ဖိုးပေးပြီး စည်းရုံးသည့်တဲ့။ နောက်တော့ ကုန်းကြီးရွာနှင့် ထိန်တောရွာကြားက အပင်တွေကို ခုတ်လှဲခိုင်းသည်တဲ့။ တစ်ပင်ကို ငါးထောင်နှုန်းတဲ့လေ။ ကိုကျက်တောတို့က ငြင်းပေမယ့် အပြစ်မရှိကြောင်း ဖြစ်သမျှအရာအားလုံး ငွေပေးပြီး ဖြေရှင်းမည့်အကြောင်း ပြောသတဲ့လေ။

သည်တော့ အတွေ့အကြုံမရှိ၊ ဗဟုသုတနည်း၊ အရက်သောက်ရပြီးရော၊ ငွေရပြီးရော ဆိုသည့် ကျက်တောနှင့် ကျောက်ခဲ။

ကြွက်ထိုး ငါးမျှား မြွေဖမ်းရင်း ဘဝကို ရုန်းကန်ခဲ့သည့် သူတို့၏လိုအပ်ချက်ကို သိသည့်ဥက္ကဋ္ဌပြုတ် ကိုညိုပုက ငွေကိုဗန်းပြပြီး လက်ပါးစေမွေးလိုက်ပြီး စေခိုင်းလိုက်ပြီ။ ဒီတော့ ကျက်တောနှင့် ကျောက်ခဲကလည်း မစဉ်းစား။

ယခုတော့ အပင်သုံးဆယ်ကျော်မှာတော့ မြေပြင်မှာ တုံးလုံးပက်လက်။ အကိုင်းအခက်တွေပင် ညှိုးစပြုနေပြီ။ သစ်ပင်တစ်ပင်ရဲ့ တန်ဖိုး မသိတဲ့ လူတွေ။ သစ်ပင်တစ်ပင်ဖြစ်အောင် နှစ်ပေါင်းဘယ်လောက်ကြာအောင် စောင့်ရသည်ကို မသိတဲ့လူတွေ။ ပြီးတော့ ဥက္ကဋ္ဌလုပ်ခဲ့ဖူးသည့် ကိုညိုပု။

အသက်က ခြောက်ဆယ်ကျော်နေပြီ။ စီးပွားရေးကောင်းသည်။ ဆွေမျိုးအုပ်စုတောင့်သည်။ တစ်ပါတီစနစ်ကတည်းက ဥက္ကဋ္ဌနှစ်ကြိမ် ဖြစ်ခဲ့ပြီး၊ အရေးအခင်းဖြစ်ကြတော့ ပြုတ်သွားသည်။ စုံစမ်းသိရသလောက်ကတော့ အရေးအခင်း
~~~~~

www.burmeseclassic.com



တုန်းက ရွာကလူတွေက သူ့ကို ရန်မူခဲ့သေးသည်။ အခြားရွာကို သွားပြီး ရှောင်နေရသည်ဟု သိရသည်။

အရေးအခင်း အပြီး ဥက္ကဋ္ဌရွေးတော့ အခြားသူ ဥက္ကဋ္ဌ ဖြစ်သည်။ ထိုလူကိုလည်း ကိုညီပုက အပြစ်မရှိအပြစ်ရှာတိုင်ပြီးတော့ ကိုညီပုက မြို့နယ်က လူတွေနှင့် ပေါင်း။ မြို့နယ် အာဏာရှိသူတွေဆီ ဝင်ထွက်ရင်း၊ လက်ဆောင်တွေပေးရင်း၊ နောက်တစ်ကြိမ် ဥက္ကဋ္ဌ ရွေးတော့ ကိုညီပု ဥက္ကဋ္ဌဖြစ်သွားသည်တဲ့။

ဥက္ကဋ္ဌ ဖြစ်ပုံကလည်း ရှင်းပါတယ်။ မြို့နယ်ဥက္ကဋ္ဌ အပါအဝင် တာဝန်ရှိသူတွေနှင့် တိုင်ပင်၊ လက်သိပ်ထိုး လာဘ်ပေး။ နောက် ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေကို ပုဆိုးတစ်ကွင်းဆီပေး။ နောက် အရက်ဘီယာ ကြိုက်သလောက် သောက်။ ဆေးလိပ်၊ ကွမ်း၊ လက်ဖက်ရည် ကြိုက်သောက် မိုက်သောက်လုပ်ပြီး စည်းရုံးလိုက်သည့်အတွက် ဥက္ကဋ္ဌဖြစ်သွားသည့် ကိုညီပု။

သည်တော့ တစ်ပါတီစနစ်ကတည်းက ဥက္ကဋ္ဌလုပ်ခဲ့သည့် ကိုညီပု။ လူလည် ကိုညီပု။ ရွာကလူတွေ ဝါးရင့်အပတ်ခံရချေပြီ။ ဝါးရင့်ပတ်ခံရရင်တော့ နာပြီသာမှတ်။

အာဏာရသွားသည့် ကိုညီပုက စည်းရုံးရေးကတော့ ကောင်းသည်။ ငွေရအောင် ရှာသည်။ နှစ်လုံး၊ သုံးလုံး လိုင်းကြေးယူသည်။ ပေးစရာရှိတာပေး၊ ကျွေးစရာရှိတာကျွေး။ ပေးနေကျွေးနေတော့ အထက်နှင့် အောက်ကအဆင်ပြေနေသည်။

နောက်တော့ ကုန်းကြီးနှင့် ထိန်တောရွာကို ဆက်ထားသည့်လမ်းမှာ ထနောင်းပင်နှင့် တမာပင်တွေ စိုက်ခဲ့သည်။ စိုက်ခဲ့တာကလည်း အပင်ပေါက်တွေကို လိုက်တူး။ လူငှားပြီး ကျင်းတူး။

ပြီးတော့ အပင်တွေစိုက်။ မြေကကောင်း၊ မိုးကကောင်းတော့ အပင်တွေက ဖြစ်မှဖြစ်။

မကြာပါ။ ဥက္ကဋ္ဌရာထူး အပြောင်းအလဲဖြစ်ပြန်သည်။ ဒီတစ်ခါတော့ ကိုညီပု ဥက္ကဋ္ဌပြုတ်သွားသည်။ ဥက္ကဋ္ဌ ရာထူးရသူက ကိုညီပုနှင့်မတည့်သည့် ကိုညီအောင်။

ကိုညီအောင် ဆိုတာလည်း ကိုညီပုလို စီးပွားရေး အဆင်ပြေသူ။ အပေါင်းအသင်းဆံ့သူ။ ဆွေမျိုးအုပ်စုတောင့်သူ။ သည်တော့ ထုံးစံအတိုင်း မြို့နယ်ကို ကြေးကပ်ကြ၊ ကယ်ပါကူပါနှင့် နတ်ကိုးသလို ကိုးကွယ်ကြနှင့် အာဏာလုပွဲ ဆင်နွှဲခဲ့ကြသည်။ သူတို့ အာဏာရရေး၊ မပြုံးချင်ဘဲပြုံး၊ မပေးချင်ဘဲပေး၊ မကျွေးချင်ဘဲကျွေးရင်း၊ ပေးရင်းကျွေးရင်းနှင့်၊ အသည်းကြားက မဲတစ်ပြားကို ဆွဲထုတ်ခဲ့ကြရာ ဥက္ကဋ္ဌဖြစ်လာသူက ကိုညီအောင် ။

ကိုညီအောင်က မဆိုး။ နှစ်လုံး၊ သုံးလုံး လုံးဝမရောင်းရ။ ရွာပြင်စည်းရိုးတွေ ချဲ့ထားတာ ပြန်သိမ်း။ လှည်းလမ်းတွေ ချဲ့ပေး။ မီးဘေး ကြိုတင်ကာကွယ်ရေးတွေလုပ်။ ကိုညီပုထက် စာရင်တော်သည်ဟု ဆိုရချေမည်။

သို့သော် --

ကိုညီပုကတော့ ကိုညီအောင်သည် သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ။ ဒီတော့ ဒီကောင် ညှိုအောင် ဘာဖြစ်လို့ ဥက္ကဋ္ဌ ဖြစ်လာရတာလဲ။ ရွာလူထုက ရာအိမ်မှူး၊ ဆယ်အိမ်မှူးက မဲပေးလို့။ ဒီတော့ ဒါကြောင့် ဥက္ကဋ္ဌ ဖြစ်ရတာ။ ဒါကြောင့်လည်း ကိုညှိုအောင်က ညနေ အရက်မူးလာတိုင်း ရွာကျော်ရပ်ကျော် ဆဲတော့သည်။ ဘယ်သူ့မှအလွတ်မပေး။ နောက်ဆုံး ရာအိမ်မှူး၊ ဆယ်အိမ်မှူး အပါအဝင် သူ့ဆွေမျိုးအချို့နှင့်ပင် ပြဿနာဖြစ်ခဲ့သည်တဲ့။

မကျေနပ်သည့် ရန်ကြွေးကြောင့် ကိုညှိုပုက ကိုညှိုအောင်၏ လုပ်ရပ်များကို မှတ်တမ်းယူသည်။ ခေါင်းကပ်ရသည့် ငွေစာရင်းကိုပင် ရအောင်ယူထားပြီး တိုင်သည်။ ခဏခဏတိုင်တော့ လေးနှစ်အကြာ လူကြီးရွေးပြန်သည်။

သည်တစ်ကြိမ် ကိုညှိုအောင် အပြုတ်။ ကိုညှိုပု ဥက္ကဋ္ဌဖြစ် ...။

သို့ကလို ထင်ထားပေမယ့် ရပ်ကွက်က ကိုညှိုအောင်ကို မဲပေးလိုက်ကြပြန်သည်။ ဒီတစ်ကြိမ် ပြုတ်ရာတွင် ငွေတွေ့ပုံအော အကုန်ခံခဲ့သည့် ကိုညှိုပုမှာတော့ ရွှေပြည်တော် မျှော်တိုင်းဝေးသွားပြီ။

ဥက္ကဋ္ဌ ဆက်ဖြစ်သည့် ကိုညှိုအောင်ကတော့ ပန်းပန်ဆဲ။ ဤတွင် ကိုညှိုပုက ကြံသည်။ ကုလားမနိုင် ရခိုင် အခဲမကျေဖြစ်သွားသည်။ ကျောက်ခဲနှင့်ကျက်တောကို လူမိုက်ငှား။ အပင်တွေ ခုတ်ခိုင်း။

"မင်းတို့ ဘာမှမဖြစ်စေရဘူး။ ဒီအပင်တွေက ငါ့ ငွေနဲ့ရင်းပြီး စိုက်ထားတာ ငါ့အပင်တွေ။ အားလုံးခုတ်ပစ်။ ပြဿနာဖြစ်ရင် ငါတာဝန်ယူမယ်။ ငါရှင်းပေးမယ်။ မြို့နယ်လဲပိုင်၊ ရဲစခန်းလဲပိုင်၊ သစ်တောလဲပိုင်တယ်ကွာ ... ကဲ"

ဒါက ကိုညှိုပု ပါးစပ်က ထွက်ခဲ့သည့်စကား။

ကျက်တောတို့ကို ပြောခဲ့သည့်စကား။

ယခုတော့။

~~~~~

နယ်ထိန်း မြင့်ထွန်း အတွေးစများကို ဖြတ်လိုက်သည်။ ကုန်းကြီးက မပြန်ခင် ကိုညှိုပုကို ခေါ်လိုက်သည်။ အမှု အသွားအလာကို ရှင်းပြသည်။ မနက်ဖြန် ရဲကင်းကိုလာဖို့၊ ရဲကင်းမှတစ်ဆင့် သက်ဆိုင်ရာကို သွားပြီးရှင်းဖို့။ပြီးတော့ ကျောက်ခဲနှင့် ကျက်တောပါခေါ်ခဲဖို့။

"ကျုပ်က ဟိုကောင့်ကို မကျေနပ်လို့ ဒီသစ်ပင်တွေကိုခုတ်တာ "

ဒီစကားက တရားမဝင်ပါ။ လူနှင့် သစ်ပင် ဘာဆိုင်လဲ။ လူသတ်လည်း ထောင်ကျမှာ။ သစ်ပင်သတ်လည်း ထောင်ကျမှာ၊ ဒါကို မသိဘူးတဲ့လား။ တကယ်တော့ ဒီလူဥက္ကဋ္ဌ လုပ်တာ သက်တမ်းရင့်နေပြီပဲ။ သိရမည်။ သိကိုသိရမည်။ မသိသေးသည့် လူကို သိအောင် ရှင်းပြရတာ လွယ်သည်။ သိပြီးသားလူကို သိအောင် ရှင်းပြရတာ မလွယ်မှန်း နယ်ထိန်း မြင့်ထွန်း နားလည်ခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် ကိုညှိုပုရဲ့ ပစ်မှတ်က ဘာလဲ။ ဥက္ကဋ္ဌ မလုပ်ရလို့လား။ တွေးရင်း ကိုညှိုပု ရင်ဆိုင်ရမည့် ဥပဒေအကြောင်းကို စဉ်းစားရင်း မဲ့ပြုံးတစ်ချက် ပြုံးမိသွားသည်လေ။

တွင်းကြီးသားတင်ဝင်းဦး



www.burmeseclassic.com
~~~~~

www.burmeseclassic.com



# သိပ်ချစ်တယ်ဆိုတဲ့ ကိုကို

မောင်မောင်စိန်လင်း

(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# "သိပ်ချစ်တယ်ဆိုတဲ့ ကိုကို"

မောင်မောင်စိန်လင်း– (နတ်မောက်)

(၁)

"မင်္ဂလာ ညချမ်းပါရှင်"

"ဒြော် ဟုတ်ကဲ့ရှင် ဗိုလ်ကြီးမောင်မောင်မြင့်နဲ့ မစိမ့်စိမ့်စိုးတို့ရဲ့ DINER အပေါ်ထပ်မှာပါ ကြွပါရှင်"

နံနက်ပိုင်းတွင် စီဒိုးနား ဟိုတယ်ကြီးတွင် ကျင်းပခဲ့သော မင်္ဂလာသတို့သား ဗိုလ်ကြီး မောင်မောင်မြင့်နှင့် မင်္ဂလာသတို့သမီး မစိမ့်စိမ့်စိုးတို့က သူငယ်ချင်းအပေါင်းအသင်းရောင်းရင်းများကို ရန်ကုန်ဆိပ်ကမ်းတွင်ရှိသော နန်းသီတာဟိုတယ် BACHELOR NIGHT၊ လူပျိုညတ၏နောက်ဆုံးနေ့ ညစာစားပွဲ ကျင်းပချိန်ဖြစ်သည်။ သတို့သားဘက်မှ သူငယ်ချင်းများ၊ သတို့သမီးဘက်မှ သူငယ်ချင်းများ ဝင်လာမစဲတသဲသဲ။

"လာ သူငယ်ချင်း၊ မင်းတို့က ဒီဘက်ခြမ်းမှာ ထိုင်ကြ"

"ဟာဟေ့ သူငယ်ချင်း၊ ယူတို့က ဟိုဘက်မှာ ထိုင်ကြ"

ဗိုလ်ကြီး မောင်မောင်မြင့်နှင့် စိမ့်စိမ်းစိုးတို့သည် သူတို့၏သူငယ်ချင်းများကို မျက်နှာချင်းဆိုင်ထိုင်နိုင်ကြစေရန် စီစဉ်ပေးကြသည်။ အားလုံးကို မိတ်ဆက်ပေးကြသည်။

"ကဲ . . . . ကိုယ့် သူငယ်ချင်းတွေကိုလဲ ကိုယ်ကပဲ စတင် မိတ်ဆက်ပေးမယ်"

"သူက ဗိုလ်ကြီးဝင်းမြင့်၊ သူက ဗိုလ်ကြီးမြင့်လွင်၊ သူက ဗိုလ်ကြီးထွန်းထွန်း၊ သူကတော့ ဗိုလ်ကြီးဟောင်း အောင်တေဇ(ခ)ကိုကိုအောင်"

"စိမ့်စိမ့်ကလဲ စိမ့်သူငယ်ချင်းတွေကို မိတ်ဆက်ပေးပါမယ်။ သူက ဇင်မာတဲ့၊ သူက ဆွေဆွေ"

"သူက မရင်၊ သူကတော့ မေသူကျော်တဲ့"

"ကဲ . . . သုံးဆောင်ကြရအောင်"

"ချီးယား . . . . ချီးယား . . . ချီးယား . . ."

ယောကျ်ားသားတွေက ရက်လေဘယ် သောက်ကြသည်။ မိန်းကလေးများကတော့ စပိုင်ဝိုင်သောက်ကြသည်။ ဖွန်းသံ၊ ပန်းကန်သံ၊ ဖန်ခွက်လှုပ်ရှားမှုအသံတို့သည် ဂီတသံများကဲ့သို့ ညင်သာစွာ ကြားနေရလေသည်။

ရန်ကုန်မြစ် ရေပြင်တွင် လှုပ်ရှား တိုက်ခတ်နေသည့် လှိုင်းပုတ်သံကလေးများကလည်း နန်းသီတာဟိုတယ်ကြီး၏ အပေါ်ထပ်တွင် ညစာသုံးဆောင်နေသူတို့အား လက်ခုပ်လက်ဝါးတီးပြီး အားပေးနေသည်ဟု ဆိုချင်သည်။ မြစ်ပြင်ရေကို ဖြတ်သန်းတိုက်ခတ်နေသည့် လေပြည်လေညင်းကလေးများကလည်း (အဲယားကိုး) လေအေးစက်များ၏ တာဝန်ကို ယူနေလျက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်သော အပေါင်းအသင်းရောင်းရင်းတို့သည် လိပ်စာကတ်ကလေးများ ပေးခြင်းတို့ဖြင့် မိတ်သဟာယ ဂဟေဆက်နေကြလေသည်။ ဘဲကင်၊ ကြက်ကြော်၊ ငါးချဉ်စပ်၊ ယိုးဒယားဟင်းချို၊ ထမင်းကြော်၊ စားသောက်ဖွယ်ရာများလည်း စုံလှသည်။ ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ ဆိုစကားအတိုင်း အချိန်တန်အိမ်ပြန်ချိန်မှာတော့ ဆက်ရက်၊ ငှက်သာတကာလေးများကဲ့သို့ လက်ရဲ၊ ဖက်ရဲ နှုတ်ဆက်ကြပြီး ပြန်ကြလေ သတည်း။

(၂)

"ဟယ်လို အမိန့်ရှိပါရှင်"

"ဟုတ်ကဲ့ ကျွန်မ မေသူကျော်ပါ"

"ဩော် လာလည်လို့ရပါတယ်"

"ဆန်းဒေးဆိုရင် ပိုပြီး အဆင်ပြေပါတယ်"

"လာနိုင်ပါတယ်ရှင် လာနိုင်ပါတယ်"

(မြင်မြင်ချင်းပဲကွယ် ချစ်မိကြိုက်မိတယ်) -----

သီချင်း စာသားလေး အတိုင်းပင် အောင်တေဇ(ခ) ကိုကိုအောင်သည် ဗိုလ်ကြီးမောင်မောင်မြင့်၊ စိမ့်စိမ့်စိုးတို့၏ ညစာစားပွဲနေ့က တရင်းတနှီးခင်မင်ခဲ့ရသော မေသူကျော်၏ မျက်နှာလေးကို တစိမ့်စိမ့်တွေးပြီး တရိပ်ရိပ် မြင်ယောင်မိနေသည်။ သူ၏ နှလုံးသားတွင် ဖြစ်ပေါ်နေသော အတွယ်အတာကို မလွန်ဆန်နိုင်သောကြောင့် အိမ်သို့လာလည်လိုကြောင်း တောင်းဆိုလိုက်ခြင်းဖြစ်သည်။

"ကလင် . . ကလင် . . ကလင်"

ခြံဝမှ ဘဲလ် တီးသံကြား၍ကြည့်လိုက်ရာ ကိုအောင်တေဇ (ခ) ကိုကိုအောင် ဖြစ်နေသည်။ တူမလေးအား သော့ဖွင့်ခိုင်းလိုက်သည်။ ကားပါခြံထဲ သွင်းခိုင်းလိုက်သည်။

"လာပါရှင် . လာပါ"

"အထုပ်အပိုးတွေက လဲ များလှချည်လား"

"စားစရာတွေပါ မမေသူ"

"ထိုင်ပါရှင့် ထိုင်ပါ"

"ဩော် မိတ်ဆက်ပေးရဦးမယ်။ ဒါက အန်တီ သိန်းသိန်းတဲ့ မေသူ့အဒေါ်ပါ။ သူက ဂျမ်းဘုံတဲ့ မေသူရဲ့ တူမပါ"





www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်က အောင်တေဇ(ခ)ကိုကိုအောင်ပါ။ အရင်က တပ်မှာဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အခုတော့ ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာမှူးပါ"

"ကဲ စကားပြောကြဦး အန်တီစားဖို့ စီစဉ်လိုက်ဦးမယ်။ ဈေးသွားလိုက်ဦးမယ်။ မောင်ရင် ထမင်းစားပြီးမှ ပြန်"

"ဟုတ်ကဲ့ ..အန်တီ ဟုတ်ကဲ့ပါ"

ဒေါ်သိန်းသိန်းနှင့် ဂျမ်းဘုံတို့ ဈေးသို့သွားကြလေသောကြောင့် ကိုကိုအောင်နှင့် မေသူကျော်တို့တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာစကားပြောဆိုရန် အခွင့်အလမ်းများ ဖြစ်ပေါ်နေသည်။

"မေသူ ဘယ် တက္ကသိုလ်မှာ ဘွဲ့ယူခဲ့လဲ"

"ရန်ကုန်တက္ကသိုလ်မှာပါ BA, BUSINESS SCIENCE (2002), DIP IN IR (2010), DIP IN BUSINESS LAW (2011), DIP IN SOCIAL WORK (2011) ဘွဲ့တွေ ယူခဲ့ပါတယ်"

"ကျွန်တော်က ပြင်ဦးလွင်မှာ အင်ဂျင်နီယာကျောင်းဆင်းပြီး (ဂျီအီးတပ်)မှာ ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းခဲ့ပါတယ်။ တပ်ကထွက်ပြီး ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာမှူးအဖြစ် တာဝန်ထမ်းနေပါတယ် မမေသူ"

"မေသူလို့ ခေါ်မယ်နော်"

"ရပါတယ် ကိုအောင်ကြိုက်သလိုခေါ်ပါ"

မျက်လုံးချင်း စကားပြောနေကြသော ကိုကိုအောင်နှင့် မေသူတို့သည် မိတ်ဆွေသင်္ဂဟ အနေအထားမှ သမီးရည်းစား အခြေအနေသို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းခေါ်ဝေါ်သုံးနှုန်းနေကြလေပြီ။ စနေ(သို့မဟုတ်) တနင်္ဂနွေနေ့တိုင်း စမ်းချောင်းသံတံတားလမ်းရှိ မေသူကျော်တို့ နေအိမ်သို့ အောင်တေဇ(ခ)ကိုကိုအောင်လာလည်ခဲ့သည်မှာ ချောင်းပေါက်မတတ်ဟုဆိုရမလောက်ပင်။ယောက်ျားကြိုက်တော့ စိုက်စိုက်လာ။

ချစ်ခြင်းမေတ္တာတရားတို့သည် နီးစပ်မှုမှ ပေါက်ဖွားသည်ဟု အချစ်ဗိသုကာကြီးများ၏ အဆိုအမိန့်အတိုင်း၊ ဘုရားသွား၊ ကျောင်းတက်၊ ရှော့ပင်ဈေးဝယ်ထွက်၊အချစ်သဒ္ဒါတရား၊ မေတ္တာပွားနေကြလေပြီ။ ပုထုဇဉ် လူသားတို့၏သဘာဝတရားအရ သဒ္ဒါလွန်လျှင် တဏှာကျွံ တတ်ကြတော့မည်ဖြစ်လေသည်။ မိန်းမကြိုက်တော့ မျှော်လိုက်ခါ။

(၃)

၂၀၁၁ခုနှစ်၊ ခါသကြန်ကာလ အခါသမယတွင် ဖြစ်သည်။ မြင်းခြံမြို့တွင် နေထိုင်ကြသော မိဘနှစ်ပါးနှင့်အတူ ဥပုသ်သီတင်းဆောက်တည်ရန်အတွက် မေသူကျော် မြင်းခြံမြို့နေအိမ်သို့ ပြန်ခဲ့သည်။

မေသူကျော် အပေါ်သို့ သိပ်ချစ်နေရသော ကိုကိုအောင်သည် သိပ်ချစ်ရလို့ စိတ်ညစ်ရသော ဝေဒနာကို မခံစားနိုင်အောင် ခံစားနေရလေသည်။ မေသူကျော်အပေါ် အဘယ်ကြောင့် (ခရေစီ) ဖြစ်နေရလေသလဲ သူ့ကိုယ်သူ မစဉ်းစားတတ်တော့။ ပုထုဇနော ဥမ္မတ္တကော။



www.burmeseclassic.com

www.burmeseclassic.com



နဖူးပေါ် လက်တင်ပြီး စဉ်းစားခန်း ထုတ်လိုက်သည်။ တစ်ရေးနိုးသော် အကြံပေါ်လေပြီ။

"ဟယ်လို ..ပြောပါ ကျွန်တော် မောင်မောင်မြင့်ပါ"

"ဟေး ..ငါပါကွ"

"ဟော့ကောင် ... မင်း မေသူကျော်တို့အိမ်ကို ချောင်းပေါက်မတတ် လှုပ်ရှားနေတယ်လို့ သတင်းရတယ်"

"ဟုတ်လေစွ၊ မှန်လေစွ၊ အဲဒီကိစ္စအတွက် မင်းတို့လင်မယားကို အကူအညီ တောင်းမလို့"

"ဆိုဗျာ ဘယ်လိုကူညီရမလဲ"

"ဒီလိုကွာ မင်းတို့လင်မယားကို ပုဂံဟန်းနီးမွန်းထွက်ဖို့ ငါ တကာခံမယ်။ မြင်းခြံအိမ်ရောက်နေတဲ့ မေသူကျော်ကို ဝင်ခေါ်မယ်။ မိန်းမသားအဖော်ပါတော့ သူ့မိဘတွေ ထည့်ပေးအောင် မင်းတို့က ရေလာမြောင်းပေးလုပ်ပေးရမယ်။ ငါ့ကား ပရာဒိုနဲ့ သွားကြမယ်"

"ဘယ်တော့ သွားမလဲ"

"သင်္ကြန် အကျနေ့ သွားမယ်"

"ဟုတ်ကဲ့ ဘောစ့ အသင့်"

အောင်တေဇ(ခ)ကိုကိုအောင်၊ ဗိုလ်ကြီးမောင်မောင်မြင့်၊ စိမ့်စိမ့်စိုးတို့ လင်မယားသည် ဆိုင်းမဆင့် ဗုံမဆင့် မြင်းခြံမြို့ရှိ မေသူကျော်၏ မိဘနှစ်ပါး နေထိုင်သော နေအိမ်ခြံကြီးသို့ ရောက်ရှိလာကြသည်။

"ဟယ် စိမ့်စိမ့်တို့ ပါလား။ ဘယ်က ဘယ်လိုရောက်ရှိလာကြတာလဲ"

"ရှူး ရှူး ...မင်းရဲ့ ကိုကိုအောင်က တစ်နေ့မမြင်ရရင် တစ်လလောက် ခံစားနေရတယ်တဲ့ကွာ"

ကိုကိုအောင်၊ ဗိုလ်ကြီးမောင်မောင်မြင့်၊ စိမ့်စိမ့်စိုးတို့သည် မေသူကျော်၏ မိဘများနှင့် မိတ်ဆက်ကြလေသည်။ ကိုကိုအောင်က သူ၏ မိဘများမှာ အငြိမ်းစားဗိုလ်မှူးစိန်လင်း၊ ဇနီး ဒေါ်သန်းသန်းတို့ဖြစ်ပါကြောင်း (စိန်၊ ရွှေသစ္စာကုမ္ပဏီ)လုပ်ငန်း

**မိန်းမသားအဖော်ပါတော့**
**သူ့မိဘတွေထည့်ပေးအောင်**
**မင်းတို့က ရေလာမြောင်းပေးလုပ်ပေးရမယ်**
**ငါ့ကား ပရာဒိုနဲ့ သွားကြမယ်**



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကိုင်နေပါကြောင်း၊ သူဘာ ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာမှူးဖြစ်ပါကြောင်း မိတ်ဆက်တင်ပြသည်။

မေသူကျော်နှင့်လည်း တစ်ဦးနဲ့ တစ်ဦး သံယောဇဉ်ရှိသူများဖြစ်ပါကြောင်း၊ ကျွန်တော်တို့ဟာ အိမ်တစ်ဆောင်မီးတစ်ပြောင်နေနိုင်သူများ ဖြစ်ပါကြောင်း ပြောဆိုလေသည်။

အန်ကယ်တို့၊ အန်တီတို့အနေနဲ့ ဘယ်သားသမီးရဲ့ အိမ်ထောင်ရေးကိုမှ မစွက်ဖက်ဘူး–အဲ ပညာရှိတွေပဲ။ ကိုယ့်ဘဝကို အဆုံးအဖြတ်ပေးနိုင်သူများဖြစ်၍ သမီးဆန္ဒသာလျှင်ဖြစ်ကြောင်း၊ ဆုံးမသြဝါဒပေးလေသည်။

ပုဂံသို့ ဘုရားဖူး ရေပက်ခံ သွားမှာဖြစ်လို့ မေသူကျော်ကိုပါ ထည့်လိုက်ပါရန် ပြောဆိုကြရာ မိန်းကလေးအဖော်ပါသောကြောင့် ခွင့်ပြုလိုက်ကြလေသည်။

(၄)

အောင်တေဇ(ခ)ကိုကိုအောင်သည် ပညာတတ်၊ ရုပ်ချော၊ သဘောကောင်း။ မေသူကျော်အား စိတ်မချနိုင်သောကြောင့် သူ၏နေအိမ်ခြံ၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းသို့ ခေါ်ယူထားသည်။ တရားဝင်လက်ထပ် ထိမ်းမြားခြင်း မပြုရသေးသော်လည်း အတူတကွ ပေါင်းသင်းနေထိုင်လာကြသည်။

မိန်းမတို့၏ အာဝေနိတ တရားအရ နှစ်လတိုင်တိုင် သွေးမပေါ်သောကြောင့် (အာရှတော်ဝင်ဆေးရုံကြီး)တွင် ဆေးစစ်ခံသည်။ ကိုယ်ဝန် နှစ်လကျော်ရှိနေပြီဖြစ်ကြောင်း သိရလေသည်။

မေသူကျော်၏ တောင်းဆိုချက်အရ မင်္ဂလာဆွမ်းကျွေးအလှူအဖြစ် စာသင်တိုက်ကြီးရှိ သံဃာတော်(၅၄)ပါးတို့အား ဆွမ်းကပ်သည်။ တရားလွှတ်တော်ရှေ့နေကြီးနှင့် သက်သေများကို အသိအမှတ်ပြု ထိမ်းမြား လက်ထပ်စာချုပ်ပြုလုပ်၍ ထိမ်းမြားလက်ထပ်ကြသည်။

အောင်တေဇ(ခ)ကိုကိုအောင်သည် မေသူကျော်အား (ပရိနတေကပ်ပဆူး)ခေါ် ကိုယ်ဝန်အားဆေးနှင့် တွဲပြီး ဆေးတစ်မျိုးကိုပါ ဂရုတစိုက် တိုက်ကျွေးသည်။ ချစ်သူကျွေးရင် သေဆေးတောင်စားရာဆိုသကဲ့သို့ ဆေးများ သောက်လာခဲ့သည်။ နှစ်ပတ်ခန့်အကြာတွင် ရင်တုန်လာသည်။ ပျို့အန်လာသည်။ မူးရိပ်မူးရိပ်ဖြစ်လာသည်။ (ယောနိ) မိန်းမကိုယ်မှ သွေးဆင်းသောကြောင့် ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ မေသူကျော်၏ ကိုယ်ဝန်မှာ ပျက်ကျသွားခဲ့ရလေပြီ။

အောင်တေဇ(ခ) ကိုကိုအောင်သည် ဆောက်လုပ်ရေးပရောဂျက်တစ်ခုရှိသောကြောင့် ဆိုကာ မန္တလေးမြို့သို့ လေးလ





www.burmeseclassic.com

www.burmeseclassic.com



သွားရောက်နေထိုင်ခဲ့သည်။ မေသူက ကျန်းမာရေး အခြေအနေ ကောင်းသွားပြီဖြစ်ကြောင်း၊ သတိရကြောင်း ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့သည်။ မေသူက သာ မကြာခဏ ဖုန်းဆက်မေးမြန်းခဲ့သော်လည်း ကိုကိုအောင်သည် ဖုန်းပြန်လည်ဆက်သွယ်ခြင်းမပြုခဲ့၊ စိတ်ပါ လက်ပါမရှိဖြစ်နေသည်။

(တစ်သားမွေး တစ်သွေးလှ) ကျန်းမာရေး ကောင်းနေပြီဖြစ်သော ချစ်လှပါသည်ဆိုသည့် ဇနီးထံသို့ အဆက်အသွယ် မလုပ်တော့ပါ။ ထို့ကြောင့် ၎င်း၏ မိတ်များထံသို့ စုံစမ်းခဲ့သည်။ မေသူအား အတွေ့မခံ၊ ၎င်း၏ အဒေါ်ဖြစ်သူ ဒေါ်ချိုချိုက မေသူနှင့် ကိုကိုအောင်တို့ကိုသဘောမတူကြောင်း၊ အခြားမိန်းကလေး တစ်ယောက်၏ မိဘများနှင့် စကားကျွံထားကြောင်း သိရလေသည်။

ကိုကိုအောင် ရန်ကုန်သို့ ပြန်ရောက်နေပြီဖြစ်သည်။ အိမ်သို့ ပြန်မလာ၊ မေသူသည် ကိုကိုအောင်၏ သတင်းကို စုံစမ်းသည်။ ၎င်း၏ မိတ်များ သဘောတူထားသည့် သက်သက်ခိုင်ဆိုသော မိန်းကလေးနှင့် သွားအတူ၊ လာအတူ၊ နေအတူ ထိုင်အတူ ဖြစ်နေကြောင်း မျက်မြင်ကိုယ်တွေ့ ဖြစ်ရလေသည်။

**"ဒီမှာ မေသူ မင်းကို လုံးဝ(လုံးဝ) မုန်းလိုက်ပြီ၊ မင်းအသံလဲ မကြားချင်ဘူး၊ မင်း ကြိုက်သလို လုပ်နိုင်တယ် ဒါပဲ"**

"အစ်ကိုအောင် မေသူ အားလုံးသိနေပါတယ်။ မေသူ တစ်ခုခုတော့ လုပ်ရလိမ့်မယ် အစ်ကို ...။ အစ်ကို့ဆန္ဒ သဘောထား ပြောပါ"

"မင်းနဲ့ ငါနဲ့ထိမ်းမြား လက်ထပ်စာချုပ်ဟာ တရားမဝင်ဘူး။ တရားသူကြီးလက်မှတ်ရုံး တံဆိပ်မရှိဘူး။ အတုပဲ ဒါကြောင့် မင်းကြိုက်ရာလုပ်"

"အစ်ကို မေသူကို သိပ်ချစ်တယ်ဆို၊ မေသူမှာ ဘာအပြစ်ရှိလဲ အစ်ကို၊ ရုပ်ရည်လဲ ကြည့်ပါ အစ်ကို၊ မေသူဟာ သက်သက်ခိုင်ထက် အများကြီး သာပါတယ်။ အစ်ကို အစ်ကို့ကို ဆေးတွေဝါးတွေနဲ့များ လုပ်ထားသလား စစ်ဆေးပါဦး အစ်ကို"

"ဒီမှာ မေသူ မင်းကို လုံးဝ(လုံးဝ)မုန်းလိုက်ပြီ။ မင်းအသံလဲ မကြားချင်ဘူး။ မင်းကြိုက်သလိုလုပ်နိုင်တယ် ဒါပဲ"

မေသူကျော်သည် မိဘများကိုလည်း အသိမပေးလို၊ စိတ်ဝေဒနာမပေးလို၊ မိမိပြဿနာ၊ မိမိဘာသာဖြေရှင်းရန် ဆုံးဖြတ်သည်။ စိန်ဘရားသားပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေအကျိုးဆောင်ထံသို့ သွားရောက် တင်ပြသည်။ အကူအညီတောင်းခံလေသည်။ ဥပဒေအကျိုးဆောင်များ၏ အကြံပြုချက်အတိုင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ ကာမကို လိမ်လည် လှည့်စားရယူပေါင်းသင်းမှုဖြင့် ဦးတိုက် လျှောက်ထား တရားစွဲဆိုလေသည်။ အောင်တေဇ(ခ)ကိုကိုအောင်နှင့် သက်သင်နိုင်တို့၏ ထိမ်းမြားလက်ထပ်ကြောင်း သတင်းစာကြေညာချက်ကို တွေ့ရလေသည်။

◆◆◆◆◆

(၅)

မင်္ဂလာဒုံမြို့နယ် တရား ရုံးတော်က ပြစ်မှုကြီးမှုအမှတ် (၀၀၇/၂၀၁၂)၊ ပြစ်မှုပုဒ်မ ၄၁၇ အရ တရားလို မေသူကျော်နှင့် သက်သေများကို စစ်ဆေးသည်။ တရားလိုဘက်မှ တင်သွင်းသော ထိမ်းမြားလက်ထပ် စာချုပ်၊ မင်္ဂလာဆောင် အထိမ်းအမှတ်အဖြစ် စာသင်တိုက်ကြီးတွင် သံဃာတော် (၅၄)ပါးတို့အား ဆွမ်းကပ်လှူဒါန်းခဲ့သော အထောက်အထားများ၊ အောင်တေဇ(ခ) ကိုကိုအောင်၏ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းထိပ်ရှိ နေအိမ်ခြံကြီးတွင် အတူတကွ နေထိုင်ပေါင်းသင်ခဲ့သော အထောက်အထားများ၊ မျက်မြင်သက်သေထွက်ဆိုချက်များအရ ရုံးတော်မှ စွဲချက်တင်သည်။

တရားခံ အောင်တေဇ (ခ) ကိုကိုအောင်က အပြစ်မရှိကြောင်း ခုခံထွက်ဆိုသော်လည်း တရားလိုဘက်မှ တင်သွင်းသည့် သက်သေခံ အထောက်အထားများနှင့် မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များကို ခုခံနိုင်ခြင်းမရှိခဲ့ပါ။ တရားခံပြသက်သေတို့က ထွက်ဆိုရာတွင် သက်သေအထောက်အထားများနှင့်တရားလို၊ လိုပြသက်သများ၏ ထွက်ဆိုချက်များကို ကျော်လွှားနိုင်ခြင်းမရှိ၊ ခုခံနိုင်စွမ်းမရှိခဲ့ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ၏ ပြစ်ဒဏ်မှာ ယခင်က ရာဇသတ်ကြီးဥပဒေတွင် ထောင်ဒဏ်(၁)နှစ်သာရှိ ခဲ့သည်။ သို့ရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၁၂၊ ပြည်သူ့လွှတ်တော်မှ ပြစ်မှုပုဒ်မ ၄၁၇၏ ပြစ်ဒဏ်ကို ထောင်ဒဏ် (၂)နှစ်သို့ ပြောင်းလဲ ပြဋ္ဌာန်းခဲ့လေသည်။

တရားလိုဘက်၊ တရားခံဘက်၊ နှစ်ဖက် အကျိုးဆောင်ကြီးများမှ အပြီးသတ်လျှောက်လဲချက်များ ပေးခဲ့ပြီးဖြစ်သည်။ တရားရုံးတော်မှ အမိန့်ချမှတ်ရန် ဒုတိယအကြိမ်ချိန်းဆိုထားခြင်းဖြစ်၍ ယနေ့ ရုံးချိန်းရက်ပွင် အမိန့်ချဖြစ်မှာသေချာနေသည်။ အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့တက်ရောက်လာပြီဖြစ်သည်။

◆◆◆◆◆

"အမိန့်"

အဘ– ဦးစိန်လင်း၏ သား၊ အောင်တေဇ (ခ) ကိုကိုအောင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ကို ကျူးလွန်ကြောင်း အထောက်အထားများ သက်သေထွက်ဆိုချက်များအရ ပေါ်လွင်ထင်ရှားသောကြောင့် ထောင်ဒဏ် (၂) နှစ် ကျခံစေ။

(သိပ်ချစ်တဲ့ကိုကို စိတ်ညစ်ခဲ့ရပြီ။)

မောင်မောင်စိန်လင်း–

နတ်မောင်




www.burmeseclassic.com


www.burmeseclassic.com

# တောင်ပေါ်သား

## ဟိုတယ်








အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၈၉

www.burmeseclassic.com

www.burmeseclassic.com

# ဆေးလိပ်တိုမြေရာကောက်

◆ကေတုလှနိုင်





www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်တိုခြေရာကောက်
ကေတုလှနိုင်

ကူးတို့လှေသည် ချောင်းပေါက်ကလေး အတွင်းပိုင်း (၂)ဖာလုံ လောက်ဝင်လာပြီးနောက် သစ်ကိုင်း သစ်ခက်တွေ ကိုင်းညွတ်၍ ကျလျက် ရှိသော လှေဆိပ်တွင် ကပ်၍ ရပ်လိုက်လေသည်။ လှေပေါ်တွင် လှေသမားနှင့် ခရီးသည် မိန်းမကြီးတစ်ဦးသာ လိုက်ပါလာလေသည်။

လှေသမားသည် ကိုလှစိန်ဖြစ်ပြီး ခရီးသည် မိန်းမကြီးသည်ကား လက်ပန်ကုန်းရွာက ဒေါ်သန်းကြွယ်ဖြစ်သည်။ သူမြို့ကပြန်လာခြင်းဖြစ်သည်။ ဒေါ်သန်းကြွယ်သည် အိမ်ထောင်သည် သမီးလေး ပေးလိုက်သော ဆီငါးဆယ်သားတစ်ပုလင်းနှင့် ရွှေဝါဆပ်ပြာတစ်တောင့်အပြင် ငွေကျပ်တစ်ထောင် ပါရှိသော ခပ်နွမ်းနွမ်းရှမ်းလွယ်အိတ်လေးကို ညာဘက်ပခုံးမှာပဲတင်ချိတ်၍လွယ်ထားသည်။ လှေသမား ကိုလှစိန်သည် နောက်ဆုံးကျန်သော ခရီးသည် ဒေါ်သန်းကြွယ်အား ဤလှေဆိပ်မှာ ချပေးခြင်း ဖြစ်သည်။

ပြီးလျှင် ပြန်လှည့်၍ သွားလေသည်။ အကယ်၍ ဤလှေဆိပ်တွင် ခရီးသည်ရှိမည်ဆိုလျှင် ကိုလှစိန်အဖို့ ကူးတို့ခ ပိုရနိုင်သည်။ ခုတော့ ခရီးသည် မရှိပါ။ နေအတော်မြင့်နေပြီ။ တက်နေဆိုတော့ အတော်ပြင်းသည်။ဒေါ်သန်းကြွယ်သည် နေရောင်ကို မျက်နှာမူလျက် လက်ပန်ကုန်းရွာဘက်သို့ တလှုပ်လှုပ် လျှောက်လာခဲ့သည်။

ရွာနှင့် လှေဆိပ်မှာ အတော်ကလေး လှမ်းသည်။ ဖြတ်လမ်းက လျှောက်လာခြင်း ဖြစ်သည်။ လူသွားလမ်းကလေးသည် ခင်တန်းကို ဖြတ်လိုက်ကွင်းကိုကျော်လိုက် ကုန်းလျောကို ဆင်းလာခဲ့ရလေသည်။ တစ်နေရာ အရောက်တွင် ပုဆိုးတစ်ထည်ကို တွေ့၏။ အနီကွက်ပုဆိုး ဖြစ်သည်။ ဒေါ်သန်းကြွယ်က မှတ်ဉာဏ်ကောင်းသည်။

"ဒီပုဆိုးက မိကျော့ယောကျာ်း အောင်သန်း ပုဆိုး မဟုတ်လား။ ဒီကောင် ဒီနားမှာ ကွန်ပစ်နေတယ် ထင်တယ်"

ဒေါ်သန်းကြွယ်သည် တစ်ကိုယ်တည်း ပြောနေရင်းက ပုဆိုးကို ကောက်ကိုင်လိုက်လေသည်။ ဘေးမှာ ချုံတွေရှိသည်။ သို့သော် တစ်စုံတစ်ရောက်ကိုမျှ အရိပ်အယောင်မတွေ့ရပါ။ ဤသို့ဖြင့် ဒေါ်သန်းကြွယ်သည် ပုဆိုးကိုခေါက်ပြီး ယူလာခဲ့လေသည်။

"ရွာရောက်မှပဲ မိကျော့ကို ပေးလိုက်မယ်"

သူက အခုလိုပဲ တွေးသည်။ ရွာရောက်လျှင်ကား မိကျော့တို့ အိမ်ခြံဝိုင်းသို့ သွားစရာမလို၊ မိကျော့နှင့် ပက်ပင်းတွေ့ပါလေတော့၏။

"ဟဲ့ မိကျော့ ဒါညည်းယောကျာ်း အောင်သန်းပုဆိုးမဟုတ်လား"

ဒေါ်သန်းကြွယ်က မေးလိုက်သည်။ ပုဆိုးကိုလည်း ပြလိုက်သည်။ ပုဆိုးကို ဘယ်နားက ကောက်ယူလာခဲ့ကြောင်းကိုလည်း ပြောပြသည်။

"ဒုက္ခပါပဲ ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



သန်း ညက အိမ်ပြန် မအိပ်ဘူး။ ကိုဘဆောင်တို့ အိမ်မှာ အရက်သွားသောက်မယ်ဆိုပြီး ထွက်သွားတာ ညက ကျွန်မသွားခေါ်သေးတယ်။ လာခဲ့မယ် နင်ပြန်သွားနှင့်ဆိုလို့ ကျွန်မ ပြန်လာတာ။ ခုတော့ ကိုဘဆောင်ကလဲ ညက ကိုအောင်သန်း ပြန်သွားတယ်လို့ ပြောလိုက်တယ်''

''ဟုတ်တယ်၊ အရင်ကလဲ သူအခုလို အိမ်ပြန်မအိပ်ဘဲ နေခဲ့ဖူးပါတယ်။ ဒါပေမယ့် မနက် ပြန်ရောက်လာတာပဲ။ အခု ရွာပြင်မှာ သူပုဆိုးကောက်ရလာတယ်ဆိုတော့ စိုးရိမ်စရာဖြစ်နေပြီ''



''ဟုတ်တယ် အဒေါ်''

ဤသို့ဖြင့် ဒေါ်သန်းကြွယ်သည် မိကျော့ကို သူ့အိမ် တစ်ပါတည်း ခေါ်သွားသည်။ အိမ်မှာ လွယ်အိတ်ကို သိမ်းအားပေးပြီး ရယကအဖွဲ့သို့ ဆက်၍သွားကြသည်။

၀၀၀၀၀

ဦးကျော်သန်းသည် လက်ပန်ကုန်းကျေးရွာ ရယကအဖွဲ့ ဥက္ကဋ္ဌဖြစ်သည်။ ဦးကျော်သန်းတို့အဖွဲ့ ကျေးရွာ သန့်ရှင်းရေး အလုပ်တွေ လုပ်နေစဉ် ဒေါ်သန်းကြွယ်နှင့် မိကျော့တို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ မိကျော့က သူယောက်ျား ပျောက်နေသည့်အကြောင်း တိုင်ကြားလိုက်လေသည်။ သည်တော့လည်း ဦးကျော်သန်းတို့ အဖွဲ့က ချက်ချင်းပင် လူစုခွဲ၍ရှာသည်။

ဒေါ်သန်းကြွယ်က ပုဆိုးကောက်ရခဲ့သော နေရာသို့ ရောက်လျှင် ဦးကျော်သန်းက–

''ဒီပုဆိုး အောင်သန်းပုဆိုးဆိုတာ ဒေါ်သန်းကြွယ်က ဘယ်လိုသိရတာလဲ''

''သူ့ ခါးမှာ တွေ့နေတာပဲ၊ မှတ်မိတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သန်း ဘာမျှ မမေးတော့။

"ကဲ မင်းတို့ ဒီအနီး တစ်ဝိုက်ကို လျှောက်ကြည့်ကြစမ်း"

ဟုရွာသားတွေကို ခိုင်းလိုက်သည်။ ဒေါ်သန်းကြွယ်နှင့် မိကျော့တို့သည် သစ်ပင်ရိပ်တွင် ထိုင်ရင်း စကားပြောနေကြသည်။

"အဒေါ်လဲ ခရီး ရောက်မဆိုက် ကျွန်မအတွက် ပင်ပန်းနေပြီ"

"ပင်ပန်းတာ အကြောင်း မဟုတ်ပါဘူးအေ၊ ညည်းယောကျ်ား ပျောက်နေတာကအကြောင်းပါ။ ဘဆောင်တို့အိမ်မှာ အရက်သွားသောက်ပြီးဘယ်သွားသေးလဲ၊ ဘဆောင်က မပြောဘူးလား၊ ဘဆောင်သိရမှာပေါ့"

"သူက ညကတည်းက သူ့အိမ်က ကိုအောင်သန်း ပြန်သွားတယ်ပြောတာပဲ"

ဒေါ်သန်းကြွယ်က ဆက်တွေးနေသည်။ မိကျော့က သက်ပြင်းချကာ–

"သူ့ကို အရက်က ဒုက္ခပေးနေတာ။ အရက်ကို ဆရာတော်ဘုရားဆီမှာ လှူပါပြောလဲမရဘူး"

"ငါ့ သမက် တင်ရွှေ အရက်ဖြတ်တာကတော့ လွယ်ပါတော်၊ တီကောင် အကောင်ငါးဆယ်ကျော်ကို မီးကင်အမှုန့်ထောင်းပြီး အရက်ထဲထည့်တိုက်လိုက်ရုံပဲ၊ အရက်သောက်တိုင်း မြေပုပ်နံ့မခံနိုင်လို့ အရက်ပြတ်ပါရောလား၊ ငရဲတော့ကြီးတာပေါ့အေ"

သည်မှာ မိကျော့က

"အဲဒီလို အရက်ဖြတ်ရင်ရမယ်ဟုတ်လား။ ငရဲကြီးပါစေ အဒေါ်ရယ် အရက်ပြတ်ဖို့က အရေးကြီးပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုအခိုက် ချောင်းအောက်က ဆူဆူညံညံ အသံကြား၍ မိကျော့က–

"အဒေါ်ရေ ဟိုဘက်က အသံကြားတယ် လာလာ"

ဟု ထထ ပြောပြော ပြောလေသည်။

"လာ ....လာ "

ဟု ဆီးကြို၍ ခေါ်၏။ အသားတွေက ကတုန်ကယင်။ ရှေ့ကို တိုးသွားနေပေမယ့် ရှေ့ရောက်သည်မထင်။ သို့သော် ဘယ်လိုကဘယ်လိုရှေ့ရောက်သွားသည်မသိ။ တွေ့လာရသည်မှာ ရွှံ့အိုင် တစ်အိုင်၊ ထိုရွှံ့အိုင်မျက်နှာပြင်တွင် လက်တစ်ဖက်၊ လူတစ်ယောက်၏ အလောင်းတစ်လောင်း ရွှံ့အိုင်ထဲ နစ်မြုပ်နေသည်ပဲ မဟုတ်ပါလား။ အောင်သန်းအလောင်း ဟုတ်မဟုတ်ကိုကား မသိရသေးပေ။

၀၀၀၀၀

မြို့ရဲစခန်းမှ အမှုစစ်ရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်များက အလောင်းတွေ့သည့် နေရာသို့ ရောက်လာကြသည်။ မိကျော့ ယောကျ်ား အောင်သန်း အလောင်းဖြစ်ကြောင်း သိခဲ့ကြသည်။

လူသတ်သမားသည် အောင်သန်းကို အရင်သတ်ပြီး ဤချောင်းရိုး ရွှံ့နွံတွေထဲ နစ်မြုပ်ထားခဲ့ဟန် တူသည်။ စောစောပိုင်းက သစ်ရွက်ခြောက်တွေ ဖုံးနေ၍ အလောင်းကို ရုတ်တရက် ရှာမတွေ့ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသည်ပင် ရှာဖွေသူများ အလောင်းက လက်တစ်ဖက်ကို တွေ့မြင်ကြရသည်မှာ အခင်းဖြစ်ခဲ့သော ညက မိုးတစ်ပြိုက် ရွာသွန်းခဲ့သောကြောင့်ပါပေ။

အမှုအခင်း သဘောသဘာဝအရ အနီးပတ်ဝန်းကျင်ဧရိယာအတွင်း တစ်စုံတစ်ခုသော သဲလွန်စတွေ့လိုငြားရှာကြ၏။ ဆေးပေါ့လိပ်တိုတစ်ခုကို တွေ့ခဲ့ရလေသည်။ ဆေးပေါ့လိပ်တိုဟု ဆိုသော်လည်း သောက်ခါစ ဆေးပေါ့လိပ်တိုဖြစ်နေသည်။

သည်တော့ အမှုလိုက်ရဲအုပ်က အောင်သန်းအား သတ်ခဲ့သော လူသတ်သမားသည် အောင်သန်းအလောင်းကို ကြည့်ပြီး ဘာလုပ်ရမည်မသိဖြစ်ကာ စိတ်လှုပ်ရှားနေသည်ကို ထိန်းချုပ်သည့်အနေနှင့် ဆေးပေါ့လိပ်ကို မီးညှိရှိုက်ဖွာဟန် တူသည်။ နောက်ဘာလုပ်ရမည့် အတွေးရသဖြင့် ဆေးပေါ့လိပ်ကို အမှတ်မဲ့ ပစ်ချခဲ့ခြင်းပင်ဖြစ်မည်။ ဤသို့အမှုလိုက်ရဲအုပ် ဉာဏ်မောင်က မှတ်ချက်ချလိုက်လေသည်။

အောင်သန်း ပုဆိုးလှေ့ဆိပ်အနီး ဖြတ်လမ်းကြား၌ ဒေါ်သန်းကြွယ်ကောက်ယူ ရရှိခဲ့ခြင်းကတော့ အောင်သန်းနှင့် လူသတ်သမား တိုက်ခိုက်စဉ်က အောင်သန်း ကျွတ်ကျ ကျန်ခဲ့ဟန်တူသည်။ အောင်သန်းအလောင်းမှာလည်း အောက်ခံဘောင်းဘီပဲပါသည်။ ပုဆိုး မ



ပါ။

မှုခင်း ဆရာဝန်၏ ဆေးစစ်ချက်တွင် အောင်သန်းသည် အသက်ရှူလမ်းကြောင်းပိတ်ပြီး သေဆုံးခဲ့ရသည်ဟု ဖော်ပြထားလေသည်။

''ဒီအတိုင်းသာဆိုရင် အောင်သန်းဟာ ရွှံ့အိုင်ထဲမှာ မွန်းကျပ်သေတာ မဖြစ်နိုင်ဘူး။ လူသတ်သမားက သူ့လည်ပင်းကို ညှစ်သတ်တာပဲ ဖြစ်နိုင်တယ်။ ပြီးတော့ သေတာတစ်နေရာ အလောင်းဖျောက်တာက တစ်နေရာဖြစ်မယ်''

ဥပဒေဝန်ထမ်းများက ဤလူသတ်မှုနှင့်ပတ်သက်သော ဖြစ်နိုင်ချေရှိသည်တို့ကို အဘက်ဘက်က ကြည့်မြင်ကြရလေသည်။

သည် အောင်သန်း အသတ်မခံရမီနောက်ဆုံး တွေ့ခဲ့သော ကိုဘဆောင်ကို အလျင်ဆုံး ခေါ်ယူ စစ်ဆေးရပါလေတော့သည်။ ကိုဘဆောင်က–

''အောင်သန်း ကျွန်တော့် အိမ်မှာ အရက်လာသောက်တာမှန်ပါတယ်။ အရက်တစ်ပုလင်းကုန်လို့ နောက်တစ်ပုလင်း ဆက်သောက်မယ် အလုပ် သူ့မိန်းမ မိကျော့ရောက်လာပြီ သူ့ကိုခေါ်တော့ သူက မိကျော့ကို နင်ပြန်နှင့် ငါလာခဲ့မယ်လို့ ပြောလိုက်ပါတယ်။ မိကျော့လဲ ပြန်သွားပါတယ်။ ဒါနဲ့ အောင်သန်းလဲ အရက်ကို ဆက်မသောက်တော့ဘဲ ထပြန်သွားပါတယ်။ ကျွန်တော် သိ



www.burmeseclassic.com

www.burmeseclassic.com



တာ ဒီလောက်ပါပဲ''

ကိုဘဆောင် ပြောသော အကြောင်းအရာက ရှုပ်ရှုပ်ထွေးထွေး မဟုတ်ရ ရှင်းနေသည်။

၈၈၈၈၈

သို့သော်လည်း အောင်သန်းအား သတ်ခဲ့သော လူသတ် တရားခံဘယ်သူဆိုတာ မသိနိုင်ရှိနေသည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသော်လည်း ယခုခါ ပြေး၍လွတ်နေသလား တွေးစရာပင်။

မှန်ပါသည်။ လူသတ်သမားသည် ဝေးဝေးတွင်မရှိ အနီးမှာပဲ ရှိမည်။ ဟန်ဆောင်ကောင်းနေသောကြောင့် သူ့ကို လူသတ်သမားဟု မတွေးထင်နိုင်ဘဲဖြစ်နေနိုင်ပါသည်။ အခင်းဖြစ်ခဲ့သော နေရာက ရရှိခဲ့သော ဆေးပေါ့လိပ်တိုကို အသေအချာ ထပ်မံ လေ့လာလိုက်လျှင်ကား ထိုဆေးပေါ့လိပ်တို တံဆိပ်သည် သိန္ဓောမြင်းတံဆိပ်ဖြစ်နေသည်။

သည် ဆေးပေါ့လိပ်သောက်သူ လက်ပန်ကုန်းကျေးရွာတွင် ကိုပန်းလှိုင်တစ်ယောက် အပါအဝင်ဖြစ်နေသည်။ ရဲတပ်ဖွဲ့ ရဲစခန်းမှူးက ကိုပန်းလှိုင်ကိုတွေ့ခဲ့သည်။ သို့နှင့် အဖြစ်အပျက်မှန်ကိုသိလာရပါလေတော့သည်။ ကိုဘဆောင် အိမ်တွင် အောင်သန်း အရက်သောက်ခဲ့သည့် ည မတိုင်မီ ၁၅ရက်က အောင်သန်းသည် ကိုပန်းလှိုင် အိမ်တွင် ကိုပန်းလှိုင်နှင့်အတူ အရက်သောက်ခဲ့ပါသေးသည်။

သည်ညက အောင်သန်းသည် မိုးသဲသဲမဲမဲ ရွာသွန်းချသည်ကို အကြောင်းပြုကာ အိမ်မပြန်ဘဲ ကိုပန်းလှိုင်အိမ်မှာပဲအိပ်ခဲ့သည်။ ကိုပန်းလှိုင်၏ မိသားစုက ဘုရားဖူး သွားနေသည်။ ထို့ကြောင့် အရက်ဝိုင်းလည်း ညတိုင်းရှိခဲ့သည်။ ကိုပန်းလှိုင် တစ်ယောက်တည်း အိမ်စောင့် ကျန်နေခဲ့သည် မဟုတ်လား။

သည်ညက မိုးသဲသဲမဲမဲရွာသွန်းနေသောကြောင့် အောင်သန်း အိမ်မပြန်ဘဲ ကိုပန်းလှိုင်အိမ်မှာ အိပ်ခဲ့ခြင်းဖြစ်သည်။ နောက်နေ့ ကိုပန်းလှိုင် ငွေတစ်သိန်း ပျောက်ဆုံးသွားလေရာ သည်ငွေတစ်သိန်းကို အောင်သန်းပဲ ခိုးလိမ့်မည်ဟု ကိုပန်းလှိုင်က တစ်ထစ်ချ မှတ်ထင်ထားသည်။

ထို့ကြောင့်လည်း အောင်သန်း ကိုဘဆောင် အိမ်မှ အရက်သောက်ပြီး ပြန်အလာ ကိုပန်းလှိုင်က အောင်သန်းကို ခေါ်ထုတ်သွားပြီး ငွေတစ်သိန်း ပျောက်ဆုံးသည့် ကိစ္စဖြေရှင်းခဲ့ကြခြင်းဖြစ်သည်။ အောင်သန်းက ထိုငွေတစ်သိန်း သူမခိုးကြောင်း အကြောက်အကန်ပြောရာမှ တစ်ယောက်ကို တစ်ယောက် ထိုးကြရိုက်ကြသည့် အခြေအနေသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ သို့နှင့် အရက်မူးနေသော အောင်သန်းကို ကိုပန်းလှိုင်က အလွယ်တကူပင် တွန်းလှဲ၍ တက်ဖိထားပြီး လည်ပင်း ညှစ်သတ်လိုက်ခြင်းဖြစ်သည်။

ဤသည်ကား ကိုပန်းလှိုင်က ရဲအုပ်ဉာဏ်မောင်အား ပေးသော ဖြောင့်ချက်ဖြစ်လေသည်။

ကေတုလှနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထွဋ် (ကမ်းသာယာ)



www.burmeseclassic.com

www.burmeseclassic.com



## 'မီး''

ဇော်ထွဋ်(ကမ်းသာယာ)

(၁)

ဝန်းကျင်တစ်ခွင် မီးရိပ်တို့ ဆင်လာသည်ကို ရဲဖန်ရဲခါ လှမ်းမြင်နေရသည်။ နွေ၏ ဒဏ်ကို ကြံ့ကြံ့ခံနေရသော အပင်ကြီးငယ်တို့သည် မီးကို မျှော်နေကြပြန်သည်။ ပူလောင်အိုက်စပ်မှု ဒဏ်ကြောင့် နေအိမ်တွင် ဒုရဲအုပ် စောမောင်မှိုင်း အပူဒဏ် ရှောင်ရင်း စာဖတ်နေသည်။ ထိုအချိန်တွင် ရုံးအဖွဲ့မှ တပ်ကြပ်ကြီး သိန်းမောင် ရေကြီးသုတ်ပျာဖြင့် လှမ်းလာသည်ကို တွေ့လိုက်ရသည်။

'ဆရာကြီး ထူးခြားမှုရှိလို့လား''

''ဟုတ်ကဲ့ ဗိုလ်စော၊ ဇီးတောကွင်းရွာမှာ အမျိုးသမီးတစ်ယောက် အသတ်ခံရလို့ အုပ်ချုပ်ရေးမှူးက ဖုန်းနဲ့လှမ်းပြောပါတယ်''

''ကိုဇော်ဝင်းရော ဆရာကြီး''

''ဗိုလ်လေး ဇော်ဝင်း ပျိုးပင်တွေသွားဝယ်နေပါတယ်''

''ကိုဇော်ဝင်းမှာ စက်ပါသွားတယ် မဟုတ်လား။ စက်နဲ့ ချက်ချင်းလှမ်းခေါ်လိုက်ပါ။နယ်ထိန်းအဖွဲ့ကို အသင့်ပြင်ခိုင်း.. ကျွန်တော်မြို့နယ်မှူးဆီ သတင်းပို့လိုက်ဦးမယ်၊ ပြီးတာနဲ့ တစ်ခါတည်း ထွက်မယ်၊ ငြိမ်းကိုကိုလွင်ကိုပါ လိုက်ဖို့ပြော ဆရာကြီး'

'ဟုတ်ကဲ့ပါ ဗိုလ်စော'

ဒုရဲအုပ် စောမောင်မှိုင်းက မြို့နယ်မှူး ဒုရဲမှူး ဝတင်ထံ သတင်းပို့ကာ လမ်းညွှန်မှုခံယူသည်။ အခင်းဖြစ်ပွားရာ ဇီးတောကွင်းရွာသည် စခန်းနှင့် ဆယ်မိုင်ကျော်ကွာဝေးပြီး ရိုးမတောင်ခြေရွာကလေးဖြစ်သည်။ ခရီးအကွာအဝေးနှင့် တောလမ်းခရီးကို အသုံးပြုရမည်မို့ တရားခံ ထွက်မသွားနိုင်ရန် အချိန်မီ တားဆီးနိုင်ဖို့ အချိန်ကအရေးကြီးသည်။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်ဝင်း၊ ဒုရဲအုပ် ငြိမ်းကိုကိုလွင်တို့ကို အသင့်တွေ့ရသည်။

'တပ်ဖွဲ့ဝင်တွေ အသင့်ဖြစ်နေပါပြီ ဗိုလ်စော

''ကောင်းပြီး သွားကြစို့''

၈၈၈၈၈

တောလမ်းခရီးမို့ ထင်သလောက် ခရီးက မပေါက်ပေ။ ပူပြင်းခြောက်သွေ့သော ဥတုရာသီအောက်တွင် နေမင်းကို အံတုကာ လျှောက်နေကြသည်။ အခင်းဖြစ်နေရာ အရပ်သို့ အချိန်မီ ရောက်လိုသည်။ အလုပ်တစ်ခုကို တွေဝေ ငေးမောမနေဘဲ ချက်ချင်းလက်ငင်း ထလုပ်တတ်သည့် ဒုရဲအုပ် စောမောင်မှိုင်းစရိုက်ကို သိရှိနေပြီးသော တပ်ဖွဲ့ဝင်တွေက အားမာန်အပြည့်ရှိနေကြသည်။ ရှေ့မှ ဦးဆောင်သွားနေသော်လည်း နှုတ်ဆိတ်နေသည့် ဒုရဲအုပ် စောမောင်မှိုင်း အတွေးထဲတွင် အမှုမှန် ပေါ်ပေါက်ရေးသာ ရှိနေပြန်၏။ လူသွားလမ်းက တောင်များကို ကွေ့ပတ်၍ ဖောက်ထားသောကြောင့် တောင်ထိပ်တစ်နေရာမှ ဇီးတောကွင်းရွာကလေးကို လှမ်းတွေ့နေရသည်။ ဝန်းကျင်ရွာများနှင့် ဆက်စပ်မနေဘဲ တောင်ခြေ၌ သီးခြားရှိနေသော ရွာကလေးဖြစ်သည်။ စခန်းပိုင်နက်တွင်းရှိ ကျေးရွာများတွင် ဒုစရိုက်မှု နည်းပါးသော ရွာဖြစ်သည်။ အေးချမ်းသော ရွာကလေးတွင် အမှုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့ပြီ။ တောင်ခြေမှ ကွင်းစပ်ဘိုအဆင်း ပိတောက်ပင်အောက်တွင် ထိန်ပင်ကုန်း အုပ်ချုပ်ရေးမှူး ဦးလှမိုးနှင့်အဖွဲ့ကိုတွေ့ရသည်။

"ဗိုလ်စောတို့ ရောက်လာကြပြီး ကျွန်တော်က ညနေလောက်မှ ရောက်မယ်ထင်တာ"

"အမှုကြီးဆိုတော့ အချိန်မဆွဲနိုင်ဘူး အုပ်ချုပ်ရေးမှူး။ နေပူတာတောင် ပူမှန်းမသိဖြတ်ဘူးဗျာ"

"အခင်းဖြစ်တာက ရွာထဲမှာလား အုပ်ချုပ်ရေးမှူး"

"ရွာထဲမှာတော့ မဟုတ်ဘူး ဗိုလ်စော၊ ရွာနဲ့ဝေးတဲ့ လယ်ပြင်က တဲမှာဖြစ်တာ။ သေသူက ထားနွယ်လို့ခေါ်ပါတယ်။ အသက်သုံးဆယ်လောက်ပဲရှိပါသေးတယ်။ အခင်းဖြစ်နေရာမှာ ရာအိမ်မှူးတွေကို ထားခဲ့ပါတယ်။ ခြေရာလက်ရာ မပျက်အောင် ဂရုစိုက်ဖို့မှာခဲ့ပါတယ်။ ကျွန်တော်က ဗိုလ်စောတို့ကို လာစောင့်နေတာ"

"ကျေးဇူးပါပဲ အုပ်ချုပ်ရေးမှူး"

ဦးလှမိုးက ခေတ်အဆက်ဆက် ဥက္ကဋ္ဌ လုပ်လာသူပင်၊ ယခု အုပ်ချုပ်ရေးမှူးခေတ်တွင်လည်း အုပ်ချုပ်ရေးမှူး တာဝန်ယူထားရပြန်သည်။

'အလောင်းကို စတွေ့တာ ဘယ်သူလဲ အုပ်ချုပ်ရေးမှူး''

"ထားနွယ်ရဲ့ ယောက်ျား အောင်သိန်း ကိုယ်တိုင်ပါပဲ ဗိုလ်စော၊ သူလာပြောလို့ ကျွန်တော်သိရတာ သိတာနဲ့ ချက်ချင်းပဲ ဖုန်းနဲ့လှမ်းပြောတာ"

"ရှေ့က မြင်နေရတဲ့ တဲပါ စခန်းမှူး"

အုပ်ချုပ်ရေးမှူးနှင့် အတူ ပါလာသူက ပြောသည်။ အခင်းဖြစ်ပွားရာ နေရာက ရွာနှင့် ဝေးသောနေရာဖြစ်သည်။ ပတ်ဝန်းကျင်တွင် အခြားလယ်စောင့်တဲ တစ်လုံးကိုသာတွေ့ရသည်။ ဒုရဲအုပ်စောမောင်မှိုင်းက အလောင်းကို စနစ်တကျ စစ်ဆေးသည်။ ရိုးပြတ်ပင်များ မရှိသလောက် နည်းပါးသောနေရာတွင် ပက်လက်အနေအထားဖြင့် သေဆုံးနေသည်။ ဝဲဘက် ရင်အုံတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်တွေ့ရသည်။ လယ်ကွင်းဖြင့်တွင် ခြေရာများကို တွေ့နေရသည်။ ဒုရဲအုပ် ဇော်ဝင်းက အခင်းဖြစ်ပွားရာ ဝန်းကျင်ကို ဓာတ်ပုံရိုက်သည်။ ဒုရဲအုပ် စောမောင်မှိုင်းနောက်တွင် ဒုရဲအုပ် ငြိမ်းကိုကိုလွင်က အသင့်ရှိနေသည်။ ခြေရာများကို ဂရုတစိုက် စစ်ဆေးသည့်အခါ လူသုံးဦး၏ ခြေရာများကို တွေ့ရသည်။ အလောင်းကို ကျနပ်အောင် စစ်ဆေးပြီး

**ရိုးပြတ်ပင်များ မရှိသလောက် နည်းပါးသောနေရာတွင် ပက်လက်အနေအထားဖြင့် သေဆုံးနေသည်။ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာတစ်ချက် တွေ့ရသည်။**



www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ဒုရဲအုပ် စောမောင်မှိုင်းက–

"အလောင်းကို ဆေးရုံပို့ဖို့ ကိုဇော်ဝင်း စီစဉ်လိုက်တော့"

ဟု ဆိုလိုက်သည်။ ဒုရဲအုပ် ဇော်ဝင်းက တပ်ကြပ်ခင်မောင်စိုး၊ တပ်သား ဉာဏ်ဝင်းတို့အား တာဝန်ပေးအပ်သည်။

"ထားနွယ်ရဲ့ ယောကျ်ား အောင်သိန်းဆိုတာ ဘယ်သူလဲ အုပ်ချုပ်ရေးမှူး"

"ကျွန်တော်ပါ ဗိုလ်လေး"

နှသေဆုံးသူ ထားနွယ်၏ အနားတွင် ထိုင်နေသော အသက်ကြီးကြီး ပုဂ္ဂိုလ်မှာ ကိုအောင်သိန်း ဖြစ်ကြောင်း သိရတော့ ဒုရဲအုပ်စောမောင်မှိုင်း အံ့အားသင့်သွားသည်။ ထားနွယ်က သုံးဆယ်အရွယ် ဖြူဖြူဖွေးဖွေးလှလှပပ။ ကိုအောင်သိန်းက ရုပ်ရည် အကျည်းတန်ပြီး သက်ကြီးပိုင်းသို့ ကျရောက်နေသည့် အရွယ်မို့ အိမ်ထောင်ရေး အကြောင်းကြောင့် သေဆုံးခြင်း ဖြစ်နိုင်သည်ဟု တွေးထင်မိသည်။

"ထားနွယ် သေဆုံးတာကို ဘယ်အချိန်က သိတာလဲ"

"မနက် စောစောက ကျွန်တော် အိမ်သာတက်ဖို့ အသွားမှာ ခုလိုတွေ့ရတာပါ။ ကျွန်တော်က သူ့ ခြင်ထောင်ထဲမှာပဲ အိပ်နေတယ်ထင်လို့"

အလောင်း တွေ့ရှိနေရာနှင့် တဲမှာ ကိုက်နှစ်ရာ ဝန်းကျင်သာ ကွာဝေးသည်မို့ အခင်းဖြစ်ပွားနေချိန် ရုတ်ရုတ်သဲသဲဖြစ်နေပါက ကိုအောင်သိန်း ကြားသိရမည်ဖြစ်သည်။

"သူက ခြင်ထောင်ထဲမှာဆိုတော့ ခင်ဗျားတို့ လင်မယားတွေ အတူ မအိပ်ကြဘူးလား"

ဦးလှမိုးက မေးသည်။

"ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ ဥက္ကဋ္ဌရေ၊ ထားနွယ်နဲ့ ကျွန်တော်က လင်မယားတွေ ဆိုပေမယ့် ခပ်ကင်းကင်းနေကြတာပါ။ အိပ်ယာခွဲကြတာ တစ်နှစ်နီးပါးရှိပါပြီ။ ကျွန်တော်က အပြင်ခန်းမှာအိပ်ပြီး ထားနွယ်က တဲတွင်းအခန်းမှာ အိပ်ပါတယ်"

"ဒါနဲ့ ခင်ဗျား ထူးထူးခြားခြား အသံတွေ မကြားမိဘူးလား။ ခုဖြစ်တဲ့ နေရာနဲ့ တဲက ဝေးတာမှ မဟုတ်တာ ခင်ဗျား ကြားနိုင်တာပဲ"

ဒုရဲအုပ် ဇော်ဝင်း အမေးကိုမဖြေဘဲ ရှိုးပြတ်တောဆီ ငေးနေ၏။

"မေးနေတယ်လေ"

"ပုံမှန်အတိုင်းဆိုရင်တော့ ကြားချင်ကြားမှာပါ ဗိုလ်လေး။ ညက ကျွန်တော် ခါတိုင်းထက် ပိုသောက်လာလို့ ထမင်းတောင်မစားနိုင်ပါဘူး"

"ခုလို ကိုယ့် မိန်းမ တစ်ယောက်လုံး ရက်ရက်စက်စက် အသတ်ခံရတာတောင် တဲပေါ်မှာ အိပ်နေတဲ့ ခင်ဗျား မသိလိုက်ဘူးဆိုတာ သဘာဝမကျဘူး။ မူးပြီး အိပ်နေလို့ပါဆိုတဲ့ အကြောင်းပြချက်လောက်က မနိုင်လုံဘူး ကိုအောင်သိန်း"

စိတ်မြန်လက်မြန် ရှိလှသော တပ်ကြပ်ကြီး ခင်ထွန်းက ပြောသည့်အခါ ကိုအောင်သိန်း အကြည့်လွှဲသွားသည်။ ဒုရဲအုပ် စောမောင်မှိုင်းက–

"ကျွန်တော်တို့က အမှုမှန်ပေါ်အောင် ကြိုးစားရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တရားကို နတ်စောင့်ပါတယ်လေ။ ဒါပေမယ့် ကိုအောင်သိန်းကလဲ အမှုမှန်ပေါ်စေချင်တယ်ဆိုရင် ကူညီပေးပါ"

"ဟုတ် ဟုတ်ကဲ့ပါ ဗိုလ်လေး"

စစစစစ

အခင်း ဖြစ်ပွားရာနှင့် မလှမ်းမကမ်းတွင်ရှိသော လယ်စောင့်တဲသို့ သွားကာ အခြေအနေကို ဒုရဲအုပ် စောမောင်မှိုင်း မေးကြည့်သည်။ ယူနီဖောင်းနှင့် တပ်ဖွဲ့ဝင်များကို မြင်တွေ့ကြသောအခါ စိုးရိမ်စိတ်များ လွှမ်းမိုးထားကြောင်း မြင်တွေ့နေရသည်။

"သူတို့က ဒီလယ်တဲကို ပြောင်းလာကြတာ နှစ်ပိုင်းလောက်ပဲရှိကြတယ်။ ကျွန်တော်တို့နဲ့ တစ်ရွာတည်းသား မဟုတ်လို့ သူတို့ မိသားစုရဲ့ အတွင်းရေးကို သေသေချာချာတော့ မသိပါဘူး။ ဒါပေမယ့် ကိုအောင်သိန်း ပြောစကားအရတော့ သိရတာတွေရှိပါတယ်။ ထားနွယ်နဲ့ ကိုအောင်သိန်းက ငယ်လင်ငယ်မယားတွေ မဟုတ်ကြဘူးလို့ သိရပါတယ်"

တဲရှင် ကိုရွှေ၏ စကားများကို ဒုရဲအုပ် စောမောင်မှိုင်းက ဂရုတစိုက် နားထောင်နေသည်။ ပြီးမှ . . .

"ဒါနဲ့ ကိုအောင်သိန်းတို့ လင်မယားတွေ ရန်ဖြစ်ကြတာတို့ အိမ်ထောင်ရေး အဆင်မပြေလို့ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြတာမျိုးရော ကြားမိရဲ့လားခင်ဗျာ။ လယ်စောင့်တဲ တစ်တဲနဲ့ တစ်တဲက အဝေးကြီး မဟုတ်ကြတော့ ကြားရမှာပါ။ သိသလောက်ကလေး ပြောပြလို့ရမလား"

"ပြောပြလို့ ရပါတယ်ဗျာ။ ရောက်စကတော့ ပြဿနာဖြစ်တာတွေ ဘာတွေ မရှိကြပါဘူး။ အဲ ဒါပေမယ့် ခုလပိုင်းလောက်စပြီး ရန်ဖြစ်သံတွေ ရက်ဆက်လိုလို ကြားလာရတယ်။ တစ်ခါတလေဆို ညည့်နက်သန်းခေါင်ထိကို ဖြစ်နေကြတာ"

'ဘာကြောင့် ဖြစ်တယ်လို့ ထင်ပါသလဲ ဦးရွှေ"

"အဓိကတော့ အိမ်ထောင်ရေးပါပဲ ဗိုလ်လေး။ ဒါလဲ ကိုအောင်သိန်းပြောလို့ သိခွင့်ရတာပါ။ သူ့ မိန်းမ ထားနွယ်နဲ့ သူ့ သား ဖောက်ပြန်နေကြတယ်တဲ့။ သူက လူသိရှင်ကြားဖြစ်မှာကြောက်လို့ မပြောတာကို သူတို့က မျက်နှာမထောက်ဘဲ အခွင့်ကောင်းယူနေကြတယ်။ သူသာ ပွဲထကြမ်းလိုက်ရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်တဲ့။ ကျွန်တော်တို့လဲ ပထမတော့ မယုံကြပါဘူး။ ကိုအောင်သိန်း မူးမူးနဲ့ ပြောနေတာလို့ထင်တာ"

"ပထမတော့ မယုံဘူး။ ခုတော့ ယုံပြီဆိုတဲ့ သဘောလား ကိုရွှေ"

"ဟုတ် ဟုတ်ပါတယ်ခင်ဗျာ။ ကိုအောင်သိန်း ပါးစပ်က ခဏခဏပြောလွန်းလို့ ကျွန်တော်တို့ မိသားစု ထားနွယ်နဲ့ ကိုအောင်သိန်းသားကို အကဲခတ်မိပါတယ်။ အတူသွား အတူလာ တပူးတွဲတွဲနေတာက များလာတယ်။ နောက်ပြီး သူတို့ နှစ်ယောက်ရဲ့ အသက်က မတိမ်းမယိမ်းတွေဆိုတော့ ဖြစ်ချင်လဲဖြစ်နိုင်ပါတယ်။ တစ်ခါတစ်လေဆို ဇီးတောကွင်းရွာထဲကို ညဘက် ဗီဒီယိုကြည့်ဖို့ အတူသွားတတ်ကြပါတယ်"

"ခုရက်တွေမှာ အဖိုး



www.burmeseclassic.com

www.burmeseclassic.com



တိုင်းထက် ထူးခြားတာတွေရော တွေ့မိလား''

''ဟုတ်ကဲ့ သတိထား ရသလောက်တော့ ခုရက်တွေမှာ ကိုအောင်သိန်း အရက်ကို နေ့ရောညပါ သောက်လာတယ်။ အချိန်တိုင်း မူးနေတာကို သတိထားမိပါတယ်။ မူးလာပြီး ညဘက်တွေမှာ သူ့အသံ စာစာကြီးနဲ့ သီချင်းဆိုတတ်ပါတယ်။ ထားနွယ်ဆိုတဲ့ ကောင်မဟာ ရမ္မက်အင်မတန်ကြီးတဲ့ မိန်းမ ရမ္မက်နဲ့ ပတ်သက်လာရင် ဘာကိုမှမစဉ်းစားဘူး။ ဒီကောင်မကြောင့် ငါတို့ယောကျ်ားတွေ ဒုက္ခရောက်ကြတာပါ။ ဒီကောင်မ ဒီလောကမှာ မရှိတာ အကောင်းဆုံးပဲလို့ အော်ကြီးဟစ်ကျယ် ပြောဆိုနေတတ်ပါတယ်''



ဟု ကိုရွှေက ရှင်းပြသည်။ ကိုရွှေပြောစကားများကို ဒုရဲအုပ် ငြိမ်းကိုကိုလွင်က ရေးမှတ်ထားသည်။

'ဒါနဲ့ ကိုရွှေ ကျွန်တော် တစ်ခုမေးမယ်၊ ကိုရွှေရဲ့ သဘောအတိုင်းသာဖြေပါ။ ဘာမှ ကြောက်စရာမလိုဘူး။ ထားနွယ်ကို သတ်တာ ကိုအောင်သိန်းလို့ ကိုရွှေ ထင်မြင်ယူဆမိရဲ့လား''

ဟု ဒုရဲအုပ် စောမောင်မှိုင်းက မေးလိုက်စဉ် ကိုရွှေက ရုတ်တရက် မဖြေဘဲ တပ်ဖွဲ့ဝင်တွေကိုသာကြည့်နေသည်။

''ဒါ... ဒါကတော့ ကျွန်တော်လဲ မပြောတတ်ပါဘူး စခန်းမှူး။ အဲ ကျွန်တော်ပြောနိုင်တာတော့ရှိတယ်။ ကိုအောင်သိန်းက ထားနွယ်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေတယ်ဆိုတာတော့ ပြောနိုင်ပါတယ်''

''ခုလို ပြောပြပေးတာ ကျေးဇူးပဲ ကိုရွှေ''

◎◎◎◎

(၂)

''ကိုအောင်သိန်း၊ ထားနွယ် ခုလို အသတ်ခံရလို့ စိတ်မကောင်း ဖြစ်နေမယ်ဆိုတာ တွေးမိပါတယ်။ ကျွန်တော်တို့ဘက်ကလဲ အမှုမှန် ပေါ်ပေါက်ဖို့အတွက် ကြိုးစားကြရမှာ။ ဒီတော့ ထားနွယ်နဲ့ ကိုအောင်သိန်းတို့ အိမ်ထောင်ရေး အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို အသေးစိတ်သိချင်ပါတယ်။ သိသင့်သလောက်တော့ သိထားပါပြီ။ ပြည့်ပြည့်စုံစုံ သိချင်တယ်''

ဒုရဲအုပ် စောမောင်မှိုင်း စကားဆုံးတော့ ကိုအောင်သိန်း ရိဝေစွာ စူးစိုက်ကြည့်၏။

''ဟုတ်ပါတယ် စခန်းမှူး။ ကျွန်တော်တို့ အိမ်ထောင်ရေးကတော့ စိတ်ဆင်းရဲစရာ အလွန်ကောင်းတဲ့ ဒုက္ခဘုံကြီးပါ။ ဒီလိုဖြစ်လာတာကလဲ ထားနွယ်နဲ့ ကျွန်တော် စပြီး ပတ်သက်ကတည်းကပါ''

''ကိုအောင်သိန်း၊ ထားနွယ်နဲ့ ဘယ်လို ဆုံခဲ့ကြတာလဲ''

''ဒီလိုပါ ခင်ဗျာ။ ကျွန်တော် မိန်းမ ခင်တုတ် ဆုံးပြီးကတည်းက ကျွန်တော့် သားနှစ်ယောက်နဲ့ အတူနေပါတယ်။ ကျွန်တော်တို့ သားအဖတွေ တံငါလုပ်ကြပါတယ်။ တခြားတံငါတွေထက် ဝီရိယ ပိုထားတယ်။ ငါးမရရင် ရအောင်ရှာတယ်။ ဒါကြောင့်လဲ ရွာမှာရှိတဲ့ ငါးဒိုင်တွေက ကျွန်တော်တို့ သားအဖတွေကို အားကိုးအားထား ပြုကြပါတယ်။ တချို့ ဒိုင်တွေကို ငွေကြိုတင်ပေးကြတယ်။ သားနှစ်ယောက်ကလဲ အသောက်အစား အပျော်အပါး မရှိကြပါဘူး။ ငွေကုန်ပေါက် မရှိတော့ စီးပွားရေး ကောင်းလာပါတယ်။ ထားနွယ်က သူ့လင်နဲ့ကွဲပြီး ရွာကို ရောက်လာတာ။ သူ့အပြောကတော့ သူ့လင်က အရက်သမားဘာကိုမှ လက်ကြော တင်းအောင် မလုပ်ဘဲ အရက်ကိုပဲ အဖော်ပြုနေတာ။ မထင်ရင် မထင်သလို ရိုက်နှက်လို့ နောက်ဆုံး သူ့လင်ရဲ့ နှိပ်စက်မှုကို မခံနိုင်လို့ ကွာလာခဲ့တာလို့ ပြောပါတယ်။ ဒိုင်ကပယ်တဲ့ ငါးတွေ ယူရောင်းရင်း သိကြတာပါ။ ဆွေမရှိ မျိုးမရှိ တစ်နယ်တစ်ကျေးမှာဆိုတော့ တော်တော်လေး ဒုက္ခရောက်ပါတယ်---

''ကျွန်တော်က ဒုက္ခရောက်နေတာကို မကြည့်ရက်လို့ တတ်နိုင်သလောက် ကူညီပေးပါတယ်။ ထားနွယ်က ကျွန်တော်တို့ မိသားစုကို အားကိုးအားထား ပြုလာတော့တယ်။ နောက်ဆုံးတော့ ငွေရှာကောင်းတဲ့ ကျွန်တော်ကို ထားနွယ်က မာယာကုန်သုံးပြီး ကျွန်တော်တို့ ဘဝထဲကို ရောက်လာတော့တာ။ သားနှစ်ယောက်လုံးက သဘောမကျ မကျေနပ်ကြပေမယ့် ဘာမှတော့ မပြောကြဘူး။ ဟိုတုန်းကလိုပဲ တံငါ အတူတူလုပ်ကြပါတယ်။ ကျွန်တော်က အသက်အရွယ် ထောက်လာပြီဆိုတော့ သားနှစ်ယောက်ကိုပဲ အားကိုးရပြန်ပါတယ်။ အိမ်ထောင်သက် တစ်နှစ်လောက်မှာပဲ ထားနွယ်ရဲ့ ဇာတိရုပ်က ပေါ်လာတော့တယ်။ ထားနွယ်က ကာမနဲ့ ပတ်သက်လာရင် အင်မတန် လောဘရမ္မက်ကြီးတဲ့ မိန်းမပါ။ အရွယ်ကလဲကောင်း စိတ်ကလဲ ပြင်းထန်တော့ သူအလိုရှိတိုင်း ကျွန်တော်ဘက်က မဖြည့်ဆည်းပေးနိုင်ခဲ့ဘူး။ အသက်ကလဲ ရ အလုပ်ကလဲ ပင်ပန်းဆိုတော့ ဒီဘက်ကို အာရုံမထားနိုင်ခဲ့ပါဘူး။ ဒီမှာပဲ ထားနွယ်ရဲ့ ရမ္မက်ဆန္ဒဟာ သားကြီးဘက်ကို ဦးတည်လာတော့တယ်။ သားကြီးကို ကမ်းလှမ်းချင်တဲ့ သမီးရှင်တွေရှိနေပေမယ့် ကျွန်တော်ကို ငဲ့ပြီး အိမ်ထောင်မပြုပါဘူး။ သားကြီးက ယောကျ်ားပီသတဲ့ ရုပ်ရှိတယ်။ ထားနွယ်က မာယာတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မြူဆွယ်နေတယ်။ သားငယ်က အရိုပ်ကျလို့ ကျွန်တော်ကို ပြောပါတယ်။ နောက်တော့လဲ စခန်းမှူးရယ် မဆိုရင် ယင်မတောင် မသန်းဘူး အစိမ်းသက်သက် သားကြီးက ထားနွယ်ရဲ့ မာယာအောက် ကျသွားတော့တာ။ ကျွန်တော် အတော်ခံစားရတယ်။ စိတ်မကောင်းလဲ ဖြစ်မိပါတယ်။ ဘယ်သူမပြု မိမိမှုပါ။ ထားနွယ်ကို သနားမိတာက စလို့ ခုလို ဒုက္ခရောက်ကြတာ၊ သားကြီး ကျွန်တော်ကို ခပ်ခွာခွာ နေလာတယ်။ ကျွန်တော်ကို ရင်မဆိုင်ရဲတာလဲ ဖြစ်ချင်ဖြစ်မှာပါ။ ပင်လယ်ထဲဆင်းတဲ့ အချိန်ကလွဲလို့ ကျန်တဲ့အချိန် ကျွန်တော်နဲ့ မျက်နှာချင်းမဆိုင်ဘူး။ အခါတိုင်း ဆန္ဒမပြည့် ပြည့်အောင် ဖန်တီးတတ်တဲ့ထားနွယ်ဟာ ကျွန်တော်နဲ့ တစ်ခန်းတည်း အတူအိပ်ဖို့ ငြင်းဆန်လာတဲ့အထိ ပြောင်းလဲသွားတယ်။ သူ့ဆန္ဒတွေ ပြည့်ပြီပဲ။ စဉ်းစားကြည့်ကြပါဗျာ။ တစ်ဖက်က သားလူပျို၊ တစ်ဖက်က မိန်းမ၊ သူတို့ဖောက်ပြန်နေကြတာ လူတွေသိရင် သိက္ခာကျမှာ လူတောမတိုးဝံ့အောင် အရက်ရမှာ ကြောက်လို့ ကျွန်တော် တစ်ယောက်တည်းပဲ ကျိတ်ခံစားခဲ့တာပါ။ အဲဒီကတည်းကပဲ ကျွန်တော် အရက်ကို အဖော်ပြုခဲ့ပါတယ်။ သားငယ်ကတော့ ရှက်တယ်လို့ ပြောပြီး ရန်ကုန်ဘက်ထွက်သွားတာ ခုချိန်ထိ ပြန်မလာတော့ဘူး။ ဒါနဲ့ ကျွန်တော်တို့လဲ ရွာမှာမနေချင်တော့လို့ ဒီဇီးတောကွင်းရွာကို ပြောင်းလာခဲ့တာပါ"

ကိုအောင်သိန်းက မောသွားသဖြင့် စကားကို ခဏရပ်သည်။

"ခင်ဗျား သားကြီးက ပြောင်းလိုက်လာလား"

"ပထမတော့ သားကြီးက ဒီကို လိုက်မလာပါဘူး။ နောက်မှ လိုက်လာတာ။ သားဆိုပြန်တော့လဲ မလာနဲ့လို့ မပြောရက်ပြန်ဘူး။ မိခင်မေတ္တာ ငတ်နေတဲ့ သားတွေကိုး"

"ဒီလို ဖောက်ပြန်နေမှန်းသိရက်နဲ့ ခင်ဗျားဘာကြောင့် ထားနွယ်ကို ဆက်ပေါင်းနေရတာလဲ"

တပ်ကြပ်ကြီး ခင်ထွန်းကို မကြည့်ဘဲ အဝေးဆီငေးနေသည်။

'အမှန်ပြောရရင် ကျွန်တော် ဒီမိန်းမကို စိတ်ကုန်နေတာ ကြာပါပြီ။ ကျွန်တော်က ကွာချင်ပေမယ့် သူက လုံးဝ မကွာပေးဘူး။ ဖောက်ပြန်နေပါတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ လူသိရှင်ကြား ပြောပြဖို့ကြတော့လဲ သားကြီးရဲ့ သိက္ခာကို ထည့်တွက်ရသေးတယ်။ ဒါကြောင့် ရေစုန်မျှောနေတဲ့သဘောပါ။ သောကတွေ ပတ်လည်ဝိုင်းနေတဲ့ကြားမှာ ကျွန်တော့်ဘဝဟာ မီးပုံထဲမှာ နေရသလိုပါပဲ အရှမ်းကို ပူလောင်နေပါတယ်"

"ကဲ ဒါလောက်ဆို ပြည့်ပြည့်စုံစုံ သိရပါပြီ။ ခုလယ်ပြင်တဲမှာ ထားနွယ်နဲ့ ကိုအောင်သိန်း နှစ်ယောက်တည်းပဲရှိတာ ခင်ဗျားသားကလဲ ခရီးသွားနေတယ် ဆိုတော့ ထားနွယ်သေဆုံးမှုန ့ပတ်သက်ပြီး ခင်ဗျားကို ခဏခေါ်ထားရလိမ့်မယ်"

ဓဓဓဓဓ

(၃)

ဒုရဲအုပ် စောမောင်မှိုင်း မြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲအုပ် ဝတင်၏ ရုံးခန်းတွင်းသို့ ဝင်လိုက်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲမှူးဝတင်နှင့်အတူ ဒုမြို့နယ်မှူး ရဲအုပ်ဝင်းလှိုင်လွင်ကိုပါ တွေ့ရသည်။

"ထိုင် မောင်ရင် ...

ဇီးတောကွင်းက အမှုအခြေအနေအားလုံးကိုယ်သိချင်တယ်။ ခရိုင်မှူးကြီးကလဲ သိချင်နေပြီ မောင်ရင်"

"ဟုတ်ကဲ့ ရဲမှူးခင်ဗျာ ဇီးတောကွင်းက အမှု ရှုပ်ထွေးနေပါတယ်။ ဒါပေမယ့် ခုရက်ပိုင်းမှာ တရားခံကို ကျွန်တော် ဖမ်းနိုင်ပါပြီ။ လိုအပ်တဲ့ ကွင်းဆက်ကလေး တစ်ခုကို ပိုသေချာအောင် စုံစမ်းနေရလို့ပါ"

"ကိုအောင်သိန်းကို ဘာကြောင့် ထိန်းထားတာလဲ တရားခံလို့ ယူဆလို့လား"

ဟု ရဲအုပ်ဝင်းလှိုင်လွင်က မေးသည်။

"ဒါက တရားခံကို ထွက်ပေါက် ပေးထားတဲ့ သဘောပါ ဗိုလ်ကြီး။ အမှန်တော့ ကိုအောင်သိန်းဟာ တရားခံ မဟုတ်ပါဘူး။ ထားနွယ်ဟာ ကိုအောင်သိန်းနဲ့ မရခင်ယောကျ်ားနှစ်ယောက်နဲ့ရဖူးပါတယ်။ ပထမလင်ကြီး လက်ထဲကနေ လင်ငယ်နောက်ကို လိုက်သွားတာပါ။ လင်ငယ်ဖြစ်တဲ့ စိုးအောင်ဟာ အရက်သောက် ဖဲရိုက် ထားနွယ်ကို နှိပ်စက်လွန်းလို့ ထွက်ပြေးလာတာပါ။ ထားနွယ်ရဲ့ လင်ငယ် စိုးအောင်ကို အခင်းမဖြစ်ခင်ရက်ပတ်ဝန်းကျင်က ဇီးတောကွင်းရွာမှာ တွေ့လိုက်ရတယ်။ ထားနွယ်နဲ့ စကားပြောနှုတ်ဆက်တာကို တွေ့တဲ့လူတွေရှိပါတယ်။ အခင်းဖြစ်ရာကို သွားစစ်တော့ လူသုံးဦးခြေရာကို တွေ့ခဲ့ရပါတယ်။ ခြေရာရှင် တစ်ယောက်ကတော့ ကိုအောင်သိန်းပါ။ ကျန်တဲ့ခြေရာက ထားနွယ်နဲ့ တခြား တစ်ယောက်ဖြစ်ပါတယ်။ ကိုအောင်သိန်းဟာ ဆေးပြင်းလိပ်သောက်ပြီး ကွမ်းလုံးဝမစားပါဘူး။ အခင်းဖြစ်ဝန်းကျင်မှာHERO စီးကရက်အတိုများနဲ့ ကွမ်းတံတွေးတွေကို တွေ့ရှိခဲ့ပါတယ်---

"ထားနွယ်ဟာ ယောကျ်ားတစ်ယောက်နဲ့ ကာမဆက်ဆံထားပါတယ်။ မြို့နယ်ဆရာဝန်ရဲ့ ဆေးစာအရ ထားနွယ်ဟာ မသေဆုံးမီ နာရီပိုင်းအလိုမှာ ကာမ ဆက်ဆံထားတယ်လို့ မှတ်ချက်ချထားပါတယ်

"ဒါက တရားခံကို ထွက်ပေါက်ပေးထားတဲ့ သဘောပါ ဗိုလ်ကြီး။ အမှန်တော့ ကိုအောင်သိန်းဟာ တရားခံ မဟုတ်ပါဘူး။ ထားနွယ်ဟာ ကိုအောင်သိန်းနဲ့ မရခင် ယောကျ်ားနှစ်ယောက်နဲ့ ရဖူးပါတယ်။

ခင်ဗျား"

"ဒီလိုဆိုမောင်ရင် ထားနွယ်ဟာ တခြားတစ်ယောက်နဲ့ ဖောက်ပြန်နေတာကို မျက်မြင်တွေ့လို့ အောင်သိန်းက ဒေါသဖြစ်ပြီး သတ်လိုက်တာရော မဖြစ်နိုင်ဘူးလား"

ဒုရဲအုပ် ဝတင် မေးသည်။

"ယောဘုယျ အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ထင်မြင်ယူဆနိုင်ပါတယ် ရဲမှူး။ ကာမဆက်ဆံပြီးတာနဲ့ အသတ်ခံရတာပါ။ ဒါပေမယ့် ထားနွယ်ဟာ ကိုအောင်သိန်းနဲ့ ကာမဆက်ဆံမှု မရှိတာကြာပါပြီ။ အဲဒီနေ့က ကိုအောင်သိန်း အရမ်းကိုမူးနေပါတယ်။ ဒီမှာပဲ စိုးအောင်ရဲ့ အခန်းက အရေးပါလာပါတယ်။ စိုးအောင်ဟာ အရက်သောက်၊ ဖဲရိုက်၊ ဆေးလိပ်၊ ကွမ်း၊ မိန်းမ လိုင်းစုံလုပ်တဲ့ လူတစ်ယောက်ပါ။ ထားနွယ်ဟာ စိုးအောင်ကို ကြောက်ရတာကြောင့် ဆန္ဒရှိရင် စိုးအောင်ကို လိုက်လျောမယ်လို့ ကောက်ချက်ချထားပါတယ်၊ ကိုအောင်သိန်းရဲ့ သားကြီး အောင်မျိုးဦးကလဲ ကျော့ပိုက်နားချိန်မှာ ဇီးတောကွင်းကို မကြာခဏလာတတ်ပါတယ်။ ထားနွယ်နဲ့ ကာမဆက်ဆံသူဟာ စိုးအောင် မဟုတ်ရင် အောင်မျိုးဦးဖြစ်ဖို့ များပါတယ် ရဲမှူး။ ဒါပေမယ့် စိုးအောင်က လူသတ်တရားခံ မဟုတ်နိုင်ဘူးလို့ ထင်ပါတယ်''

''ဟာ မောင်ရင် အမှုက ပြောရင်း ရှုပ်လာပြီ။ ရှင်းရှင်းပြောပါကွာ''

''ဟုတ်ကဲ့ ရဲမှူးခင်ဗျား။ စိုးအောင်ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ကျွန်တော်ကိုယ်တိုင်စစ်ဆေးတော့ ထားနွယ်ကို မေ့လိုက်တာ ကြာပြီတဲ့ ရဲမှူး။ ထားနွယ် အသတ်ခံရတဲ့ ညက သပြေကွင်းရွာ အသုဘက ဖဲဝိုင်းမှာ တစ်ညလုံး ရှိနေတယ်လို့ အစစ်ခံပါတယ်။ ဒါကြောင့် စိုးအောင်ကို လူသတ်တရားခံအဖြစ် ကျွန်တော် မသတ်မှတ်တာပါ''

''ဒါဆို လူသတ်တရားခံ ဘယ်သူဖြစ်နိုင်လဲ မောင်ရင့် ကောက်ချက်က''

''ထားနွယ်နဲ့ ပတ်သက်တဲ့ ကိုအောင်သိန်း၊ စိုးအောင်တို့က လူသတ်တရားခံ မဖြစ်နိုင်ဘူးလို့ သုံးသပ်ပြီးတဲ့နောက်မှာ အောင်မျိုးဦးရဲ့ ခြေလှမ်းတွေကို အကဲခတ် စောင့်ကြည့်နေခဲ့ပါတယ်၊ တစ်ဖက်ကလဲ ကိုအောင်သိန်းသာ လူသတ်တရားခံဖြစ်ကြောင်း အောင်မျိုးဦး နားကို ပေါက်အောင် သတင်းပေးဖို့လဲ သီးခြားတာဝန်ပေးထားပါတယ်၊ ကိုဇော်ဝင်းနဲ့ ငြိမ်းကိုကိုလွင် ဦးဆောင်တဲ့ အဖွဲ့နှစ်ဖွဲ့ရဲ့ တင်ပြချက်အရ အောင်မျိုးဦးဟာ တရားခံ ဖြစ်နိုင်တယ်လို့ ကောက်ချက်ချထားပါတယ်။ အောင်မျိုးဦးကို ဒီနေ့ စခန်းအရောက်ခေါ်ခဲ့ဖို့ နယ်ထိန်းအဖွဲ့ကို ညွှန်ကြားထားပါတယ် ရဲမှူးခင်ဗျား''

၀၀၀၀၀

(၄)

ဒုရဲအုပ် စောမောင်မိုင်း ရှေ့တွင် ထိုင်နေသော အောင်မျိုးဦးထံမှ အရက်နံ့တို့ လှိုင်းထနေတော့သည်။

''အောင်မျိုးဦး မင်းရွာထဲက အရက်ဆိုင်မှာ ဘာတွေပြောခဲ့လဲ၊ ယောကျ်ားပဲကွာ လုပ်ရဲရင် ခံရဲရမှာပေါ့ မဟုတ်ဘူးလား''

အောင်မျိုးဦးက မဖြေဘဲ ဒုရဲအုပ် စောမောင်မိုင်း မျက်နှာကိုသာ ငေးကြည့်နေ၏''

''မင်း ဘာကြောင့် ထားနွယ်ကို သတ်လိုက်တာလဲ''

''ဗျာ ဒါက ဟို ဟို''

''ကဲပါကွာ ဘာမှ ဟို ဟို ဒီဒီ ပြောမနေနဲ့တော့ အမှန်ကိုသာ ဝန်ခံလိုက်တာ မင်းအတွက် အကောင်းဆုံးပဲ အောင်မျိုးဦး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်၊ ဟုတ်ကဲ့ပါခင်ဗျာ . . . ကျွန်တော် မမထားနွယ်ကို သတ်ခဲ့ပါတယ်"

"မင်း ဘာကြောင့် သတ်လိုက်တာလဲ။ မင်းတို့ချင်း မေတ္တာမျှနေကြတာ မဟုတ်လားကွ"

"ကျွန်တော်လဲ အစက အဲဒီလိုထင်ခဲ့တာပါ။ မမထားနွယ်ရဲ့ အထိအတွေ့ ယုယမှုအောက်မှာ အရာအားလုံးကို ကျွန်တော် ရင်ဆိုင်ရဲပါတယ်။ ဘာကိုမှလဲ ဂရု မစိုက်ခဲ့ပါဘူး။ အဖေ့ကို တောင် အံတုလာခဲ့ပါတယ်။ မမထားနွယ်ရဲ့ အပြောနဲ့ ကျွန်တော် ပျော်ခဲ့ပါတယ်။ စိတ်ကူးနဲ့ အနာဂတ်ကို တည်ဆောက်ခဲ့ပါတယ်။ မမ ထားနွယ်နဲ့သာ အတူနေရမယ်ဆို တရားတာတွေ မတရားတာတွေ လုပ်သင့်တာတွေ မလုပ်သင့်တာတွေ ကျွန်တော် မတွေးတော့ဘူး။ ဒါပေမယ့် ကျွန်တော် တွေးတင်ထားတာတွေ တစ်ခုမှမဟုတ်ခဲ့ပါဘူး။ မမ ထားနွယ်ဟာ သူ့ယောကျ်ား စိုးအောင်နဲ့ ပြန်ဆက်နေတယ်လို့ ကျွန်တော် သတင်းသဲ့သဲ့ ကြားတော့ ရင်တွေပူလောင်ခဲ့တယ်။ အခင်းဖြစ်နေတဲ့နေ့က မမ ထားနွယ်နဲ့ တွေ့ဖို့အလာ တဲနားမှာ စကားသံတိုးတိုးကြားရလို့ သေချာ နားထောင်ကြည့်တော့ စိုးအောင်နဲ့ မမထားနွယ်တို့ မိုးမမြင် လေမမြင် ပျော်နေကြတာ၊ ဒီမြင်ကွင်းကိုတွေ့တော့ ဆောက်တည်ရာမရအောင်ပဲ ကျွန်တော် ဒေါသဖြစ်သွားတယ်။ တကယ်တော့ မမထားနွယ်ဟာ ကာမနဲ့ ပတ်သက်လာရင် ဘာကိုမှ မစဉ်းစားတဲ့ မိန်းမတစ်ယောက်ပါ။ သူကြောင့် အဖေဟာ အရက်သမားဖြစ်ခဲ့ရသလို ကျွန်တော်လဲ ဘဝပျက်မတတ်ပါ။ ဒါကြောင့် သူ့ကို ကျွန်တော်သတ်လိုက်တာပါ။ စိုးအောင် အပြန်မှာပဲ သတ်လိုက်တာ။ အဖေ မသတ်ပါဘူး။ အဖေကို ဖမ်းထားတာသိလို့ ကျွန်တော် အဖမ်းခံဖို့အလာမှာ အရက်ဝင်သောက်ရင်း ဒီကဗိုလ်လေး ငြိမ်းကိုကိုလွင်တို့နဲ့ တွေ့တာပါ။ တကယ်တော့ ကျွန်တော်ဟာ လူမိုက်ပါ"

ပြောပြီး အောင်မျိုးဦးက ရီဝေစွာ ကြည့်သည်။

"တကယ်တော့ မင်းတို့အားလုံးဟာ ပိုးဖလံမျိုးတွေပဲ မီးမုန်းသိရက်နဲ့ အားလုံးတိုးဝင်ခဲ့ကြတာ။ ခုတော့ အဲဒီ ကာမမီးကြောင့် ဒုက္ခရောက်ကြရပြီပေါ့"

ဒုရဲအုပ် စောမောင်မှိုင်း စကားအဆုံး အောင်မျိုးဦး ရဲ့စခန်းအပြင်ဘက်သို့ ငေးနေသည်။ အပြင်ဘက်တွင် နွေဇါ်နေက ခြစ်ခြစ်တောက် ပူပြင်းနေလေသည်။

**ဇော်ထွဋ်(ကမ်းသာယာ)**

(စာကြွင်း)

ဖြစ်ရပ်မှန် အကြောင်းအရာလေးကို ဝတ္ထုတို အသွင်ရေးဖွဲ့ တင်ပြခြင်း ဖြစ်ပါသည်။ စာမူများရေးသားရန်နှင့် ရေးသားရန် အချက်အလက်များ ရှာဖွေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့သို့ရောက်ရှိစဉ်က လိုအပ်သည့် အကူအညီများပေးခဲ့ကြသော ဇလွန်မြို့၊ ဗျူဦးညားအုပ်ချုပ်ရေးမှူး ဦးမြစိုးမိသားစုနှင့် ဇလွန်မြို့မှ မိတ်ဆွေများအား ကျေးဇူးတင်ရှိပါသည်။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



# ကျောချမှ တော့မြွမှန်းသိ

ကျော်သန်းစံ



www.burmeseclassic.com

www.burmeseclassic.com



"ကျော့ချမှ စားပြမှန်းသိ"

ကျော်သန်းစံ

ဥပဒေသည် ပင့်ကူအိမ်နှင့် အလားသဏ္ဍာန်တူပါသည်။ ဒုစရိုက်သမားများသည် ဥပဒေကို လက်တစ်လုံးကြား ဖောက်ဖျက်၍ ကျူးလွန်တတ်ကြသည်။ ထိုအခါ ဥပဒေကအမှုမှန် ဖော်ထုတ်ပေးခြင်းဖြင့် အမှုမှန်ပေါ် ပေါက်လာရသည်။ ထို့ကြောင့် ဥပဒေသည် တရားရေး မဏ္ဍိုင်အဖြစ် ရပ်တည်နိုင်ရန် အထူးလိုအပ်လှပါသည်။

ရန်ကုန်မြို့ ပြည်သူ့ဆေးရုံမှ ဓာတ်ခွဲခန်း ဝန်ထမ်းနှစ်ဦးသည် မီးခိုးရောင် မောရစ်မိုင်းနားဆလွန်းကား ကလေးဖြင့် ခရီးထွက်ခွာလာကြသည်။ ကားရှေ့ခန်း ဒရိုင်ဘာခုံ၌ အေးမြင့်သူမောင်းနှင်လာခဲ့သည်။ သူသည် အသက်(၃၇)နှစ်ခန့်ရှိပြီး ကလေးနှစ်ယောက်ဖခင်အိမ်ထောင်သည် ဖြစ်၏။ သူနံဘေး၌ စီးနင်းလိုက်ပါလာခဲ့သူသည် သဥ္ဇာအောင်ဆိုသူ မိန်းမချောကလေးဖြစ်ပြီး အသက် (၂၄)နှစ်ခန့်သာရှိသေး၍ တစ်ကိုယ်တည်းသမားဖြစ်သည်။ သူမနှင့်အေးမြင့်သူတို့သည် တိတ်တခိုးလေးချစ်လာခဲ့ကြသည်မှာ သုံးနှစ်သုံးမိုးပင်ရှိကြလေသည်။

သူတို့ ကားကလေးသည် ရန်ကုန်-မန္တလေး ကားလမ်းမကြီး တစ်နေရာ၌ ထိုးရပ်ထားပြီး ချစ်သူနှစ်ဦး ချစ်တင်းနှောနေခဲ့ကြသည်။

အမှတ်မထင် ကားရှေ့ခန်း ဒရိုင်ဘာ နံဘေးပိတ်ထားသော မှန်ပြတင်းပေါက်ကို ဒေါက် ... ဒေါက် ... ခေါက်သံပေးသည်ကို ကြားလိုက်ရသည်။ အေးမြင့်သူသည် မှန်ပြတင်းကို အောက်သို့လှည့်ချကာဖွင့် ကြည့်လိုက်သည်။ လူတစ်ယောက် ကားနံဘေး၌ ရပ်နေသည်ကို အမှတ်မထင်တွေ့လိုက်၏။ သူ့လက်ထဲရှိ သေနတ်ဖြင့် သူ့အားချိန်ထားသည်ကိုလည်း တွေ့ရသည်။ ထိတ်လန့်တုန်လှုပ်နေကြသော ချစ်သူနှစ်ဦးသည် ကားဓားပြအတိုက်ခံရပြီဟု ထင်မှတ်လိုက်ကြသည်။ ထိုသူအား သူတို့ စီးလာသည့် ကားကိုပေး၍ အသက်ချမ်းသာပေးရန် အပေးအယူလုပ်ကြသည်။

ထိုသူသည် ကားနောက်ခန်း ကူရှင်ပေါ်၌ အငြိမ့်သားထိုင်ပြီး နောက်သို့ တစ်စက်ကလေးမျှ လှည့်မကြည့်ကြရန် အမိန့်ပေးထားသည်။ ယင်းသို့ သူက သတိပေးရင်း လက်ထဲမှ သေနတ်ကို လှည့်ပတ်ကစားနေလိုက်သေးသည်။ သူသည် မိမိမှာ ဝရမ်းပြေး ဖြစ်ကြောင်း ရန်ကုန်မှ ရဲတပ်ဖွဲ့ဝင်များက သူ့အား မြေလှန်ရှာဖွေနေကြကြောင်း ပြောပြသည်။သူ့ကြည့်ရသည်မှာ သူတို့ ချစ်သူနှစ်ဦးအား ဘာလုပ်ရမည်ကို မဆုံးဖြတ်ရသေးပုံရသည်။

နောက်ဆုံး၌ ညဉ့် ၁၁း၃၀ နာရီခန့်တွင် သူက အေးမြင့်သူအား ကားကို မောင်းနှင်ထွက်ခွာရန် အမိန့်ပေးသည်။ ရန်ကုန် မန္တလေး လမ်းမကြီးအတိုင်း၊ မြို့ရွာတို့ကို ဖြတ်သန်းမောင်းနှင်လာခဲ့ကြသည်။ လမ်းခရီး၌ ဓာတ်ဆီဖြည့်ရန်နှင့် စီးကရက်ဝယ်ရန်မှတစ်ပါး တောက်လျှောက် မောင်းနှင်ခဲ့ကြ၏။

အေးမြင့်သူသည် သေနတ် သမားအား တဆတ်ဆတ်တုန်နေအောင် ကြောက်နေသည်။ ကားနောက်ခန်းမှ အငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ပေးသည့်အတိုင်း လိုက်နာကာ မောင်းနှင်ခဲ့သည်။ကားအန္တရာယ် ဖြစ်နိုင်သည့် နေရာတို့၌ သတိထား မောင်းနှင်ရန်ကိုလည်း ထိုသူက တင်းတင်းကျပ်ကျပ် သတိပေးနေသည်။

ထိုသို့ တရိပ်ရိပ် မောင်းနှင်လာရာ ရန်ကုန်–မန္တလေး လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၀ခန့်တွင် ချိုးကွေ့လိုက်သည်။ အေးမြင့်သူသည် မောင်းနှင်နေတုန်း ကားနောက်မီးပွင့် နှစ်လုံး ဖွင့်ချည်မှိတ်ချည်ဖြင့် သတိပြုမိကြရန် အချက်ပြဆက်သွယ်ခဲ့သည်။ မောင်းနှင်နေရင်းလည်း လမ်းဘေး၌ ရဲသားတစ်ယောက်တလေများ တွေ့လေမလားဟု ကျီးကန်းတောင်မှောက် ကြည့်ရှုရှာဖွေခဲ့သည်မှာလည်း အမော ပင်။

တစ်ဖန် အဝေးပြေး လမ်းမကြီးသို့ ရောက်အလာ သေနတ်သမားက လမ်းဘေးအရောက်၌ ကားကိုရပ်ရန် အမိန့်ပေးသည်။ သူက တစ်မေးလောက် အိမ်ဦးမည်ဟုဆိုကာ သဥ္စာအောင်ကို ကားတံခါးလက်ကိုင်တွင် ကြိုးနှင့်ချည်နှောင်ထားလိုက်သည်။ အေးမြင့်သူအား ကျောပိုးအိတ် လှမ်းပေးရန်ခိုင်းလိုက်သည်။ သူ့စကားအဟုတ်ထင်ကာ ကျောပိုးအိတ်ကို လှမ်းအယူတွင် သေနတ်သမား လူဆိုးက အေးမြင့်သူ၏ ဦးခေါင်းကို နှစ်ချက်တိတိ ဆင့်ပစ်ချလိုက်လေသည်။ သဥ္စာအောင်သည် သွေးရူးသွေးတန်း ထိတ်လန့်တကြား ထ,အော်လိုက်မိသည်။

"ဒီကောင်ကြီး လုပ်ရှားပုံ မရိုးသားဘူး။ ငါ့ကို အာခံချင်ပုံရတယ်။ဒါ့ကြောင့် ဦးအောင်ရှင်းလိုက်တာမှတ်" ဟူ၍ သေနတ်သမားက ကြိမ်းမောင်းလိုက်လေသည်။

အေးမြင့်သူသည် သွေးအိုင်ထဲ၌ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။သေနတ်သမားက. သဥ္စာအောင်ကို ကားနောက်ခန်း ဝင်ခိုင်းပြီး အဝတ်အစားချွတ်ခိုင်းကာ အဓမ္မကြံစည်ခဲ့သည်။ ထိုနောက် သူက ကားပေါ်မှ အလောင်းကို ကွန်ကရစ်လမ်းပေါ်သို့ ဆွဲချခိုင်းခဲ့၏။ သေနတ်သမားသည် ရှေ့ဆက်ဘာလုပ်ရမည် • မသိဘဲ ချောက်ချားနေစဉ် သူမသည် ချစ်သူအလောင်းနံဘေး၌ ကျုံ့ကျုံ့ပါအောင် ထိုင်၍ငိုရှာနေသည်။

သဥ္စာအောင်က လူဆိုးအား တစ်ထောင်တန် ငွေစက္ကူ နှစ်ထုပ်ပေးကာ အပါးမှ ထွက်သွားရန် ပြောကြားသည်။ လူသတ်သမား အဓမ္မကောင်သည် ငွေကိုယူပြီး သွားမည့်ဟန်ပြုလိုက်သည်။ သို့သော် ကားနားချဉ်းကပ်သွားပြီးမှ မမျှော်လင့်ဘဲ နောက်ပြန်လှည့်ပြီး သူမအား ကျည်နှစ်တောင့် ဆင့်ကာဆင့်ကာ ပစ်ချလိုက်သည်။ ကျည်တစ်တောင့်မှာ သဥ္စာအောင်၏ ဖက်ကို ဖောက်ထွက်သွားရာ နောက်ရိုးနှင့် သီသီကလေးလွတ်ထွက်သွားသည်။ သူမက သေဟန်ဆောင်၍ ငြိမ်နေခဲ့သည်။ လူသတ်သမားသည် သေချာအောင် သေမသေ စစ်ဆေးကြည့်ခဲ့သေးသည်။ သို့မှသာ သူကျူးလွန်ခဲ့သော လူသတ်မှု၌ မျက်မြင်သက်သေ မကျန်ရစ်ရန် ဖြစ်သည်။ ကျေနပ်တော့မှ အခင်းဖြစ်နေရာကထွက်သွားခဲ့လေသည်။

ꩤꩤꩤꩤꩤ



www.burmeseclassic.com

www.burmeseclassic.com



သဥ္ဇာအောင်သည် အနီးအပါးမှ ဖြတ်သန်းမောင်းနှင်ကြသော ကားများကြားအောင် အော်ဟစ် အကူအညီတောင်းခဲ့သည်။ သို့သော် သူမအသံကို မကြားကြပေ။ သို့နှင့်သူမသည် ကြံရမရဘဲ ဂါဝန်ကိုချွတ်၍ ဇော့ယမ်းပြပြီး ကားများကို ရပ်တန့်နိုင်းခဲ့၏။

သို့သော်လည်း မှောင်ကြီးမည်းကြီးထဲဖြစ်၍ သူမဇော့ယမ်းပြသည်ကို မြင်ကြပုံမရချေ။ ထိုသို့ဖြင့် သဥ္ဇာအောင်သည် သတိလစ်သွားခဲ့သည်။ နံနက် ၆ နာရီခွဲခန့်၌ ဆယ်ကျော်သက်လူရွယ်တစ်ယောက်သည် ခရီးသွားယာဉ်များစာရင်းပြုစုရန် ရောက်အလာတွင် သူမအားသွေးအလူးလူးဖြင့် တွေ့ရှိခဲ့၏။ ထို့နောက် သက်ဆိုင်ရာသို့ အကြောင်းကြား၍ အကူအညီတောင်းကာ ဆေးရုံသို့ ပို့ခဲ့ကြသည်။ ဆေးရုံရောက်ပြီးမှ သူမလည်း သတိပြန်ရလာခဲ့သည်။

သဥ္ဇာအောင်သည် သတိပြန်လည်ရလာချိန်၌ စစ်ချက်ယူရန် စောင့်နေကြသော သက်ဆိုင်ရာမှူခင်းရဲအရာရှိအား ဖြစ်ကြောင်းကုန်စင်ကို ပြောပြတိုင်ချက်ဖွင့်ခဲ့သည်။ သူမ၏ ဇက်ပိုးမှလူသတ်သမားပစ်ခဲ့သော သေနတ်ဒဏ်ရာသည် သေတစ်ပန်သက်ထက်ဆုံး အောက်ပိုင်းသေသွားခဲ့တော့သည်။ သူမသည် ဘီးတပ်ကုလားထိုင်ဖြင့်သာ နေထိုင်သွားရတော့သည်။

သူမသည် ထိုဘဝရောက်သွားခဲ့သော်လည်း စိတ်ဓာတ်လုံးဝမကျခဲ့ချေ။ သဥ္ဇာအောင်၏ ဖောက်ပြန်ချက်အပေါ် မူတည်၍ရေးဆွဲပုံဖော်ထားသော ရာဇဝတ်သား၏ ပုံတူပန်းချီနှစ်ပုံကို သက်ဆိုင်ရာရဲအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် အသတ်ခံရသူ အေးမြင့်သူ၏ ကားကို တောင်ငူမြို့တွင် စွန့်ပစ်မထားမီ မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်လိုက်ရသော မျက်မြင်သက်သေတို့အား သက်ဆိုင်ရာသို့ လာရောက်အကြောင်းကြားပါရန် ဖိတ်ခေါ်ထားလေသည်။

အခင်းဖြစ်အမှုလိုက် ရဲတို့သည် စွဲချက်တင်ရန် မရေမရာဝေလေလေဖြစ်နေသော သဲလွန်စနောက် မီးခိုးကြွက်လျှောက်လိုက်ခဲ့ကြသည်။ ပထမ၌ စိန်လှမောင်ဆိုသူအား သံသ





www.burmeseclassic.com

www.burmeseclassic.com



ယရှိခဲ့ကြသည်။ သူတည်းခိုရာ ဖေတာင်ငူမြို့ ပြည့်စုံဟိုတယ်ခန်းထဲမှ ဒသမ(၃၈)ကျည်နှစ်တောင့်ကို တွေ့ရှိခဲ့ကြသောကြောင့် ဖြစ်၏။ အခင်းဖြစ် အကြမ်းဖက် လူသတ်မှု ကျူးလွန်သူ စိန်လှမောင်သည် ထိုဟိုတယ်၌ တည်းခိုခဲ့သည်။

လက်နက်ကျွမ်းကျင်သူ ပါရဂူတို့က အေးမြင့်သူအား ပစ်သတ်ခဲ့သော သေနတ်ကျည်ဖူးနှင့် ဟိုတယ်အိပ်ခန်းထဲမှ စိန်လှမောင်၏ ကျည်ဖူးကိုနှိုင်းယှဉ်စစ်ဆေးခဲ့ကြသည်။ သံသယမကင်းသည့် စိန်လှမောင်အား အခြားသူတို့နှင့်ရော၍ တန်းစီပြရာ၌ တရားလို သဉ္ဇာအောင်သည် မပြသနိုင်ခဲ့ချေ။ တရားခံကို ခွဲထုတ်ပြနိုင်းရာလူသတ်သမား လုံးဝမဖြစ်နိုင်သည့် အနုပညာရှင်တစ်ယောက်အား သူမက ခွဲထုတ်ပြခဲ့၏။

သို့သော် ရဲတို့ထင်ထားသည့် သံသယမကင်းသူ စိန်လှမောင်သည် လည်းကောင်း၊ သဉ္ဇာအောင် ခွဲပြသည့် အနုပညာရှင် မြသာထွန်းသည် လည်းကောင်း လူသတ်မှု ကျူးလွန်ခဲ့သော တရားခံ၏ ပုံတူရုပ်နှင့် လုံးဝမတူပေ။ ရဲတပ်ဖွဲ့ဝင်တို့က မြသာထွန်းအား အခင်းဖြစ်

**သံသယမကင်းသည့် စိန်လှမောင်အား အခြားသူတို့နှင့်ရော၍ တန်းစီပြရာ၌ တရားလို သဉ္ဇာအောင်သည် မပြသနိုင်ခဲ့ချေ။**

လူသတ်မှုနှင့် လုံးဝပတ်သက်မှု မရှိသည့်ဟု သံသယမဖြစ်ခဲ့ကြချေ။ အဘယ်ကြောင့်ဆိုသော် သူ့အား လူတိုင်းက အောင်မြင်မှု မရရှိသေးသည့် အနုပညာသည် ပေါက်စအဖြစ် သိနေခဲ့ကြသောကြောင့် ဖြစ်သည်။ အမှန်စင်စစ် သူ့ပုံပန်းက ထောင့်မကျိုးသူဟု သူတစ်ပါးထင်စရာဖြစ်နေခဲ့သည်။

ရဲတို့သည် အရှုံးမီးဝိုင်း ဆိုသလို သဉ္ဇာအောင်ဆေးရုံ၌ ပြန်လည်သတိရစဉ် သူမအား သက်အား သတ်မည်ဟု ဖုန်းဖြင့် ခြိမ်းခြောက်ခဲ့သည့် အမည်မသိသူကြောင့် ဦးနှောက်ခြောက်ခဲ့ကြရသည်။ သို့နှင့်သူမအား ညစဉ်အခန်းရွှေ့ပြောင်း အိပ်စေပြီး အစောင့်အကြပ် အထပ်ထပ်ချထားခဲ့ကြရသည်။

ထို့နောက် ခင်မောင်မြင့်ဆိုသူသည် အခင်းဖြစ်အမှုကို ဦးစီးသော ထောက်လှမ်းနေသူ စုံထောက်ရဲမှူးကြီး မင်းထင်ထံ ဖုန်းဆက်ခဲ့သည်။ သူက လူသတ်မှုအတွက် သူ့အပေါ် သံသယဖြစ်နေကြသည်ကို စိုးရိမ်မိနေကြောင်းနှင့် ယင်းအခင်းဖြစ် လူသတ်မှု၌ မိမိအလျှင်း မပတ်သက်ကြောင်း ပြောပြသည်။ ဤဖုန်းဆက်ဖြေရှင်းချက်သည် အိုးမလုံအုံပွင့်ခြင်း ဖြစ်နေသဖြင့် ရဲတို့မှာ သူ့အပေါ်ပို၍ သံသယမကင်းဖြစ်ခဲ့ကြသည်။ သို့ပါ၍ ခင်မောင်မြင့်ကို ပို၍ မသင်္ကာဖွယ် ဖြစ်လာခဲ့ကြသည်။

သို့ဖြစ်၍ ရဲတို့ ဆက်လက် စုံစမ်းချက်အရ သူ၏ အပေါင်းအသင်း မိုးအောင်ဆိုသူထံ ရန်ကုန်ခရီးသည်တင် ဘတ်(စ်)ကား နောက်ဘက်ခုံ၌ သေနတ်



www.burmeseclassic.com

www.burmeseclassic.com





ဝှက်ရန် နေရာကောင်းကောင်း တစ်နေရာရရှိနိုင် မရရှိနိုင် စုံစမ်းခဲ့ကြောင်း သိရှိခဲ့ရသည်။

ထိုနှစ် စောစောပိုင်းကတည်းက ခင်မောင်မြင့်ထံတွင် ဒသမ (၃၈)အင်ဖီးလ် ခြောက်လုံးပြူးတစ်လက် လက်ဝယ်ရှိနေကြောင်း သိရှိခဲ့ကြသည်။ ယင်းသေနတ်နှင့် အလားတူ သေနတ်တစ်လက်ကို အမှတ်(၃၆) ဘတ်(စ်)ကား ဒေါက်တန်းခုံအပေါ် ပစ္စည်းတော်ကြည့် အဆင့်ပေါ်တွင် အခင်းဖြစ် အလူ မဖြစ်ပွားမီညက သူ့ကိုယ်သူ ကျော်စွာလင်းအဖြစ် အမည်ပေးက တည်းခိုသွားကြောင်း သိရလေသည်။ အသတ်ခံရသူ အေးမြင့်သူ၏ ချစ်သူသဠာအောင်ကလည်း သူမချစ်သူအား သတ်ခဲ့သည်ဟု အတပ်စွဲခဲ့သည်။

ဳဳဳဳဳ

သို့နှင့်မကြာမီ ပဲခူးမြို့၌ ခင်မောင်မြင့်အား လက်ရဖမ်းဆီးလိုက်သည်။ ဤအကြိမ်တွင်လည်း သဠာအောင်သည် တန်းစီပြရာ၌ လူဆွဲမပြနိုင်ခဲ့ချေ။ သို့သော် သူမက လူသတ်သမား၏ စူးရှသော မျက်လုံးတို့ကို ရည်ညွှန်း၍ သူပါဟုစွပ်စွဲနိုင်ခဲ့သည်။

ခင်မောင်မြင့်သည် တရားလို ဖော်ပြသည့် မျက်လုံးများ ပိုင်ဆိုင်ထားသူဖြစ်နေသည်။ လူသတ်သမား အခင်းဖြစ်ပွားစဉ်က ခဏခဏ သုံးစွဲခဲ့သော စကားလုံးတို့လို သဠာအောင်က တရားခံ ခင်မောင်မြင့်အား ရွတ်ဆိုအပြနိုင်းခဲ့သည်။ ယင်းစကားလုံးတို့သည် ''တိတ်တိတ်နေ ငါစဉ်းစားနေတယ်''ဟူ၍ ဖြစ်သည်။ ယင်းဝါကျကို ခင်မောင်မြင့်အား အကြိမ်ကြိမ် ရွတ်ဆိုပြစေခဲ့ရာ နောက်ဆုံး စကားလုံးကိုအမြဲတစေ ''သင်ကားသမား ငါကားခင်မောင်'' ဤအသံထွက်လေ့ရှိသည်။ ဤသို့ဖြင့် သဠာအောင်သည် သူ့အား အသေအချာ မှတ်မိသွားခဲ့သည်။

အခင်းဖြစ်အမှုကို ကြားနာစစ်ဆေးခဲ့ရာ၌ အမှုလိုက်ရဲတို့သည် တရားခံ၏ ရှေ့နေရှေ့ရပ်တို့ဖြင့် မတရားစွပ်စွဲချက်တို့ကို အလူးအလဲခံခဲ့ကြရသည်။ ထိုသူတို့က ရဲအဖွဲ့သည် ''ယုန်တောင်ပြေး ခွေးမြောက်လိုက်'' တရားခံအစစ်နောက် ခြေရာခံကြမည့်အစား မဆိုင်သည့်ခင်မောင်မြင့်အပေါ်သာ သတ္တုချနေကြသည်ဟု စွပ်စွဲခဲ့ကြခြင်း ဖြစ်၏။ လူ



www.burmeseclassic.com

www.burmeseclassic.com



တန်းစီ စစ်ဆေးခဲ့ရာ၌ သဏ္ဍာအောင်သည် တရားခံအစစ်အား ဆွဲမပြနိုင်ခဲ့သဖြင့် သူမဖော်ပြခဲ့သော လူသတ်တရားခံ ပုံပန်းသဏ္ဍာန်မှာ ပြောင်းလဲခဲ့သည်။

တရားခံ နှင့်အတူ ထောင်အိပ်ဆောင်တစ်ခုတည်း အတူနေ အကျဉ်းသား တစ်ယောက်က မိမိအား ခင်မောင်မြင့်သည် အခင်းဖြစ် လူသတ်မှုကို ကျူးလွန်ခဲ့ကြောင်း ရဲနှင့် ကာယကံရှင်တရားလို သဏ္ဍာအောင်တို့သာ သိနိုင်သည်။ ယင်းအခင်းဖြစ်စဉ်က ဖြစ်ပျက်ခဲ့ပုံအသေးစိတ်ကိုပါ ပြောပြဝန်ခံခဲ့သည်ဟု အစစ်ခံ ထွက်ဆိုခဲ့သည်။

သို့ရာတွင် တရားခွင်၌ ခင်မောင်မြင့်က အခင်းဖြစ် လူသတ်မှုဖြစ်ပွားနေစဉ် အချိန်က မိမိသည် မြဝတီမြို့သို့ သူငယ်ချင်းများနှင့်အတူ ရှိနေခဲ့ကြောင်း အခိုင်အမာထွက်ဆို အစစ်ခံသွားခဲ့သည်။

သို့သော် ထိုသူငယ်ချင်းတို့၏အမည် မည်သူမည်ဝါဆိုသည်ကို ပြောပြရန် ငြင်းဆိုခဲ့သဖြင့် ရုံးတော်မှသူ့ထွက်ဆိုချက်အား မယုံကြည်တော့ပေ။ ထို့နောက် မရှင်းမလင်းဖြင့် သူ၏ထွက်ဆိုချက်ကို ပြန်၍ပြောင်းကာ ထွက်ဆိုခဲ့ပြန်သည်။ သူက အခင်းဖြစ် လူသတ်မှုဖြစ်ပွားစဉ်က မိမိသည် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့၌ ရှိနေကြောင်း ပြောဆိုခဲ့ပြန်သည်။ ယင်းသို့ ထိုအရပ်၌ ရှိနေခဲ့သည်ဆိုလျှင် သက်သေသက္ခာယ ပြပါဆိုသောအခါ မပြနိုင်ခဲ့ပြန်ချေ။

ထိုသို့ တရားခံ ခင်မောင်မြင့်အပေါ် ပြစ်မှုထင်ရှား စီရင်ရန်နှင့် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် တရားသူကြီးသည် သံသယဒွိဟဖြစ်နေခဲ့ကြသည်မှာ နာရီပေါင်း ၁၀ နာရီမျှ ကြားနာ စစ်ဆေးခဲ့ရ၏။ ထို့နောက် တရားသူကြီးသည် တရားခံမှာ ပြစ်မှုထင်ရှားသဖြင့် တည်ဆဲဥပဒေအရ ပြစ်ဒဏ်ချမှတ်လိုက်သည်။

တရားခံခင်မောင်မြင့်သည် ရှေ့နည်းတူ "ကျွန်တော်မှာ အပြစ်မရှိပါ" ဟူ၍သာ ဘူးခံနေခဲ့သည်။ သူ၏အယူခံလွှာကိုလည်း ပယ်ချလိုက်သည်။ အသက် (၃၅)နှစ်ရှိ ခင်မောင်မြင့်သည် သာယာဝတီ အကျဉ်းထောင်ကြီး၌ ကြိုးမိန့်ချမှတ်ခံရလေသည်။

ခင်မောင်မြင့်၏ သူငယ်ချင်း မိုးအောင်သည် ရုံးတော်၌ တရားခံ ခင်မောင်မြင့်က မိမိအား ဆန့်ကျင်ပြီး ဘတ်(စ်)ကားထဲတွင် လာရောက်ကာ လက်နက် ဝှက်ထားခဲ့ကြောင်း သက်သေခံထွက်ဆိုခဲ့သူ ဖြစ်သည်။ အခင်းဖြစ် အမှုနှင့် ပတ်သက်၍ စာတစ်စောင် ရေးသားထားခဲ့ပြီး ခင်မောင်မြင့်သည် သူ့ကိုယ်သူ ကြိုးမိန့်ချ သတ်သေသွားခဲ့လေသည်။

ထို့ကြောင့် ယင်းအမှုသည် စုံထောက်ရဲမှူးကြီး မင်းထင် ကောက်ချက်ချခဲ့သလို ခင်မောင်မြင့် မကြာသေးမီ နှစ်များအတောအတွင်းက လူသတ်သမားတို့ အနက်အဆိုးဝါးဆုံးတို့တွင်တစ်ဦး အပါအဝင် ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ကြလေသည်။

**ကျော်သန်းစံ**

■



www.burmeseclassic.com

www.burmeseclassic.com

# အချစ်မှန်ကြောင့် အပြစ်ဒဏ်ခံရသည်

ရာကျော်(မြူး)




မယားကိုသတ်မိတဲ့
ခင်ပွန်းရဲ့ဖြစ်ရပ်က ဒီလိုပါ



www.burmeseclassic.com

www.burmeseclassic.com



## အချစ်အမှန်ကြောင့် အပြစ်ဒဏ်ခံရသည်

ရာကျော်(ဖြူး)

(၁)

စိမ်းမြစိုပြည် လျက်ရှိသော ပဲခူးလမ်းမကြီး နောက်ခံ "မြက်ပင်ကျေးရွာအုပ်စု"သရက်တောကျေးရွာသည် တောင်သူလယ်သမားများ၏ အခြေခံဖြစ်သည့် စိုက်ပျိုးရေးဖြစ်သော အသက် မွေးဝမ်းကျောင်း ပြုလုပ်နေသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ရိုးသားကြိုးစားကြသည့် မျိုးဆက်သစ် လူငယ်မောင်မယ်တို့၏ အေးချမ်း၍ သာယာစိုပြည်သော ကျေးရွာဖြစ်ခဲ့ပါသည်။ သို့ပါသော်လည်း ငယ်စဉ်အခါကပင် အတူလက်တွဲလာခဲ့ကြသော လင်မယားတို့ထံမှ အသက်မက ချစ်ခဲ့ရပါသော ချစ်ဇနီးကို ခွင့်မလွှတ်နိုင်သည့် အိမ်ထောင်ရေး ဖောက်ပြန်မှုဟု ထင်မြင်ယူဆခဲ့သည်တို့နှင့်အတူ သံသယမကင်းလျက်မှ လင်ဖြစ်သူကို ခိုင်မာယုံကြည်ချက်ရှိသည် နှင့်အတူ "ဒေါသ"ကူ၍ "သောက"အပူတွေ လွှမ်းပတ်လာသောအခါ ချစ်ရပါသည်ဆိုသော မယားအား "အသွားထက်"သည့် "ဓားလက်နက်"ဖြင့် ခုတ်သတ်မှုတစ်မှုမှ ရှုမြင်ခံစားနိုင်ကြပါရန် ဤဇာတ်လမ်းတွင်---

~~~~~

(၂)

"လယ်ယာ မြေချစ်သူ" တစ်နည်းအားဖြင့် "သားမယားကိုချစ်သူ" ဖြူးမြို့နယ်၊ ကညွတ်ကွင်း ရဲစခန်းအပိုင် မြက်ပင်ကျေးရွာအုပ်စု၊ သရက်တောရွာမှ တောင်သူလယ်သမား ကိုဆန်းဝင်းမှာ မသီတာဝင်းဆိုသူနှင့် ရာသက်ပန် ချစ်ခရီးလမ်းကို အတူလျှောက်မြန်းခဲ့စဉ်များက မေတ္တာတရား ခိုင်မြဲရန် လင်မယားဘဝသေသည်အထိ ပေါင်းဖော်ရန် ကြင်စဦးဇနီးမောင်နှံ လယ်သမာမျိုးနွယ်စုတို့မှ လယ်သမား လင်မယားဖြစ်ခဲ့ကြရာမှ သမီးကြီးသည်ပင် ကျောင်းသူကြီးဘဝရောက်ရှိခဲ့ပါ၏။

မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် ဘဝခရီးကို အတူလျှောက်လှမ်းခဲ့ကြပါသည်။ ပဲခူးရိုးမနောက်ခံ သရက်တောကျေးရွာ ကားဘေးဝယ် ဝေးကွာလို့ အေးမြခဲ့ပါသည်။ ၁၀-၉-၁၂ ရက်နေ့မတိုင်မီ နှစ်လလခန့်က ဖြင့် သရက်တောရွာကလေးတွင် မကြုံစဖူး အဖြစ်ထူးနှင့်ကြုံတွေ့ခဲ့ကြသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှ စုပေါင်း၍ ကြားသိခဲ့ရတဲ့ အဖြစ်ကြောင့် သည်ပင်နှစ်ပေါင်းများစွာ တည်ငြိမ်အေးချမ်းနေသည့် ကျေးရွာလေး၏ အေးချမ်းသာယာသော အဖြစ်မှ မကြားသင့် ကြားသင့်သည့် စကားများ ကြားခဲ့ရပါတော့၏။ တစ်နည်းအားဖြင့် အချစ်ကြီးချစ်နေကြသည့် လူ့လောက စွဲလမ်းကြသူများ အမှောင်က ဖြစ်ရပ် အမှန်ပါပေ။

ရိုးသားကြိုးစား လယ်ယာလုပ်ငန်းကို အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် လယ်သမား မိသားစု တစ်စုထဲမှ ကိုဆန်းဝင်း၊မသီတာဝင်းတို့ မိသားစုထဲက ဖြစ်မည့် ဘေးအန္တရာယ်ကို ညွှန်ပြတဲ့အဖြစ်ပါပဲလား။ အဖြစ်ကတော့တစ်လင်တစ်မယားစနစ်ကို သွေဖည်ခဲ့သလို၊ အခြေတည်ဖြစ်ခဲ့တာမို



www.burmeseclassic.com
~~~~~

www.burmeseclassic.com



မဖြေဆည်နိုင်ခဲ့သူ အဖို့မှာတော့ ဒေါသတွေပေါက်ကွဲ ခဲ့ရတဲ့ အကြောင်းတွေပါပဲလား။

ဖြစ်နိုင်မည့် အဖြေကို သိမြင်သလို သို့မဟုတ် လှေကြီးပေါ် လှေငယ်တင်ခဲ့ရာမှ မသက်သာမှုတို့နှင့်အတူ ရယူခံစားခဲ့မိသူက ကိုဆန်းဝင်းပါ။ မိမိတို့ကိုယ့်အိမ်၊ ကိုယ့်ခြံလေးမှာ ဘဝတူ လယ်ယာထဲမှာ နဖူးက ချွေးမြေခသို့တိုင် လုပ်ကိုင်စားခဲ့ရသလို၊ တစ်နေ့တာ အလုပ်ပန်းချိန် ညစာစားပြီး တူနှစ်ကိုယ် အိပ်စက်အနားယူခဲ့ကြပါတယ်။ ယခုတစ်လော လယ်ထဲမှာ လုပ်ကိုင်နေစဉ်ကပင် ကိုဆန်းဝင်းမှာ စိတ်အတွေးတွေက မအေးသလို လုပ်ငန်း လုပ်ကိုင်နေစဉ် လက်ထဲမှာပင် ချစ်ဇနီးအတွက် တစ်ခုခုခံစားရသလို ကြိုတင် သိမြင်ခြင်း မြင်ယောင်မိခဲ့ရင်းကပင် ဒီကနေ့မှ အိမ်သို့စောစော ပြန်ခဲ့ပြီး ချစ်ဇနီး သီတာဝင်းနှင့် အိပ်ရာအတူ ဝင်ခဲ့ပါပြီကောလား။ မိုးညအချိန်၌ မိုးဖွဲလေးတွေကျ နေလေရဲ့။



၇-၉-၂၀၁၂ရက် ည (၁း၀၀)နာရီခန့် အချိန်က ဖြစ်ပါ၏။ ည (၉း၄၅)နာရီအချိန်ခန့်က အိပ်ပျော်သွားခဲ့သည်။ အိမ်ဦးနတ်ဖြစ်သူ ကိုဆန်းဝင်းမှာ အိပ်ရာမှ ရုတ်တရက် နိုးလာချိန်တွင် ဇနီးဖြစ်သူ မသီတာဝင်း တစ်ယောက် မတွေ့မမြင်ရသဖြင့် စိတ်ထဲမှာ အလွန် အကျဉ်းအကျပ်နိုင်နေစဉ် မိမိတွင် အသင့်ရှိနေသည့် လက်နှိပ်ဓာတ်မီးနှင့် အိမ်ပေါ်တွင် ထိုးကြည့်သော်လည်း မတွေ့မမြင်ရသဖြင့် ကိုဆန်းဝင်းမှာ အိပ်ချင်ယောင် ဆောင်၍နေခိုက် မှာ မကြာမီခဏအတွင်းမှာပင် မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်းမှာ အမှုအရာပျက်ကာ သောက်စရာ ပုံပန်းသဏ္ဌာန်ကို ပါ တွေ့မြင်လိုက်ရပါ၏။ အိပ်ပျော်ချင်ယောင် မဆောင်ခင်က ပင် အိမ်အပြင်ထွက်၍ ချောင်းကြည့်မိပါသေး၏။ အိမ်၏ နောက်ဖေးလမ်းကြားမှ အမြန်ဆုံး ပြန်လာပြီး အိမ်တံခါးဖွင့်ကာ ပြန်တက်လာခဲ့သည့် ဇနီးဖြစ်သူ သီတာဝင်းသည် မည်သို့မျှ မရှိသားနိုင်စရာ အကြောင်းမမြင်။ လင်ငယ်နေခြင်းသာဖြစ်မည်ဟု စိတ်ထဲတွင် စွဲထင်ချက်နှင့်အတူ ကိုယ့်အသည်းတွေ ကွဲမတတ်ခံစားရတဲ့ ချစ်လင် ကိုဆန်းဝင်းအဖြစ် ရင်နင့်အောင် ခံစားရပါပြီကောလား။

ရင်မှာတွယ်ငြိနေတဲ့ ခံစားချက်ဝေဒနာတို့ ချောင်းထဲကရေလို စီးဆင်းခဲ့ရတဲ့ ရက်တွေနဲ့အတူ ထွက်ပေါ်ခဲ့တဲ့ စကားများမှာ–

“မိန်းမရယ် ငါ့ကို အမှန် ပြောစမ်းပါ။ အိမ်မှာ မေးရင်လဲ သမီးကြီးကို အားနာရတယ်။ ငါ့အချစ်ထက် အသစ်ကို မြင်လို့များ မနေ့ညက ငါ့အပေါ်ပြုရက်တာလား။ ငါ့အပေါ် သစ္စာဖောက်ပြီပေါ့”

လို့ ပြောတဲ့အချိန်က လယ်ထဲမှာ လင်မယား နှစ်ယောက်အတူရှိချိန် လယ်လုပ်ငန်းလုပ်ချိန်နေ့ (၁၂)နာရီကျော် အချိန်က တစ်ဖက်ကလည်း ဟင်းစားရှာရန်အတွက် ငါးရှဉ့် ပုန်းထောင်ရန် ကိုဆန်းဝင်းမှာ ဝါးကို ဓားဖြင့် နီးထိုးချိန်ဖြစ်ပါ၏။ တစ်ကြိမ်က နှစ်ကြိမ်အထိ မေးမြန်းနေသည့် ခင်ပွန်းဖြစ်သူ ကိုဆန်းဝင်းအား မကျေနပ်လို့ အံကြိတ်လျက်မှ–

“ကျွန်မ အိမ်အောက်ကို အပေါ့သွားဖို့ဆင်းတာ ကျွန်မကို မဟုတ်မတရား မစွပ်စွဲနဲ့နော်။ ကျွန်မဘယ်သူနဲ့ ဖောက်ပြန်တာ မဟုတ်ဘူး။ ရှင့်မျက်စိနဲ့ မြင်လို့လား။ ကျွန်မ စိတ်ဆိုးလာပြီနော်၊ နောက်တစ်ခါ မေးလာမယ်ဆိုရင်တော့ ကျွန်မ စိတ်ဆိုးတယ်”

ဒီလို ပြောနေချိန်မှာပင် အနီးရှိ နီးဖျာသော ဓားမှာ ခဏ လှဲထားခိုက်ဖြစ်ချိန်တွင်မှ –

“မိန်းမရယ် ငါ မသင်္ကာလို့ မေးတာပါ။ နင်မကျေနပ်လဲ ဟုတ်တယ်ထင်လို့ မေးတာ နင် ဘာပြောမလဲ”

လို့ ကိုဆန်းဝင်းက ပြောလိုက်ချိန်နှင့်အတူ ရုတ်ရက်နှင့်ပင် အနီးရှိ အသွား (၁၁) လက်မ အရိုး(၈)လက်မ ဓားခွေးပါ ဓားတစ်ချောင်းကို ကောက်ကိုင်၍ ခင်ပွန်းကို ခုတ်ရန်ကြံရွယ်ခိုက်မှာပင် ရင်ထဲမှာ အပြည့်မကခံစားချက် နှင့်အတူ





www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူ မသီတာဝင်းထံမှ ဓားကိုအား မာန်အပြည့်နှင့် လုယူပြီး ဒေါသအိုးပေါက်ကွဲလျက်မှ ဘယ်နှစ်ချက်အထိ ခုတ်သတ်လိုက်သည် မသိ လည်ပင်းနှင့်ကုပ်မှ သွေးများထွက်၍ အနီးရှိ ခုံတန်းလျားလေးပေါ်တွင် သေဆုံးသွားခဲ့ပြီက မသီတာဝင်း ပါပေ။ အချစ်ကြီး၍ အမျက်ကြီးခဲ့သူ ကိုဆန်းဝင်းမှာတော့ အချစ်ကို မျှဝေမခံစားသူမို့ လူသတ်မှုတစ်ခုကို ကျူးလွန်လိုက်ပါလေပြီကောလား။

မိမိ၏ လွန်ကျူးမိသည်များကို အသိတရား ရလာသောအခါ လယ်ထဲမှာ ရွာသို့ပြန်လာခဲ့သူ ကိုဆန်းဝင်းမှာ အဖြစ်မှန်ကို ဝန်ခံရန်အတွက် ရွာလူကြီး အုပ်ချုပ်ရေးမှူးကို စုံစမ်းသော်လည်း လယ်ထဲသွားကြောင်း ကြားသိရသဖြင့် ဖုန်းရှိသော ဒေါ်အုန်းကြိုင် နေအိမ်သို့ သွားရောက်ခဲ့ပါသည်။ ရဲစခန်း ဖုန်းနံပါတ်ကိုသိလားလို့ မေးသော ကိုဆန်းဝင်းကို အိမ်ရှင် ဒေါ်အုန်းကြိုင်မှပင်–

"ဟဲ့ ဆန်းဝင်း ဘာဖြစ်လို့ မေးနေတာလဲ နစ်နဲ့ဘာဆိုင်လို့လဲ"

လို့လည်း ပြောလိုက်ပါလေရော–

"ကျွန်တော့်မိန်းမ မသီတာဝင်းကို အိမ်ထောင်ရေးကိစ္စနဲ့ပတ်သက်ပြီး သတ်ပစ်လိုက်ပြီဗျာ၊ ဒါကြောင့် ကျွန်တော် အဖမ်းခံဖို့ပါ။ လုပ်ရဲခံရဲပါတယ်။ ဒါပေမယ့် သူခွေမျိုးတွေ ကျွန်တော့်ကို ဝိုင်းသတ်မှာတော့ ကြောက်တယ်။ ကျွန်တော့်အိမ်မှာပဲ ဒီဓားနဲ့အတူ အဖမ်းခံမယ်၊ ကျွန်တော် ဖုန်းဆက်လိုက်ပြီ။ ကျွန်တော် သွေးမနည်းဘူး။ ကျွန်တော့်အိမ်ကို တံခါးပိတ်မယ်၊ ရဲလာရင်ထွက်ပြီး အဖမ်းခံမယ်"

ဤသို့ဖြင့် ဖုန်းဆက်ပြီး မကြာမီ နာရီအတွင်းမှာပင် ကညွတ်ကွင်းမှ ရဲတပ်ဖွဲ့များ ရောက်ရှိလာခဲ့ကြရာ အိမ်ထဲမှာပင် အဖမ်းခံလိုက်သည်က အခင်းဖြစ်အချိန်၌ ဝတ်ဆင်ထားသော အင်္ကျီ၊ လုံချည်တို့နှင့်အတူ သက်သေခံဓားတစ်ချောင်းနှင့်အတူဖြစ်ပါ၏။ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ် အောင်မင်းထိုက်၊ ရဲတပ်ကြပ်သိန်းဌေးအောင်၊ ရဲဒုတပ်ကြပ် စိုးမိုးဇော် ရဲဒုတပ်ကြပ် သိန်းထိုက်၊ ဖြင့်ပင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်းတို့ ရှေ့မှောက်တွင် အဖမ်းခံလိုက်ပါတော့သည်။

မသီတာဝင်း၏ အလောင်းကို ရဲဆေးစာ ရေး၍ ကညွတ်ကွင်း တိုက်နယ်ဆေးရုံသို့ ပို့လိုက်ပါသည်။

တရားခံ ဆန်းဝင်း(၃၇) နှစ်၊ (ဘ) ဦးချစ်ခင် လယ်လုပ်အား တရားဥပဒေအရ အရေးယူလိုက်ရာ ကညွတ်ကွင်း ရဲစခန်း (ပ) ၁၆၄/၁၂ ပြစ်မှုပုဒ်မ ၃၀၂ အရပင်ဖြစ်ပါတော့သည်။

ငယ်ကချစ် အနှစ်တစ်ရာ ဟုဆိုသော်ငြားလည်း အပြစ် အနာအဆာရှိခဲ့သူ (သို့မဟုတ်) အိမ်ထောင်ရေး ဖောက်ပြန်သူချစ်ဇနီးအပေါ် သတ်ဖြတ်မှုအတွက် ဆိုရပါချေသော် ...

"အချစ်အမုန်ကြောင့် အပြစ်ဒဏ်ခံခြင်း" သာဖြစ်ပါသတည်း။

ရာကျော်

ဖြူးမြို့



www.burmeseclassic.com

www.burmeseclassic.com

တွင်းကြီးသား တင်ဝင်းဦး

# သည်းကြွှာမှု...ဇေး



မြည်ပိုခိုတဲ့
ကောင်မလေးအတွက်
အသက်ထွက်သွားကြသူနှစ်ဦးရဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



"သည်းကြွေလု
...ဆွေး"

တွင်းကြီးသား
တင်ဝင်းဦး

"ဗိုလ်လေး ... ညည့်သည်တွေရောက်နေတယ်။ ဗိုလ်လေးနဲ့တွေ့ချင်လို့တဲ့"

ရဲသား မြင့်ထွန်းက စခန်းမှူး အောင်နိုင်နေသည့် အိမ်အရှေ့ ရပ်ရင်း ပြောလိုက်သည်။ ရဲသား မြင့်ထွန်း အသံကြောင့် စခန်းမှူးသည် လက်မှ နာရီကို ကြည့်လိုက်တော့ မနက်ခင်း ဆယ်နာရီတိတိ။

"အေး ...ဘယ်ရွာကတဲ့လဲ မြင့်ထွန်း ..."

"ကုန်းကြီးရွာကတဲ့ ဗိုလ်လေး"

"အေး ... လာပြီ ..."

ရဲသား မြင့်ထွန်းသည် ပြောရင်းမှ အလေးပြုကာ အချုပ်ခန်းဘေးရှိ အမှုစစ်ရာ နားနေဆောင်ဘက် ပြန်လာသည်။ နားနေဆောင်ရောက်သည်နှင့် ကုန်းကြီးရွာ ရယကအဖွဲ့နှင့် အခြားလူ သုံးဦးကိုပြောလိုက်သည်။

"ထိုင်ကြပါဦး - ဗိုလ်လေးလာတော့မှာပါ"

ဟု ပြောလိုက်ရင်း ရေနွေးအိုးနှင့် ဆေးလိပ်ခွက်ကို စားပွဲပေါ် တင်ပေးလိုက်သည်။ ဥက္ကဋ္ဌဖြစ်သူ ကိုကျော်မြင့်က-

"ဟုတ်ကဲ့"

ဟု ပြောရင်း ဝန်းကျင်ကို အကဲခတ်နေမိသည်။ ဝန်းကျင်သည် နေရောင်အောက်တွင် လင်းလက်နေသည်။ ရဲစခန်း တစ်ခုလုံး ပန်းပင်တွေ၊ စားပင်တွေနှင့် လှပနေသည်။ ဆောင်ပုဒ်များရေးထားသည့် ဆိုင်းဘုတ် အပြာလေးများ သည်လည်း အပြည့်။

ဥက္ကဋ္ဌ ကိုကျော်မြင့်ငေး ကြည့်နေဆဲ စခန်းမှူး အောင်နိုင် ရောက်လာသည်။ စခန်းမှူး လက်ထဲမှာ မှတ်တမ်းတင် စာအုပ်နှင့် စက္ကူဖြူတွေ ပါလာသည်။ စခန်းမှူးသည် စားပွဲထိပ်မှ ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး စာရေးကြီး ကိုကြည်ဝင်းနှင့် အခြား ရဲဘော်သုံးဦးလည်း အနားမှာ ရပ်နေသည်။

"ကုန်းကြီးရွာကဆို.."

"ဟုတ်ပါတယ် စခန်းမှူး၊ ကျွန်တော်က ကုန်းကြီး ဥက္ကဋ္ဌပါ"

"ကဲ.. ဘာကိစ္စလဲ"

"ဒီလိုပါ စခန်းမှူး ဆိုင်ကယ်တိုက်မှုဖြစ်လို့ပါ"

"ဩော် ဘယ်သူက ဘယ်သူ့ကိုတိုက်တာလဲ။ အတိုက်ခံရတဲ့သူကရော ဘယ်လိုနေလဲ။ အမည်က ဘယ်သူလဲ"

စခန်းမှူးက မေးရင်းနှင့် အမှုတွဲယူမည့် စာရေးကြီး ကိုကြည်ဝင်းကို မေးငေါ့ပြလိုက်သည်။ စာရေးကြီးသည် ထုံးစံအတိုင်း စာရွက်လေးငါးရွက်ကို ယူပြီး အမှုသွား အမှုလာကို ရေးမှတ်ရန် ပြင်နေသည်။

"ဘယ်သူက ဘယ်သူ့ကို တိုက်တာလို့ ပြောမရပါဘူး စခန်းမှူး၊ အချင်းချင်း စိန်ခေါ်ပြီး တိုက်ကြတာလို့ သိရပါတယ် စခန်းမှူး"

"ဗျာ"

ဥက္ကဋ္ဌ၏ နှုတ်ကထွက်သည့် အကြောင်းအရာတို့ကြောင့် စခန်းမှူးအပါအဝင် အခြား ရဲသားများပါ မျက်လုံးပြူး သွားရတော့သည်။ အားလုံး အံ့



www.burmeseclassic.com

www.burmeseclassic.com



အားသင့်သွားတော့သည်။ ဘယ် နယ့် ...။ ချိန်းပြီးရိုက်တယ်။ ချိန်းပြီးရန်ဖြစ်ကြတယ်လို့ကြား ဘူးသည်။ ခုကော့ ချိန်းပြီး စိန် ခေါ်ပွဲအဖြစ်ဆိုင်ကယ်ချင်းတိုက် ကြရသတဲ့လား''

''ဟုတ်တယ် စခန်း မှူး။ နှစ်ယောက်စလုံး သေပြီ လို့ ထင်ရတာပဲ''

BURMESE CLASSIC .com

''ဟင် ...''

ထပ်ဆင့် ပြောလာ သည့် ဥက္ကဋ္ဌစကားကြောင့် ပို၍ အံ့အားသင့်ရသူက စခန်းမှူး အောင်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ ပင်ဖြစ်ရချေပြီ။

''ကဲ ... ကဲ... ကုန်းကြီးကို သွားကြရအောင် ... ဒါ အမှုကြီး။ ပြီးတော့ဖြစ် ရပ်က ထူးဆန်းနေတယ်။ ကျွန် တော် ဒီမြို့နယ်ကို ပြောင်းလာ တာ ခြောက်လရှိပြီ။ နယ်မြေ က အေးချမ်းတယ်။ ဆဲမှု၊ ရန် ဖြစ်မှုလောက်ပဲရှိတာ။ ခုတော့ မကြားဝံ့မနာသာ .. တောက်''

မကျေမနပ် ပြောနေ သည့် စခန်းမှူး အောင်နိုင်။ ရင်ထိတ်စွာနှင့်ပင်ပြောရင်းသူ တပည့် နှစ်ယောက်နှင့်အတူ ကုန်းကြီးရွာဘက်ဆီ ဆိုင်ကယ် ကိုယ်စီနှင့် ထွက်ခဲ့လေပြီ။

❀❀❀❀❀

စခန်းနှင့် ကုန်းကြီးက ငါးမိုင်ခန့်ဝေးသည်။

ကြားထဲမှာ ရွာနှစ်ရွာ ကိုဖြတ်ကြရပြီး လမ်းကောင်း သည်။ ထိုရွာများမှတစ်ဆင့် ကုန်းကြီးရွာဆီသို့ သုံးမိုင်ခန့်စီးရ သေးသည်။ နွေဦးကာလဖြစ်၍ လမ်းကသာသည်။ ဖုတ်ကျင်းအ နည်းငယ်သာရှိပြီး သာယာ သည်။ တစ်နာရီခန့် စီးပြီးသည့် နောက် ကုန်းကြီးရွာကို ရောက် ခဲ့ကြသည်။

ကုန်းကြီးရွာသည် မြို့ နယ်၏ အနောက်ဘက်ခြမ်း၌ရှိ ပြီး ရွာကြီးသည်။အိမ်ခြေတစ် ထောင်နီးပါးရှိသည်။ ဂျုံစိုက် ခြင်း၊ ပဲအမျိုးမျိုးစိုက်ခြင်းကို စီး ပွားဖြစ် လုပ်ကိုင်ကြသည်။ တောင်သူဦးရေများပြီး အလုပ် သမားနည်းပါးသည်။ အလုပ်သ မား အချို့ကလည်း ရသည့်ဝင် ငွေနှင့် မစားလောက်၍ အခြား ဒေသများသို့ အလုပ်ထွက်လုပ် ကြ၊ ရွာကိုပြန်ပြီး လာကြနှင့် အသက်ရှူ ချောင်နေကြသည်။

ပြီးတော့ လမ်းပန်း ဆက်သွယ်ရေး ကောင်းသည်။ သည်တော့ အဆင်ပြေကြသည်။ အိမ်တိုင်း စက်ဘီးနှင့် ကက် ဆက်နှင့်။ ရွှေတွဲလဲ၊ ငွေတွဲလဲ။ နောက် ဆိုင်ကယ်တွေကလည်း တောင်သူအိမ်တိုင်းလိုလိုရှိသည်။

ကုန်းကြီးရွာကို ဝင် တော့ ဆယ့်တစ်နာရီထိုးပြီ။ စ ခန်းမှူးနှင့်အဖွဲ့သည် ရုံးကို ဦး စွာ ဝင်သည်။ စားပွဲ၌ မျက်နှာ ချင်းဆိုင်၊ ထိုင်သည်။ စာရေး ကြီးကို ကြည့်ဝင်းရော စခန်းမှူး ပါ မှတ်တမ်းစာအုပ်များ ထုတ် လိုက်ကြသည်။

''ကဲ ဥက္ကဋ္ဌ ခင်ဗျားသိ တာ အရင်ပြောဗျာ၊ အပြီး

> ❝ ကဲ... ကုန်းကြီးကို သွားကြရအောင်၊ ဒါအမှုကြီး။ ပြီးတော့ ဖြစ်ရပ်က ထူးဆန်းနေတယ် ❞



www.burmeseclassic.com

www.burmeseclassic.com



ဖျဉ်းပေါ့။ ပြီးတော့မှ အသေးစိတ်ကို ကျွန်တော်တို့ စုံစမ်းမယ်။ ပြီးရင်း အခင်းဖြစ်ခဲ့တဲ့ နေရာသွားကြမယ်။ ဩော် အခင်းဖြစ်တဲ့နေရာက အဝေးဝေးသလား"

"ဟုတ်ကဲ့၊ ရွာနဲ့ နှစ်မိုင်ပဲဝေးတဲ့ ပခုက္ကူ ချောင်းဦး ကားလမ်းပေါ်မှာပါ။ သိပ်ပြီး မဝေးပါဘူး"

"ဟုတ်ပြီ၊ ကဲ–ပြော"

"ဟုတ်ကဲ့ အချင်းဖြစ်တဲ့ ကလေးနှစ်ယောက် အမည်က ကျော်မောင်နဲ့ မြအေးပါ။ ကျော်မောင်က ဒီရွာသားဖြစ်ပြီး၊ မြအေးက သရက်တောသားပါ"

BURMESE CLASSIC .com

"သူတို့ နှစ်ယောက် ဘာအကြောင်းကြောင့် ခုလိုဖြစ်ရတယ် ထင်သလဲ ဥက္ကဋ္ဌ"

စခန်းမှူး အောင်နိုင်၏ အမေးကို အဖွဲ့ဝင် မြသောင်းက ဝင်ဖြေသည်။

"ဟုတ်ကဲ့ ကျွန်တော်တို့ အကြမ်းဖျဉ်း သိထားတာက မိန်းကလေး ကိစ္စလို့ ထင်ပါတယ်"

သည်တော့ မဲ့ပြုံးတစ်ချက် ပြုံးရင်း ကြေကွဲစွာ ပြောလိုက်သူက စခန်းမှူးအောင်နိုင်။

"ဟုတ်ကဲ့ ထင်ထားပါတယ်။ ဒီအရွယ်တွေက ဒီကိစ္စနဲ့ အရက်သောက်ကြတယ်။ ဒီကိစ္စနဲ့ ရန်ဖြစ်ကြတယ်။ သွေးထွက်သံယိုဖြစ်ကြတယ်။ အချင်းချင်း သေရဲ သတ်ရဲတဲ့ သတ္တိတွေ ထားကြတယ်။ ပြောရမယ်ဆိုရင် အမှောင်ပေါ့ဗျာ။ အဲ.. အချစ်လို့ပဲပြောလို့ရတာပေါ့"

စခန်းမှူးနှင့် ဥက္ကဋ္ဌ အဖွဲ့ စကားပြောနေစဉ်အတွင်း အသက်ခြောက်ဆယ်နီးပါး လင်မယားနှင့် ဆွေမျိုးများဖြစ်ဟန်တူသည့် အဖွဲ့ရောက်လာကြသည်။ အဘိုးကြီးနှင့်အဘွားကြီးသည် ကျော်မောင်၏ မိခင်နှင့်ဖခင်ဖြစ်ကြောင်း စခန်းမှူး နားလည်လိုက်သည်။ နောက်က ပါလာသည့် လူလတ်ပိုင်းနှင့် အမျိုးသမီးများသည် ညီအစ်ကိုမောင်နှမတစ်တွေဖြစ်ဟန်တူသည်။

"အီး.. ဟီး.. ဟီး ဟီး"

အဘွားကြီးသည် ဘာမပြောညာမပြောနှင့် ချုံးပွဲချငိုချလိုက်သည်။ အဘွားကြီးငိုတော့ အဘိုးကြီးသည် အဘွားကြီးအား ချော့နေရင်းမှ သူကိုယ်တိုင် မျက်ရည်စမ်းစမ်းနှင့် ကျိတ်ပြီး ငိုနေရှာသည်။ စခန်းမှူး အောင်နိုင်ကတော့ တရားခံဘယ်သူလဲ၊ တရားလိုက ဘယ်သူလဲဆိုတာ တွေးရင်းရှိသည်။

"ကဲ အဖေနဲ့ အမေ မောင်ကျော်မောင်ဟာ ဦးတို့ရဲ့ သားပေါ့နော်"

"ဟုတ်ပါတယ် ဆရာလေးရယ်၊ ကျုပ်တို့ရဲ့ အငယ်ဆုံးသားပါပဲ"

အဘိုးကြီး၏ အသံများက သားဖြစ်သူ အတွက် လုံးဝ ကြေကွဲသည့် ခံစားချက်များနှင့် တုန်ခါနေရှာသည်။ အဘွားကြီးသည် ဘာမျှဝင်မပြောနိုင်ရှာ။ ငိုကြွေးရင်းနှင့်သာ ခေါင်းငုံ့နေသည်။ ဩော် သားသမီးအတွက် ကျနေရသည့် မိဘများ၏ မျက်ရည်များကို သရုပ်ခွဲရင်း စခန်းမှူးငြိမ်သက်နေသည်။

"ကဲ သိတာလေး ပြောပြပါဦး"

"သား.. သားလေး ဘယ်သူနဲ့မှ ရန်သူမရှိခဲ့ဘူး။ အ



www.burmeseclassic.com

www.burmeseclassic.com



သောက်အစားကတော့ သောက်တယ်။ ကျူပ် ထင်တာတော့ ရည်းစားကိစ္စနဲ့ တူပါရဲ့ ဆရာလေးရယ်''

အဘိုးကြီး စကား အဆုံး ဝင်ပြောလာသူက ဥက္ကဋ္ဌ။

''ဟုတ်တယ် ဗိုလ်လေး။ ရည်းစားအတွက်ပါပဲ။ တကယ်တော့ ကောင်မလေး အမည်က မြည်ိုတဲ့။ ကောင်မလေးက သရက်တောရွာက။ အချင်းဖြစ်တဲ့ မြအေးတို့ရွာက''

''ဪ ဒါနဲ့ မြည်ိုက ဘယ်သူ့ အချစ်ကို လက်ခံလို့ ဘယ်သူ့အချစ်ကိုငြင်းပယ်ခဲ့တာလဲ။ ဒါမှမဟုတ် မြည်ိုက နှစ်ယောက် စလုံးကို အဖြေမပေးသေးဘဲနေခဲ့သေးသလား။ နှစ်ယောက်စလုံးကို အရှုံးလုပ်ခဲ့သေးလား။ ပြီးတော့ မြည်ိုရဲ့အကျင့်စရိုက်ကရော ဘယ်လိုနေသလဲ''

''ဟုတ်ကဲ့ ... ကောင်မလေးက အကျင့် စာရိတ္တကောင်းတယ်။ ရိုးသားပါတယ် ဗိုလ်လေး။ ဖြစ်နေတာက မြည်ိုက ကျော်အောင်ရဲ့ အချစ်ကို လက်ခံတယ်။ မြအေးရဲ့ အချစ်ကိုလက်မခံဘူး။ ဒါနဲ့- ဒီကောင်တွေ အချင်းချင်း''

''ဟုတ်ပြီ နားလည်ပါပြီ ဥက္ကဋ္ဌ။ ကဲ အချင်းဖြစ်နေရာကိုသွားကြည့်ကြရအောင်''

''ဟုတ်ကဲ့ အချင်းဖြစ်နေရာကို ရာအိမ်မှူးရော ဆယ်အိမ်မှူးတွေပါ စောင့်နေကြပါတယ် ဗိုလ်လေး''

''သွားကြစို့''

အချင်းဖြစ်နေရာအား ဆိုင်ကယ်ကိုယ်စီနှင့်ထွက်ခဲ့ကြသည်။ စခန်းမှူး အပါအဝင် စာရေးကြီး ကြည်ဝင်း၊ ရဲသားမြင့်ထွန်း။ ပြီးတော့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်၊ စာရေးနှင့် ရွာထဲမှကာလသား ခေါင်းဆောင်အချို့။ ပြီးကျော်မောင်ဘက်က မိဘနှစ်ပါး၊ ဆွေမျိုးအချို့။ အားလုံးဆိုင်ကယ် ကိုယ်စီနှင့်။ နှစ်ယောက်ပို့၊ သုံးယောက်ပို့ အထိ။

သူတို့ ဦးတည်နေသည်က အချင်းဖြစ်ရာနေရာ ကားလမ်းပေါ်သို့-။

⁂⁂⁂⁂⁂

စခန်းမှူး အောင်နိုင်သည် အချင်းဖြစ် နေရာရောက်သည်နှင့် တောရကျောင်း၏ ဝန်းကျင်၊ ပဲခင်းစောင့်တဲနှင့် ထန်းတဲများ၏ အခြေအနေကို အကဲခတ်ကြည့်သည်။ အချင်းဖြစ်နေရာသည် တောရကျောင်း အရှေ့ဘက် လမ်းအချိုးမှာ။ ကားလမ်းပေါ်မှာ။ ကားလမ်း၏ အနောက်ဘက်ခြမ်းမှာ။

စခန်းမှူးနှင့် အဖွဲ့သည် အခြေအနေနှင့် ဝန်းကျင်။ ပြီးတော့ လဲကျနေသည့် အလောင်းနှစ်လောင်းနှင့် ဆိုင်ကယ် နှစ်စီး။ စခန်းမှူးသည် စူးရှသော မျက်လုံး။ သစ်လွင်သော အတွေးများနှင့် နားရော မျက်စိပါမက ဦးနှောက်ကိုပါ အလုပ်ပေးနေသည်။ မျက်လုံးများသည် ရစရာမရှိအောင် ကျိုးပဲ့ ပျက်စီးနေသည့် ဆိုင်ကယ်နှစ်ဦးနှင့် သွေးအိုင်ထဲမှ အလောင်းနှစ်လောင်း။ သွေးတို့သည် ဘေးကိုပန်းထွက်နေ၏။ ကားလမ်းပေါ်မှာ လူမြင်မကောင်း။ ပြီးတော့ ဆိုင်ကယ်မှ ထွက်လာသည့် အကျိုးအပဲ့တွေကပြန့်လွင့်နေသည်။ ခေါင်းဆီနှင့် အောက်ဆီတို့ဟု ယူဆရသည့် ဆီများသည်လည်း အပျက်အစီးကြားမှ သွေးများ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ ...။

"ကိုမြင့်ထွန်း ဓာတ်ပုံရိုက်ကြတော့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဘေးဝဲယာ –ထောင့်စုံကနေပြီး ရိုက်တော့"

"ဟုတ်ကဲ့ဆရာ"

ရဲသား မြင့်ထွန်းသည် ထောင့်ပေါင်းစုံမှ ရိုက်သည်။ ခြောက်ပုံခန့် ရိုက်ပြီး တောရကျောင်း၊ ပဲခင်းစောင့်တဲ၊ ထန်းတော၏ အကွာအဝေးများကိုပါ အနီးအဝေးချိန်ဆပြီးရိုက်သည်။ စာရေးကြီး ကြည်ဝင်းက မှတ်တမ်းပြုစုနေ၏။

ကျော်မောင်၏ မိဘနှစ်ပါးနှင့် အမျိုးသမီးအချို့ခမျာ အလောင်းများကို ကြည့်ရဲဟန်မတူ။ အချင်းဖြစ်နေရာနှင့် ဝါးငါးပြန်အကွာရှိ ညောင်ပင်အောက်မှာ ထိုင်ကြ ကြည့်ကြရင်းနှင့် ငိုရှိုက်နေကြသည်။ ငိုသံများက စခန်းမှူး နားထဲ အတိုင်းသား။

"ကဲ.. ဥက္ကဋ္ဌ ... ဒီမြောက်က နေပြီး တောင်ဘက်ကို ဦးတည်လာထားတဲ့ ဂျားလင်းဆိုင်ကယ်က ဘယ်သူ့ဆိုင်ကယ်လဲ။ နံပါတ်တော့မပါဘူး"

စခန်းမှူးက ဥက္ကဋ္ဌဖြစ်သူကိုမေးလိုက်သည်။ ကုန်းကြီးဥက္ကဋ္ဌက ဖြေဖို့စဉ်းစားဆဲ၊ သရက်တောရွာက ရယကအဖွဲ့ရောက်လာသည်။ ထိုအချိန် ကုန်းကြီးဥက္ကဋ္ဌ၊ သရက်တောဥက္ကဋ္ဌကိုကြည့်ရင်း–

"ဟုတ်ကဲ့ဗိုလ်လေး၊ ဒီဆိုင်ကယ်က ကျော်မောင်ဆိုင်ကယ်ပါ။ ဆိုင်ကယ်ဘေးက အလောင်း၊ ဂျင်းဘောင်းဘီစွပ်ကျယ်အပြာနဲ့လူက ကျော်မောင်ပါ"

"ဒါဖြင့် တောင်အရပ်ကနေမြောက်အရပ်ကို ဦးတည်ထားတဲ့ ဒီဆိုင်ကယ်က သရက်တောက မြအေးဆိုင်ကယ်ပေါ့။ ပြီးတော့ ရှေ့ပင်ဝတ်ထားပြီး စွပ်ကျယ်အညို ဝတ်ထားတဲ့ အလောင်းက မြအေး အလောင်းပေါ့"

"အားလုံး မှန်ပါတယ် ဆရာ။ ဟို အလောင်းက ကျော်မောင်။ ဒီအလောင်းက မြအေးပါ"

ပင်ရောက် ပြောသူက သရက်တောဥက္ကဋ္ဌ။ စခန်းမှူး

66 အချင်းဖြစ်ရခြင်းသည် အပြိုင်မူးကြရင်းနှင့် ရေခပ်မကြဲ၊ ထင်ခွေကြဲခဲ့ကြခြင်းဖြစ်ပြီး ဆိုင်ကယ်ကို အပြိုင်တိုက်ကြတာပဲ ဖြစ်မည် ၉၉

သည့် အသေအချာ လေ့လာ
သည်။ တစ်နာရီနီးပါးရှိပြီ။ အ
အချင်းဖြစ် ပြဿနာက သေ
သေခင်းဖွင့်ရုံသာ။ နှစ်ဦးစလုံးက
တရားခံ။ နှစ်ဦးစလုံးက တရာ
လို။ မှန်သည်။ ဖြစ်စဉ်ကရှင်း
ပါသည်။ နှစ်ဦးစလုံးက မြညို
သည့် ငိန်းကလေးကို အပြိုင်
မေတ္တာမျှကြမည်။ မြညို
ကျော်မောင်နဲ့ အဆင်ပြေတယ်
မြညိုနှင့်ကျော်မောင် အဆင်
တော့ အဆင်မပြေတဲ့ မြအေး
သူတို့နှစ်ဦးအပေါ် ကျေနပ်မ
မဟုတ်။ နှစ်ယောက်အပေါ်
တာထက် မြညိုထက် ပြိုင်ဘ
ကျော်မောင့်အပေါ်ပိုပြီး နာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြစ်မည်။ ဒေါသဖြစ်မည်။ အလုပ်တူရန်သူ။ ရည်းစားလုလု အုနုကျွဲခတ်မဟုတ်လား။

သည့်တော့ အရက်သောက်ကြမည်။ သောက်ကြတော့ တစ်နေ့မတွေ့ တစ်နေ့ နှစ်ဦးသား တွေ့ကြမည်။ ယခု အချင်းဖြစ်ရခြင်းသည် အပြိုင်မူးကြရင်းနှင့် ရေခပ်မကြုံထင်းခွေကြုံခဲ့ကြခြင်းဖြစ်ပြီး။ ဆိုင်ကယ်ကို အပြိုင်တိုက်ကြတာပဲဖြစ်မည်။ တွေးရင်းနှင့်ချာချာလည်အောင်မူးသွားသည့်အထိ စခန်းမှူး စဉ်းစားဆဲ။

သိသင့် သလောက်လည်း သိပြီးပြီ။ ဓာတ်ပုံရော မှတ်တမ်းတင်ပြီးပြီ။

"ကဲ ဆရာကြည်ဝင်းနဲ့ ဥက္ကဋ္ဌနှစ်ယောက်လုံး ဟောဟိုပဲခင်းတဲအစောင့်ရယ်၊ ထန်းတောထဲနေတဲ့ ထန်းသမားတွေ အားလုံးခေါ်ခဲ့။ ပြော် ဒီသရက်တောက အဖွဲ့ဝင်နဲ့စာရေးက ဒီအလောင်းနဲ့ ဆိုင်ကယ်တွေ သယ်ရအောင် စီစဉ်ပေးပါဦး။ မြို့ကိုပို့လိုက်ကြတော့"

"ဟုတ်ကဲ့ဗိုလ်လေး။ ကျွန်တော်တို့ အခုရန်သင့်စီစဉ်ပြီး သွားပါ" ဟု သရက်တောအဖွဲ့ဝင်ကပြောရင်း ဥက္ကဋ္ဌဖြစ်သူကို မေးငေါ့ပြရင်း ဆယ်အိမ်မှူးများနှင့် ရွာဆီပြန်သွားကြသည်။ ဆရာ ကြည်ဝင်းနှင့်အတူ ဥက္ကဋ္ဌနှစ်ယောက်သည် တဲများဆီ ထွက်သွားကြသည်။

"ပြော် ဆရာကြည်ဝင်း သူတို့ကို သရက်တောရုံးကို ခေါ်ခဲ့"

"ဟုတ်ကဲ့ဆရာ"

နောက်တွင်တော့...

စခန်းမှူးသည် ရဲသားမြင့်ထွန်းနှင့် သရက်တောဆီပြန်ခဲ့ကြသည်။ အလောင်းစောင့်ရန် အခြားသူများကို ထားခဲ့သည်။ စခန်းမှူးနှင့်အတူ ကျော်မောင်ဘက်ကဆွေမျိုးတွေနှင့်မြအေး ဘက်က ဆွေမျိုးအချို့ ပြန်လိုက်လာသည်။တကယ်တော့သရက်တောမှ မြအေး၏ မိဘနှစ်ပါးနှင့် ဆွေမျိုးများသည် စခန်းမှူးတို့ မလာခင်ကတည်းက တောရကျောင်းဘေးရှိ ညောင်ပင်ကြီးအောက်မှာ ရောက်နေကြသည်ကို သတင်းရပြီးသား။

သေသူကွဲ့ သေသွားကြပြီ။ အဲ -- ကျန်ရစ်သူတွေ အချင်းချင်း သားသမီးစိတ်နှင့် အချင်းထပ်ဖြစ်မှာစိုးနေသူက စခန်းမှူး အောင်နိုင် ...။

ရုံးအတွင်း ဝင်လိုက်သည်နှင့် သရက်တောမှ ရာအိမ်မှူး နှစ်ဦးနှင့် ဆယ်အိမ်မှူးအချို့ ပြီးတော့ မီးသတ်တပ်ဖွဲ့ဝင်များ။ စာကြည့်တိုက်မှူးအပါအဝင် လူငယ်အချို့လိုက်လာသည်။ ရုံးအတွင်းမှာရော ရုံးအပြင်မှာပါ လူတွေက အပြည့်။ ပြော် ရိုက်မှုနှိုက်မှု လူသတ်မှု မဟုတ်လည်း ဆိုင်ကယ်ချင်းခေါင်းချင်းဆိုင်ပြီး တိုက်ကြသည့် အမှုဆိုတော့ တစ်နယ်လုံး သတင်းက ပြန့်နေလောက်ပြီ။

"ကိုမြင့်ထွန်း စက်နဲ့ မြို့နယ်မှူးကို သတင်းပို့။ ပြီးတော့ ဥက္ကဋ္ဌတွေကို ထူးခြားဖြစ်စဉ် တင်နိုင်းမယ်"

"ဟုတ်ကဲ့"

ဟုပြောရင်း ရဲသားမြင့်ထွန်းသည် စက်နှင့် မြို့နယ်မှူးထံ သတင်းပို့ပြီး မယက ဥက္ကဋ္ဌထံ အကျိုးအကြောင်း တင်ပြလိုက်သည်။ ကိုမြင့်ထွန်း စက်နှင့် စကားပြောနေစဉ် အ



www.burmeseclassic.com

www.burmeseclassic.com



တွင်း ပဲခင်းစောင့် လင်မယား နှင့် ထန်းသမား လင်မယား၊ ပြီးတော့ သူတို့၏ သမီး နှစ်ယောက် ဝင်လာကြသည်။ စခန်းမှူး ထန်းသမား လင်မယားနှင့် ပဲခင်းစောင့် လင်မယားကို အကဲခတ်သည်။ ပဲခင်းစောင့် လင်မယားသည် အသက် သုံးဆယ်ကျော်ခန့်။ ထန်းသမားလင်မယားက လေးဆယ်နီးပါးလေး ဆယ်ကျော်တွေ။

"ထိုင်ပါ"

စခန်းမှူးက ညွှန်ပြလိုက်သည်။ ခေါင်းညိတ်အဖြေပေးရင်း သူတို့အားလုံး ခုံတွေမှာ ဝင်ထိုင်သည်။ ဆရာကြည်ဝင်းနှင့် သရက်တော ဥက္ကဋ္ဌသည် မယကာသို့ ထူးခြားဖြစ်စဉ် တင်ရန် ရေးနေပြီ။ စခန်းမှူးအောင်နိုင်သည် စတင်ပြီး မေးလိုက်၏။

"ခင်ဗျားတို့က ပဲခင်းစောင့်တွေနော်"

"ဟုတ်ကဲ့"

"အမည်တွေက. ."

"ကျုပ်က ကိုဒေါင်း၊ သူက အေးလှ"

"သရက်တောကပဲလား"

"ဟုတ်ကဲ့ အနောက်ပိုင်းကပါ"

"ဟုတ်ပြီ ခင်ဗျားတို့က ဘယ်ရွာကလဲ"

စခန်းမှူးက ထန်းသမား လင်မယားကို မေးလိုက်သည်။

"ကျုပ်အမည်က အေးလှိုင်၊ သူက တင်ရှို။ ဒါ ကျုပ်ရဲ့ သမီးနှစ်ယောက်ပဲ။ အကြီးမက ထွေးထွေး၊ အငယ်က မအေး"

"ဘယ်ဇာတိလဲ"

"ရေစကြိုနယ်ကပါ ... တောင်ဦးက"

"ဟုတ်ပြီ။ ဒါတွေမေးရတာ တာဝန်အရပါ။ ကျွန်တော်တို့ သိချင်တာ မေးမယ်။ အခု ဆိုင်ကယ်ချင်းတိုက်တာက ခင်ဗျားတို့ တဲနှစ်တဲနဲ့ သိပ်မဝေးဘူး။ ဟောဒီ ကိုအေးလှိုင်ရဲ့ ထန်းတဲနဲ့ ပိုနီးတယ်။ ဒီတော့ ခင်ဗျားတို့ သိသမျှလေးမြင်သမျှလေးပြောပြပေးပါ"

ထန်းသမား မဖြေသေး။ ဖြေရန် စဉ်းစားနေသည့်သဘော။ ထိုအချိန်ဖြေသူက ပဲခင်းစောင့် ကိုဒေါင်း။

"ကျုပ်တို့ ဘာမှ မသိပါဘူးဆရာ။ မနေ့ညက ကျုပ်ကလေး နေမကောင်းလို့ လင်မယား နှစ်ယောက်စလုံး ရွာထဲပြန်အိပ်ကြပါတယ်။ အခုလို ဆိုင်ကယ်ချင်း တိုက်ကြတယ်ဆိုတာ ခုမနက် သုံးနာရီလောက်မှ ကြားရတာပါ"

စခန်းမှူးသည် ကိုဒေါင်း ဖြေသည်ကို နားထောင်ရင်း ခေါင်းတညိတ်ညိတ်။

"ကဲ ကိုအေးလှိုင် ပြောပါ။ ကိုဒေါင်း ပြောတာကတော့ ရှင်းနေတာပဲ"

"ဟုတ်ကဲ့ အချင်းမဖြစ်ခင်က ကျုပ် ထန်းမတက်သေးဘူး။ တင်ရှိုက ထမင်းအိုးတည်နေတာ။ အချိန်ကတော့

> "ကုန်းကြီးကို
> ကျောင်းတက်ရင်းနှင့်
> တစ်ဦးနှင့် တစ်ဦး
> ငြိစွန်းခဲ့သည်က
> ကျော်မောင်နှင့် မြညို"



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိတော့ဘူး။ ကျူပ် ထန်းမတက်ခင်းမှာ မနေ့ညနေက လက်ကျန်ထန်းရည်ကို မြအေးလာပြီးသောက်ပါတယ်''

''ရှင်းအောင် ပြောပါ ကိုအေးလှိုင်''

''ဒီလိုပါ။ မြအေးက ဒီသရက်တောက လူချမ်းသာပါ။ တစ်ဦးတည်းသော သားပါ။ တက္ကသိုလ်က ဘွဲ့ရခဲ့သူလို့ သိရပါတယ်''

''ဟုတ်ပြီ''

''နောက်တော့ ဘွဲ့ယူပြီး ဝန်ထမ်း မလုပ်တော့ဘဲ တောင်သူလုပ်ငန်းဝင်လုပ်နေပါတယ်။ တစ်ဦးတည်းသားလဲဖြစ်၊ မိဘက အလိုလဲ လိုက်ဆိုတော့ အရက်သောက်၊ ထန်းရည်သောက်ပါတယ်။ ပြောရရင် ညနေတိုင်း ကျူပ်ဆီလာပြီး ဆိုင်ကယ်နဲ့ ထန်းရည် တစ်လုံးသောက်နေကြပါ''

''မြအေးက ပင်စင်လာသောက်သူပေါ့။ ကဲ ဆက်ပါဦး''

''ဒါနဲ့ မနေ့ ညနေက မြအေးဟာ သူ့ထန်းရည်ကို ကုန်အောင် မသောက်နိုင်ပါဘူး။ ရွာထဲက အရက်သောက်လာပုံရတယ်။ နှစ်ခွက်သုံးခွက်ပဲ သောက်ပြီး ကိစ္စရှိလို့ ပြန်မယ်။ ကျန်တဲ့ ထန်းရည် သိမ်းထားပါတဲ့။ မနက်မှ လာသောက်မယ် ပြောခဲ့ပါတယ်''

''ဒီနေ့ မနက်ကျတော့ . . .''

''ဟုတ်– ဒီနေ့ မနက်ခင်း၊ ဟို အစောကြီးပါ၊ မနက် မနက် လေးနာရီလောက် လာပြီးသောက်တယ်။ အရင် ရက်ကလို အုံးမှုတ်ခွက်နဲ့မဟုတ်ဘူး။ အိုးလိုက်မော့ပြီး သောက်တယ်။ ပြီး ဆိုင်ကယ်နဲ့ ရွာဆီပြန်သွားတယ်''

''အင်း ဟုတ်ပြီး မြအေးမှာ ဘယ်သူနဲ့ တွေ့ကြတယ်။ ဘယ်သူနဲ့ ချိန်းထားတယ်၊ ဘာပြဿနာတွေရှိတယ်လို့ ပြောသွားသေးလဲ''

''ဟုတ်ကဲ့ မြအေးက ဘာမှတော့ ပြောမသွားဘူး။အဲ ကျူပ်သွားမယ်တဲ့။ အရေးကြီးကိစ္စရှိတယ်လို့ပဲ ပြောသွားတာ။ အဲ မကြာပါဘူး။ သူပြန်သွားအပြီး အို နှစ်နာရီကျော်လောက်မှာ ဝုန်း ဒိုင်းဆိုတဲ့ အသံတွေ အော်ဟစ်ကြတဲ့အသံတွေကြားလို့ ကြည့်တော့ မြအေးနဲ့ လူတစ်ယောက် ဆိုင်ကယ်ချင်းတိုက်ပြီးလဲကျနေတာသိရပါတယ်။ အဲဒါ သရက်တောက ဥက္ကဋ္ဌကို စက်ဘီးနဲ့ပြေးပြီးအကြောင်းကြားခဲ့ပါတယ်''

အဖြေက ရှင်းပါသည်။ ကိုအေးလှိုင်သည် ပြောစရာမရှိတော့၍ နှုတ်ပိတ်သွားသည်။

''ကဲ ကျေးဇူးတင်ပါတယ် ကိုဒေါင်းနဲ့ ကိုအေးလှိုင်။ ကဲ ပြန်နိုင်ကြပါပြီ။ အလုပ်ပျက်တာ စိတ်မကောင်းပါဘူး''

စခန်းမှူး အောင်နိုင်က အပြုံးနှင့်ပြောသည်။ ပြီးတော့ ပြန်ခွင့်ပြုလိုက်သည်။ သူတို့တစ်တွေ ရုံးထဲမှ ထွက်မည်အလုပ်. .

''ဩော်–––––လိုအပ်ရင် လာပြီး တွေ့ပါဦးမယ်. . တဲမှာပဲ နေကြပါနော်''

''ဟုတ်ကဲ့ပါ ဆရာ။ အချိန်မရွေး တွေ့နိုင်ပါတယ်။ ကူညီပါ့မယ်''

''အိုကေ''

စခန်းမှူးက လက်ပြ ခေါင်းညိတ်ရင်း ပြောသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြန်သွားကြပြီ။ ထိုအချိန် အလောင်းများနှင့်ဆိုင်ကယ်ကျိုးများကို လှည်းနှစ်စီးဖြင့် ရွာထိပ် ရောက်လာသည်။ သရက်တောတစ်ရွာလုံး။ ရွာလုံးကျွတ် ထွက်ကြည့်နေကြသည်။ ထိုအထဲ မြအေး၏ မိဘများ၊ ဆွေမျိုးအပေါင်းအသင်းများနှင့် ကုန်းကြီးက ကျော်မောင့်ဆွေမျိုးများနှင့် မိဘများ–

သူတို့ သူတို့ တစ်တွေခမျာ..

လှည်းပေါ်က အလောင်း နှစ်လောင်းကို ကြည့်ရင်း ငိုကြွေးနေကြသည်က မြင်ရသူတွေအတွက် ကူးစက်လောင်ကျွမ်းစေခဲ့ပြီကော။

✤✤✤✤✤

မြညို

သရက်တော ရွာသူ။ သရက်တောရွာသည် လူချမ်းသာ ပေါသည်။ လူချမ်းသာစာရင်းထဲမှာ မြညိုတို့ မိသားစုပါသည်။ လယ်ယာတွေ ရှိသည်။ ဆွေမျိုးအုပ်စု တောင့်သည်။ မြညိုက ကုန်းကြီးရွာကိုသွားပြီး အထက်တန်း ပညာသင်ယူခဲ့သည်။ မြညိုတို့ရွာက အလယ်တန်းသာရှိသည်။ မြညို တစ်ယောက် ကုန်းကြီးကို ကျောင်းသွားတက်တော့ မြအေးနှင့် အတူတက်ရသည်။ မြအေးနှင့် မြညိုသည် အတန်းတူ အသက်တူ။ ပြီးတော့ စီးပွားရေးကလည်း အဆင့်အတန်း အတူတူ။ လူချမ်းသာတွေ။

လူချမ်းသာတွေကို တော့ ကလေးနှစ်ဦး ကြိုးစားမှုနှင့် ကျောင်းပြီးလို့ ဘွဲ့ရ။ ဘွဲ့ရပြီးပါက အစိုးရဝန်ထမ်းတွေဖြစ်။ သည်တော့မှ နှစ်ဖက်မိဘများသည် မြအေးနှင့်မြညိုကို ပေးစားမည်။ ဒီအကြံကို နှစ်ဖက်မိဘများသာ သိစေသည်။ ဆွေမျိုးတွေကိုပင် အသိမပေးခဲ့။ အဲ မြအေးနှင့်မြညိုဆိုတာဝေးသေး။ လူကြီးတွေအကြံ လုံးဝမရိပ်မိ။

ကုန်းကြီးကို ကျောင်းတက်ရင်းနှင့် တစ်ဦးနှင့် တစ်ဦး ငြိစွန်းခဲ့သည်က ကျော်မောင်နှင့် မြညို။

ကျော်မောင် ...။

ကျော်မောင်သည် ဘုန်းကြီးရွာ၏ လူချမ်းသာ စာရင်းဝင် မွေးချင်းမောင်နှမ သုံးယောက်အနက် ကျော်မောင်သည် အငယ်ဆုံး။ မိဘများက ပညာကြိုးစားအောင် အလိုလိုက်ခဲ့သည်။ သို့ဖြင့် သူတို့တစ်တွေ ဆယ်တန်းဖြေပြီးကြသည်။ သုံးယောက်စလုံး အောင်ကြသည်။ တက္ကသိုလ်ဆက်တက်သည်။ ဘွဲ့ရကြသည်။ ဖြစ်ချင်တော့ တက္ကသိုလ် ဆက်တက်တော့လည်း အတူတူ။ ဘာသာလည်း အတူတူ။ ဘွဲ့ယူကြတော့လည်း အတူ။

ထိုအချိန် ကျော်မောင်နှင့် မြညိုတို့ အခြေအနေကို သိသူက မြအေး။ ကျော်မောင်ကလည်း မြညိုနှင့် သူ၏ အခြေအနေကို မြအေးအား ရှင်းပြထားပြီးသား။ သို့သော် မြအေးအနေဖြင့် မြညိုအပေါ် အချုံ့... ရှုံး မခံနိုင်ဆိုသော အခါကြောင့် မြညိုကတစ်ယောက်တည်းဖြစ်ဖြစ်၊ ဘယ်သူနဲ့ ဖြစ်ခဲ့ဖြစ်ခဲ့ ရအောင် ယူမည်ဟူသောအသိနှင့် မိဘများကို ပူဆာတော့သည်။

သည်တွင် မြအေးမိဘများက မြညို၏ မိဘများကို အတိအလင်း ကြေညာလိုက်သည်။ သားဖြစ်သူ မြအေးနှင့် မြညိုတို့ မင်္ဂလာပွဲကျင်းပရေး



www.burmeseclassic.com

www.burmeseclassic.com



“ မင်း သတ္တိရှိရင် မြညိုအတွက် ယှဉ်ရဲရင် မနက်ဖြန်မနက် ကိုအေးလှိုင် ထန်းတောကို လာခဲ့ ဆိုင်ကယ်ချင်း ပြိုင်တိုက်မယ် ”

ကိစ္စ။ ဤတွင် မြညိုကို သူမ၏ မိဘများက မြအေးနှင့် လက်ထပ်ရန် နားချတော့၏။ မြညိုက မြအေးနှင့်သူ့ကိစ္စ၊ လူကြီးတွေ အတင်းအကျပ် စီစဉ်နေသည်ကို ကျော်မောင့်အား ပြောပြတော့သည်။

ဤတွင် ... နှစ်ဦး သားတွေ့ကြသည်။

တွေ့သူတွေက ကျော်မောင်နှင့် မြအေး။ သူတို့နှစ်ဦးစလုံး အရက်သောက်ထားကြသည်။ တွေ့ကြသည်က နှစ်ရွာကြား။ ကုန်းကြီးနှင့်သရက်တောရွာကြား။ တစ်ချိန်က ကုန်းကြီးကို ကျောင်းတက်စဉ်က ကျောင်းသွားကျောင်းအပြန် နားသည့်နေရာ။

“ဟုတ်တယ် မြအေး၊ ငါက မြညိုနဲ့၊ ကျောင်းသားဘဝကတည်းက သံယောဇဉ်တွယ်လာတာ။ ငါ မင်းကို ရှင်းပြပြီးသား။ အေး–မင်းက သိရက်နဲ့ ရှေ့တိုးမယ် ဆိုရင်တော့”

“ဒီမယ် ကျော်မောင် သိရက်နဲ့ ရှေ့တိုးတယ်ဆိုတာ မြညိုကို လက်မလွှတ်နိုင်လို့ပဲ”

“ငါကလဲ ငယ်ချစ် မြညိုကို အဆုံးရှုံးမခံနိုင်ဘူး မြအေး”

ထိုရက်က သို့ကလိုနှင့် အဆုံးသတ်ခဲ့သည်။ နှစ်ရက်အကြာ ကျော်မောင်တစ်ယောက် သရက်တောဘက်ထွက်ခဲ့သည်။ သရက်တော မြောက်ဘက်ရှိ ကိုအေးလှိုင် ထန်းတောကိုဝင်သည်။ သောက်သည်။ မြညိုနှင့် ချိန်းတွေ့ခဲ့သည်။ ဒီအကြောင်းကို မြအေး သိသွားသည်။ မြအေး သောက်နေကျ ကိုအေးလှိုင် တောကိုလာပြီး ကျော်မောင် ထန်းရည်သောက်သွားသည်ကို ကြားရသည်။ ဤတွင် ကျော်မောင် အမြန်လိုက်သည်။ ရွာဘေးလမ်းမှာ မီသည်။ ကျော်မောင်ကလည်း ဆိုင်ကယ်နှင့် မြအေးကလည်း ဆိုင်ကယ်နှင့်။

“ဒီမယ် ကျော်မောင် မင်းကလဲ ချမ်းသာတဲ့အကောင် ၊ငါကလဲမင်းလိုအကောင်မျိုးကွ၊ ချမ်းသာတယ်၊ အေး မင်းသတ္တိရှိရင် မြညိုအတွက် ယှဉ်ရဲရင် မနက်ဖြန် မနက် ကိုအေးလှိုင် ထန်းတောကိုလာခဲ့။ ဆိုင်ကယ်ချင်းပြိုင်တိုက်မယ်”

“သြော် ဒီလိုလား”

“ဒီလိုပဲ”

“မင်း စဉ်းစားနော်”

“မလိုဘူး။ မင်းသာ စဉ်းစား။ စပြီးစိန်ခေါ်တာငါကွ။ စဉ်းစားနိုင်းမနေနဲ့”

“ကောင်းပြီလေ မနက် ငါအရောက်လာမယ်”

“ငါ စောင့်နေမယ် ကျော်မောင်”

“မြအေး မင်းစောင့်”

“စောင့်မယ်”

နောက်တော့ လူချင်းကွဲသွားသည်။ ရွာရောက်တော့ ကျော်မောင်ကလည်း အရက်ဆိုင်ဝင်။ မြအေးကလည်း ရွာထဲအရက်ဖိုဝင်။ သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပင်စင်သောက်နေကျ ထန်းတောထွက်သည်။ ထိုညနေက မြအေး တစ်ယောက်ပဲ ထန်းရည်ကို နှစ်ခွက်သုံးခွက်စာသောက်သည်။ ပစ်ထားခဲ့သည်။

နောက်နေ့မနက် မြအေးသည် ကိုအေးလှိုင်တဲမှာ ကျန်ခဲ့သည့် ထန်းရည်ကို မော့ပြီး သောက်သည်။ မူးနေပြီ။ သောက်အပြီး ရွာဆီပြန်ခဲ့သည်။ မြောက်မှတောင်။ရွာဆီ

ထိုအချိန် ပက်ပင်းတိုးသူက ကျော်မောင်။

"ငါ လာပြီ မြအေး"

"အေး လာမှလာပါ့မလားလို့ ကျော်မောင်ရာ"

"မြညို အတွက်ပဲကွာ။ ဘယ်တော့မှ ကတိမပျက်ဘူး"

"ဒါဆိုရင်..."

မြအေးက ဆိုင်ကယ်ကို စက်မရပ်။ အောက်မဆင်းဘဲ ပြောသည်။ ကျော်မောင်ကလည်း စက်မရပ် အောက်ကို မဆင်း။

"ဒါဆိုရင် ... ငါဒီကနေ လမ်းအတိုင်းမြောက်ကိုစီးမယ်။ မင်းကလမ်းအတိုင်း မင်းရွာဆီစီး။ စပြီးစီးတဲ့ အချိန်ကို မှတ်။ စီးတဲ့အချိန်ကနေ ပြန်လှည့်မယ် အချိန်ကတစ်မိနစ်ပဲ။ အေး တစ်မိနစ်ပြည့်ရင်း မင်းက တောင်ကနေ မြောက်ကိုပြန်ခဲ့။ ငါက မြောက်ကနေ တောင်ကို ပြန်ခဲ့မယ်"

"ကောင်းပြီလေ"

"ဒါဆိုရင်"

ကျော်မောင်က လီဗာကိုတင်၊ ဘရိတ်ကိုနင်းထားရင်း မျက်စပစ်လိုက်၏။

"ဝူး ... ဝူး ..."

"ဝူး ... ဝူး ..."

ဆိုင်ကယ်နှစ်စီး လီဗာတင်းသံ။ ပြီး မျက်နှာမူရာအရပ်ဆီ အပြင်းစီးကြသည်။ စီးရမည့်အချိန်က တစ်မိနစ်။ မိနစ်ဆိုသော အချိန်သည် သိပ်မကြာ။ တစ်မိနစ်ဆီ ကျောပေးစီး စပြီး မျက်နှာချင်းဆိုင် ပြန်လှည့်လာခဲ့ကြသည်။ အရှိန်ကပြင်းသည်။ သူတို့နှစ်ဦး ဘာမှမသိကြတော့။ အရက်ဒဏ်၊ ထန်းရည်အရှိန် ပြီးတော့ မြညို၏ မျက်နှာ ...

ပြန်လှည့်လာသည့် ကျော်မောင်နှင့် မြအေး ...

တစ်ယောက်နှင့် တစ်ယောက် မြင်နေကြရသည်။ မ

" သူတို့နှစ်ဦး၏ မျက်နှာ၊ ခေါင်းခြေလက်များ ကျိုးကျေသွားသည်က မြင်ရသူများပင် မူးသွားနိုင်သည့် အဖြစ်မျိုး... အဖြစ်ဆိုး "

ကြာပါ။

"ဝုန်း..."

"ဖြောင်း ..."

"အား ..."

"အား ... "

တိုက်ချက်က ပြင်း။ တိုက်သံများကပြင်း။ ပြင်းထန်သည့်ဆိုင်ကယ်ချင်း တိုက်လိုက်သံသည် ဝန်းကျင်ကို လွှမ်းခြုံသွားသည်။ တိုက်ကြသည့် အသံနှင့်အတူ ဆိုင်ကယ်နှစ်စင်း ကြေကွဲလွင့်စဉ်သွားသည့်အသံများ။ ပြီးတော့ မြအေးနှင့်ကျော်မောင့် အော်သံ။

သူတို့ နှစ်ဦးအော်သံက လူ့ဘဝတစ်ခဏလေးနေရသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်နောက်ဆုံးအော်သံဆိုတာ သူတို့ သိမသွားကြပါ။ ထိုနေရာ၌ပင် ကျော်မောင်ရော မြအေးပါ နှစ်ပတ် သုံးပတ်ခန့်သာ လိုမည့်နိုင်ကြပြီး ပါးစပ်များက တစ်ခဏသာ ညည်းတွားနိုင်ကြသည်။ နောက်ဆုံး လုံးဝ အသက်မဲ့သွားကြသည့် သူတို့ဖြစ်ရပ်။

တကယ်တော့ သူတို့နှစ်ဦး၏ မျက်နှာ၊ ခေါင်းခြေလက်များသည် သူတို့ကိုယ်ခန္ဓာမှာ တွဲလောင်း။ နှစ်ယောက်စလုံး ကျိုးကျေသွားသည်က မြင်ရသူများပင် ရှုသွားနိုင်သည့် အဖြစ်မျိုး။ အဖြစ်ဆိုး . . .။

❀❀❀❀❀

စခန်းမှူးသည် မြို့နယ်မှူးဆီထပ်ဆင့် သတင်းပို့လိုက်ပြီး အမိန့်ကိုစောင့်သည်။ မြို့နယ်မှူးက ဓာတ်ပုံများနှင့် အသေအချာ စစ်ဆေးခဲ့ပြီး အလောင်းနှင့်အတူ မြို့ကို လိုက်လာဖို့ ညွှန်ကြားခဲ့ချေပြီ။

ဤတွင် စခန်းမှူး အောင်နိုင်သည် မြင့်ထွန်းနှင့် မြို့ကို လိုက်ဖို့ပြင်ရသည်။ အလောင်းများ တိုက်သွားသည့် လှည်းနှစ်စီးကို အမီလိုက်ရမည်။ ထို့ကြောင့် ကုန်းကြီးဦးဥက္ကဋ္ဌ၊ သရက်တော ဥက္ကဋ္ဌတို့ကို ခေါ်ပြီး ခရီးဆက်ရန် ပြင်သည်။

ထိုအချိန်၌ အချင်းဖြစ်သူ ကျော်မောင့်မိဘဆွေမျိုးများနှင့် မြအေးမိဘများပါ လိုက်မည်ဖြစ်၍ ဆိုင်ကယ်များသည် ရွာထိပ် ကားလမ်းပေါ်မှာ အပြည့်။

ထိုအချိန်၌ စခန်းမှူး၏ အကြည့်မျက်ဝန်းအစုံမှာ မျက်လုံးများ မှိုမှိုအစ်နေပြီး ရဲမှုည့်အောင် ငိုထားသည့် မိန်းကလေးတစ်ဦးကို သတိထားမိသည်။ မိန်းကလေးကို အသေအချာကြည့်တော့ မိန်းကလေးသည် ခေါင်းငုံ့ထားပြီး ငိုကြွေးနေရှာ၏။ မိန်းကလေးသည် အတော်လှသည်။

"ဥက္ကဋ္ဌ"

"ဗျာ . ."

"ဟိုလူကြားထဲ ငိုနေတဲ့ မိန်းကလေးဟာ မြညိုဆိုတဲ့ မိန်းကလေးပဲ မဟုတ်လား"

"ဟုတ်တယ် စခန်းမှူး"

"ဩော် . . . "

သရက်တော ဥက္ကဋ္ဌဖြေအပြီး၊ စခန်းမှူး အောင်နိုင်၏ ဩော် ဟူသောအသံသည် တိမ်ဝင်နေသည်။ မတိုးမကျယ်။ စိတ်ထဲမှာတော့ မြညိုကြွေကျသွားပြီးဖြစ်သည့်နှလုံးသားသည်းဆိုင်မှ ဝေဒနာများကို သရုပ်ခွဲကြည့်ရင်း အဖြေရှာနေ၏။ တကယ်တော့ မြညိုမှာ အပြစ်မရှိ၊ အပြစ်ရှိသည်က သေသွားတဲ့ ကောင်နှစ်ကောင်။ ဒီကောင်တွေရဲ့အသိ။ အတွေး။ မိုက်ရူးရဲစိတ်။ ပြီးတော့အရက်၊ ထန်းရည်။

ဒီအရာတွေက တရားခံ၊ ပြီးတော့ ဒီကောင်နှစ်ကောင်ရဲ့ ဘဝကုသိုလ်ကံဆုတောင်း။ ဆုတောင်းမကောင်း၍များ . . ။

တွေးရင်း တွေးရင်း မြညိုထံကြည့်သည်။ မြညိုမှာငိုဆဲ။

"ငိုတော့ မိန်းကလေး ငိုတော့ . . ."

တွင်းကြီးသား
တင်ဝင်းဦး



www.burmeseclassic.com

www.burmeseclassic.com



# အဃာတလား ရောဂါလား

မောင်မျိုးသက်(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com



အာယာတလား
လောဘလား
ဟသ်ာတ
မောင်မျိုးသက်

''လူကြီးတွေ ခက်တယ်၊ ကိုယ်ချင်းမစာဘူး။ သူတို့တုန်းကတော့ ကိုယ်ကြိုက်တာ ကိုယ်ယူခဲ့ပြီး သူတို့တွေလဲ မိဘနေရာရောက်ရော မတူဘူး၊ မတန်ဘူး၊ သဘောမတူဘူး ဆိုပြီး ပြောလာတယ်။ ကလေးတွေရဲ့ မေတ္တာတရားကို အလေးမထားကြဘူး။ မကရုဏာဘူး။ တကယ့်ကို မတရားဘူး''

ထွန်းရီ မကျေနပ်ဖြစ်နေသည်။ မကျေနပ်သူမှာ သူ၏ အဖေ ဦးတင်စိုးကို မဟုတ်။ သူ၏ ရည်းစား မစန်းဦး၏ အဖေ ဦးမြဟန်ကို ဖြစ်သည်။ ဇနီးဖြစ်သူ ကွယ်လွန်သွားသည်မှာ ငါးနှစ်ကျော်လာခဲ့သော်လည်း နောက်အိမ်ထောင်မပြုမှုဆိုးဖို ဘဝဖြင့် တစ်ဦးတည်းသော သမီး မစန်းဦးကို ပြုစုစောင့်ရှောက်ခဲ့၏။ မစန်းဦးပင် အရွယ်ရောက်၍ ၁၈ နှစ်ပြည့်ခဲ့ပြီ၊ ရည်းစားပင်ထားတတ်လာခဲ့ပြီ။ ကျေးလက်ဆိုသည်မှာ နယ်ကျဉ်းကျဉ်းလေး အိမ်ခြေနှစ်ရာကျော်သာ ရှိပြီး တစ်ရွာတည်းနေတစ်ရေတည်းသောက်သူများဖြစ်၍ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ဦးတင်စိုး၏ သား ထွန်းရီနှင့် သူ၏ သမီး ကြိုက်နေကြောင်း ဦးမြဟန် သိသွားသည်။

သဘော မတူနိုင်ပါ။ တကယ်တမ်း ပေးစားလိုသည်မှာ သူတို့ထက် ပြည့်စုံသူ၊ မြို့နေ လူတန်းစားနှင့်ပေးစားလိုသည်။ ထွန်းရီ၏ အဖေ ဦးတင်စိုးသည် လယ်ဆယ်ကေသာရှိ၍ သားတစ်ယောက် သမီးတစ်ယောက်ရှိပြီး သမီးမှာ ထွန်းရီထက် အကြီးဖြစ်သည်။ အိမ်ထောင်ပြု အိမ်ခွဲဆင်းသွား သဖြင့် သူတို့နှင့်မနေ။ ဦးမြဟန်မှာ လယ် ဆယ့်ငါးကေရှိ၍ သမီးတစ်ယောက်ရှိသည်။ စပါးပြီး ပဲစိုက်၍ နှစ်သီးစားချင်းတူသော်လည်း ဖအေတစ်ခု သမီးတစ်ခုဖြစ်ပြီး လယ်ကေလည်းပိုများ၍ ဦးတင်စိုးတို့ထက် ပိုမို ပြည့်စုံသည်။ စီးပွားရေးကွာခြားချက်ရှိ၍ မတူ၊ မတန်ဟု သဘောမျိုးထားသည်ထက် ပို၍ အဆင်မပြေဖြစ်ရသည်မှာ တစ်ဦးနှင့်တစ်ဦး လယ်ချင်းထိစပ်နေသဖြင့် မိုးရာသီ စပါးစိုက်ရာတွင် ရေပြဿနာ မဖြစ်သော်လည်း ဆောင်းစပါး၊ နွေစပါး စိုက်လျှင် ဦးမြဟန် လယ်မှာ အမြင့် ဖြစ်သဖြင့် ရေသွင်း ရေထုတ်ပြဿနာ အမြဲပေါ်သည်။

ထိုသို့ လူကြီးချင်း၊ မသင့်မတင့် အဆင်မပြေကြသော်လည်း လူငယ်ချင်းမှာကား မေတ္တာမျှနေကြသည်။ နှစ်ဦးနှစ်ဖက် သိကြသော်လည်း အဆင် မပြေကြ၍ ရင်မောနေကြသည်။ ထန်နေသူက ဦးမြဟန်။ ဦးတင်စိုးကမူ သားရှင်ပီပီ သားသဘောကျသူကို မကန့်ကွက်၊ ဦးမြဟန်နှင့် သားအတွက် ပြေလည်ချင်သည်။ ဦးမြဟန်ကမူ ဦးတင်စိုးလို စိတ်ထားမရှိ။ အရာရာ ရန်လိုသည်။

တစ်နေ့ ဦးတင်စိုးသည် လယ်ထဲရှိ မတ်ပဲကြဲခင်းကို သွားကြည့်ပြီးနောက် သမီးအိမ်ဘက်လှည့်ဝင်ရန် ရွာဦးထိပ်ရှိ အောင်သိန်း ထန်းတောဘက်



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်သည်။ ထန်းတောမှာပင် ဆိုင်တည်ရောင်း၍ အပင်မှ ကျကျချင်း စစ်စစ်သောက်ရသဖြင့် လူမပြတ်။ ဦးတင်စိုးရောက်သွားချိန်တွင် ရွာထဲမှ မောင်လက်တို့ အဖွဲ့က တစ်ဝိုင်း။ သန်းနိုင်တို့က တစ်ဝိုင်း ဝိုင်းဖွဲ့နေကြသည်။

"ဟော့ကောင် တင်စိုး လာကွ။ တစ်ခွက်တစ်ဖလား လုပ်သွားဦး၊ ဒီနေ့ ထန်းရည်က ကောင်းမှကောင်း"

ဟု မောင်လတ်က လှမ်းခေါ်သည်။ သန်းနိုင်တို့ အဖွဲ့ကလည်း–

"မောင်လတ်တို့ ဝိုင်းကို အားပေးပြီးရင် တို့ဝိုင်းလဲ အားပေးဦးနော်"

ဟု သန်းနိုင်က ဆိုသည်။ ဦးတင်စိုးသည်

"စိတ်ချ လာမယ်"

ဟု လှမ်းပြောပြီး မောင်လတ်တို့ဝိုင်း ဝင်လိုက်သည်။ နှစ်ပုလင်း ကုန်လုနီးနီးတွင် ဦးမြဟန်လာနေသည်ကို ဦးတင်စိုးတွေ့သည်။ လယ်ထဲသွားမှာလား ပြန်တာလားမသိ၊ လက်ထဲတွင် မြက်ရှင်းဓား စာစ်လက်ကိုင်ထားသည်။

ဦးမြဟန်သည် မောင်လတ်တို့ ဝိုင်းမှ ဦးတင်စိုးကို တစ်ချက်ကြည့်လိုက်ပြီး သန်းနိုင်တို့ဝိုင်း ဝင်ထိုင်သည်။ ထိုင်နေသူ နှစ်ဝိုင်းလုံးက ဦးမြဟန်နှင့် ဦးတင်စိုးတို့ အကြောင်းသိကြ၍ နှုတ်ဆိတ်နေကြသည်။ သို့သော် နှုတ်မဆိတ်သူမှာ ဦးမြဟန်ဖြစ်သည်။ ထန်းရည် တစ်ပုလင်းကို မနားတမ်းသောက်ချလိုက်၏။ နောက် တစ်ပုလင်း။ ထိုနည်းအတိုင်း မျက်ထောင့် နီလာသည်။ ဦးတင်စိုးကို ငဲ့စောင်းကြည့်လိုက်၏။

"အမဲရိုးနှယ် ဟင်းအိုးမှ အားမနာကွာ"

မိမိကို စောင်းချိတ်ပြောမှန်း ဦးတင်စိုး သိသော်လည်း ဘာမျှ မပြောဘဲ ငြိမ်နေလိုက်သည်။ ခံတော့ မခံချင်၊ သူမူးနေသလို ကိုယ်လည်း မူးနေသည်မို့ သတိနှင့် ထိန်းသည်။ မရ၊ ငြိမ်နေသည်ကို သိ၍ ထပ်ဆင့် ပြောလာပြန်သည်။

"တန်ရာ တန်ရာ မှန်းရတယ်"

တစ်ခွန်းမျှ ဦးတင်စိုး ပြန်လည်၍ မပြော။ မကြားချင်ယောင်ဆောင်နေသည်။ အလေးမထားသလို ဖြည်းဖြည်းချင်း ထန်းရည် သောက်နေသည်။ သည်အပြုအမူကြောင့် ဦးမြဟန် ပိုဒေါသ ထွက်သလိုဖြစ်သွား၍–

"ဟော့ တင်စိုး မင်းကို ပြောနေတာ"

"ကြားသားပဲ ငမြ၊ အချိန်တန်ရင်နွားပိန်ကန်လိမ့်မယ် စောင့်ကြည့်ပေါ့ကွာ"

ဦးတင်စိုး၏ တုံ့ပြန် စကားတစ်ခွန်းကြောင့် ပို၍ဒေါသဖြစ်သွားပြန်သည်။

"မင်းလို ကောင်ရဲ့သားနဲ့တော့ မပေးစားဘူးဟေ့၊ ခွေးအမြီးဖြတ်ပေးစားမယ်ကွ"

"ကောင်းတာပေါ့ ငမြရာ ... ခွေးနဲ့ပဲ တန်တာ ခွေးနဲ့ပဲ ပေးစားရမှာပေါ့၊ ဒါမှ ခွေးမျိုးဖြစ်သွားမှာ"

ဦးမြဟန် သူ့စကားနှင့်သူ အရိုက်ထိသွား၏။ ဓားကို ကျစ်ကျစ်ပါကိုင်ပြီး–

ဦးတင်စိုးကို ဓားဖြင့် ခုတ်လိုက်ရာ ဦးတင်စိုး ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။ မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com



တားဆီးချိန် မရလိုက်။

ယင်း အဖြစ်အပျက်တွင် ဦးမြဟန်က သတ်သည်ကို မျက်မြင်သက်သေ အားလုံးက ထွက်ဆိုသဖြင့် ဦးမြဟန်က လည်း အမှန်ဝန်ခံသောကြောင့် ပုဒ်မ ၃၀၂ အရ အလုပ်နှင့် ထောင်ဒဏ် (၇)နှစ်ချမှတ် ခံလိုက်ရသည်။ နောက်ဆက်တွဲမှာကား။

~~~~~

ထွန်းရီနှင့် မစန်းဦးတို့ နှစ်ဦး၏ ပြဿနာ။ ဦးမြဟန် ထောင်ကျသွား၍ ဦးလေး အဒေါ်တို့က မစန်းဦးကို ဝိုင်းဝန်းစောင့်ရှောက်ထားကြသည်။ ညရေး ညတာ စိတ်ချရ၏။ လုပ်ငန်းကိုင်ငန်းကိုမူ မစန်းဦး မကျွမ်းကျင်၊ ဦးလေး အဒေါ်တို့ကပင် လာရောက် အစီအစဉ်ချပေးသည်။ စိတ်ချရသော မူလငှားသားရှိသည်။ အဆင်မပြေသည်မှာ ထွန်းရီနှင့်။ သတ်သူမှာ မစန်းဦး၏အဖေ၊ သေသူမှာ ထွန်းရီ၏အဖေ၊ သို့အတွက် ထွန်းရီသည် မစန်းဦးကို စိတ်နာသွားသည်။ မစန်းဦးကမူ ဖခင်ဖြစ်သူ၏ ပြုမူရက်စက်မှုကို မကျေနပ် ထွန်းရီကို တောင်းပန်ရမှာလည်း မဝံ့မရဲ။ သူ့ဘက်မှာ အပြစ်ရှိနေသည်။ အထူးသဖြင့် နှလုံးသားက လာသော မေတ္တာစစ်ဖြင့် ချစ်နေဆဲ။ ထွန်းရီသည် အချစ်ဦး မဟုတ်ပါလား။

ဦးမြဟန် ထောင်ကျပြီး ခြောက်လအကြာ ထောင်ဝင်စာ သွားတွေ့စဉ်က သမီးဖြစ်သူကို သင့်တော်သူနှင့် နေရာချထားပေးရန် ဦးလေး၊ အဒေါ်တို့ကို တာဝန်ပေးလိုက်၏။ မစန်းဦးကမူ ဘယ်သူ့ကိုမျှ လက်မထပ်လိုဟု ငြင်းဆိုသည်။ ထိုသို့သော အကြောင်းကို ထွန်းရီနားရောက်သွားသည်။ ငယ်ချစ်ဦးမို့ စိတ်လည်း ချင်သလိုလိုဖြစ်လာသည်။ အိမ်မှာလည်း ဖခင် ဦးတင်စိုး သေဆုံးသွားသဖြင့် အစစအရာရာ သူ့တာဝန် ဖြစ်လာသည်။ လယ်ကို ဦးစီးလုပ်ကိုင်၍ ကျန်ရစ်သော မိခင် မုဆိုးမကြီးနှင့်အတူနေထိုင်ခဲ့၏။



တစ်နှစ်ကျော်ကျော် ကြာလာသော် ပြီးခဲ့သော အဖြစ်အပျက်တို့ကို မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြသည်။ သွေးအေးသွားကြသည် ဟုဆိုရမည်။ ထိုအချိန်ကာလတွင် ထွန်းရီနှင့် မစန်းဦးတို့၏ အကြောင်းကို သိထားသူ သူငယ်ချင်းများ၏ စေ့စပ် အောင်သွယ်မှုကြောင့် ထွန်းရီနှင့် မစန်းဦးတို့ အဆင်ပြေသွားသည်။ အဆင်ပြေသွားသည့်အလျောက် မစန်းဦး၏ ဦးလေး၊ အဒေါ်တို့ကလည်း ထွန်းရီနှင့်သဘောတူကြသည်။ လယ်ကို ဦးစီးနိုင်သော ထွန်းရီကို



www.burmeseclassic.com
~~~~~

www.burmeseclassic.com



မစန်းဦးကလည်း အားကိုး၏။ ထောင်ထဲမှ ဦးမြဟန် သဘောတူတူ၊ မတူတူ ထောင်မှ ဦးမြဟန် ထွက်လာလျှင် သားသမီးအချစ် မြေးအနှစ် ဆိုစကားလို မြေးများနှင့် ပျော်ရွှင်အဆင်ပြေလိမ့်မည်ဟု အားလုံးက တွက်ဆမိကြ၍ ထွန်းရီနှင့် မစန်းဦးတို့ လက်ထပ် ပေးလိုက်ကြသည်။

ကျန်ဆွေမျိုးသားချင်းများက သင့်တော်သည်ဟု သဘောတူ ခဲ့ကြသော်လည်း ထောင်တွင်းမှ ဦးမြဟန်ကမူ ခါးခါးသီးသီး သဘောမတူဘူးဟုဆိုခဲ့သည်။

''ဒီကောင် ငါ့ပစ္စည်းတွေကို အပိုင်ချိုင်တာ၊ ထွက်လာရင် တွေ့မယ်။ ထမင်းဝအောင်စားထား''

ဟု ကြိမ်းဝါးသည်။ ကြားရသူ၊ သိရသူ အသိုင်းအဝိုင်းကမူ

''ပြောထား ပြောထား ထောင်က ထွက်လာတော့မှ အပြောနဲ့အလုပ် ဟုတ်မဟုတ်ကြည့်မယ်''

ဟု ဝိုင်း၍သရော်ခဲ့ကြသည်။

နှစ်တွေ အလီလီ ပြောင်းခဲ့သည်။ ဦးမြဟန် လွတ်ရက်စေ့၍ လွတ်လာပါသည်။ ထွန်းရီနှင့် မစန်းဦးတို့တွင်လည်း သမီးနှင့်သားနှစ်ယောက် ထွန်းကားနေသည်။ ထောင်ကလွတ်သည့်နေ့တွင် မစန်းဦးသည် ကလေးနှစ်ယောက် နှင့်အတူ သွားကြို၏။ ဝမ်းမြောက်ဝမ်းသာ မြေးငယ် နှစ်ယောက်ကို တစ်ယောက်စီချီ၍ ရွာသို့ပြန်ခဲ့ကြ၏။ အိမ်ပြန်ရောက်သောအခါတွင် ဆွေမျိုး မိတ်သင်္ဂဟများ အပေါင်းသင်းများဖြင့် စည်ကားနေသည်။ ထွန်းရီကိုမူမတွေ့။ ဦးမြဟန်သည် နှုတ်မှ ထုတ်မမေး၊ မျက်လုံးဖြင့်သာ မသိမသာရှာသည်။ မေးရန် နှုတ်တွန့်နေသည်။ သူသည် ပြစ်မှုကျူးလွန်ခဲ့သူတည်း။ ထွန်းရီ၏ အဖေကို သတ်ခဲ့သူ။ သတ်ရခြင်း၏အစမှာလည်း ထွန်းရီနှင့်သမီးကို သဘော မတူရာက စခဲ့သည်။ မတူသော်လည်း ထွန်းရီနှင့် မစန်းဦးတို့ လက်ထပ်ခဲ့ကြသည်။ ကလေးပင် နှစ်ယောက်ရနေသည်။ မတော်ချင်မရ၊ သဘောမတူလည်းမရ၊ ထွန်းရီသည် တစ်ဦးတည်းသော သမီး၏ ခင်ပွန်းဖြစ်၍ တစ်ဦးတည်းသော သမက်ဖြစ်နေသည်။

သို့သော်လည်း ထွန်းရီသည် ဦးမြဟန်နှင့် မတွေ့အောင်ရှောင်သည်။ မနက်စောစော လယ်ထဲသွား၏။ ထမင်းစားချိန် မိခင်ကြီးအိမ်သို့ ပြန်၏။ မနက်စာ မိခင်ကြီးနှင့်စားသည်။

မိခင်ကြီးက ဖျောင်းဖျနားချသော်လည်း မရ။

တကယ်လည်း ထွန်းရီ ရှောင်ခဲ့ပါသည်။ရှောင်ပင်ရှောင်ငြားသော်လည်း ရွာသည် ကျဉ်းကျဉ်းလေး။ နေ့စဉ်မိုးချုပ်မှပြန်၍ နောက်ဖေးဘက်မှ တက်သည်ကို ဦးမြဟန် သိသည်။ မနှစ်သက်သော်လည်း မပြောမိ။ မိမိကို ရှောင်နေမှန်း သိ၍လည်း မသိသလို နေခဲ့သည်။ တစ်နေ့ ရွာလယ်လမ်းတွင် မရှောင်သာ ယောက္ခမနှင့် သမက် မျက်နှာချင်းဆိုင်ဆုံသည်။ ထွန်းရီခေါင်းငုံ့၍ အနီးစပ်ဆုံး အိမ်သို့ ကွေ့ဝင်သွားခဲ့သည်။ ဦးမြဟန်သည် သူ၏ အဖော်တစ်ဦးနှင့် ဆက်လျှောက်လာခဲ့သည်။

''ခင်ဗျား သမက်တို့



www.burmeseclassic.com

www.burmeseclassic.com



ဘာသဘောလဲ၊ မခေါ်နိုင်မပြောနိုင်နဲ့ ခင်ဗျားလဲ မြင်ရောရှောင်ထွက်သွားတယ်။ ယောက္ခမဆိုတာ အဖေပဲ။ ဖြစ်ပြီးတာတွေကြာလာခဲ့လို့ မေ့မေ့ပျောက်ပျောက်ရှိနေပြီ သူ့သမီးယူထားရင် သူ့သမီးအဖေဟာ ငါ့အဖေပဲလို့ သဘောထားရမှာပေါ့၊ တော်တော်ရိုင်းတဲ့ကောင်ပဲ''

ပတ်ဝန်းကျင်သည် အလွန်ကြောက်စရာကောင်းသည်။ ပြဿနာ မရှိသည်ကို ပြဿနာလုပ် မီးမွှေးပေးတတ်၏။ နဂိုကပင် သဘောမတူခဲ့သော ဦးမြဟန်၏ ငြိမ်သက်နေသော စိတ်ကိုအဖော်လုပ်သူကဆွပေးသည်။ မဆိုင်သည့် ကိစ္စ၊ မပတ်သက်သည့် ကိစ္စကို ဝင်စွက်သည့်

''ဘာကွ ပြဿနာရှာတယ်ဟုတ်လား၊ မင်းလုပ်ရပ်က ငါ့ကို မခန့်သလိုလုပ်နေတော့ ရွာထဲမှာ ပြောနေကြပြီ၊

သဘော သက်ရောက်သည်။ ဦးမြဟန် အိမ်ပြန်ရောက်သောအခါ မစန်းရီကို –

'ဒီည နင့် ယောကျ်ား ပြန်လာရင် ငါ တွေ့ချင်တယ်လို့ ပြောလိုက်''

ဟု အမိန့်ပေးသလို ပြောဆိုသည်။

''ဟုတ်ကဲ့''

ဟုသာ ပြောလိုက်ရသော်လည်း ဖြစ်ပါ့မလား ဟူသော အတွေးစိုးရိမ်စိတ်က လွှမ်းမိုးနေသည်။ မစန်းဦးအနေဖြင့် ဖခင်စကားကို မပယ်ရှားဝံ့။ ထွန်းရီ ပြန်ရောက်လာသောအခါ အကျိုးအကြောင်း ပြောပြသည်။ ထွန်းရီက မတွေ့ချင်ဟု ငြင်းပယ်၏။ ငြင်းပယ်သော စကားကို ဦးမြဟန် ကြားသည်။ ခံပြင်းသွား၏။

''ဟေ့ကောင် ထွန်းရီ မင်း ငါ့ကို ဘာလို့ရှောင်နေတာလဲ၊ ငါ့သမီး ယူထားရင် ငါနဲ့ မကင်းဘူးဆိုတာ မင်း မတွေးမိဘူးလား''

''တွေးမိသားပဲ ဦး၊ ရှောင်တယ်ဆိုတာက မတွေ့ချင်လို့ပေါ့။ ပြဿနာမရှာပါနဲ့ ဦး''

''ဘာကွ ပြဿနာရှာတယ်ဟုတ်လား၊ မင်းလုပ်ရပ်က ငါ့ကို မခန့်သလို လုပ်နေတော့ ရွာထဲမှာ ပြောနေကြပြီ၊ ငါ့ကို ကင်းကင်းနေချင်ရင် ငါ့သမီးကို မယူရဘူး''

''မဆိုင်ပါဘူး၊ ဟိုတုန်းကတည်းက မစန်းဦးနဲ့ ကျွန်တော် ကြိုက်နေကြတာပါ။ သဘော မတူနိုင်ဘူးလို့ ပြောပြီး ပြဿနာရှာတာက ဦးပါ၊ ကျွန်တော့် အဖေ သေရတာလဲ ဦး လက်ချက်ကြောင့်ပါ။ အဖေ တစ်ယောက်လုံးကို သတ်တဲ့လူကို ဘယ်လို ရင်ဆိုင်ချင်မလဲ။ မစန်းဦး ပရောဂ လုံးဝမပါဘူး။ ဦး သမီးဆိုတာတော့ မှန်တယ်''

''မင်း မင်းကွာ ''

ဟုသာပြောပြီး ဦးမြဟန် ပြန်ထွက်သွား၏။ မစန်းဦး သက်ပြင်းချလိုက်၏။

နောက်တစ်နေ့ ရွာထဲသို့အသွားတွင် ဦးစောဝင်းဆိုသူက လှမ်းခေါ်သဖြင့် ထွန်းရီ ဝင်သွားသည်။

''မနေ့က ညနေမိုးချုပ်စ မင်း ယောက္ခမဆီကို ရောက်ရှိ

www.burmeseclassic.com



လို့လာရင်း မင်းနဲ့မင်းယောက္ခမ အချေအတင် စကားများနေလို့ ပြန်လှည့်ခဲ့ရတယ်။ မင်းကလဲ မင်းပဲ ထွန်းရီ၊ တကယ်ဆို မြဟန်က မင်း ယောက္ခမလေ၊ မင်းမိန်းမရဲ့ အဖေဆိုတော့ မင်းကလဲ အဖေလို့ သတ်မှတ်ရမှာပေါ့''

‘‘အဖေလို့ သတ်မှတ်ရအောင် ယောက္ခမဂုဏ်အင်္ဂါနဲ့ ညီလို့လား ဦးစောဝင်း၊ ကျွန်တော် အေးအေးဆေးဆေး နေတာပဲ၊ နောက်တစ်ချက်က ကျွန်တော့် အဖေ ဦးတင်စိုးကို သတ်ခဲ့တာ ဦးမြဟန်လေ၊ ဒီအချက်ကို ဦးလေးတို့က မေ့ခိုင်းနေတာလား''

ဟုပြန်ပြောခဲ့သည်။ ထိုစကား ဦးမြဟန်နား ပြန်ရောက်သွား သည်။

ဦးမြဟန်နှင့် ထွန်းရီ ထိပ်တိုက်တွေ့ပြန်၏။

‘‘မင်း ... စောဝင်းကို ဘာတွေ ပြောခဲ့သလဲ၊ ယောက္ခမအင်္ဂါနဲ့ ညီလို့လားလို့ မင်း ပြောခဲ့တယ် မဟုတ်လား။ ဘာလဲ မင်းကို ရွှေသမက် ငွေသမက်ဆိုပြီး ခခယယ မင်းကို နေပြရမှာလား။ လာလာသေးတော့၊ ယောက္ခမအင်္ဂါနဲ့ မညီဘူးလို့ ပြောရအောင် ငါဘာတွေ လုပ်နေလို့လဲ၊ ငါနဲ့ မပတ်သက်ချင်ရင် ငါ့သမီးကိုမပေါင်းနဲ့''

‘‘အဲဒီ စကားကို ကျွန်တော် မကြိုက်တာပဲ ဦး၊ ဦးသမီးနဲ့ သဘောမတူတိုင်း မပေါင်းရဘူးလား၊ မစန်းဦးမှာ ဘာအပြစ်မှမရှိဘူး။ သူ့မှာ ကိုယ်ချင်းစာနာ သနားတဲ့ စိတ် အမြဲရှိတယ်။ ဘာဖြစ်မှညာဖြစ်မှဆိုတဲ့ အတ္တစိတ် မရှိဘူး။ ကျွန်တော့်ကို နားလည်သလို မစန်းဦးကိုလဲ ကျွန်တော် နားလည်တယ်။ ဒါအိမ်ထောင်ရေးရဲ့ အဓိကပါ။ မစန်းဦးကို မကွာနိုင်ဘူး။ ကျွန်တော်တို့မှာ ကလေးနှစ်ယောက် ရနေပြီ၊ ကလေးတွေ ရှေ့ရေးကြည့်ရတယ်။ မိတဆိုး ဖတဆိုး မဖြစ်စေရဘူး။ ဒီတော့ ကျွန်တော့်ကို နားလည်ပေးပါ။ နားလည်မှု မရှိဘဲ ဦးအနေနဲ့ အရာရာ ငါ့သဘောသာဖြစ်စေရမယ်ဆိုရင်တော့ ဦး ဆန္ဒအတိုင်းပဲ၊ လုပ်ချင်ရာလုပ်ပါ။ အေးအေး နေပါရစေ၊ ကျွန်တော်က တော့လိုက်လျောမှာမဟုတ်ဘူး''

စကား ဆုံးသည်နှင့် ထွန်းရီ လှည့်ထွက်သွားသည်။ ခံပြင်းစွာ ‘တောက်’ တစ်ချက် ခေါက်လိုက်၍ တီးတိုးစွာ ဦးမြဟန် ရည်ရွယ်လိုက်သည်။ မည်သူမျှ မကြား။

‘‘မင်းက ပြတ်သားမှတော့ ငါကလဲ ပြတ်သားရမှာပေါ့ ထွန်းရီ၊ မင်းရဲ့စော်ကားမှုကို တစ်သက်လုံး မခံစားဘူးကွ'' ဟု။

ထွန်းရီသည် မိခင်အိမ် ပြောင်းနေရန် စီမံခဲ့ကာ မစန်းဦးကို ခေါ်၍ ပြောင်းခဲ့သည်။ ပြောင်းသည့်နေ့က မစန်းဦးကို ဦးမြဟန်က ပြောသည်။

‘‘ကောင်းတာပေါ့ အိမ်မှာ ငါ တစ်ယောက်တည်း နေမယ်။ နင့်လင်ကိုလဲ ပြောလိုက်၊ ငါ ပြန်ရောက်နေပြီဖြစ်လို့ ငါ့လယ် ငါပြန်လုပ်မယ်လို့''

ပြောသည့်အတိုင်း ဦးမြဟန်သည် ရွာထဲမှ ငှားသား တစ်ယောက် ထပ်ငှားသည်။ ယခင် လုပ်နေသော ငှားသားရှိ၍ နှစ်ယောက်ဖြစ်သွားသည်။ ထိုလုပ်ရပ်ကြောင့် ရွာထဲမှ လူများက ဦးမြဟန်ကို အပြစ်ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုသို့ အပြစ်ပြောမှ ပင်ထပ်ဆင့်၍ အော့ကြော်လန် အောင် လုပ်ပြလိုက်၏။

သူ လယ်သည် တစ်နှစ်လျှင် စပါးတစ်ထောင်ထွက်၏။ မတ်ပဲတင်း ၃၀၀ ရ၏။ သူ ထောင်ကျသည် ခုနစ်နှစ်ကာလ ထွန်းရီ လုပ်စားသည်။ ထို့အတွက် စပါးခုနစ်ထောင်နှင့် ပဲနှစ်ထောင့်တစ်ရာ ပေးရမည်။ သို့သော် သမီးဖြစ်သူ မစန်းဦးလည်း ရထိုက်၍ တစ်ဝက် စပါးသုံးထောင်ငါးရာ၊ မတ်ပဲ တစ်ထောင့်ငါးဆယ်ကို ယူ၍ ကျန်တစ်ဝက်ကို သူ့အား ပြန်ပေးရမည်ဟု ရပ်ကွက်လူကြီးထံ တောင်းဆိုပေးရန် ပြောကြားခဲ့၏။

ညစ်ပြီ ဆိုသည်ကို ထွန်းရီ သဘောပေါက်သည်။ ဘာကြောင့် ဒီလို ယုတ်မာသလဲ ဆိုသည်ကို တွေးမရ။ သမီးဖြစ်သူ မစန်းဦးနှင့် မြေးနှစ်ယောက် မျက်နှာကိုထောက်သင့်သည်ဟု ထွန်းရီ ယူဆသည်။ ယခုမူ မထောက်ထား၊ မညှာတာ။ ထို့ကြောင့်ပင် ဦးမြဟန်လိုလူမျိုးကို ယုံစားမရဟု ထွန်းရီ တွေး၏။ သွားရာလာရာ သတိအမြဲထားသည်။

ထိုသို့ နေလာခဲ့ရာမှ တစ်ရာသီသစ်ခဲ့ပြီ။ ဦးမြဟန် စပါးရော ပဲပါရ၏။ ပဲဈေး၊ စပါးဈေး ကောင်းသောနှစ်ဖြစ်၍ ၃၀ သိန်းခန့်ရသည်။ ရွှေနှစ် ရွာဦးကျောင်းတွင် ကထိန်ခင်းမည်။ မြေး ယောကျာ်းလေးကို သာမဏေအဖြစ်၊ မြေးမလေးကို နားထွင်းပေးမည်။ သူကိုယ်တိုင်လည်း ဒုလ္လဘရဟန်းခံမည်ဟု စိတ်ကူးသည်။ မည်သူ့ကိုမျှ ထုတ်မပြော၊ အရင်းနှီးဆုံး ဦးစောဝင်းနှင့်မှု တိုင်ပင်သည်။

ထိုသို့ တိုင်ပင်ပြီးနောက် ၁၀ ရက်ခန့်အကြာတွင် ဦးမြဟန် အသတ်ခံရသည့် သတင်းဆိုး တစ်ရွာလုံး ပြန့်သွားသည်။ သူ၏ လယ်အနီး ကိုင်းတောထဲတွင် ဓားဒဏ်ရာ ၅ ချက်ဖြင့် သေဆုံးနေသည်ကို နွားကျောင်းသားလေးများ တွေ့၍ အကြောင်းလာကြားသဖြင့် သိရခြင်းဖြစ်သည်။ ထွန်းရီနှင့် မစန်းဦးကို ပထမဆုံးအကြောင်းကြားပြီး ခြေရာလက်ရာ မပျက်ရန် ရွာသားသုံးဦးကို တာဝန်ချထားလိုက်သည်။ ရွာလူကြီးသည် ထွန်းရီနှင့် ရွာလူကြီးနှစ်ဦးကို ခေါ်၍ ရဲစခန်းသို့ အကြောင်းကြားရန် ထွက်လာခဲ့ကြသည်။

အချိန်ကား ညနေ ၅ နာရီခန့်ရှိနေပြီ။ ရဲစခန်းတွင် တရားလိုအဖြစ် ထွန်းရီက တိုင်ချက် ဖွင့်လိုက်သည်။ သတ်သူ မည်ဝါမည်သူဆိုသည်ကို မသိ။ စခန်းမှူး ရဲအုပ် ဦးရဲညွန့်သည် ချက်ချင်းပင် ပစ္စည်းအပြည့်အစုံယူ၍ အလောင်းရှိရာသို့ လိုက်ခဲ့၏။ သေသူကို လုပ်ထုံးလုပ်နည်း ပြည့်စုံစွာ စည်းကမ်းနှင့် အညီဆောင်ရွက်လိုက်ပြီး အလောင်းကို မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ရန်စီစဉ်လိုက်၏။ အလောင်းဘေး ဝန်းကျင်တွင် မည်သည့် သဲလွန်စမျှရှာမတွေ့၊ ခြေရာများ ရှုပ်ထွေးနေသည်။ အသတ်မခံရမီ တစ်ဦးနှင့်တစ်ဦး သတ်ပုတ်ထားဟန် ရှိသည်ဟု သာ မှတ်ချက်ပြုနိုင်သည်။ ဓားဒဏ်ရာ အနေဖြင့် ဖျက်တစ်လက်မခန့်၊ အသွားခြောက်လက်မခန့် အရှည်ရှိမည့် ဓားမြှောင်ဖြင့် ထိုးသတ်ကြောင်း ခန့်



www.burmeseclassic.com

www.burmeseclassic.com





မှန်းတွက်ချက်မိသည်။ သက်သေခံပစ္စည်း ဘာမျှ မတွေ့ရ၍ စခန်းမှူးရဲအုပ် ရဲညွှန့် ဦးနှောက်စား အတွေးများသွားရသည်။ မြို့နယ်ဆေးရုံမှ ဆရာဝန်ကြီး၏ ဆေးမှတ်ချက် ထွက်လာလျှင် ပိုရှင်းသွားမည်ဖြစ်သည်။

ရင်ကွက်လူကြီးများနှင့် ထွန်းရီကို ခေါ်ဆောင်၍ ဦးမြဟန် နေအိမ်သို့ စခန်းမှူး ရဲအုပ် ရဲညွှန့် လာခဲ့သည်။ လမ်းတွင် ထွန်းရီအား ဦးမြဟန် ဘယ်သူနှင့်နေသလဲ၊ ပဲစပါး ရောင်းပြီးပြီလား၊ ဘယ်လောက်ရသလဲဟုမေးမြန်းလာခဲ့သည်။ ငှားသားနှစ်ဦးနှင့်နေကြောင်း၊ ပဲစပါးရောင်းသည်ကြားကြောင်း၊ ငွေ မည်ရွေ့မည်မျှရသည်ကိုမူ မသိပါကြောင်း ပြောပြခဲ့သည်။

အိမ်ရောက်သောအခါ အိမ်ရှေ့ရှိ ကွပ်ပျစ်တွင် မစန်းဦးနှင့်ကလေး နှစ်ယောက် အဖော်သုံးယောက်နှင့် ထိုင်နေသည်။ စခန်းမှူး ရဲအုပ် ရဲညွှန့်သည် ရွာလူကြီးများနှင့် ထွန်းရီကိုခေါ်၍ ဦးမြဟန် အိပ်ခန်းရှိရာ ဝင်ခဲ့သည်။ အခန်းထဲတွင် ရေးသံသေတ္တာ တစ်လုံးရှိ၍ သော့ခတ် မထားဘဲ ချိတ်ထားသည်။

အများ ရှေ့မှာပင် ဖွင့်ကြည့်၏။ ဦးမြဟန်၏ အဝတ်အစားနှင့် ပဲဘောင်ချာများသာ တွေ့သည်။ ငွေများ မတွေ့ရ။ ဘောက်ချာစာရွက်တွင် ပေးချေထားသော ငွေအရေအတွက်၊ ပေးချေသည့် နေ့စွဲတို့ကို ဖတ်ရှုလိုက်ပြီး သက်သေခံ ပစ္စည်းအဖြစ် သိမ်းလိုက်၏။ စူးရှသော မျက်လုံးများဖြင့် အခန်းကို အကဲခတ် ကြည့်လိုက်ရာ ငုံဆေးအထုပ်တစ်ထုပ်နှင့် ထောင့်တစ်ထောင့်ကြမ်းအပေါ်တွင် တင်ကျန်နေသော တံတွေးစကို တွေ့လိုက်ရ၍ အနံ့ခံကြည့်ရာ တွေ့ရသော ငုံဆေးအနံ့အတိုင်း အနံ့ရပေသည်။ အိမ်ရှေ့ပြန်ထွက်လာပြီး ကွပ်ပျစ်ပေါ်တွင် ထိုင်လိုက်ပြီး ထွန်းရီကို မေးလိုက်သည်။

"ထွန်းရီ မင်း ဆေးငုံတတ်သလား"

"မငုံတတ်ဘူး ဆရာ ဆေးလိပ်တော့ သောက်တယ်"

"ဆေးငုံတတ်တဲ့ လူ ဒီရွာမှာ ဘယ်နှစ်ယောက် လောက်ရှိမယ်ထင်သလဲ"

"များတယ် ဆရာ မခန့်မှန်းတတ်ဘူး"

"ဒါထက် ဦးမြဟန်ရဲ့ ငှားသားတွေရော၊ ဘယ်သွားနေလဲ"

ဟု မေးရာ ထွန်းရီသည် မစန်းဦးကို လှမ်းကြည့်လိုက်၏။ သူမသိ၍ မဖြေတတ်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ တစ်ချိန်လုံး စခန်းမှူးနှင့်အတူ ရှိနေသည်ပဲ။

'တင်းကုပ်ထဲမှာပါ။ နွားစာကျွေးနေပါတယ်''

စခန်းမှူး ရဲအုပ်ရဲညွန့်သည် ခေါင်းညိတ်ပြလိုက်ပြီး–

''ထွန်းရီခဏ''

ဟုခေါ်ခါ ကွပ်ပျစ်နှင့် ခပ်လှမ်းလှမ်းတွင် တိုးတိုး တိတ်တိတ် မေးသည်။

''ငွားသားတွေရော ဆေးငုံတတ်သလား''

''နောက်ငွားတဲ့ ငွားသားတော့ မသိဘူးဆရာ၊ ပထမ လက်ရှိ ငွားသားကိုတော့ ကျွန်တော်နဲ့အတူ ဦးမြဟန် ထောင်ကလွတ်လာတဲ့အထိ နေခဲ့တာ ဆေးမငုံဘူး၊ ဆေးလိပ်သောက်တယ်''

''အေးကွာ မေးတော့ မမေးနဲ့ လေ့လာကြည့်ပါ၊ ငွားသား နှစ်ယောက်ကိုခေါ်၊ ဦးမြဟန် အသတ်ခံရတဲ့ ကိစ္စမှာ ရန်ငြိုးရန်စ ဘယ်သူနဲ့ ရှိတယ်ဆိုတာ ကိုသိချင်လို့မေးမှာလို့ပြောခေါ်ခဲ့''

စခန်းမှူး ရဲအုပ်ရဲညွန့်သည် မူလထိုင်ရာ ကွပ်ပျစ်တွင် ပြန်ထိုင်လိုက်၏။ ခဏအကြာတွင် ငွားသား နှစ်ယောက် ရောက်လာကြသည်။ နှစ်ယောက်စလုံး ကြောက်ရွံ့ထိတ်လန့်နေပုံရသည်။ စစ်မေးသည့်အခါ သူတို့ မသိပါကြောင်း၊ ထင်လဲ မထင်တတ်ပါကြောင်း ပြောဆိုကြသည်။ စခန်းမှူးသည် ဆက်မမေးတော့ဘဲ ငွားသားနှစ်ဦး၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်ကို ာ် သွားသည်။

ပေါက်ကျော် အဘ ဦးမြင့်သိန်း အသက် ၂၅ နှစ် ဦးမြဟန် ထောင်မှလွတ်လာပြီးမှ အလုပ်လုပ်သူ ဦးစောဝင်း၏တူ၊ ဦးစောဝင်းနှင့်ဦးမြဟန်မှာ ရင်းနှီးကြသူဖြစ်၍ ခေါ်ခိုင်းခြင်းဖြစ်သည်။

ခင်မောင်သက် အဘ ဦးကျော်လှိုင် အသက် ၃၂ နှစ် ဦးမြဟန် ထောင်မကျမီကတည်းက ဦးမြဟန်ထံတွင် စွဲစွဲမြဲမြဲ နှစ်တိုင်းလုပ်ကိုင်လာသူ။

စခန်းမှူးသည် ငွားသားနှစ်ဦးကို ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ရန် ပြန်လွှတ်လိုက်၏။ နှစ်ယောက်စလုံး ကြောက်လန့် တုန်လှုပ်နေပုံရသည်။ သူတို့နှစ်ဦးအား သံသယ စာရင်းတွင် ထည့်လိုက်၏။

''မနက်ဖြန်ကို မြို့နယ်ဆရာဝန်ကြီးရဲ့ ဆေးမှတ်တမ်းရမယ်၊ လုပ်ထုံးလုပ်နည်းအရ သာလုပ်ရတာပါ။ တကယ်တော့ လူသတ်မှုပဲ တရားခံသာ မသိတာ မနက်ဖြန် အလောင်းယူရအောင်လာခဲ့။ အစောကြီးလဲ မလာနဲ့ကွာ ဆရာဝန်ကြီးလဲ ပ် များသွား''

''ဟုတ်ကဲ့ဆရာ နေ့ ထွက်ခဲ့ပါမယ်။ ဒီမှာလဲ တွေ စီစဉ်ရဦးမှာ''

စခန်းမှူး ပြန်သွားသည်။ ထွန်းရီတို့ လင်မယား မြဟန် အိမ်သို့ပြောင်းရွှေ့လာကြ၏။ မနက်ဖြန် မြို့သွားရမည်ဖြစ်၍ အစီအစဉ်ချသည်။ အလောင်း လိုက်ထမ်းမည့်သူ ရွေးသည်။ ငွားသား ခင်မောင် တ်က ဦးကြီးအတွက် လိုက် မ်းပါရစေ ဆန္ဒပြု၍ ခင်မောင် တ်အပါအဝင် လူအလဲလဲ၊ ယ်လှယ် ထမ်းရန် ရှစ်ဦး ိုက်၏။ နောက်တစ်နေ့ က် ထမင်းစားပြီးချိန်သွားရန်



www.burmeseclassic.com

www.burmeseclassic.com



ချိန်းလိုက်၍ မြို့ကို ထွက်ခဲ့ကြသည်။ သို့သော် သူတို့ထက်စော၍ မနက်စောစောမြို့သို့ သွားသူက ဦးစောဝင်းဖြစ်၏။ စခန်းမှူး ရဲအုပ် ရဲညွန့်နှင့် ဝင်တွေ့၍ သူ၏ ထင်မြင်ချက်ကို ပြောလာသည်။ ဦးမြဟန်နှင့် ထွန်းရီအဖေတို့၏ ဖြစ်ရပ်များ၊ ဦးမြဟန် သတ်၍ ထွန်းရီအဖေသေသည့်အကြောင်း၊ ဦးမြဟန် ထောင်ကျသွားသော်လည်း ထွန်းရီနှင့်မစန်းဦးတို့ လက်ထပ်ခဲ့ကြောင်း၊ ထောင်မှ လွတ်လာသောအခါ ထွန်းရီနှင့် ဦးမြဟန် မတည့်ကြောင်း၊ ခဏခဏ စကားများကြောင်း၊ ဦးမြဟန်ထောင်ကျစဉ်က လယ်ကို ထွန်းရီတို့ လုပ်ကိုင်ခဲ့ရာ ထောင်က လွတ်လာသောအခါ ထောင်ကျသည့်နှစ်များတွင်ရသည့် စပါးနှင့်ပဲများ၏ တစ်ဝက်ကိုပေးရန်တောင်း၍ ထွန်းရီလုံးဝ မကျေနပ်ကြောင်း၊ ထွန်းရီတွင် အသွားခြောက်လက်မခန့် ဓားရိုးအဖြူနှင့် ဓားမြှောင် တစ်ချောင်းရှိသည်ကို သူသိကြောင်း၊ သူနှင့် ဦးမြဟန်မှာ အလွန်ရင်းနှီး၍ အတွင်းကိစ္စ အကုန်သိကြောင်း၊ သူ့အထင် ဦးမြဟန်ကို သတ်သူမှာ ထွန်းရီ ဖြစ်နိုင်ကြောင်း ပြောပြသည်။

"အေးဗျာ ခုလို လာပြောတာ ကျေးဇူးပဲ။ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူး။ ခဏပါပဲ၊ လေ့လာ

**ထွန်းရီတွင်**
**အသွားခြောက်လက်မခန့်**
**ဓားရိုးအဖြူနှင့်**
**ဓားမြှောင်**
**တစ်ချောင်းရှိသည်ကို**
**သူသိကြောင်း၊**

စုံစမ်း အကဲခတ်မယ်လေ။ ကျွန်တော်တို့လဲ အတွေ့အကြုံရင့်နေပြီပဲ၊ မှန်တာကို စုံစမ်းတတ်ပါတယ်။ ကျေးဇူးတင်တယ် ဦးစောဝင်း"

ဟု စခန်းမှူးက ဦးစောဝင်းအား နှုတ်သိမ့် လွှတ်လိုက်၏။ သို့သော် ထွန်းရီကို သံသယ ပစ်မှတ်(၂)အဖြစ် မှတ်ထားလိုက်သည်။ သူ၏ ဖခင်ဦးတင်စိုးကို သတ်သူမှာ ဦးမြဟန်ဖြစ်၍ အငြိုးအတေးဖြင့် အာဃာတ ထားခဲ့ပါလျှင် ဖြစ်နိုင်ချေရှိ၏ဟု တွက်သော်ရနိုင်သည်။

ထိုနေ့ နေ့လယ်တွင် ထွန်းရီတို့ လူစု ဦးမြဟန် အလောင်းသယ်ရန် ရောက်လာကြ၏။ စခန်းမှူးကို ဝင်တွေ့၍ စုံစမ်း အကဲခတ်မိသမျှကို ပြောပြသည်။ စခန်းမှူးသည် ပြောပြသမျှကိုရေးမှတ်သားပြီး–

"မင်းကို တစ်ခုမေးမယ်၊ မှန်တာကိုဖြေနော်"

ဟု စခန်းမှူးမှ စကားစလိုက်၍ ထွန်းရီ အတွေးများသွား၏။ စခန်းကို မရောက်မီမှာပင် ဦးစောဝင်းကို သူလှမ်းတွေ့ခဲ့သည်။ စခန်းမှူး၏ မှန်တာဖြေနော်ဟူသော စကားကြောင့် ဦးစောဝင်း လာ၍ စခန်းမှူးအား တစ်ခုခု ပြောသွားလေသလားဟု အတွေးပွားမိသည်။

"မေးပါ။ သိတာ မှန်သမျှ မှန်ရာဖြေမှာပါ"

"မင်းမှာ ဓားရိုးအဖြူနဲ့ အရှည် ခြောက်လက်မရှိတဲ့ ဓားမြှောင်တစ်ချောင်းရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် ဆရာ။ မကိုင်တာကြာပြီ၊ ဘယ်မှာထားမိမှန်းတောင် မေ့နေတယ်။ ခြေဉ် သတိရပြီ။ ယောက္ခမအိမ်မှာနေတုန်းက ကျွန်တော်တို့ အိပ်တဲ့အခန်းရဲ့ ထရံကြားမှာ ထိုးထားတယ်။ ပြန်ရင်ရှာကြည့်ရဦးမယ်။ အင်း ကျွန်တော့်မှာ ဓားရှိတာ ဆရာဘယ်လိုမှ မသိနိုင်ဘူး။ ပြောသူရှိလို့ သိတာဖြစ်မယ်။ ဆရာ့ဆီ ဦးစောဝင်း လာသွားတယ် မဟုတ်လား၊ တွေ့လိုက်တယ်။ ကျွန်တော့်ဆီမှာ ဒီဓားရှိမှန်းသူ သိတယ်။ သူတင်မကပါဘူး ဆရာ၊ လူတော်တော်များများ သိပါတယ်။ ဖွက်ကိုင်တာမှ မဟုတ်ဘဲ"

"အေးကွာ မင်းရွာပြန်ရောက်ရင် ရှာကြည့်ပါ။ တွေ့ရင် ဆရာကို အပ်နော်"

ဟု စခန်းမှူးက ပြောလိုက်၏။

"စိတ်ချစရာ ဓားရှိတာ အန္တရာယ်များတယ်"

"ဒါထက် မေးရဦးမယ် ထွန်းရီ၊ ဦးမြဟန် သေသွားတဲ့အတွက် ကျန်တဲ့ ပစ္စည်းဓနော လယ်ရော မင်းတို့ လင်မယား ခံစားရမှာပေါ့ ဝမ်းမသာဘူးလား"

စခန်းမှူး၏ စကားကြောင့် ထွန်းရီ တွေသွားရသည်။ စခန်းမှူးကို ဦးစောဝင်း ဘာစကားတွေ ပြောခဲ့သလဲဟု တွေးမိ၏။

ထွန်းရီသည် အိမ်ပြန်ရောက်သောအခါ အလောင်းကို ခေါင်းသွင်းရန် အစီအစဉ်လုပ်ပြီး သူနှင့် မစန်းဦးနေသော အခန်းတွင်း ဝင်၍ ဓားကို ရှာသည်။ မတွေ့ပါ။ မိခင်အိမ်ကိုပြောင်းရွှေ့သွားပြီး အိမ်တွင်နေသူ သုံးဦးရှိသည်။ သေသူ ဦးမြဟန်၊ ငှားသားနှစ်ယောက် အိမ်မှာ လုံခြုံမှုရှိသော နှစ်ထပ်အိမ်ကြီးဖြစ်၍ ပြင်ပလူ ဝင်နိုင်စရာ အကြောင်းမရှိ။ ငှားသားခင်မောင်လတ်မှာ တင်းကုပ်ဘေး အဖီတွင် အခန်းဖွဲ့အိပ်၏။ အိမ်ပေါ်တွင် မအိပ်၊ တစ်ခါတစ်ရံခွင့်ပန်၍ သူ့အိမ်သူပြန်အိပ်၏။ ဓားကို ယူလျှင် ငှားသား နှစ်ယောက်အနက် ပေါက်ကျော်ယူနိုင်သည်ဟု ထွန်းရီတွေး၏။ ဦးမြဟန်နှင့် အတူ လာအိပ်သည်မှာ ပေါက်ကျော်၊ ဦးစောဝင်း၏ တူတော်သူမှာလည်း ပေါက်ကျော်ဖြစ်သည်။ ထွန်းရီ အမျိုးမျိုး တွေးသည်။ ပေါက်ကျော်အပေါ် သံသယစိတ် ဝင်နေသည်။ ပေါက်ကျော် မှန်လျှင် မည်သို့သော အကြောင်းကြောင့်နည်း၊ သံသေတ္တာတွင်းမှာလည်း ပဲရောင်းဘောက်ချာများသာတွေ့သည်။ ငွေလိုချင်၍ လားဟု တွေးသည်။ သို့သော် ပေါက်ကျော်လုံးဝမှုမပျက်။ သူ့တာဝန်ကို ကျေပွန်စွာလုပ်သည်။ ဆေးငုံသည် မတွေးရ။ တစ်ခါတစ်ခါ ခင်မောင်လတ်၏ ဆေးလိပ်ကို ယူဖွာ၏။ ထိုအကြောင်းကိုလည်း စခန်းမှူးကို ပြောပြပြီးဖြစ်သည်။

ဦးမြဟန်ကို စည်ကားသိုက်မြိုက်စွာ သင်္ဂြိုဟ်ပြီးစီးခဲ့ပါသည်။ ထွန်းရီသည် လူသတ်တရားခံကို ခန့်မှန်းရခက်နေသည်။ စခန်းမှူးကလည်း ရဲသား နှစ်ယောက်အား အရပ်ဝတ်ဖြင့် လွှတ်၍ စုံစမ်းခိုင်းခဲ့သည်။ အထူးသဖြင့် ပေါက်ကျော်ကို။ ပေါက်ကျော်သည် မပျက်။ အလုပ်ကို လုပ်နိုင်သည်

www.burmeseclassic.com



## ''မင်း ဘာတစ်ခွန်းမှ မပြောနဲ့ ပေါက်ကျော်''

စဉ် အတိုင်းလုပ်နေသဖြင့် ဘာမှူထူးခြားချက် မတွေ့ရ။ သို့နှင့် ဦးမြဟန် ရက်လည် ဆွမ်းသွတ်သည့်နေ့တွင် စခန်းမှူး ရဲအုပ် ရဲညွန့်၊ နယ်ထိန်းဒုရဲအုပ် ကျော်စွာ၊ ရဲတပ်ကြပ် တစ်ဦး၊ ရဲတပ်သား နှစ်ဦးနှင့်အတူ မနက် ၈ နာရီခန့် ရောက်ရှိလာသည်။ ဆွမ်းသွတ်လာသူများဖြင့် စည်ကားနေချိန်။

''ကျုပ်တို့ ခရီးဆက်ထွက်မှာ ထွန်းရီ၊ အဆာပြေစားသွားရမယ်''

ဟုအသံကျယ်ကျယ်ဖြင့် လှမ်းပြောလိုက်၍ ခေါင်းရင်းခန်းတွင် ဝိုင်းပြင်ဆင်လိုက်၏။ စခန်းမှူးသည် ထွန်းရီကို ခေါင်းညိတ်ခေါ်လိုက်ပြီး တိုးတိုးမေးသည်။ ထွန်းရီကလည်း တိုးတိုးဖြေ၏။ စခန်းမှူးနားတွင်ကပ်ထိုင်သော နယ်ထိန်း ဒုရဲအုပ်ကျော်စွာ ကြားသည်။

''ဆရာအောင်ဝင်း ..ကျွန်တော်နဲ့လိုက်၊ မင်းကခြံဝမှာစောင့်၊ မင်းက ခေါင်းရင်းကပတ်ပြီး မုန့်ဟင်းရည်ချက်တဲ့ နေရာ အမြန်သွား။ ခုစ''

ဟု ပြောပြော ဆိုဆို သွက်လက်စွာ လှုပ်ရှားလိုက်၏။ ပြေးမလွတ်၊ ဆရာအောင်ဝင်း လျင်မြန်စွာ လက်ထိတ်ခတ်လိုက်၏။ အားလုံးအားလုံး အံ့အား သင့်နေသည်။

''မင်း ဘာတစ်ခွန်းမှ မပြောနဲ့ ပေါက်ကျော်''

စခန်းမှူးရဲအုပ် ရဲညွန့်၏ အောင်မြင်သော အသံထွက်လာသည်။

''အေးအေး ဆေးဆေး သုံးဆောင်ကြပါ။ ဦးမြဟန်ကို သတ်တဲ့ တရားခံကို လာဖမ်းတာပါ။ မထင်မှတ်စရာပါပဲ၊ အတိအကျမို့ ဖမ်းတာပါ။ စခန်းရောက်ရင် ဖြောင့်ချက်ပေးမှာပါ၊ ကဲ– ထွန်းရီ မနက်ဖြန်စခန်းကို လာခဲ့ဦး၊ အကြောင်းစုံပြောမယ်၊ ရွာပြန်ရောက်လဲ ပြန်ပြောလို့ရတာပေါ့''

စခန်းမှူးတို့ လူစု ပြန်ထွက်သွားပြီးနောက် တီးတိုးဝေဖန် သံများဖြင့် ပြန်လည် အသက် ဝင်လာလေသည်။

နောက်တစ်နေ့ မနက်စောစော ထွန်းရီ မြို့သို့ တက်ခဲ့၏။ စခန်းသို့ရောက်သောအခါ စခန်းမှူးက အကြောင်းစုံပြောသည်။ ပြောပြသည့် အကြောင်းအရာများတွင် မထင်မှတ်သော မည်သူမျှ မသိသော ဇာတ်ကောင် တစ်ကောင် ပါဝင်ပါသည်။

''လွန်ခဲ့တဲ့ နှစ်ရက်လောက်က အသက် ၅၀ ကျော်လောက်ရှိတဲ့ အမျိုးသမီး တစ်ဦး စခန်းကို လာတယ်။ စခန်းမှူးနဲ့တွေ့ချင်လို့ ဆိုတာနဲ့ခေါ်တွေ့တယ်။ ဦးမြဟန် အသတ်ခံရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ အဲဒီနေ့က အဖြစ်အပျက်ကို ပြောပြချင်လို့တဲ့၊ ဆရာကြီးတို့က ပြောပြရင် စဉ်းစားတွေးခေါ်တတ်လို့ပါတဲ့။ မင်းတို့ရွာကပါပဲ၊ ဒေါ်မြခင်တဲ့ တစ်ခုလပ်လို့ ပြောတယ်။ အဲဒီ ဒေါ်မြခင်နဲ့ မင်းယောက္ခမက နွယ်နေတယ်ဆိုပဲ။ ယူဖို့အထိ နှစ်ဦးသဘောတူပြီးသားလို့ ပြောတယ်။ သူတို့ နှစ်ဦးကို ဆက်သွယ်ပေးတာက ပေါက်ကျော်၊ ဒေါ်မြခင်ကို ယူဖို့တိုက်တွန်းတဲ့သူက ဦးစောဝင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဒါနဲ့ပဲ သူတို့ နှစ်ယောက် မကြာခဏ ချိန်းချိန်းတွေ့ကြတာ။ ဦးမြဟန် သေဆုံးတဲ့ ကိုင်းတောမှာတဲ့။ ဦးမြဟန် အသတ်ခံရတဲ့နေ့ မနက်ခင်း ပေါက်ကျော် ရောက်လာပြီး ဦးမြဟန်က တွေ့ချင်လို့ နေ့လယ် နှစ်နာရီလောက် လာခဲ့ဖို့ ချိန်းသွားတယ်။ ထမင်းစားချိန်ရောက်တော့ ပေါက်ကျော်လာပြီး ပြောပြန်တယ်။ ပဲဝယ်တဲ့ ပွဲစားတွေ ရောက်နေလို့ ဒီနေ့မလာနဲ့၊ မနက်ဖြန်မှလို့ လာပြောတယ်။ အဲဒီနေ့မှာ သူတောင်းထားတဲ့ ငွေလဲ ပေးမယ်လို့ပြောလိုက်ကြောင်းပြောသွားတယ်။ ညနေကျတော့ ဦးမြဟန် အသတ်ခံရတယ်။ နေရာက ဦးမြဟန်လယ်ရဲ့ ကိုင်းတောမှာ၊ ဒီတော့ ဦးမြဟန်ကို သတ်တဲ့သူက ပေါက်ကျော်လို့ ထင်ကြောင်း လာပြောသွားတယ်။ ဆရာတို့ အပြန်ပြန် အလှန်လှန်စဉ်းစားတယ်---

''နောက်ဆုံးတော့ ပေါက်ကျော်ကို ဖမ်းပြီး စစ်ရင်းပေါ်နိုင်တယ်ထင်လို့ ဖမ်းတာပဲ။ ဒေါ်မြခင်ကလဲ ဦးမြဟန် ,အတွက် ယူကျုံးမရဖြစ်လို့ပါ။ သူအမည်ကို အမှုပေါ်ပေါ် မပေါ်ပေါ် လျှို့ဝှက်ပေးပါလို့ တောင်းပန်သွားတယ်။ မင်းလဲ လျှို့ဝှက်ပေးပါ။ မင်းမိန်းမကိုတောင် မပြောပါနဲ့။ တကယ်တော့ ဒီအမှု ပေါ်ရတာလဲ ဒေါ်မြခင်ကြောင့်ပဲ။ အမှုပြီးသွားရင် ဒေါ်မြခင်ကို ပစ်မထားပါနဲ့။ ရုပ်ရည်သန့်သလို စိတ်ထားဖြူပါတယ်။ မင်းတို့ တစ်ရွာတည်းသားတွေပဲ၊ အသိဆုံးဖြစ်မှာ။ အဲ ဆက်ရဦးမယ်။ ဆရာတို့ ပေါက်ကျော်ကို ဖမ်းခေါ်လာပြီး တစ်လမ်းလုံးချော့တစ်မျိုး၊ ခြောက်တစ်မျိုးနဲ့မေးလာခဲ့တာ အတင်းငြင်းတယ်ကွ၊ နောက်တော့ နယ်ထိန်းက ပညာပြတော့တယ်။ စခန်းမှူး ဒီကောင် ဒီလောက်ငြင်းနေတာ ကျွန်တော် စိတ်မရှည်တော့ဘူး။ လူသံသူသံ မကြားရတဲ့ နေရာရောက်ရင် ပစ်သတ်မယ် ဆရာ၊ အများကမေးရင် ထွက်ပြေးလို့ ပစ်ဖမ်းရင်းချက်ကောင်းမှန် သေသွားတာလို့ ပြောမယ်။ ကျွန်တော် ရှင်းမယ်ဆရာ ဆိုပြီးခြောက်လုံးပြူးကို ခါးကြားထဲက ဆွဲထုတ်ပြီး ကျည်ဆန်ကို စစ်သလိုဖြုတ်တပ် လုပ်ပြရော သေမှာကိုအလိုလို စိမ့်ကြောက်လာဟန်တူတယ်။ အမှန်အတိုင်း ဝန်ခံပါ့မယ်လို့ပြောပြီး တစ်လမ်းလုံး ပြောပြပါတယ်။ ဒေါ်မြခင် အကြောင်းလဲ ပါတာပေါ့။ ဆက်သွယ်ပေးတာ မှန်ကြောင်းလဲ ပြောတယ်--

''စခန်းရောက်တော့ ဓားအကြောင်းမေးတယ်။ အိပ်ခန်းထဲက ထရံမှာထိုးထားတာ တွေ့လို့ ယူထားတာကြာပြီတဲ့။ ဘယ်မှာ ထိုးသလဲမေးတော့ ဒီကောင် ဉာဏ်သွားသား၊ တင်းကုပ်ရဲ့ အဆင်းအတက် လှေကားဘေးက နွားချေးတွေ လှဲချထားတဲ့ တိုင်ခြေရင်းမှာ မြှုပ်ထားတယ်။ နွားချေးတွေ လှဲလှဲချရင်းမြှုပ်သွားမှာ၊ နွားချေးဆိုတော့ မကိုင်ကြဘူးလို့ ပြောတယ်။ ဒါနဲ့ ငွေတွေရော ဘယ်မှာ ဖွက်ထားသလဲ မေးတော့ ဦးစောဝင်းဆီမှာ အပ်ထားတယ်။ ဒီအကြောင်း ဦးစောဝင်းလဲ သိတယ်။ ဒီအကြံအစည်ကို ဦးစောဝင်း အစီအစဉ်ချတာ ဆိုတာနဲ့ ညတွင်းချင်းဖမ်းဖို့ စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ မင်းတို့တောင် မသိလိုက်ဘူး မဟုတ်လား။ ရွာလူကြီးနဲ့ တိတ်တဆိတ်ဆက်သွယ်ပြီး လူခြေတိတ်တဲ့အချိန်မှာ ဖမ်းခဲ့တာပဲ။ ဒါတောင် ဦးစောဝင်း ပြေးဖို့ ပစ္စည်းတွေ ငွေတွေထည့်သိုနေတုန်း လက်ပူးလက်ကြပ်မိတာ၊ အိမ်နီးနားချင်း တစ်ဦးနှစ်ဦးလောက်တော့ သိလိမ့်မယ်လို့ သွားဖမ်းတဲ့ နယ်ထိန်း ဒုရဲအုပ် ကျော်စွာက ပြောတယ်။ ခုမနက်ဆို တစ်ရွာလုံးနီးပါး သိလောက်ရောပေါ့။ မနက်စောစောထွက်လာတဲ့ မင်းဘယ်သိမလဲ။ အချုပ်ခန်းထဲမှာ တူအရီးနှစ်ယောက် တွေ့နေပြီလေ--

"အဲ မင်းကိုတစ်ခုပြောဖို့ ကျန်နေသေးတယ်၊ ငုံဆေးကိစ္စ၊ ပေါက်ကျော်ငုံဆေး မငုံတတ်ဘူး၊ ဒါပေမယ့်သံသေတ္တာထဲက ငွေယူတဲ့နေ့က ဆေးရွက်ကြီး အထုပ်လေးကို သေတ္တာဘေးမှာ ချထားခဲ့ဖို့၊ ကြမ်းပေါက်ဝမှာ ငုံဆေးငုံပြီးပြီး တံတွေးထွေး တင်ကျန်အောင်ထွေးချထားခဲ့ဖို့ကို စီစဉ်ခဲ့တာကလဲ ဦးစောဝင်းတဲ့ကွဲ၊ ရဲကို အကွက်လှည့်ဖို့ ပိပိရိရိစီစဉ်ခဲ့တာ၊ ဆရာတောင် သူတို့ဆင်တဲ့ အကွက်ထဲဝင်သွားပြီး၊ လူသတ်တရားခံဟာ ငုံဆေးငုံတတ်သူလို့ တွက်ခဲ့မိသေးတာပဲ၊ တော်တော့ တော်တော်တော်တဲ့ လူကွ၊ ဒါပေမယ့် ထွန်းရီရာ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာရှိတာမှ မဟုတ်ဘဲ၊ တရားကို နတ်စောင့်တာပဲ၊ မင်းကိုတောင် အာဃာတရဲ့ သားကောင်ဖြစ်အောင် ဦးစောဝင်း ဖန်တီးပေးတာပဲ၊ ဆရာ မယုံကြည်လို့ မင်းကို ထွေထွေထူးထူး မမေးဘူး၊ အဓိက ဖြစ်လာတာက လောဘ၏ သားကောင် ဖြစ်နေတာပဲ၊ စပါး ပဲရောင်းထားတဲ့ငွေတွေရှိနေတာ ဦးစောဝင်း သိနေတယ်လေ၊ ဖမ်းမိတဲ့ငွေက နှစ်ဆယ့်တစ်သိန်း၊ တစ်သိန်းအစွန်းထွက်က ဒေါ်မြခင်ကိုပေးဖို့ ဦးမြဟန်အိတ်ထောင်ထဲမှာ ပါလာတဲ့ငွေ၊ သတ်ပြီး ယူလာတာလို့ ပေါက်ကျော် အစစ်ခံတယ်--

"ဒီအမှု ပေါ်ပေါက်လာခဲ့တာက ဒေါ်မြခင်ရဲ့ ကျေးဇူးကြောင့်ပဲ၊ ဒေါ်မြခင်ကို မင်း ပစ်မထားနဲ့၊ ကူညီစောင့်ရှောက်ပါကွာ၊ ဒေါ်မြခင်ကြောင့် ဒီအမှုသဲလွန်စရတာဆိုတာကိုလဲ မင်းရင်ထဲမှာသာ ထားပါ၊ ဘယ်သူ့ကိုမှမပြောပါနဲ့၊ ညားခါမှ ညားရော၊ ခုလိုကိစ္စမှာ ဦးမြဟန်နဲ့ မရှင်းမရှင်းဖြစ်နေတယ် ဆိုတာကိုတော့ လူသိခံဝံ့မှာ မဟုတ်ဘူး၊ ရှက်မှာပေါ့"

စခန်းမှူး ရဲအုပ်ရဲညွန့်သည် ဖြစ်ပျက်ပုံ အလုံးစုံကို ရှည်လျားစွာ မနားတမ်း ပြောပြပြီးနောက် ဂုလားထိုင်ကို မှီ၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ဤအမှုတွင် "အာဃာတ၏ သားကောင်" ထွန်းရီ မဖြစ်ရဘဲ၊ "လောဘ၏ သားကောင်" အဖြစ် ဦးစောဝင်းနှင့် ပေါက်ကျော်တို့ ဖြစ်ခဲ့လေရာ တရား ဥပဒေ၏ အဆုံးအမအဖြစ် ပုဒ်မ ၃၀၂ (ခ) အရ ဦးစောဝင်းအား လည်းကောင်း၊ ပေါက်ကျော်အား ပုဒ်မ ၃၉၆ အရ လုယက်လူသတ်မှုဖြင့် လည်းကောင်း ထိုက်တန်သော ပြစ်ဒဏ်ကို ခရိုင်တရားရုံးမှ စီရင်ချက် ချမှတ်လိုက်သည်။

ဟသ်ာတမောင်မျိုးသက်



www.burmeseclassic.com

www.burmeseclassic.com

# ရဲအုပ်သာဦး နှင့် လူသတ်တရားခံ

မော်ကျွန်းရဲခိုင်





www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်သာဦးနှင့်
လူသတ်တရားခံ
မော်ကျွန်းရဲနိုင်

(၁)

ငွေနှင်းမှုန်လွလွ က လေးများကို လေညင်းဖွဖွလေး က အားပေးအားမြှောက်ပြုနေ ဟန်ရှိ၏။ ထို့ကြောင့်ဆောင်းလ ၏ အအေးဓာတ်က ဘဝင်ကြွ နေလေသည်။ ငွေနှင်းနှင့် လေ ညင်းကို အဝေးလွင့်သွားစေမည့် နေပင်းကိုသာ လူသားတို့က မျှော်လင့် နေကြရလေသည်။ ဆောင်းရာသီ အအေးဓာတ်က ရေခဲမတတ် အစွမ်းပြနေသော် လည်း ဒေါ်ခင်လှ၏ ရင်တွင်း အပူကိုတော့ဖြင့် မထိုးဖောက် နိုင်ပါပေ။ နေမင်းထက် အဆ များစွာပူလောင်နေရလေသည်။

"ပျောက်သောသူ ရှာ လျှင်တွေ့၊ သေသောသူ ကြာ လျှင်မေ့"ဆိုသော်လည်း ရာသီ တွေသာ ပြောင်းခဲ့သည်။ ဒေါ် ခင်လှ တစ်နေ့မှ မေ့မရခဲ့ပေ။ ရှာသော်လည်းမတွေ့၊ ကြာ သော်လည်း မမေ့နိုင်ပါ။ မေ့နိုင် စရာ အကြောင်းလည်းမရှိ၊ မိမိ ၏ အသွေးအသက်ဖြင့်ပေးဆပ် ၍ မွေးခဲ့ရသော သားဖြစ်နေ သောကြောင့်ပင်။

'သားလေး မောင်ချို ရှိများ ရှိနေပါက လူပျိုပေါက် ကလေးဖြစ်နေရော့မယ်" ဟူ၍ လည်း မှန်းဆတမ်းတရင်း မျက် ရည်များ ကျရပြန်လေသည်"

"ဟဲ့ ခင်လှ နင့်မလဲ တစ်နေ့တစ်နေ့ ဒီသားစိတ်နဲ့ပဲ ခက်ရော့မယ်ဟာ၊ ကိုယ့်စိတ်ကို ဖြေမှပေါ့ ခင်လှရယ်၊ဆရာတော် ကလဲ ဟောပြထားတယ်မဟုတ် လားဟာ။ သတ္တဝါတစ်ခု ကံ တစ်ခုတဲ့။ ကံစီမံရာ ခံကြရမှာ ပဲတဲ့။ ချစ်ခင်ပေါင်းသင်း ဆက် ဆံခြင်းလဲ ကွေကွင်းနောက်ဆုံး ရှိချေမည်တဲ့။ ငါတော့ သတိ လေးကပ်ပြီး ဖြေနိုင်နေပါပြီ ခင် လှရယ်"

ဆရာတော် နားချ သော်လည်း တရားမရနိုင်သော ဇနီးအဖြစ်ကိုကြည့်၍ ဦးသောင်း ရင်မောရလေသည်။

"ရှင်က ဖြေနိုင်မှာပေါ့ ကိုသောင်းရယ်၊ လွယ်မွေးခဲ့ရ တာမှ မဟုတ်တာ"

"ဒီလိုတော့ မပြောပါ နဲ့ ခင်လှရယ်။ လွယ်မမွေးရ ပေမယ့်၊ ငါ့သွေး ငါ့သားပဲ ငါလဲ ထိခိုက်ခံစားရတာပဲ၊ ဒီ အခြေ အနေမှာ ခံစားနေတော့ရော အကြောင်း ထူးလာမှာမှ မဟုတ် တာပဲ ခင်လှရယ်။ ဘယ်လိုမှ မတတ်နိုင်တဲ့ အဖြစ်လေဟာ စိတ်ကိုလျှော့ပြီး ဖြေပါ ခင်လှ ရယ်၊ အင်း ဘာလိုလိုနဲ့ သား လေး မောင်ချိုပျောက်သွားတာ (၃)နှစ်တောင်ကျော်လာခဲ့ပြီပဲ ဟင်း"

ဦးသောင်း ညည်းတွား သံနှင့်ပြောရင်း အတွေးစိတ် တို့က ... ။

★★★★★

(၂)

"တိုက်ကျောင်းမဲဇလီ ရွာကထိန်"ဟုဆိုလိုက်သည်နှင့် ရွာသူရွာသားများသာမက ရွှန်း ချုပ်စပ်ကပါ လှုပ်လှုပ်ရှားရှား ဖြစ်ရစမြဲပင်။ တိုက်ကျောင်း မဲဇလီကျေးရွာသည် ကျေးရွာ အုပ်စု (၇)စုဖြင့် ဖွဲ့စည်းထား သော ရွာကြီးဖြစ်၏။ ကထိန်ပွဲ ဖြစ်ပါက အလွန်ပင် စည်ကား သည်။ဆိုင်းပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ တစ်ခုခုတော့ပါစမြဲဖြစ်၍ အခြား



www.burmeseclassic.com

www.burmeseclassic.com



အခြားသော ရွာများကပင် မဲဇလီရွာ ကထိန်ပွဲသတင်းကို နားစွင့်နေတတ်လေသည်။

ယခုနှစ်လည်းစည်ကားဦးမည်ပင်။ ကထိန် မတည် အလှူရှင်များလည်းပေါ်လာပြီဖြစ်သည်။ မတည် အလှူရှင်ကား ဦးသောင်း၊ဒေါ်ခင်လှတို့ဖြစ်၏။ ဦးသောင်းတို့မိသားစုသည် ငွေကြေးပြည့်စုံသူများဖြစ်၍ ကုန်ကျမှုကို အဓိကမထားပေ။ စည်ကားရေးကိုသာပဓာနဖြစ်သည်။ ဦးသောင်းတို့ မိသားစု ဆိုသော်လည်း သားလေး မောင်ချို တစ်ဦးတည်းသာရှိပြီး မိသားစုဝင် သုံးဦးသာ ရှိသည်။

ဦးသောင်းတို့တွင် လယ်မြေကေများစွာရှိသည့်အပြင် စပါးတင်းတိုးချေးခြင်း၊ ငွေတိုးချေးခြင်းနှင့် နဝလီကြိတ်ခြင်း လုပ်လေသည်။ အလှူအတန်းတွင် ဒေါ်ခင်လှကသာဦးဆောင်ပြုရ၏။ ဦးသောင်းကမူ အလုပ်များသူဖြစ်ကာဒေါ်ခင်လှလောက် အလှူအတန်းဘက် အာရုံမရှိလှပေ။ သို့သော် ဒေါ်ခင်လှ လှူဒါန်းရာတွင် ကုန်ချင်သလောက်ကုန်ပါစေ၊ မကန့်ကွက်၊ မစွက်ဖက်ဘဲ ကျေနပ်နေတတ်သူဖြစ်သည်။

ယခုလည်း ဒေါ်ခင်လှနှင့် သားလေး မောင်ချိုတို့ ရွာဦးကျောင်းသို့ ထွက်လာကြ၏။ ကထိန်အတွက် ရွာဦးကျောင်းဆရာတော်ဘုရားနှင့် တိုင်ပင်ရန်ဖြစ်သည်။ လမ်းတစ်ဝက်အရောက်တွင် ဒေါ်ခင်လှ တစ်ခုခုကို သတိရသွားဟန်ဖြင့် ခြေလှမ်းကို ရပ်လိုက်၏။

“သားလေး. . . ခဏနေဦး၊ အမေ အခုမှသတိရတယ်ကွယ် သားလေး ဒီနေရာက စောင့်ချင်စောင့်၊ မစောင့်ချင်လဲ ကျောင်းကို သွားနှင့်ကွယ်”

“ဟင်. . . ဘာဖြစ်လို့လဲ အမေ၊ ဘာကျန်ခဲ့လို့လဲ”

“ပိုက်ဆံလေ၊ လိုလိုမည်မည် ပိုထည့်သွားမယ်လို့ စိတ်ကူးပြီး ပိုက်ဆံ ထုတ်ထားတာ အဲဒါမေ့ပြီး ဗီရိုပေါ်မှာကျန်ခဲ့လို့သားရဲ့”

“ဟင်. . . ဟုတ်လား၊ ဒါဆိုလဲ သွားယူလေ။ မြန်မြန်သွားနော် အမေ။ သား ဒီနားမှာပဲ စောင့်နေမယ်”

★★★★★

(၃)

“ဒါဆိုရင် ဒေါ်ခင်လှ သားလေး မောင်ချို ဆိုတာ၊

ပိုက်ဆံလေ၊
လိုလိုမည်မည် ပိုထည့်သွားမယ်လို့
စိတ်ကူးပြီး ပိုက်ဆံထုတ်ထားတာ
အဲဒါမေ့ပြီး
ဗီရိုပေါ်မှာကျန်ခဲ့လို့သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ အဲဒီနေရာမှပဲ ပျောက်သွားတယ်ဆိုတဲ့ သဘောလား''

''ဟုတ်ပါတယ် စခန်းမှူးရယ် အဟီးဟီး။ ကျွန်မ ... ကျွန်မ ကျောင်းကိုလိုက်သွားတော့လဲမတွေ့၊ ဘယ်သူ့ကိုမှလဲ မေးမြန်းလို့မရနဲ့ ပျောက်နေပါတယ်ရှင်။ အီး ..အဟီး ကူညီပါ စခန်းမှူးရယ်''

''အင်း..ဒေါ်ခင်လှလဲ အတော်ပဲ ငိုထားပုံရတယ်၊ အေးလေ မိခင်ဆိုတော့လဲ ခံစား ရမှာပေါ့၊ စိတ်ကိုတော့ ထိန်းပြီး နည်းနည်းတော့လျှော့ဗျာ ဒေါ်ခင်လှ။ ပင်ပန်းလှပါတယ်ဗျာ။ စိတ်ချပါ ကျွန်တော်တို့ ကူညီဖို့အသင့်ပါ။ ကူညီမှာပါ။ ဒါနဲ့ ကလေး အသက်က (၁၂)နှစ်နော်''

''ဟုတ်ပါတယ်ဆရာ။ (၁၂)နှစ်ပါ။ ကျွန်တော်က ကလေးရဲ့အဖေ ဦးသောင်းပါ။ မနေ့က သိသိချင်းပဲလိုက်ရှာကြတာ အခု ဒီကို မလာခင်ထိပဲ ဆိုပါတော့ဆရာ။ ရွာမှာလဲ နှံ့နေပါပြီ။ ရွာနီးချုပ်စပ်မှာလဲ ရှာပါတယ်။ မတွေ့တဲ့အဆုံး ဒီက ကျေးရွာ ဥက္ကဋ္ဌ ကိုမောင်တင့်က အကြံပေးလို့ ဆရာတို့ဆီလာပြီး အကူအညီတောင်းရတာပါ''

ရဲအုပ် ဦးသာက ခေါင်းတညိတ်ညိတ် နားထောင်ပြီး ....

'ဟုတ်ကဲ့ပါ ကျွန်တော်တို့ ကူညီပါ့မယ်။ ဒါနဲ့ ကလေးက အရမ်းဆော့တတ်တဲ့ အရွယ်ဆိုတော့ အရင်ရော ဒီလိုပဲ ပျောက်လို့ရှာရတာမျိုး ရှိသလား။ ဟိုဟိုဒီဒီ လျှောက်သွားတတ်သလား''

''မသွားပါဘူးဆရာ၊ ဆော့ကစားကြူးတဲ့ အရွယ်ပေမယ့် ကျွန်တော့်သားက အေးအေးတည်တည်နေတတ်ပါတယ်။ အိမ်နားက ကလေးတွေနဲ့ အိမ်ပတ်ဝန်းကျင်မှာပဲ ဆော့တာပါဆရာ။ ကျောင်းပိတ်ရက်တို့ ဘာတို့တောင် ဝေးဝေး လံလံ သွားလေ့ မရှိပါဘူး ဆရာ''

ဦးသောင်း အဖြေကြောင့် ရဲအုပ်သာဦး လေးလေးနက်နက်စဉ်းစားနေ၏။ ဒေါ်ခင်လှကတော့ တသိမ့်သိမ့် ငိုနေဆဲပင်။ ကျေးရွာဥက္ကဋ္ဌ ကိုမောင်တင့်က ...

''ဒီကလေးက လိမ္မာပါတယ် စခန်းမှူး။ အေးလဲအေးပါတယ်။ တကယ်လို့ အဆော့မက်ပြီး ခရီးလွန်နေရင်တောင် အချိန်တန်ရင် အိမ်ပြန်လာမယ့်

ကျွန်တော် စိတ်ထဲမှာ စဉ်းစားမိတာပါ။ ဒီက ဦးသောင်းက ငွေရေး၊ ကြေးရေးကိစ္စနဲ့ ပတ်သက်ပြီး မသင့်မြတ်တဲ့သူ ဟိုလေ စကားများ ရန်ဖြစ်ဖူးတဲ့သူတွေရှိနေလေတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးပါ။ အခုဟာက ကျွန်တော်တို့လဲ ပိုင်းရှာကြတာ နဲ့ နေပါပြီ စခန်းမှူးရယ်။ အင်း ...ပြန်လဲမလာ၊ ရှာလဲမတွေ့ ဆိုတော့ ကျွန်တော့်စိတ်ထဲမှာ စဉ်းစားမိတာပါ။ ဒီက ဦးသောင်းက ငွေရေး၊ ကြေးရေး ကိစ္စနဲ့ ပတ်သက်ပြီး မသင့်မြတ်တဲ့သူ ..ဟိုလေ စကားများ ရန်ဖြစ်ဖူးတဲ့သူတွေ ရှိနေလေတော့ ...

ကိုမောင်တင့်က ထိုမျှ ပြောပြီး စကားကိုရပ်လိုက်၏။ ဦးသောင်းနှင့် ဒေါ်ခင်လှတို့ မျက်နှာကို တစ်ချက်ကြည့်သည်။

"ပြောပါ ဥက္ကဋ္ဌ ထင်မြင် ယူဆချက်က ဘယ်လိုရှိလို့လဲ"

ရဲအုပ်သာဦးက နားစွင့်ရင်း စကားလမ်းဖွင့်ပေးခြင်းပင်။

"အင်း ခုနပြောသလို ပေါ့ စခန်းမှူးရယ် အဲဒီလို အကြောင်းလေးတွေက ရှိနေတော့ ဟိုလေ ... တစ်ယောက်ယောက်ကများ အငြိုးအတေးနဲ့ ကလေးကို တစ်ခုခုများ လုပ်သလားလို့ပါ"

"အင်း ဒါလဲ ထည့် စဉ်းစားရမယ့် အချက်ပဲ။ ဒါနဲ့ ကလေးက ရေနစ်တာမျိုး ရော မဖြစ်နိုင်ဘူးလား"

"ဒါတော့ မဖြစ်နိုင်ပါဘူးဆရာ။ ကျွန်တော့်သားက ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ကတည်းက ရေကူးသင်ထားပေးတာပါ၊ ရေကောင်းကောင်း ကူးတတ်ပါတယ် ဆရာ"

ဦးသောင်းစကား အဆုံး ဒေါ်ခင်လှခေါင်းမော့လာ၏။

"ဟုတ်ပါတယ် စခန်းမှူးရယ် ရေနစ်ဖို့တော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ ကျွန်မ စိုးရိမ်တာက ဥက္ကဋ္ဌ ပြောသလိုမျိုးပါ စခန်းမှူးရယ်"

"ကဲ ဟုတ်ပြီလေ။ ဒီအခြေအနေမှာက အားလုံးဖြစ်နိုင်တာ ချည်းပါပဲ။ ဘယ်အရာမဆို ထည့်စဉ်းစားရမှာပါပဲ။ ဒီတော့ ကျွန်တော်တို့အဖွဲ့ အခု လိုက်ခဲ့ပြီး စစ်ဆေးစုံစမ်းပေးပါ့မယ်။ လမ်းရောက်မှပဲကျွန်တော် သိချင်တာလေးတွေ ထပ်မေးပါဦးမယ်။ ကဲ ... ရဲဘော် လှဦး နယ်ထိန်းကိုသိန်းကြည်ကို သွားခေါ်။ ဆရာကြီးလှမိုး ခရီးထွက်ဖို့ အသင့်ပြင်ပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

★★★★★

(၄)

အပူရှိန် ပြင်းသော သူရိန်နေမင်းက အစွမ်းပြနေလေသည်။ ဘယ်နှစ်နာရီဟု အတိအကျ မသိသော်လည်း နေ့လယ် မွန်းတည့်ချိန်ဖြစ်၏။ "လင်းရောင်ဦး" ပဲ့ထောင်စက်လှေလေးက နေပူကိုမမှု ရေထုကိုခွဲ၍ တဟဲဟဲမြည်ကာ တစ်ရိပ်ရိပ်ပြေးနေသည်။ လိုရာကို သူပို့ဆောင်ပေးရမည့်သူများကတော့ ရဲအုပ်သာဦးတို့ အဖွဲ့နှင့် ဦးသောင်း၊ ဒေါ်ခင်လှ၊ ကိုမောင်တင့်တို့ ဖြစ်ကြ၏။

ပဲ့ထောင်လေးက ဝန်တင် နည်းများက သူ့ကိစ္စ မဟုတ်။ လူတို့လိုရာ အမြန်ရောက်ဖို့သာ အာရုံရှိနေဟန်ဖြစ်သည်။ သူဦးတည်ပြေးနေသည်က တိုက်ကျောင်း မဲဇလီ ကျေးရွာသို့ဖြစ်သည်။

ရဲအုပ်သာဦးနှင့်အဖွဲ့သည် လက်ခုံပေါ်ရေစက် ရေပေါက်ကလေးများ လာထိတိုင်း အရေပြားပေါ်တွင် ဆားပွင့်ကလေးများ ပွင့်လာသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် စိတ်မပျက် အားမာန် အပြည့်နှင့် ခရီးဆက်ရင်း သိလို သမျှကိုလည်း မေးမြန်းရင်း ရှိ သည်။ သိပ် မကြာလိုက်ပါ တိုက်ကျောင်းမဲဇလီ ရွာထဲ ရောက်လာခဲ့ချေပြီ။ ကျေးရွာ ဥက္ကဋ္ဌ ကိုမောင်တင့် အိမ်တွင် ဆိုက်ကပ်ပြီး ရွာအနေအထား ကို အကဲခတ်ရန် ဦးသောင်းတို့ အိမ်ရှိရာကို ခြေလျင်လျှောက်ခဲ့ ကြ၏။

"ကဲ ကျွန်တော့်ကို မောင်ချို ပျောက်သွားတဲ့နေရာ ရောက်ရင် တစ်ချက်ပြောပါ"

"ဟုတ်ကဲ့ စခန်းမှူး"

မောင်ချိုပျောက်သွား သောနေရာသည် ရွာထိပ်နှင့် ရွာဖျား၏ အလယ်လောက်တွင် ဖြစ်သည်။ ထိုနေရာသည် ဥယျာဉ်ခြံကြီး တစ်ခုဖြစ်ပြီး နှစ်ကေခန့်ကျယ်၏။ လူလည်း မနေ ပြုပြင်ခြင်းလည်းမရှိသော ကြောင့် ခြံပျက်ကြီးသဖွယ် ဖြစ် နေလေသည်။

ခြံကြီး၏ အနေအထား မှာ လူအများအသုံးပြုသွားလာ နေသောလမ်း (၂)လမ်းရှိပြီး အသုံးပြုများသော အိမ်ရှေ့ရှာ လမ်းနှင့် အသုံးပြုနည်းသော ဥယျာဉ်နောက်လမ်းဖြစ်သည်။ သစ်ပင်ငွယ်ပင်များနှင့် မြက်ရိုင်း ပင်ကြီးများ ကြီးစိုးနေသော ကြောင့် ရာဇဝတ်မှုကျူးလွန်ရန် အကောင်းဆုံး အနေအထားရှိ သည်။

ရဲအုပ်သာဦးနှင့် အဖွဲ့ သည် ခြံကြီးကိုရောက်လာရာ အချိန်ကြာမြင့်စွာ လှေ့လာအကဲ ခတ် စစ်ဆေးနေလေသည်။ မ သင်္ကာစရာ တစ်စုံတစ်ခုမျှ မ တွေ့ရ။ ရာဇဝတ်မှုကျူးလွန်နိုင် သောအနေအထားမရှိ။ ကလေး နှင့်ပတ်သက်၍ ဘာသဲလွန်စမျှ မတွေ့ရပေ။

'မပြေးသော်လည်း ကန်ရာရှိ' ဆိုသကဲ့သို့ ဦးသောင်း နှင့် အဆင်မပြေသူ၊ ခိုက်ရန်ဖြစ် ပွားဖူးသူ၊ အငြိုးအတေးရှိနိုင်သူ များကို စစ်ဆေးအကဲခတ်ရာ တွင်လည်း အကြောင်းတစ်စုံ တစ်ရာ မထူးပေ။ နောက်ဆုံး မြပူးဆိုသူအား ခေါ်ယူစစ်ဆေး လေ၏။ မြပူးဆိုသူမှာ မယား ခိုးမှု၊ ငွေကြေးလိမ်လည်မှု၊ လူ သတ်မှု စသည့်တို့ဖြင့် ထောင် အကြိမ်ကြိမ် ကျဖူးသူဖြစ်သည်။ မကြာမီကလည်း ဦးသောင်းနှင့် အကြီးအကျယ်ရန်ဖြစ်ထားသူဖြစ် ၏။ ဦးသောင်းနှင့် ဥက္ကဋ္ဌတို့က လည်း မြပူးကို သင်္ကာမကင်း

မြပူး အနေအထားက
တည်တည်ငြိမ်ငြိမ်၊ ထူးခြားမှုမပြ၊
မျက်နှာအနေအထားကနဖူးမောက်မောက်၊ နှာတံတိုတိုဖြင့်
ရက်စက်ကြမ်းကြုတ်မည့်လက္ခဏာရှိ၏။
ခန္ဓာကိုယ်နှင့်မျက်နှာကိုခြုံငုံကြည့်ပါက
ကြောက်စရာအသွင်ဆောင်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလေသည်။ ဥက္ကဋ္ဌက ..

"ဒီကောင်က ဇလေး ရှိတော့ ဇက်ရဲလက်ရဲ စခန်းမှူး ရဲ့။ သူမျက်နှာကိုမြင်ရင် စခန်း မှူး အကဲခတ်လို့ ရမှာပါ"

ဥက္ကဋ္ဌ၏ စကားအဆုံး၊ နယ်ထိန်းအဖွဲ့နှင့် မြပူးပါလာ၏။ ရဲအုပ်သာဦးက မည်သည့်စကားမျှ မဆိုမီ အကဲခတ်ရင်းစူးစိုက်ကြည့်ပစ်လိုက်သည်။ အတွေ့အကြုံရှိသူပီပီ မြပူးအနေအထားက တည်တည်ငြိမ်ငြိမ်။ ထူးခြားမှုမပြ မျက်နှာအနေအထားက နဖူးမောက်မောက်၊ နှာတံတိုတိုဖြင့် ရက်စက် ကြမ်းကြုတ်မည့် လက္ခဏာရှိ၏။ ခန္ဓာကိုယ်နှင့် မျက်နှာကို ခြုံငုံကြည့်ပါက ကြောက်စရာ အသွင်ဆောင်နေသည်ဟု ရဲအုပ်သာဦးက သုံးသပ်သည်။

တကယ်တမ်း စကားပြောကြည့်သောအခါ စာစကားနှင့် ဆိုရပါမူ 'ဝါကျများဖေါင်းမွဲ' မနေပါ။ မေး၍ ပြောသမျှ စကားလုံးတိုင်း 'ကျစ်လျစ်သိပ်သည်း' သည်ဟု ဆိုရပါမည်။ ကြွပ်ဆတ်ဆတ်တိုတိုပြတ်ပြတ် ပုံစံမျိုးမဟုတ်ဘဲပြုံးယောင်သန်းသော နှုတ်ခမ်းက ချိုသာသော စကားလုံးများ ဖြစ်နေသည်။ "မလှစုန်းမျိုး" ဟုများ အထင်ရောက်မိလေခြင်း ဟူ၍ပင် နောင်တရမိသေးသည်။

မြပူးတွင် မသင်္ကာစရာ ဟူ၍ တစ်ကွက်မျှ မတွေ့ရ။ တဖြည်းဖြည်း နေမင်းကြီးပင် အရှိန်ပျော့ အလင်းဖျော့ခဲ့လေသည်။ ရဲအုပ်သာဦးနှင့် အဖွဲ့သည် တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကာ သက်ပြင်းချမိကြတော့သည်။

★★★★★

(၅)

"ကိုသောင်း .. ကိုသောင်း"

"ဟင် .. ဟေ .. ဘာလဲ ခင်လှ"

"ဟင် .. ဩော်ရှင်က ကျုပ်ကိုတော့ ပြောပြီး၊ ရှင်ကိုယ်တိုင်မျက်ရည်ကျနေတာ မဟုတ်လား"

"အေး ငါဝန်ခံပါတယ်ဟာ သားလေးအကြောင်းတွေး နေရင်း မျက်ရည်က ဘယ်လို ကျလာလဲမသိပါဘူး ခင်လှရယ်၊ •အင်း သက်ရှိထင်ရှားပဲရှိနေသေးသလား။ မရှိဘဲ မရှိတော့ဘူးလား မသိရတာကိုက အနေခက်လိုက်တာဟာ"

"ဟုတ်ပါ့တော် သေရင်လဲ သိသိသာသာ၊ ရှိနေသေးရင်လဲတစ်မျိုးပေါ့၊ အခု • အခုတော့ရှင် • •"

"တော်ပါဟာ၊ ဝမ်းနည်း မနေပါနဲ့ဦးဟာ၊ နေဦး ခင်လှ နင့်ကိုငါပြောမယ် ပြောမယ်နဲ့ မပြောဖြစ်တာဟ"

"ဒီလိုဟ အုန်းရွှေရဲ့ သား'ပဲလှော်'လေးကို နင်သတိထားမိလား ခင်လှ။ ဒီကလေးက မြပူးကို တွေ့ရင် ကြောက်နေတဲ့ ပုံစံကတစ်မျိုးပဲလို့ ငါထင်တယ်ဟ၊ တခြားသူတွေ ကြောက်တဲ့ပုံနဲ့ မတူဘူး ခင်လှရဲ့"

"အေးတော့် ဟုတ်တော့ ဟုတ်တယ်နော်။ ကျုပ်စိတ်ထဲမှာလဲ ထူးခြားနေတယ်လို့ ခံစားရတယ်တော့်"

ထိုစဉ် ကျေးရွာ ဥက္ကဋ္ဌ ကိုမောင်တင့်ရောက်လာသည်။

"ဒီလင်မယား နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး ဘာတွေတိုင်ပင်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ ကိုမောင်တင့် အသံကြောင့် ဦးသောင်းနှင့် ဒေါ်ခင်လှတို့ ခန္ဓာကိုယ်ကို မတ်လိုက်ကြ၏။ စကားလည်း ပြတ်သွားသည်။

“ဟော ဥက္ကဋ္ဌ လာကွာ ဘယ်ကနေလှည့်လာတာလဲ။ လာထိုင်ကွာ မင်းလာတာနဲ့ အတော်ပဲကွာ ထိုင်ပါဦး”

ဦးသောင်းက ကြိုဆိုနေရာပေးပြီး ပဲလှော်လေး၏ အပြုအမူကို ပြောပြလိုက်သည်။ ဥက္ကဋ္ဌကလည်း ဟုတ်မှန်ကြောင်း ထောက်ခံလေသည်။

“ဟုတ်တာပေါ့ဗျာ ကျွန်တော်လဲ အကဲခတ်ကြည့်နေတာ။ တခြား ကလေးတွေ မြပုံးကို ကြောက်တာက တစ်မျိုး။ ပဲလှော်လေး ကြောက်တဲ့ပုံစံက တစ်မျိုးဗျ။ သေချာ အကဲခတ်မိရင် သိသာပါတယ် ဦးသောင်းရာ။ အင်း မနေ့ကတောင် ကျွန်တော် မေးသေးတယ်၊ ကလေးက မပြောဘူး ထွက်ပြေးသွားတယ်ဗျ”

“အင်း စဉ်းတော့စဉ်းစားစရာပဲ ဥက္ကဋ္ဌရေ။ သားလေး မောင်ချိုနဲ့ ပဲလှော်လေးက အသက်အရွယ်ချင်းကွာပေမယ့် အတူတွဲဆော့တာ များတယ်”

ဒေါ်ခင်လှက နားထောင်နေရာက ...

“ဟုတ်တယ် သားနဲ့ ပဲလှော်လေးက (၄)နှစ်လောက်ကွာတယ်။ သားက ရွယ်တူတွေနဲ့သိပ်မဆော့ဘဲ မောင်ပဲလှော်လေးနဲ့ပဲ ဆော့တာ။ သရေစာ ရှိရင်လဲ မောင်ပဲလှော်လေးကိုပဲ ကျွေးတာ”

“ဒီလို လုပ်ပါလား ဦးသောင်းရာ၊ ဒေါ်လေးမခင်လှရော သဘောကျမယ်ဆိုရင် ဟိုစခန်းမှူး အခုရှိသေးတယ်ဗျ၊ သူတို့နဲ့ တိုင်ပင်ကြည့်ပါလား။ သူက အတွေ့အကြုံ ရှိတဲ့သူဗျ၊ ကျွန်တော်တို့ ဦးသောင်းတို့ထက်လဲ အတွေးအခေါ်ကောင်းတယ်၊ သူကိုင်ခဲ့တဲ့အမှုလဲ ဖြစ်နေတော့ သူလဲ စိတ်ဝင်တစား ဆွေးနွေးမှာပါ ဘယ့်နှယ့်လဲ”

“ဟာ ကောင်းတာပေါ့ ကောင်းတယ် ဥက္ကဋ္ဌ၊ ဒေါ်လေးကတော့ သဘောကျတာအမှန်ပဲ။ ကိုသောင်းရှင်ရော ဘယ်လိုလဲ”

“အတိုင်းထက် အလွန် တံခွန် ကုက္ကား ဆိုသလိုပေါ့ ခင်လှရယ်။ ဥက္ကဋ္ဌ အကြံညာဏ်ပေးရုံနဲ့တော့ အလုပ်မဖြစ်ဘူး။ တစ်ရက်လောက် အဲဒီစခန်းမှူး ဆီသွားရအောင် လိုက်ပို့ပေးဦးကွာ”

ဖူးပုရစ်
နုသစ် သစ်ခြင်းအစပြု
ဥတုတို့ အဆင့်ဆင့်ပြောင်း။
ဟောင်းရွက်တွေ
ညောင်းရက်ရှည်ရော်ကာရင့်
ကြွေလွှင့်ခဲ့ကြောင်း။

ဘာဘာဝတရား၏ ပြုပြင်ဖန်တီးမှုကြောင့် ရွက်သစ် ရွက်ဟောင်းနှင့်အတူ ရာသီတွေ ပြောင်းခဲ့ရ၏။ အရာရာတိုင်း အဟောင်းနေရာတွင် အသစ် ရောက်၍ အသစ်များလည်း ဟောင်းရပေဦးမည်။ မြို့ကလေးသည်လည်း အဟောင်းနေရာ၊ အသစ်ရောက် တောက်ပနေလေသည်။

မြို့ကလေး၏ ရင်ခွင်ထဲတွင် အသစ်တို့နှင့် ပြည့်နှက်နေ၏။ ထိုအထဲ ရဲစခန်းပင်လျှင် သေသပ်တောက်ပြောင်နေလေ၏။ နိုင်ငံတော်အလံ တဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com



အောက် မြက်ခင်းစိမ်းစိမ်းနှင့် ထင်းရှူးပင်တန်းတို့က ဤအဆောက်အအုံလေးကို ပံ့ပိုးပေးနေပါသည်။

"ဗိုလ်ကြီးနဲ့တွေ့ချင်လို့တဲ့ ညှိသည့်တွေ ရောက်နေပါတယ်ဗိုလ်ကြီး"

"ဟုတ်လား ခေါ်လိုက်ကွာ"

ရဲအုပ်သာဦး၏ ရုံးခန်းထဲသို့ သတင်းပေး ရဲဘော်က လူသုံးဦးကို ပို့ပေးလိုက်၏။

"ဟာ ဘယ်သူတွေများလဲလို့ဗျာ။ ဥက္ကဋ္ဌ ကိုမောင်တင့်တို့ပါလား။ ကဲ ထိုင်ဗျာ။ ပြောပါဦး ဘာများ ကူညီပေးရမလဲ"

"စခန်းမှူးက မှတ်မိသားပဲ။ အဟဲ မဆိုးပါဘူးဗျ။ ဒီက ဦးသောင်းနဲ့ဒေါ်ခင်လှတို့ကိုလဲ မှတ်မိပါတယ်နော်။ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ပျောက်သွားတဲ့ မောင်ချိုရဲ့ မိဘတွေလေ"

"ဟာ သိပ်မှတ်မိတာပေါ့ဗျာ။ အဲဒီကိစ္စကိုလဲ မမေ့ပါဘူး။ ယနေ့ထိ မျက်စိဖွင့် နားစွင့်နေဆဲပါဗျာ။ ဒီက ဦးသောင်းတို့ ကျေနပ်လောက်အောင် ဖြစ်မလာတဲ့အတွက်လဲ အားနာနေရပါတယ်ဗျာ၊ ကဲ ပြောဗျာ ဘာကိစ္စပဲဖြစ်ဖြစ်ကူညီဖို့အသင့်ပါ"

"အခြားတော့ မဟုတ်ဘူးဆရာ။ ကျွန်တော့် သားလေး မောင်ချို ကိစ္စပါပဲ။ အင်း ဘယ်လိုပြောရမလဲ။ အဲ ပြန်ပြီးတူးဆွချင်လို့ပါ"

ဦးသောင်းက အစချီပြီး မောင်ပဲလှော်လေးနဲ့ သားတို့ အတူတွဲ ဆော့ကစားလေ့ရှိကြောင်းနှင့် မောင်ပဲလှော်နှင့် မြပူးတို့၏ အနေအထားကို ပြောပြလိုက်လေသည်။

"အင်း ဒီအတိုင်းဆိုရင်တော့ ထူးခြားတာ သေချာတယ်ဗျ။ စဉ်းတော့ စဉ်းစားစရာပဲ။ ဒီကိစ္စက ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော့်ဘက်က တာဝန်မကျေသေးကြောင်း ဝန်ခံပါတယ်ဗျာ။ အင်း ဒီလိုလုပ်ဗျာ။ အခုလောလောဆယ်တော့ ပြန်နှင့်ကြဗျာ။ မနက်ဖြန် ဟုတ်တယ် မနက်ကို ကျွန်တော်တို့ ကိုယ့်အစီအစဉ်နဲ့ ကိုယ် မဲဇာလီကို လာခဲ့မယ်။ ဥက္ကဋ္ဌတို့ အိမ်ရောက်မှ တိုင်ပင်ကြတာပေါ့ ဟုတ်ပလား။ ခြော် ... နေဦးဗျ ဒီကိစ္စကို သိုသိပ်လျှို့ဝှက်ထားဖို့တော့ လိုမယ်ဗျ။ ဒီက ဦးသောင်းတို့ သုံးယောက်ကလွဲရင် အခြားဘယ်သူမှ မသိစေနဲ့ဗျာ။ ဒါလေးတော့ သတိထားကြပါ"

"ဟုတ်ကဲ့ စိတ်ချပါဆရာ။ ကျွန်တော်ရော ဒီက ကျွန်တော့်ဇနီးပါ သတိနဲ့ စောင့်စည်းပါ့မယ်။ ဥက္ကဋ္ဌဆိုတာကတော့ အထူးပြောစရာ မလိုပါဘူး ဆရာ စိတ်သာချပါ"

"ဒါဖြင့်လဲ ပြန်ကြတာပေါ့။ စခန်းမှူးရေ ကျေးဇူးပါဗျာ။ ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ ဥက္ကဋ္ဌ"

ဦးသောင်းတို့အဖွဲ့ အခန်းထဲမှ ထွက်သွားပြီးနောက် ရဲအုပ်သာဦး ခေါင်းထဲတွင် အစီအရီအတွေးများဖြင့်

★★★★★

(၇)

မောင်ပဲလှော်လေးအား မြို့ပေါ်မှ ဆန်စက် သူဌေးတစ်ယောက်က ကျောင်းထားပေးရန် စာချုပ်စာတမ်းဖြင့် မွေးစားဖို့ခေါ်သွားကြောင်း၊ မဲဇာလီ



www.burmeseclassic.com

www.burmeseclassic.com



ရွာတွင် သတင်းပြန့်သွားတော့သည်။ မောင်ပဲလှော်(ခ)စန်းဦး၏ မိဘများဖြစ်ကြဒသော ကိုအုန်းရွှေ၊ မစန်းမြင့်တို့မှာ ဝမ်းသာ ဝမ်းနည်းဖြစ်နေကြရလေသည်။

မောင်ပဲလှော်(ခ) စန်းဦး၊ အသက်(၁၂)နှစ်ရှိဖြစ်ကာ (၇)တန်းအောင်ထားသူဖြစ်၏။ မိသားစု စားဝတ်နေမှုကြောင့် (၈)တန်းတက်ရန် ဆက်မထားနိုင်ခဲ့၍ (၁)နှစ်ပင် နောက်ကျရတော့မည့် အခြေအနေဖြစ်သည်။ မောင်ပဲလှော်လေး ကိုယ်တိုင်က ပညာရေးကို လိုလားသူဖြစ်သော်လည်း ဘာမျှမတတ်နိုင်။ ယခုမူ ကိုမောင်တင့်တို့အိမ်အလည်လာသော ဆန်စက်သူဌေးက မွေးစားရန် ခေါ်ယူသွားခြင်းဖြစ်သည်။

''အင်း ပဲလှော်လေးတော့ စိုင်ကော်လို့ချုပေါ်ရောက်ဆိုတဲ့ ကိန်းဆိုက်တာပဲဟေ့''

''ဒါပေါ့လေ။ လူတွေဟာ မွေးကတည်းက သူဇာတာနဲ့ သူဖြစ်လာကြတာ။ အခုကြည့်လေ သူဌေးက ဥက္ကာ္ဌ အိမ်မှာပဲ စာချုပ်နဲ့ဘာနဲ့ လက်မှတ်ထိုး ခေါ်သွားတာဆိုတော့။ အင်း ဘာပဲဖြစ်ဖြစ် တို့ရွာက မောင်ပဲလှော်လေးကနေ မြို့ပေါ်က သူဌေးသား စန်းဦးဖြစ်ရပြီပေါ့''

''ဝမ်းသာပါတယ်။ ဝမ်းသာပါတယ်''

''အရမ်းလဲ ဝမ်းသာမနေနဲ့ဟဲ့။ တို့ကသာ ဝမ်းသာနေတာပါ။ ဟိုက ပဲလှော်က စန်းဦးဖြစ်ပြီး တို့ကိုတောင် သတိရပါ့မလား မသိဘူး''

''ဟုတ်ပ့ါ ဟုတ်ပ့ါ။ တို့တွေကသာ သူ့အတွက် မုဒိတာဖြစ်ပြီး မစားရဝခမန်းပြောနေရတာ''

မဲဇလီ ရွာသူရွာသားတို့၏ စကားသံများ ဖြစ်သည်။ သူတို့ သိထားသည်မှာ မောင်ပဲလှော်ကို တောင်းယူမွေးစားသူမှာ မြို့ပေါ်ကဆန်စက်သူဌေးဟုသာဖြစ်၏။ စင်စစ် ရဲအုပ်သာဦး၏ အစီအစဉ်ဆိုသည်ကိုတော့မည်သူမျှ မသိကြပေ။ ရဲအုပ်သာဦးသည် ပေးထားသောကတိအတိုင်း ဦးသောင်းတို့သွားပြီး နောက်တစ်နေ့တွင် မဲဇလီရွာကို ရောက်လာကြသည်။ မြပူးနှင့် မောင်ပဲလှော်တို့ အနေအထားကိုလည်းအကဲခတ်ကြ၏။ မောင်ပဲလှော်လေး၏ ကြောက်နေပုံက ထူးခြားတာမှန်သော်လည်း ဘာကြောင့်ဟူသော အ

အင်း

ပဲလှော်လေးတော့

စိုင်ကော်လို့ချုပေါ်ရောက်ဆိုတဲ့

ကိန်းဆိုက်တာပဲဟေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြေကို မေးမရ။ မောင်ပဲလှော် လေး၏ ပညာရေး၊ အခြေအနေ နှင့် မိဘများ၏စီးပွားရေး အနေ အထားကိုလည်း ရဲအုပ်သာဦး က မြို့ပေါ်ကိုပြန်ပြီး ညီတော် စပ်သူ ကြည်မိုးနှင့်တိုင်ပင်ကာ နောက်နှစ်ရက်တွင် ဆန်စက် သူဌေး ဦးကြည်မိုး နာမည်နှင့် မွေးစားလိုက်ခြင်းဖြစ်သည်။ ထို အကြောင်းအရာ အမှန်ကို သိ သူများမှာ ဦးသောင်း ဒေါ်ခင် လှနှင့် ဥက္ကဋ္ဌ ကိုမောင်တင့်တို့ သာ။

★★★★★

(၈)

ရက်တွေ တစ်ရက်ပြီး တစ်ရက်ပြောင်းလာသော်လည်း မောင်ပဲလှော်လေး သတင်းက တိုက်ကျောင်း မဲဇလီနှင့် ရွာနီး ချုပ်စပ်တွင် ရေပန်းစားနေဆဲ ပင်။ ရက်မှလသို့ ပြောင်းလာ သည့်ထိလည်း ထိုသတင်းက သစ်လွင်နေမြဲဖြစ်သည်။ လူ့ဘဝ ၏ ကံကြမ္မာအလှည့် အပြောင်း နှင့် ပတ်သက်၍ ပြောကြတိုင်း မောင်ပဲလှော်လေးဟူသော အ မည်က မွှေးနေခဲ့သည်။ မောင် ပဲလှော်လေးကတော့ မြို့ပေါ် တွင် မောင်စန်းဦး အဖြစ်နှင့်။

"သား ..စန်းဦး"

"ဗျာ ..ဘသာ"

"မင်း ..ဖေလေး ကြည်မိုးတို့နဲ့နေရတာ အဆင် ပြေရဲ့လား"

"ဟာ ..ဘသာကလဲ ..ဘယ်လိုမေးလိုက်တာလဲ။ အ ဆင်ပြေတာပေါ့ ဘသာရယ်။ တောမှာရွံ့နွံ့ဗွက်ထဲ ရှန်းရမယ့် ပဲလှော်ကနေ မြို့မှာ ကောင်း ကောင်းစား ကောင်းကောင်းနေ ပြီး ကျောင်းတက်နေရတဲ့ စန်းဦး ဖြစ်နေပြီလေ။ အဆင်လဲပြေ တယ်။ ပျော်လဲ ပျော်ပါတယ် ဘသာ"

ရဲအုပ်သာဦး မျက်နှာ တွင် ပီတိတွေလွှမ်းသွားရသည်။

"အေး ..ကောင်း တယ်ကွာ။ မင်း အဆင်ပြေရင် မင်း ပျော်တယ်ဆိုရင် ဘသာ ကျေနပ်တယ်ကွာ။ စာကိုတော့ ကြိုးစားနော်။ ဩော် ဒါနဲ့ မေး ရဦးမယ်။ သားက ပြောတယ်ဆို (၁၀)တန်းပြီးရင် ရဲထဲဝင်မလို့ ဆို"

"ဟုတ်တယ်လေ ဘ သာရဲ့။ ဘသာတို့လို ရဲအရာ ရှိကြီးဖြစ်ချင်တယ်ဗျာ ။ အဲဒါကို အဖေလေးကြည်မိုးက ဘာလို့ ရဲထဲဝင်ရမှာလဲတဲ့။ ရဲဝန်ထမ်းရဲ့ လစာက ဘယ်လောက်များလို့ လဲ။ အတော်ပင်ပန်းတာတဲ့။ အင်ဂျင်နီယာတို့ ဆရာဝန်တို့ ဒါမှမဟုတ် အီကိုယူပြီး စီးပွား ရေး ပညာရှင်ဖြစ်အောင် ကြိုး စားပါလားလို့ ပြောတယ်။ ပြီး တော့မှ အေးလေတဲ့ မင်း ဆန္ဒ မပါဘဲကြိုက်ရာရွေးပေါ့လို့ ပြော တာ ဘသာရဲ့"

မောင်ပဲလှော်(ခ) စန်း ဦး စကားအဆုံး ရဲအုပ်သာဦးက ခေါင်းတညိတ်ညိတ်လုပ်ရင်း .

"အင်း ..သားအဖေ လေးနဲ့ ဘသာက ညီအစ်ကိုဆို ပေမယ့် ခံယူချက်ချင်းက မတူ ကြဘူးကွာ။ သူက စီးပွားရေး သမားဆိုတော့ကာ သူပြောတာ လဲ မမှားပါဘူးပေါ့ကွာ။ ဘသာ ကတော့ ကိုယ့်ခံယူချက်နဲ့ လက် ရှိ ကိုယ့်အလုပ်ကို ဂုဏ်ယူတယ် ကျေနပ်တယ်ဟေ့။ ဘသာတို့ အလုပ်က ကိုယ်ကျိုးစွန့်တဲ့ အ လုပ်။ ပရဟိတဆန်တယ်လို့ ယုံ ကြည်တယ်ကွာ "

"အဲဒါတွေတော့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နားမလည်ပါဘူး ဘသာရယ်။ ကျွန်တော့် စိတ်ထဲမှာ ရဲအရာရှိဖြစ်ချင်တယ် ဘသာ။ မကောင်းမှုလုပ်တဲ့သူတွေ၊ အားနည်းသူကို အားကြီးသူက အနိုင်ကျင့်တာတွေ၊ အဲဒါတွေကို ဆုံးမချင်တယ်။ ရှင်းရှင်းပြောရရင် ဘသာလို 'ရဲအုပ်သာဦး'ဆိုပြီး နာမည်ကောင်းနဲ့ နေရတဲ့ ဘဝကိုလဲ အားကျတယ် ဘသာရဲ့"

မောင်စန်းဦး စကားကြောင့် ရဲအုပ်သာဦးက နက်နက်ရှိုင်းရှိုင်း အဓိပ္ပာယ်ပါသော အပြုံးဖြင့်ပြုံးလိုက်သည်။ ပြီးမှ–

"ဟုတ်ပါပြီ သားရယ်။ မင်းဆန္ဒရှိရင် ဒုရဲအုပ်ဖြစ်လာအောင် ဘသာ စီစဉ်ပေးပါမယ် ဟုတ်ပလား။ ဒါနဲ့ နေပါဦး မင်းလို ကြောက်တတ်တဲ့လူက ရဲအရာရှိ ဖြစ်ချင်တယ်ဆိုတော့ အင်း 'နားရှိလို့သာ ကြား၊ ယုံကားမယုံချင်'ဆိုသလို ဘသာ ယုံရခက်နေတယ်ကွာ။ သေချာပဲ့မလား သားရဲ့"

"ဟာ .. ဘသာက လဲ ဘာလို့ မသေချာရမှာလဲ။ သေချာတယ်။ ကျွန်တော် ရဲပဲလုပ်မှာ၊ ကျွန်တော်က ဘာတွေကြောက်နေလို့လဲ ဘသာရဲ့။ ဘာကိုမှ ကျွန်တော်မကြောက်ဘူး"

"ဟုတ်ပါ့မလား မောင်ကာပျူရဲ့ .. ဟဲ ဟဲ"

"ဟုတ်တယ် .. ဟိုဘက်တောင်လွန်သေး .. ဟီး ဟီး"

ရဲအုပ်သာဦး အပြုံးဇာစ်ပွင့်လက်သွားပြန်သည်။

"ဟင်း ဟင်း၊ သေချာအောင်တော့ စဉ်းစားပေါ့ကွာ။ အေးလေ .. မင်းက မဲဇလီရွာနဲ့ ကင်းကွာလာတာ(၃)နှစ်နီးပါးရှိပြီဆိုတော့ မဲဇလီကမြပူးကို မေ့သွားလို့ ဖြစ်မှာပေါ့လေ။ မြပူးကိုမြင်တိုင်း မင်း အသည်းအသန် ကြောက်ရဖူးတယ်လေကွာ မဟုတ်ဘူးလား၊ ကဲပြောပါဦး"

"ဟို .. အဲဒါ .. အဲဒါကတော့ ဟို ..."

ရဲအုပ် သာဦး စကားကြောင့် ရွှင်လန်း တက်ကြွနေသော စန်းဦးမျက်နှာက နေထိပန်းပမာ ဖြစ်သွား၏။ စကားများလည်း ထွက်မလာတော့၊ ခေါင်းငုံ့သွားသည်။

"ဒီမှာ သား၊ မင်းဟာ ဘသာရဲ့ညီက မွေးစားတယ်လို့ လူတွေက သိပေမယ့် ဒါဟာ ဘသာ စီစဉ်တာပါ။ မင်းဟာ ဘသာရဲ့သားပဲ။ သားအရင်းလို ချစ်တယ်။ ဒီတော့ သားနဲ့ ပတ်သက်လာရင် ဘသာရှေ့က ရင်ဆိုင်ဖို့ အသင့်ပါပဲ။ ဘယ်လိုကိစ္စ မဆိုပေါ့ကွာ"

ရဲအုပ် သာဦး စကားဖြတ်လိုက်ပြီး စန်းဦးမျက်နှာကို အကဲခတ်ကြည့်လိုက်၏၊ စန်းဦးက ခေါင်းငုံ့ထားဆဲ ဖြစ်သည်။ တစ်ခုခုကိုလည်း တွေးဆနေဟန်ရှိသည်။

"သား စန်းဦး ဘယ်လိုလဲသား။ ဘသာကို ပြောစရာစကား မင်းမှာ မရှိတော့ဘူးလား သား။ သားမှာ ပြောစရာစကား မရှိဘူးဆိုရင် စကားရှိလာအောင် ဘသာက မေးမယ်နော်။ မဲဇလီရွာမှာတုန်းက မြပူးကို တခြားကလေးထက် မင်းက ပိုကြောက်တာ ဘာကြောင့်လဲ"

စန်းဦးက ဆတ်ခနဲ တစ်ချက် မော့ကြည့်ပြီး ဘာစကားမျှမပြော။

"ဟုတ်ပြီ။ ဒီကိစ္စကို မဖြေချင်ဘူးဆိုရင် ထားတော့



www.burmeseclassic.com

www.burmeseclassic.com



ဘသာအထင်ကိုမေးတော့မယ်။ အဲဒီ မြပူးနဲ့ မင်း သူငယ်ချင်း မောင်ချိုနဲ့ ပတ်သက်မှုရှိလိမ့်မယ်လို့ ထင်တယ်ကွာ။ အဲဒီ ပတ်သက်မှုကိုလဲ မင်းပဲ သိလိမ့်မယ်။ မင်းကလွဲပြီး သိနိုင်တဲ့သူ မရှိဘူး။ ကဲ ဘယ်လိုလဲသား။ ဘသာ ထင်တာ မှန်/မမှန် ဆိုတာ ပြန်ပြောပါဦး''

မောင်စန်းဦး ခေါင်း တစ်ချက် ငုံ့သွားပြီး ချက်ချင်း ခေါင်းမော့လာသည်။ ရဲအုပ်သာဦးမျက်နှာကို ကြည့်သည်။ ထိုအကြည့်ထဲတွင် အားကိုးသော၊ ယုံကြည်သော အမူအရာတွေ အဓိပ္ပာယ်တွေ ပါနေ၏။ နှုတ်ဖျားသို့ စကားလုံးများကတော့ ရောက်မလာသေး။

လာခဲ့စမ်း .. ပြောင်း သား၊ ပြောင်း ဘီစား မင်းခံ ...

''မင်း စဉ်းစားကြည့်ပါ စန်းဦးရာ။ သေသလား ရှင်သလားမသိရတဲ့ မောင်ချို့မိဘတွေ ဘယ်လို ခံစားနေရမလဲ။ ဘယ်လောက် ခံစားနေရမလဲ ။ ဟုတ်ပြီ မင်းကရော အတူတူ ဆော့ကစားခဲ့ဖူးတဲ့ အခင်ဆုံးဖြစ်တဲ့ မောင်ချိုအတွက် မခံစားရဘူးလား''

မောင်စန်းဦး မျက်ဝန်းထဲက မျက်ရည်စတို့ လိမ့်ဆင်းလာ၏။ ရဲအုပ်သာဦးထံမှ အကြည့်ကို လွှဲပစ်လိုက်သည်။ ရဲအုပ် သာဦးကတော့ ကျေနပ်စွာ ပြုံးလိုက်ပါသည်။ ပြီး စကားကို ဆက်၏။

'မင်း စဉ်းစားကြည့်စမ်း သား စန်းဦး။ ယောကျာ်းဆိုတာ အထူးသဖြင့်ကွာ မင်းလို ရဲအုပ်ဖြစ်ချင်သူတစ်ယောက်ဟာ မှန်ကန်တဲ့ဘက်က ရပ်တည်ရမယ်။ အမှန်တရားကို သတ္တိရှိရှိ ဖော်ထုတ်ရဲရမယ်။ အမှန်တရားနဲ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲရမယ်ကွ။ သဘောပေါက်လား။ ဟင်း သား စန်းဦး မင်းငိုနေတာလား။ ဘာဖြစ်လို့လဲသား ပြောစမ်း''

''ကျွန်တော် .. ကျွန်တော် ကိုချို့ကို သတိရလို့ပါ ဘသာ။ ကိုချိုက ကျွန်တော့်ကို ချစ်လဲချစ်တယ်။ အနိုင်အတာလဲ ခံခဲ့တယ်။ ဒါပေမယ့် ဘသာရယ် ကျွန်တော်လေ။ကျွန်တော်က ကိုချို့အရေးမှာ ကူညီနိုင်ပါရက်နဲ့ ကူညီဖို့ သတ္တိမရှိခဲ့ဘူး။ ကျွန်တော်ကြောက်နေခဲ့တယ်''

စကား ခဏရပ်လိုက်ပြီး မေးကြောများ တင်းလာအောင် အံကြိတ်လိုက်သည်။

''ဟား .. ဟား ..။ အခုအချိန်မှာတော့ ကျွန်တော် မကြောက်တော့ဘူး ဘသာ။ ကျွန်တော့်မှာ ဖွံ့ဖြိုးတဲ့ခန္ဓာကိုယ်ရှိနေပြီ။ ကျွန်တော့်အနားမှာ ဘသာလို ရဲအရာရှိလဲ ရှိနေပြီ။ ပြီးတော့ ကျွန်တော် သွေးကြောတွေထဲမှာ သတ္တိတွေလဲ ရောက်လာပြီ ဘသာ။ ဟုတ်တယ် ဘ



www.burmeseclassic.com

www.burmeseclassic.com



သာ။ ကိုချို့ကိုဦးမြဖူးကြီး သတ်တာ။ ဦးမြဖူးကြီးက ကိုချို့လက်ကို ဆောင့်ဆွဲပြီး 'လာခဲ့စမ်း .. ငသောင်းသား။ ငသောင်းအစား မင်းခံ" ဆိုတော့ ကိုချိုက ဦးမြဖူးကြီးရဲ့ မျက်နှာကို လက်သီးနဲ့ ပြန်ထိုးတယ်။ ဦးမြဖူးကြီးက ကိုချို့ လည်ပင်းကို ညှစ်သတ်လိုက်တာပါ ဘသာ"

"ဟေ"

★★★★★

(၉)

"ဟာဗျာ .. ဗိုလ်သာကလဲ .. ကောင်းခန်းရောက်မှ မပျက်သွားသလိုပဲ။ လုပ်စမ်းပါ ဆက်စမ်းပါဗျာ။ အဲဒီ မြဖူးဆိုတဲ့လူက အခုဘယ်မှာလဲ။ သူ့ကို မိထားပြီးပြီလား။ မောင်ပဲလှော်(ခ) စန်းဦးကရော ဘယ်လို သိတာလဲ"

"ဟာကွာ နား နားပြီး ပြောပါ စာရေးဆရာလေးရယ်။ ဒီမှာအာခြောက်လို့ ရေနွေးလေး သောက်တာတောင်ဖြောင့်ဖြောင့် မမျိုနိုင်ဘူး။ ခိုးမှုပဲ။ ပြောမှာပေါ့ကွာ တကတည်း"

ကျွန်တော်သည် စိတ်ဝင်စားစရာ မှုခင်းဇာတ်လမ်းလေးများရဖို့ ရဲအုပ်သာဦး ဟူသော 'ဗိုလ်သာ'ထံတွင် ချဉ်းကပ်လေ့ရှိပါသည်။ ယခုလည်း သူ့အတွေ့အကြုံထဲမှ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းတောင်း၍ သူက ပြောပြနေခြင်းဖြစ်သည်။ အဆုံးသတ်ခါနီး ဇာတ်ရှိန်မြင့်လာခါမှ သူက အိုက်တင်ခံ ရပ်ချလိုက်သောကြောင့် ကျွန်တော့်မှာ ဖီးလ်တွေ ပျက်သွားရသည်။

"ကဲပါ ဗိုလ်သာရယ် ဆက်စမ်းပါ။ ပဲများမနေပါနဲ့ဗျာ။ မြန်မြန်သောက်ပြီးရင် မြန်မြန်ပြောတော့ဗျာ"

"အေးပါကွာ .. အေးပါ။ မင်းကို အစလုပ်ပြီး ပြောမိတာကိုက ငါ့အမှားပါ။ ဟင်း ရေနွေးလေးတောင် ကောင်းကောင်းမမျိုနိုင်တဲ့ဘဝ။ ကဲကဲ နားဆင်တော်မူပါဗျာ။ ဒီလိုပါပဲ။ မြဖူးက လူသတ်ဖူးတော့ မာန်စွယ်လေး ကြွနေတာပေါ့ကွာ။ အဲဒီမှာ ဦးသောင်းနဲ့ကပြဿနာ အကြီးအကျယ်တက်ပြီး ဦးသောင်းက မျက်နှာကို ထိုးလိုက်သတဲ့ကွာ။ ရွာသားတွေနဲ့ ရွာလူကြီးက ဖျန်ဖြေပေးလို့ ရန်ပွဲက

မြဖူးရဲ့
ကြောက်မက်ဖွယ်မျက်နှာနဲ့ ရက်စက်ပုံရယ်။
မောင်ချို မချိမဆံ့ခံစားရပြီး
သေသွားပုံတွေကြောင့် မောင်ပဲလှော်မှာ
သွေးဖျက်အောင် ထိတ်လန့်ပြီး
အသံတောင်မထွက်ရဲဘဲ
ပုန်းနေရသတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပေမယ့် မြပူး ရင်ထဲမှာတော့ အမုန်းတရားတွေ မာန်မာနတွေနဲ့ အငြိုးအတေးထားသပေါ့။ အခါအခွင့်သင့်ရင် ဦးသောင်းကိုသတ်ဖို့ စောင့်နေတဲ့အချိန်မှာ မောင်ချိုကို မမျှော်လင့်ဘဲ လွတ်လွတ်လပ်လပ် တစ်ယောက်တည်း တွေ့ရတော့ နေရာနဲ့ အချိန်ကလဲ ဆိတ်ကွယ်ရာလို့ ယူဆတဲ့အတွက် မြပူးရဲ့ အသိတရားကို အာဃာတတွေ ဒေါသတွေက ဖုံးလွှမ်းသွားတာပေါ့။ ဒီတော့ 'လာခဲ့ မင်းအဖေကိုယ်စား မင်းခံ' ဆိုပြီး လယ်တဲထဲကို ခေါ်သွားဖို့ လက်ကို အဆွဲမှာ မောင်ချိုက ကလေးဆိုပေမယ့် အသက် (၁၂)နှစ်ရှိပြီလေ။ ဒီတော့ ရုန်းကန်းပြီး ခုခံတာပေါ့ကွာ။ အဲဒါနဲ့ပဲ ဒေါသ အထွဋ်အထိပ် ရောက်ပြီး လည်ပင်း ညှစ်သတ်လိုက်တာတဲ့ ဟေ့။ ကဲ တစ်ခုတော့ ရှင်းပြီ''

အဲဒါကို စွန်ကြိုးပြတ်လို့ လိုက်ကောက်တဲ့ မောင်ပဲလော့်ပေါ့ကွာ။ စန်းဦးက မြင်တယ် ကြားလဲကြားတယ်။ မြပူးရဲ့ ကြောက်မက်ဖွယ်မျက်နှာနဲ့ ရက်စက်ပုံရယ်။ မောင်ချို မချိမဆံ့ ခံစားရပြီး သေသွားပုံတွေကြောင့် မောင်ပဲလော့်မှာ သွေးပျက်အောင် ထိတ်လန့်ပြီး အသံတောင်မထွက်ရဲဘဲ ပုန်းနေရသတဲ့ကွာ။ ကဲ ဒီလောက်ဆို ရှင်းရောပေါ့''

''မရှင်းသေးဘူးလေဗျာ။ မောင်ချိုကိုသတ်ပြီး ဘယ်သူမှရှာမတွေ့အောင် ဘယ်လိုဖျောက်ဖျက်ခဲ့တာလဲ ။ ပြီးတော့ အဲဒီ မြပူးတဲ့လူရော အခု ဘယ်မှာလဲ''

''ဟော ‥ အေးပါ ‥ အေးပါ။ အာခေါင်ခြောက်လို့ ရေနွေးလေး တစ်ငုံလောက် သောက်ပါရစေဦးဟ''

ရဲအုပ်သာဦးသည် အအေးခံထားသော ရေနွေးကို တစ်ကျိုက်မော့လိုက်သည်။

''ဒီလိုကွ ‥။ မောင်ချို အသက် ထွက်သွားတော့ ပုဆိုးနဲ့ပတ်ပြီး လယ်ထဲက တဲကို သယ်သွားတယ်။ ပြီးတော့ စပါးထည့်တဲ့ပုတ် နှစ်တင်းဝင် တောင်းကြီးထဲ ထည့်ဝှက်ထားတယ်။ ညရောက်တော့မှ အောက်ဘက် မဲဇလီရွာ၏ အောက်ပိုင်းဒေသက ထင်းတောထဲလှေနဲ့တင်သွားပြီး ထင်း



www.burmeseclassic.com



တောမီးရှို့တဲ့အထဲ ထည့်ရှို့ပစ်လိုက်တာတဲ့ကွာ။ ဘာ သဲလွန်စမှ မကျန်အောင်အရိုးပါကောက်ပြီး မြစ်ထဲ မျောပစ်လိုက်သတဲ့ ဟေ့''

''ဩော် တော်တော့်ကိုသွေးအေးပြီး ရက်စက်တာပဲ နော်။ ဒါနဲ့ တစ်ဦးတည်းသော မျက်မြင်သက်သေဖြစ်တဲ့ မောင်ပဲလှော်(ခ)စန်းဦးက ဖော်ထုတ်လို့ သွားဖမ်းပြီး စစ်တဲ့အခါ လွယ်လွယ်ကူကူရော ဝန်ခံရဲ့လား''

''ဝန်မခံလို့ မရဘူးလေ။ ငါတို့ သား စန်းဦး(ခ) မောင်ပဲလှော်ပေါ့ကွာ။ မျက်မြင်သက်သေရှိတယ်ကွာ။ အဲပြီးတော့ မြဖူးကို ဖမ်းလိုက်ပြီဆိုတော့မှ ထင်းတောမှာ မီးရှို့အလောင်းဖျောက်တဲ့နေရာက မျက်မြင် သက်သေတစ်ယောက်ကလဲ ပေါ်လာတယ်ကွာ ။ အင်း သူကိုယ်တိုင်ကလဲ နောင်တရနေချိန်ဖြစ်မှာပေါ့ကွာ''

''ကျေးဇူးတင်လိုက်တာ ဗိုလ်သာ ရှင်းသွားပါပြီ။ ပိုပြီး ရှင်းသွားတာက စန်းဦးကို ဗိုလ်သာတို့က မွေးစားပြီး အသုံးချလိုက်တာရောပဲ''

''ဟာ အဲဒီလိုတော့ မပြောနဲ့ စာရေးဆရာလေး။ စန်းဦးအတွက် သီးသန့်မေတ္တာစေတနာက တစ်ကန့်ကွ။ သူ့ရဲ့ ပညာရေး၊ မိသားစု စားဝတ်နေရေး အခြေအနေကိုသိရလို့ ကူညီကောင်းတယ်။ မြေတောင်မြှောက် ပေးသင့်တယ်ထင်လို့ ယူဆတဲ့အတွက် မွေးစားထားတာပါကွာ။ အမှုကိစ္စအတွက် အသုံးချဖို့က အဓိကမကျပါဘူး။ အဲဒီကိစ္စက မရေမရာလေ။ သူ့အကျိုးအတွက်က အဓိကပါကွာ။ ဒါတောင်အမှုကိစ္စအတွက် သူ့ရဲ့စိတ်၊ ကြောက်စိတ်ပေါ့။ နည်းမျိုးစုံနဲ့ ဖယ်ရှားခဲ့ရတယ်။ အားမာန် သတ္တိတွေ ဖြစ်လာအောင် စိတ်ခွန်အားတွေ ပေးခဲ့ရတယ်။ အချိန်က(၃)နှစ်နီးပါးလေကွာ''

''ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အင်း တရားခံနဲ့ ဖြစ်ရပ်မှန်ပေါ်ဖို့ (၆)နှစ်တောင် ကြာခဲ့တာပဲနော်။ သူ့မိဘတွေရဲ့ သားဇောကြောင့် စူးစမ်းမှု၊ ဗိုလ်သာတို့ရဲ့လုံ့လနဲ့ဖွဲ့၊ ဒါတွေကို တကယ် ချီးကျူးတယ်ဗျာ။ ဒီဖြစ်ရပ်ကို ဇာတ်လမ်းရေးလိုက်ရင်တော့ လူတွေရဲ့လောဘမောဟနဲ့ အမုန်းအငြိုးတွေဟာ အကျိုးယုတ်စေကြောင်းနဲ့ နောင်တတစ်ဖန်ပူပန်ရကြောင်း သင်ခန်းစာတွေရမယ်။ ရာဇဝတ်မှုဆိုတာ ဆိတ်ကွယ်ရာမရှိကြောင်းနဲ့ အမှုဆိုတာ ဘယ်လောက်ကြာကြာဆွေးမသွားဘူးဆိုတာလဲ သိကြရမယ်ဗျာ။ အဲနောက်တစ်ချက်ကတော့ ရဲတပ်ဖွဲ့ဝင်တွေ၊ အင်း၊ ဗိုလ်သာပေါ့လေ ကြိုးစားအားထုတ်မှုကိုလဲ မြင်ကြရမယ်ပေါ့။ ထုံးစံအတိုင်း ဝတ္ထုရေးမယ်နော် ဗိုလ်သာ''

''အဲဒါ မင်း အပိုင်းလေ။ ငါ့အပိုင်းကတော့ ပြောပြပြီးပြီ။ ကျန်တာတော့ ရဲဘော်ဆက်လုပ်''

ရဲအုပ်သာဦးက ပြောပြီးသည်နှင့် လက်ဖက်ရည်ဆိုင်ထဲက ထွက်သွားတော့သည်။ ကျွန်တော်သာ ဝတ္ထုခေါင်းစီးကို တွေးရင်း ………။ ။

မော်ကျွန်းရဲနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထွဋ် (ကမ်းသာယာ)

# မေတ္တာဆိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



## "မေတ္တာဆိုသည်မှာ"

**ဇော်ထွဋ်**
**(ကမ်းသာယာ)**

ကြာတော့ ကြာခဲ့ပါပြီ။ သို့သော်ငြား ချန်ထားမေ့ပစ် ဖျောက်ဖျက်၍ မရနိုင်သည့် အတိတ်ရှိနေခဲ့သည်။ ထိုဖြစ်ရပ်ကို တွေးတောမိသည့် အခါတိုင်း ရင်သည် နာကျင်ကြေကွဲစွာ ခံစားရသည်။

⩓ ⩓ ⩓ ⩓ ⩓

အဖေ၏ညီမ အငယ်ဆုံး ဒေါ်ခင်လေးမေသက်သည် (...)ဌာနမှ အရာရှိတစ်ဦးဖြစ်သည်။ အရာရှိတစ်ဦးဖြစ်သည့် အပြင် ချုပ်ရည်အားဖြင့်လည်း ချောမောလှပသော ဒေါ်လေးက အသက်သုံးဆယ်ကျော်သည့်တိုင် အိမ်ထောင်မပြု။ ကမ်းလင့်လာသူတိုင်းကို လိမ္မာပါးနပ်စွာ ရှောင်တိမ်းရင်း အပျိုင်စင်ဘဝကို ပျော်မွေ့နေခဲ့သည်။ အသက်သုံးဆယ့်ငါးနှစ်ကျော် အပျိုကြီးအရွယ်လွန်ချိန်မှ အိမ်ထောင်ပြုသည်။ ဒေါ်လေးခင်မေသက်၏ ခင်ပွန်းဦးကျော်နောင်သည် (...)ဌာန အရာရှိတစ်ဦးဖြစ်ပြီး ဒေါ်လေးထက် ငါးနှစ်ကြီးသည်။ အသက်ကြီးမှ အိမ်ထောင်ပြုကြသဖြင့် ကလေးရယူရန် ခက်ခဲကြသည်။ ဝါရင့်သမားတော်များ၏ လမ်းညွှန်မှုဖြင့် ခေတ်မီဆေးဝါးများ သုံးဆောင်သော်လည်း ဘာကြောင့်ရယ်မသိ။ ဒေါ်လေးတို့သားသမီး မထွန်းကားပေ။ သားသမီးရယူလိုသောဆန္ဒများ ထပ်တူရှိသော်လည်း မဖြစ်နိုင်မှန်း သိကြသောအခါ စိတ်မကောင်းဖြစ်ကြရသည်။ စိတ်မကောင်းရုံကလွဲပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု ရှိကြသဖြင့် အိမ်ထောင်ရေး အဆင်ပြေသည်။

ဒေါ်လေးက ကလေး အလွန်ချစ်တတ်သည်။ ကျွန်တော် ငယ်စဉ်ကတည်းက ဒေါ်လေးခေါ်ထားသည်။ ဦးကျော်နောင်ကလည်း ကျွန်တော်ကို ချစ်သည်။ ကလေး ချစ်ကြပုံခြင်းမှာတော့ ဒေါ်လေး ခင်မေသက်ရော ဦးကျော်နောင်ပါ တူညီကြသည်။ မြူနှင်းတို့ ဝေသီပြီး နံနက်ခင်း အလှကို မြူနှင်းတို့ ပိုင်စိုးထားသည့် အချိန့်အကြော်ဝယ်ရန် ကျွန်တော် အပြင်သို့ ထွက်သည်။ အိမ်ရှေ့ဝရန်တာ၏ အလယ်တည့်တည့်တွင် ပုဆိုးစုတ်ဖြင့်ထွေးပွေ့ထားသော ကလေးငယ်ကို တွေ့ရသည်။

'ဒေါ်လေး ဒေါ်လေးရေ လာပါဦးဗျာ။ ဒီမှာ ကလေးပေါက်စနလေး ဘယ်သူ လာထားသွားလဲ မသိပါဘူးဗျာ။ ဒီလောက် အေးတဲ့ရာသီကြီးမှာ ခုလိုပစ်ထားတာအံ့ဩဖို့ ကောင်းတယ်'

ကျွန်တော့် အော်ကြီးဟစ်ကျယ် အသံကြောင့် ဒေါ်လေးရော၊ ဦးကျော်နောင်ပါ အိမ်ရှေ့သို့ ထွက်လာသည်။

'ဘာဖြစ်လို့လဲ တူလေး ဘာတွေ့လို့လဲ'

'ဒီမှာ ကလေးပေါက်စနလေး'

ဒေါ်လေးသည် ဟန်ပင်မဆောင်နိုင်ဘဲ ကလေးကို ကောက်ချီသည်။

'ဟယ် ဖြူဖြူဖွေးဖွေး ကြီးတော့၊ ပြီးတော့ ယောကျာ်းလေး။ ကျွန်မတို့အတွက် ဖန်တီးပေးလိုက်တာ ဝမ်းသာစရာ ပဲနော် ကိုကို'

'ကြည့်လဲ လုပ်ပါဦး

www.burmeseclassic.com



မေသက် ဘယ်က,ကလေးမှန်း မသိ။ ဘာကြောင့် ခုလို ဒီမှာ လာထားမှန်း အသေအချာသိ တာမဟုတ်ဘူး။ တော်ကြာ အိမ် ထိုင်နေရင်း အမှုပတ်နေပါဦး မယ်''

''အို ... ကိုကိုကလဲ ခုလို ချမ်းချမ်းအေးအေးကြီးမှာ လာပစ်ထားတာ ဒီကလေးကို မမွေးနိုင်လို့နေမှာပါ။ တကယ် လို့သာ ကလေးကို သက်ရှိထင် ရှားမမြင်ချင်ဘူးဆိုရင် လူမသိ သူမသိ တစ်နေရာရာမှာ လက် စဖျောက်ဖျက်ကြမှာပေါ့။ ခုက မွေးစေချင်လို့ လာထားသွား တာပဲ ဖြစ်ရမယ်။ ကျွန်မတို့ ကလေးချစ်တတ်တာ သိလို့ကို လာထားတာ၊ ကလေးမှာ ဘာ အပြစ်မှမရှိဘူး။ ကျွန်မ ဆုံးဖြတ် ချက်ချလိုက်ပြီ ကိုကို ဘယ်က ကလေး, ဘယ်သူ့ ကလေးပဲဖြစ် ဖြစ် လူလားမြောက်အောင် မွေး မယ်''

လန်းဆန်း တက်ကြွ စွာဖြင့် ပြောနေသည့် ဒေါ်လေး စကားကို ဦးကျော်နောင်ပင် မကန့်ကွက်တော့ပေ။

⍊ ⍊ ⍊ ⍊ ⍊

ယခင်က ဝ.

ငြိမ်သက်ခဲ့သော အိမ်...လေး သည် ကလေး ငိုသံများဖြင့် နိုးထ အသက်ဝင် တောက်ပ၍ လာခဲ့သည်။ ကလေးငိုသည့် အခါတိုင်း ဒေါ်လေးခင်မေသက် နှင့် ဦးကျော်နောင်တို့ ဆောက် တည်ရာ မရတော့ပေ။ ရင်နှင့် မလွယ်သော်လည်း ရင်နှင့်သီး ခြာ သားရင်းပမာသဘောထား သည်။ မြို့ကလေး၏ နာမည် ကြီး ဗေဒင်ဆရာက မြူတို့ဝေ သောနေ့တွင် ရောက်ရှိလာ သောကြောင့် 'ဆောင်းဦးနောင်' ...ု အမည်ပေးသည်။

'ဖိုးဇော် မင်း ညီမှာ နို့မှုန့်ထုပ် ကုန်တော့မယ်ဟေ့၊ သွားဝယ်ဦးကွာ'

'ဟုတ်ကဲ့ ဦးနောင်'

ကျွန်တော်တို့ အိမ်အ ပြင်ဘက် လမ်းပေါ်တွင် မြို့ပေါ် မှာ စိတ်ဝေဒနာရှင် 'မနှင်းဆီ' ကိုတွေ့ရသည်။

'ဟဲ့ ကောင်လေး နင် နို့မှုန့်ထုပ် ဝယ်သွားမလို့လား။ ပိုက်ဆံ အပိုကုန်ပါတယ် ဟယ် ဝယ်မနေနဲ့။ နင်တို့ အိမ်က ကလေးဟာ ငါ့သားလေးပဲ ငါ မသိခင် ငါ့ မိဘတွေက လင် ကောင်မပေါ်ဘဲ မွေးတဲ့ကလေး ကြောင့် ဒီမှာလာထားသွားတာ ကလေးနို့တိုက်မလို့ စောင့်နေ တာ ငါနို့တိုက်မယ်နော်၊ နို့တင်း နေတာကြာပြီ။ နို့တင်းလို့ မ နေနိုင်လို့ပါ'

မှုလအရောင်နှင့် ဒီဇိုင်း

## အို ... ကိုကိုကလဲ ခုလို ချမ်းချမ်းအေးအေးကြီးမှာ လာပစ်ထားတာ ဒီကလေးကို မမွေးနိုင်လို့ နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ခန့်မှန်း၍ မရနိုင်သော အင်္ကျီကို လှစ်ဟ၍ ပြသည်။ စိတ်ဝေဒနာရှင်မို့ အရှက်သိက္ခာ မရှိဟု ကျွန်တော့်စိတ်မှ တွေး ထင်မိသည်။

"အာ ဘာတွေ လာ ပြောနေမှန်း မသိဘူးဗျာ။ နို့မှုန့် ထုပ် အဝယ်နောက်ကျလို့ ဒေါ်လေး ဆူနေဦးမယ်၊ သွားမယ်"

ကျွန်တော့် မနှင်းဆီ ရှေ့မှ သုတ်သုတ်ပျာပျာဖြင့် ထွက်လာသောအခါ မနှင်းဆီက မကျေမနပ်ဖြစ်ကာ နှုတ်မှ ကြမ်းကြမ်းတမ်းတမ်း ပြောဆို ကျန်ရစ်ခဲ့သည်။ လမ်းထိပ်ဆိုင်မှ နို့မှုန့်ထုပ်ဝယ်အပြီး ကျွန်တော် အိမ်ပေါ်အတက် မနှင်းဆီက ဆောင်းဦးနောင်ကို နို့တိုက်၍ နေသည်။

"ဟာ ... ဒီအရူးမနဲ့ တော့ ဒုက္ခပါပဲဗျာ၊ ဒေါ်လေးရေ ဒီမှာ ညီလေးကို မနှင်းဆီနို့တိုက် နေတယ်၊ ဒေါ်လေးတို့ကလဲ ဂရု မစိုက်ကြဘူး။ ဒီလောက် စုတ်ပြတ်ညစ်ပတ်နေတာ ညီလေးကို ရောဂါတွေကူးမှာမကြောက်ဘူးလားဗျာ'

ဒေါ်လေးက မနှင်းဆီ့၏ အပြုအမူကို ဒေါသထွက်ပုံ ရသည်။

'နင်က ဘာကြောင့် ကလေးကို နို့တိုက်ရတာလဲ နံနံစော်စော်နဲ့ဟယ်၊ သွား--သွား နောက်ဘယ်တော့မှ ဒီလိုလာမလုပ်နဲ့'

**ဟာ ... ဒီအရူးမနဲ့တော့ ဒုက္ခပါပဲဗျာ၊ ဒေါ်လေးရေ ဒီမှာ ညီလေးကို မနှင်းဆီနို့တိုက်နေတယ်၊ ဒေါ်လေးတို့ကလဲ ဂရုမစိုက်ကြဘူး။**

"အောင်မယ် ကလေး နို့ဆာလို့ တိုက်တာ မမြင်ဘူးလား။ မိခင်နို့ကိုမစို့ရတဲ့ကလေး ဟာမကျန်းမာတတ်ဘူး။ ဒါတွေ ပြောပြနေလဲ နားလည်ကြမှာ မဟုတ်ပါဘူးလေ။ ကလေးကို နို့မတိုက်ရရင် နို့တင်းလို့ မနေနိုင်ဘူးသိလား။ နို့မတိုက်ရရင် နေမရထိုင်မရ ဖြစ်တတ်တယ်။ အင်းပေါ့လေ ရှင်က ကလေး မွေးဖူးတာ မဟုတ်တော့ ဒါတွေ ပြောလဲ အလကားပဲ'

ပြောဆိုပြီး မနှင်းဆီ ထွက်သွားသည်။ နို့မှုန့်ထုပ်ကို ဖျော်တိုက်ပြီးသော်လည်း အားရကျေနပ်မှုမရှိဘဲ ငိုနေတတ်သော ဆောင်းဦးနောင် မနှင်းဆီ နို့တိုက်ပြီးသောအခါ ငြိမ်သက်စွာအိပ်ပျော်သွားသည်။ ကလေး မမွေးဖူးသော ဒေါ်လေးခင်မေသက်နှင့် ဆယ်ကျော်သက် ကျွန်တော်တို့က နို့တင်း၍ မနေနိုင်ဟူသော မနှင်းဆီ၏ စကားကို အဆန်းတကြယ် ဖြစ်သွားသည်။ စိတ်မှုမမှန်သူတစ်ဦးမို့ ထင်ရာမြင်ရာ ပြောဆိုသည်သာ ဖြစ်မည်ဟု ကျွန်တော် လွယ်လွယ်ကူကူ တွေးလိုက်သည်။

* * * * *

ဒေါ်လေး ခင်မေသက်နှင့် ဦးကျော်နောင်တို့ နှစ်ဦးစလုံး ရာထူးတိုးမြင့်၍ မြေလတ်ဒေသ၊ ခရိုင်မြို့ကြီး တစ်မြို့သို့ အတူတကွ ပြောင်းရွှေ့ကြရသည်။ အမြန်ပြောင်းရွှေ့ရန်



www.burmeseclassic.com

www.burmeseclassic.com



အထက်မှ ညွှန်ကြားသဖြင့် ကမန်းကတန်း ပြောင်းကြရ၏။ ရင်းနှီးကျွမ်းဝင်ရာ မိတ်ဆွေများကိုပင် နှုတ်ဆက်ခွင့်မရ။ တစ်ရက်တစ်ခါ နှစ်ရက်တစ်ခါ ကလေးနို့တိုက်ရန် အခွင့်အရေးကိုစောင့်နေတတ်သော မနှင်းဆီကိုပင် အသိမပေးနိုင်။

''ဒေါ်လေး ဆောင်းဦးနောင်ဟာ မနှင်းဆီရဲ့သား ဖြစ်နိုင်ပါ့မလားဗျာ'

''ဖြစ်နိုင်တာပေါ့။ မျက်နှာပေါက် ပုံတူသားပဲ။ နောက်ပြီး ဘာကျွေးကျွေး ကျိကျိတဲ့ ကလေးဟာ မနှင်းဆီရဲ့ နို့ကို စို့ပြီးတာနဲ့ ငြိမ်သွားရော။ မနှင်းဆီကလဲ နို့တိုက်ရမှ ကျေနပ်တာ၊ ခုတော့ သူ့ခများ ဘယ်လိုနေရှာမလဲမသိဘူး။ရှေးဘဝရဲ့ကံကြောင့် စိတ်ဝေဒနာ ခံစားနေရပေမယ့် စိတ်ခံစားမှုတော့ရှိတာပေါ့ ကလေးကိုတော့ မေတ္တာမပျက်ဘူး။ အခြေအနေက သူနဲ့ထားလို့ မဖြစ်နိုင်ပြန်ဘူး။ ဒေါ်လေးတို့ကလဲ ကမန်းကတန်းကြီးကို ပြောင်းလာရတာဆိုတော့ အသိမပေးခဲ့ရဘူး။ မနှင်းဆီကမိခင်လေဘယ်လောက်ပဲရူးရူး သားသမီးအပေါ်ထားတဲ့ မေတ္တာတရားကတော့ ဘယ်ရူးမှာလဲ သားလေး ဆောင်းဦးနောင်ရဲ့ ဓာတ်ပုံကိုတောင်းလို့ ဒေါ်လေး ပေးထားခဲ့ရတယ်။ မိုင်ပေါင်း ရာထောင်ချီဝေးနေတော့ သူလဲလိုက်လာနိုင်မှာတော့ မဟုတ်ပါဘူး''

နွေ၏ နေဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း မရှိကြသည့် ရှက်ဟောင်းတို့ မြေပြင်ဆီ အဆက်မပြတ် ကြွေလျက်ရှိသည်။ မြေလတ်ဒေသ၏ အပူချိန်က အောက်ပိုင်းဒေသများထက် သိသိသာသာ ပိုလွန်းသည်။ သို့သော်ငြား နွေ၏ အပူသည် မနှင်းဆီ၏ ရင်မှသောက အပူကို မီနိုင်မည် မဟုတ်ဟု ကျွန်တော် စာနာစိတ်ဖြင့် တွေးမိခဲ့သည်။



⩋ ⩋ ⩋ ⩋ ⩋

အိမ်ရှေ့ ကတ္တရာလမ်းမကြီးပေါ်တွင် လူများ ရုတ်ရုတ်သဲသဲဖြစ်နေကြ၏။ ဆူဆူညံညံ အသံများကြောင့် ဒေါ်လေး အိမ်ထဲမှ ထွက်လာသည်။

'ဘာဖြစ်တာလဲ ကိုဘရွှေ'

ရုံးဝန်ထမ်း တစ်ဦးက မြင်ရ၍မေးသည်။

''စိတ်ဝေဒနာရှင် တစ်ဦး ထင်ပါတယ် ဦးစီး။ အစာအာဟာရပြတ်ပြီး လမ်းပေါ် လဲကျသွားတာ။ ကျွန်တော်တို့ မြို့ကတော့ ဟုတ်မယ် မထင်ပါဘူး။ မနေ့က မနက်တောင်ဈေးထဲမှာ ကလေးတွေမြင်တိုင်း သားလေး သားလေးနဲ့ လိုက်ခေါ်နေသေးတယ်''

ကိုဘရွှေ စကားဆုံးသည်နှင့် ဒေါ်လေး လူအုပ်ကြားထဲ တိုးဝှေ့ကြည့်သည်။ လမ်းဘေးရှိ ဗာဒံပင်ကိုမှီရင်း တစ်စောင်းလဲနေသောသူကို အသေအချာ ကြည့်မိသောအခါ ရပ်နေသော ဒေါ်လေးခြေအစုံတုန်လာခဲ့သည်။ မျှော်လင့်ရည်ရွယ်မ

www.burmeseclassic.com



ထားပါသော မနှင်းဆီ။ ကြည့်စမ်း မိုင်ပေါင်းရာထောင်ချီဝေးသော ဤမြေလတ်ဒေသသို့ပင် ခြေဆန့်၍ လိုက်လာခဲ့လေပြီ။

'''မနှင်းဆီ မနှင်းဆီ သတိရရဲ့လားဟင်'

မျက်နှာကို မှတ်မိ၍သာ တော်သေးသည်။ ခန္ဓာကိုယ်က သိသိသာသာ ပိန်ကျသွားသည်။ ဒေါ်လေးကို မြင်တွေ့သောအခါ မနှင်းဆီ မျက်နှာလေး ဝင်းလက်လာသည်။ လက်များကို အားယူရင်း မနှင်းဆီက–

''သား ‥ သားလေးရောဟင် ‥ သားလေးကို တွေ့ချင်လို့ မြို့တကာ လှည့်ပြီး လိုက်ရှာနေတာ ခုတော့ တွေ့ရတော့မယ်။ သားလေးကို ကျန်းကျန်းမာမာ တွေ့ရရင် ကျေနပ်ပါပြီ''

ကျွန်တော့် အနားတွင် ဘုမသိဘမသိ ရပ်နေသော ဆောင်းဦးနောင်ကို ခေါ်၍ ဒေါ်လေးက မနှင်းဆီ အနားသို့ တိုးကပ်ပေးသည်။

''သား ‥ သားလေးရယ်''

တိုးညင်းစွာ ခေါ်ရင်း မနှင်းဆီ၏ မျက်ဝန်းအိမ်မှ မျက်ရည်ပေါက်တို့က အတိုင်းအဆမဲ့စွာဖြင့် ကျဆင်းလာသည်။ လှိုက်ဖိုကြေကွဲဝမ်းနည်းစွာကြည့်ရင်းဖြင့် မနှင်းဆီ ငြိမ်သက်သွားခဲ့သည်။

''မနှင်းဆီ ‥‥ ဖြစ်မှ ဖြစ်ရလေ မနှင်းဆီရယ်'

မနှင်းဆီ၏ စုတ်ပြတ်ပြတ် အပေါ် အင်္ကျီအိတ်ကပ်ထဲမှ ဟောင်းနွမ်းဝါကျင်နေပြီဖြစ်သော ဆောင်းဦးနောင်၏ တစ်နှစ်သားအရွယ် ဓာတ်ပုံလေးကိုတွေ့ရသည်။ ဒေါ်လေးက ဟန်ပင်မဆောင်နိုင်တော့ပေ။

''ငါ့ကို ခွင့်လွှတ်ပါ မနှင်းဆီရယ်။ ငါ နင်တို့ သားအမိရဲ့ ချစ်ခြင်းမေတ္တာကို ခွဲခဲ့တာ မဟုတ်ပါဘူး။ သားလေးရဲ့ ရှေ့ရေးကို တွေးပြီး စီစဉ်ခဲ့ရတာပါ။ ခုလောက်ထိ ဖြစ်လိမ့်မယ်လို့ ထင်မထားခဲ့တာ ငါ့ရဲ့ အမှားပါ။ ငါတို့က အမြန်ပြောင်းလာခဲ့လို့ အသိမပေးဖြစ်ခဲ့တာ၊ ခြေရာဖျောက်ခဲ့တာ မဟုတ်ပါဘူး မနှင်းဆီ။ သားလေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါ သိပါတယ်။ သံသရာအဆက်ဆက် ဖြစ်ပျက်တဲ့ ဘဝတိုင်းမှာ ခုလိုအဖြစ်ဆိုးမျိုးတွေနဲ့ မကြုံတွေ့ပါရစေနဲ့လို့ ငါ ဆုတောင်းပေးလိုက်ပါတယ် မနှင်းဆီ''

ငြိမ်သက်နေသည့် မနှင်းဆီကို ကြည့်ရင်း ဝမ်းနည်းခြင်း သက်သေအတွက် မျက်ရည်တွေ မဖြစ်ဖို့ အားတင်းနိုင်စွမ်း ကျွန်တော် မရှိတော့ပေ။

* * * * *

ကြာတော့ကြာခဲ့ပါပြီ။ သို့သော်ငြား ချန်ထား မေ့ပစ်ဖျောက်ဖျက်၍ မရနိုင်သည့် အတိတ်မှ ဖြစ်ရပ်က ဆယ်စုနှစ်နှစ်ကြာမြင့်လာသည့်တိုင် အရိပ်ပမာ နှလုံးသားထက်တွင် တည်ရှိနေခဲ့သည်။ ထိုဖြစ်ရပ်ကို တွေးတောမိသည့်အခါတိုင်း ရင်သည် နာကျင်ကြေကွဲစွာခံစားရသည်။

ဇော်ထွဋ်(ကမ်းသာယာ)



www.burmeseclassic.com

www.burmeseclassic.com



# ကွင်းဆက်၏ကွင်းဆက်

ယုယုလွင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



"ကွင်းဆက်၏ကွင်းဆက်"

ယုယုလွင်ကျော်

စနေနေ့ နေ့လယ်ခင်း ခပ်စောစော အချိန်၊ ကယ်ဒိုဂန် အိမ်ရာတန်းရှေ့ တစ်လျှောက်ရှိ လမ်းမပေါ်တွင် ကားဖြင့် ဖြတ်မောင်းလာသော ဖီးလစ်(ပ်) တရန့် ကားမောင်းလာရင်း အိမ်မြင့်ကြီး တစ်အိမ်၏ ဆင်ဝင်အောက်မှ မိန်းမလှလေးကို မြင်တွေ့လိုက်၍ ကားကိုလမ်းဘေး တစ်နေရာတွင် ရပ်တန့်လိုက်သောအချိန်တွင် ယင်းကိုယ်ခန္ဓာပိုင်ရှင် မိန်းမလှလေးသည် ပလက်ဖောင်းတစ်လျှောက် လမ်းလျှောက်၍ လာနေသည်။

"ဘယ်လိုလဲ၊ မာရီယွန်ရေ၊ မတွေ့ရတာကြာပြီနော်"

ဖီးလစ်(ပ်)ထရန့် က လှမ်းနှုတ်ဆက်လိုက်သဖြင့် မိန်းကလေးက ကားထဲသို့ စောင့်ငဲ့ကြည့်လိုက်သည်။

"ဟယ် ဖီးလစ်(ပ်)၊ ရှင့်ကို ဒီနေရာမှာ တွေ့ရလိမ့်မယ်လို့ မထင်မိဘူး"

မိန်းကလေးက ပြန်နှုတ်ဆက်ရင်း သူမထွက်လာခဲ့သည့် အိမ်မြင့်ကြီး၏ တံခါးဝဆီသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ရင်းက

"ဘာလဲ ဆရာဝန်နဲ့ လာတွေ့တာလား၊ ဒီဆရာဝန်က ကြိုတင်ဘွတ်ကင် လုပ်မထားဘဲနဲ့ တွေ့ရဖို့ မလွယ်ဘူးနော်။ ပြီးတော့ ဒီနေ့အတွက် ဆိုရင်တော့ သူက အခုပြန်တော့မှာ"

ထရန့်က ကားထဲမှ အပြင်သို့ ထွက်လိုက်ပြီး ခင်မင်ရင်းနှီးခဲ့သော မာရီယွန်ဆီးလ်ဖက်တာကို လက်ဆွဲ နှုတ်ဆက်လိုက်သည်။

"သြော် ဟိုမှာတွေ့ပြီ။ ကြေးဆိုင်းဘုတ် သေးသေးလေး၊ သိပ်တော်တဲ့ ဆရာဝန်တစ်ယောက်ပဲ။ ဒါပေမယ့် ကိုယ်ဆရာဝန်လာပြတာ မဟုတ်ပါဘူး။ ချယ်(လ်)ဆီးမှာ နေ့လယ်စာ စားပြီးထွက်လာတာ"

"ဟုတ်ကဲ့ပါရှင့်။ ရှင် ဆရာဝန်နဲ့ ပြချင်လဲပြ၊ မပြချင်လဲနေ၊ အဲဒီဆရာဝန်ကိုတော့ ရှင့်ကို ပြရဦးမယ်"

တံခါးပွင့်လာသည်ကို တွေ့သဖြင့် အသံကို နှိမ့်ကာ ပြောလိုက်သည်။

အရပ်ရှည်ရှည် ခပ်ပိန်ပိန်၊ ခပ်ကိုင်းကိုင်း။ မုတ်ဆိတ်မွှေးအနက်ရောင်နှင့် လူတစ်ဦး ထွက်လာသည်။ မာရီယွန်ကို ဦးထုပ် မြှင့်တင်၍ နှုတ်ဆက်လိုက်ပြီး ထရန့်ကို တစ်ချက်လှမ်းကြည့်ကာ ဦးထုပ်ကို ပြန်ဆောင်း၍ ထွက်ခွာသွားသည်။

"သူက ခွဲစိတ်ဆရာဝန်တစ်ယောက်ပဲ။ ပိုလန်နိုင်ငံသားလေ"

မာရီယွန်က ပြောပြသည်။

ထရန့်က ကြေးဆိုင်းဘုတ်ကလေးကို သေချာကြည့်လိုက်သည်။

"ဒေါက်တာ ဒဗလျူကိုဇစ်ကီ"

"အင် . . သူ့အကြည့်တွေထဲမှာ တစ်ခုခုစိတ်မကောင်းစရာရှိနေသလိုပဲ။ စိတ်ဝင်စားစရာကောင်းတဲ့ ရည်မွန်တဲ့ မျက်နှာရယ်၊ နားပန်မရှိဘူးလို့တောင် ထင်ရတဲ့ နားရွက်သေးသေးလေးတစ်စုံရယ်၊ လှပတဲ့ လက်ကလေးတွေရယ်ကို ပိုင်ဆိုင်တယ်။ ပြီးတော့ ဘယ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



**ရာဇဝတ်မှုတစ်ခုတော့ မဟုတ်ပါဘူး။ အခု ကျွန်မနေတဲ့အခန်းကို သွားလိုက်ရင်တော့ ရှင့်ကို သေသေချာချာ ရှင်းပြနိုင်လိမ့်မယ် ကျွန်မအခန်းက ရီဗစ်လီ အိမ်ရာမှာပါ''**

လက်မှာရှိနေတဲ့ အနာရွတ်တစ်ခုကို ကြည့်ခြင်းအားဖြင့် လွန်ခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်လောက်က ခွေးတစ်ကောင်ကောင်၊ ဒါမှမဟုတ် လူနာတစ်ယောက်ယောက်က ဆိုးဆိုးဝါးဝါး ကိုက်လိုက်တာကို ခံခဲ့ရပုံရတယ်''

မာရီယွန်က ရယ်သည်။

''ရှင်ကတော့လေ၊ လူတစ်ယောက်ကို စက္ကန့်ပိုင်းလေးလောက် မြင်လိုက်ရတာတောင်၊ အဲဒီလူကို ဓာတ်ပုံရိုက်ထားသလို မှတ်မိနေတော့တာပဲကိုး။ ကျွန်မက သူ့ရဲ့အတွင်းရေးမှူးလေ၊ ဒီနေ့က စနေနေ့ဆိုတော့ နေ့လယ်စာ စားပြီးတာနဲ့ အိမ်ပြန်လို့ရပြီ''

''ကိုယ်လဲ အခု အားနေတယ်ဆိုတော့ တစ်နေရာရာ သွားကြမလား''

သူမက ခေတ္တမျှ စဉ်းစားလိုက်သည်။

''အခု ကျွန်မရှင့်ကို ဒီနေရာမှာ တွေ့လိုက်ရတာကျွန်မအတွက် တော်တော်ကံကောင်းတယ်ဆိုတာ ရှင်သိလား။ ကျွန်မကို စိတ်အနှောင့်အယှက် ဖြစ်စေတဲ့ အကြောင်းတရားတချို့ကို ရှင်ကိုပြောပြချင်တဲ့ စိတ်မကြာမကြာ ဖြစ်မိတယ်။ ဘာကြောင့်လဲဆိုတာ အခုကျွန်မကြုံနေရတဲ့ပြဿနာကို ဘယ်လိုမှ နားမလည်နိုင်ပေမယ့် ရှင်ကတော့ အဖြေရှာနိုင်လိမ့်မယ်ထင်တယ်လေ။ ရာဇဝတ်မှုတစ်ခုတော့ မဟုတ်ပါဘူး။ အခု ကျွန်မနေတဲ့အခန်းကို သွားလိုက်ရင်တော့ ရှင့်ကို သေသေချာချာ ရှင်းပြနိုင်လိမ့်မယ် ကျွန်မ အခန်းက ရီဗစ်လီအိမ်ရာမှာပါ''

''ရီဗစ်လီ လား၊ အဲဒီနေရာကို ကိုယ်သိတယ်''

''ဒါဆိုရင် အဲဒီနေရာဟာ အိမ်နီးချင်းကောင်းတွေ သိပ်မရှိတဲ့နေရာ၊ ချောင်ကျကျနေရာ ဆိုတာကိုလဲ ရှင်သိမှာပေါ့။ ကျွန်မက နံပါတ် ၄၃၊ ဈေးသိပ်မကြီးတဲ့ ထိပ်ဆုံးထပ်မှာပါ''

ထရန့်က ကားတံခါးကို ဖွင့်ပေးလိုက်သည်။ ဗာရီယွန်က ဝင်ထိုင်လိုက်သည်။

''နေကောင်းပေမယ့် စိတ်ကြည်နူးစရာ ကောင်းတဲ့နေရာတော့ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်မအခန်းက တံခါးဖွင့်လိုက်တာနဲ့ စတွေ့တွေ့ချင်း အခန်းပဲ။ အမေက ကျွန်မကို တင့်တင့်တယ်တယ် ဖြစ်အောင် ပရိဘောဂနဲ့ ပစ္စည်းတွေ ဝယ်ပြီး ပို့ပေးထားတယ်။ ထိပ်ဆုံးထပ်မှာဆိုတော့ လေဝင်လေထွက်ကောင်းပြီး သက်သောင့်သက်သာလဲ ရှိတယ်''

ကားကို မောင်းထွက်လိုက်သည်။ မာရီယွန်က ပြောလက်စ စကားကို ဆက်၍ ပြောသည်။

''အခု ကျွန်မ တစ်ယောက်တည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ အဖေဆုံးပြီးကတည်းက ရှင်နဲ့ကျွန်မတို့ မတွေ့ကြတော့ဘူး။ ကျွန်မတို့က သိတဲ့အတိုင်း သိပ်တော့ ချမ်းသာတာ မဟုတ်ဘူး။ ကျွန်မအဖေအကြောင်းကို လဲ ရှင်သိပါတယ်''

တရန့်က ခေါင်းညိတ်သည်။ မာရီယွန်၏အဖေ မစ္စတာ ကောလင်းဆေး(လ်)ဖက်(စ်)တာ ကို ထရန့် ကောင်းကောင်းကြီး သိပါတယ်။ အံ့ဩစရာ ကောင်းလောက်အောင်ပင်၊ သူ သေဆုံးသွားသောအခါ ဘာမျှချန်မထားခဲ့ပါ။ မာရီယွန်၏ အဖေ မစ္စစ်ဆေး(လ်)ဖက်(စ်)တာသည် ကိုယ်ပိုင်ဝင်ငွေ ရှာနိုင်၍သာ ပေါ်တော့သည်။

သည်းထိတ်ရင်ဖို၊ ကြောက်မက်ဖွယ်ဝတ္ထုများ အရေးကောင်းသော စာရေးဆရာ တစ်ဦးဖြစ်သော မစ္စတာ ဆေး(လ်)ဖက်(စ်)တာ သည် ပိုက်ဆံ များများရအောင် လွယ်ကူစွာ ရှာဖွေနိုင်သူ ဖြစ်သည်။ သို့ရာတွင် အပျော်အပါးကို အလွန်မက်မောသည့်အပြင် ကြေးကြီးဖဲဝိုင်းများ နှင့် လောင်းကစားကိုလည်း အလွန်ခုံမင်သူ ဖြစ်သည်။ မလိုတမာစိတ် ထားတတ်ခြင်းကြောင့် မိတ်ဆွေနည်းပါးသော်ငြားလည်း လူမှုပတ်ဝန်းကျင်တွင် အလွန်ထင်ပေါ်သူ ဖြစ်လေသည်။ ပုံနှိပ်ထုတ်ဝေခွင့် ကျပြီးဖြစ်သော သူ၏ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာတွဲတစ်တွဲအတွက် စာမူကြမ်းများကို ထားရစ်ခဲ့ခြင်းသည် သူသေဆုံးချိန်တွင် သူ၏ စာများကို နှစ်သက်စွာ ဖတ်ရှုသူများ အတွက် သူ့ကို ပို၍စိတ်ဝင်စားလာစေလေသည်။

''ဝယ်လင်ဖို့ဒ် မြို့မှာ အမေ့ရဲ့အိမ်ရှိတယ်။ ဖရက်(ဒ်)ကို သိတယ်မဟုတ်လား။ ကျွန်မ မောင်လေးလေ။ သူ့အတွက် ကျောင်းစရိတ်တွေ ပေးပြီးတဲ့ အချိန်မှာ ပိုက်ဆံသိပ်များများ မကျန်တော့ဘူး။ ကျွန်မ မှာတော့ စုထားတဲ့ ငွေနည်းနည်းရှိတယ်။ အသက်မွေးဝမ်း ကျောင်းပညာ တစ်ခုခုသင်ဖို့ လုံလောက်တယ်။ ဒါနဲ့ ကျွန်မ လန်ဒန်မှာ အတွင်းရေးမှူးသင်တန်းကို လာတက်ဖို့ ဆုံးဖြတ်လိုက်တယ်။ လန်ဒန် ရောက်တော့ နီဒဟန်(မ်) သင်တန်းကျောင်းမှာ တက်မှာမို့လို့ ဒီနေရာမှာ နေလိုက်တာ''

''သင်တန်းက ပြီးသွားပြီလား''

''ပြီးအောင်တောင် မတက်လိုက်ရပါဘူး။ သင်တန်းတက်နေတုန်း သိပ်မကြာသေးပါဘူး။ ပေါင်လာကိုဖစ်ကီက ကျွန်မဆီ ရောက်လာတယ်။ ရှင်တော့ အဲဒီမိန်းကလေးကို သိမှာ မဟုတ်ပါဘူး။ သူက အခုကျွန်မ အလုပ်ရှင်ရဲ့ သမီးလေ။ ကျောင်းတုန်းက အခင်ဆုံးသူငယ်ချင်းပေါ့။ နောက်ပိုင်း သူက အင်္ဂလန်မှာ ကျောင်းတက်တာ ဆိုတော့ ရှင်သူ့ကို မြင်ရင် ပိုလန်နိုင်ငံသူလို့တောင် သိမှာမဟုတ်ဘူး။ သူ အဖေလန်ဒန်ကို ရောက်လာတော့ သူ့အဖေနဲ့ အတူတူနေတယ်။ သူမောင်လေးဟာ သိပ်ဆိုးတဲ့အတွက် သူ့အဖေက သူ့ တစ်ယောက်တည်း အပေါ်မှာ အချစ်ပိုခဲ့တာလို့ ပြောတယ်။ အခု သူ့အဖေဆေးခန်းမှာ အတွင်းရေးမှူးတစ်ယောက်လိုနေတယ် တဲ့၊ အလုပ်သဲသိပ်လုပ် စရာမလိုဘူးတဲ့။ အဲဒါနဲ့ ကျွန်မ အလုပ်ရသွားရောဆိုပါတော့––

''အံ့ဩစရာတော့ ကောင်းတယ်။ ကျွန်မ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ခါပဲ မြင်ဖူးတာ၊ ပေါင်လာ ကျွန်မ အိမ်ကို လာလည်တုန်းက သူ့အဖေလိုက်လာခဲ့တာ။ ကျွန်မ အဖေရှိစဉ်တုန်းက ဒီဆရာဝန်ကြီး အကြောင်းတွေ ပြောပြဖူးတယ်။ ဆက်ဆံရခက်မယ့် လူကြီးလို့သိထားခဲ့တယ်။ သူ့သမီးကိုတော့ တော်တော့်ကို ချစ်ပုံရတယ်။ ဒါပေမယ့် အခုလို အလုပ်လွယ်လွယ်ကူကူရလိမ့်မယ်လို့တော့ ကျွန်မအတွက် အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး--

"အခု မကြာခဏတွေ့နေရပြန်တော့လဲ ခင်မင်စရာကောင်းပါတယ်။ ကျွန်မရဲ့ လုပ်ရည်ကိုင်ရည်ကိုတော့ သူ့သမီး ပေါင်လာ ပြောပြတာနဲ့တင် တော်တော်သိနေပါပြီ။ သူ့သမီး အပြောနဲ့တင် မစဉ်စားတော့ဘဲ ကျွန်မကို ချက်ချင်းအလုပ်ခန့်ပစ်လိုက်တာ"

"မင်းရဲ့ ရဲ ၊၊သားမှု၊ မင်းရဲ့ယုံကြည်စိတ်ချရမှု၊ မင်းရဲ့ တိတိကျကျ ဆောင်ရွက်တတ်မှု၊ မင်းရဲ့ ....."

"ဟုတ်ပါပြီရှင် အလွတ်ကို ရွတ်ပြနေတော့တာပဲ"

မာရီယွန်က ထရန့်၏ စကားကို တစ်ဝက်တစ်ပြက် ဖြတ်၍ ပြောလိုက်ပြီး သူ့စကားကို ဆက်သည်။

"အခု လက်ရှိ အတွင်းရေးမှူးက ဒီထက်ပိုကောင်းတဲ့ အလုပ်ရလို့ ထွက်သွားတဲ့ အတွက် ကျွန်မကို အလုပ်လာလုပ်နိုင်မလားလို့ မေးတယ်။ ပေါင်လာ့ဆီက ကြားခဲ့ရတာကတော့ ကျွန်မကို အလုပ်ခန့်ချင်လို့ အဲဒီ အတွင်းရေးမှူးကို တခြား အလုပ်ရှာပေးခဲ့တာလို့ ပြောတယ်။ အတွေ့အကြုံလဲမရှိ။ သင်တန်းလဲ မပြီးသေးတဲ့ ကျွန်မအတွက် ကိုယ့်ကိုယ်ကိုယ်တောင် ဟုတ်ပါလားလို့ ပြောမိတယ်။ ဘာ အလုပ်မှလဲ မည်မည်ရရ မလုပ်ရပါဘူး။ လူနာတွေလာရင် လက်ခံ၊ စကားနည်းနည်းပါးပါးပြော၊ ဒါလောက်ပါပဲ။ ငွေတောင် ကိုင်စရာ မလိုတော့ ခေါင်းမခဲရဘူးပေါ့။ ပြီးတော့ လစာကိုလဲ နှစ်ဆပေးတယ်--



"အမှန်တော့ လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို မရှိသလောက်ပါပဲ။ ဒါကြောင့် အချိန်တွေ ပိုနေတာနဲ့ ကျွန်မ အဖေရဲ့ စာအုပ်ကို ရေးဖြစ်တယ်။ ပြော် ကျွန်မရှင့်ကို မပြောရသေးဘူးပဲ။ ထုတ်ဝေသူက တောင်းတာနဲ့ ကျွန်မ အဖေရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ရဲ့ စာမူကြမ်းတွေကို ပြန်ကူးရတယ်။ ဖျက်ရာခြစ်ရာတွေ များလွန်းလို့ တစ်အုပ်လုံးကို ပြန်ကူးပေးရမှာ။ ဆေးခန်းမှာ နေ့စဉ် အလုပ်လုပ်ရင်းနဲ့ အားချိန်တွေမှာရေးရတာ။ တော်တော်တောင်ပြီးနေပြီ။ တစ်အုပ်လုံးကိုတော့ ပြီးအောင် မဖတ်ရသေးဘူး''

မာရီယွန်၏ အဆက်မပြတ် ပြောလာသော သူမ၏ အကြောင်းများကို နားထောင်ရင်း ထရန့်က နားမလည်ဟန်ဖြင့်–

''ဒါနဲ့ နေပါဦး။ အခု ပြောနေတဲ့ စကားတွေထဲမှာ စိတ် ကသိကအောက် ဖြစ်စရာ တစ်ခုမှလဲ မပါပါလား။ ဘာများဖြစ်မလဲ၊ ဘာများဖြစ်မလဲနဲ့ မျှော်လင့်စောင့်စား နားထောင်လာခဲ့တာတွေကို တစ်စစီ ဖြစ်အောင်လုပ်နေတာလား''

''ပြောရင်း ဆိုရင်း အိမ်ထောင်ရောက်လာပြီ''

အင်္ဂတေဖြင့် ဆောက်လုပ်ထားသော အမိုးဖြင့် ရှေးလက်ရာ အိမ်ကြီးဖြစ်ပြီး မြေအောက်ခန်းနှင့် မြေပေါ်အထပ်သုံးထပ်ပါဝင်သည်။ အိမ်နီးနားချင်းများသည် ဟော့ရမ်းဆိုးသွမ်းသူများ မဟုတ်ကြသော်လည်း အနည်းငယ် နွမ်းပါး၍ ညစ်ထေးသော အသွင်ရှိသည်။ ထရန့်တို့ နှစ်ယောက် မတ်စောက်သော လှေကားကို တက်သွားကြပြီးနောက် မာရီယွန်က လှေကားထိပ်မှ တံခါးကိုသော့တစ်ချောင်းဖြင့် ဖွင့်လိုက်သည်။ တစ်ဖန် မာရီယွန်နေသော အခန်းကို သူမ၏ အိတ်ထဲမှ ကိုယ်ပိုင်သော့ဖြင့် ဖွင့်လိုက်သည်။

''ဒါ ကျွန်မ နေတဲ့ အခန်းပဲ''

ပြောပြောဆိုဆို အခန်းထဲသို့ ဝင်လိုက်ကြသည်။ တိုက်ခန်းထဲတွင် အခန်းလေးခန်း ပါရှိပြီး ထိုအခန်းလေးခန်းစလုံးသည် အလယ် လှေကားမကြီးမှ တောက်လျှောက် တက်လာသော လှေကားတက်ဆီသို့ ပွင့်သည်။ နံရံများမြင့်သော အခန်းဖြစ်ပြီး အလင်းရောင်ကောင်းစွာ ရရှိသည်။

''ဟာ ကောင်းလိုက်တဲ့ အခန်းပါလား''

ထရန့်က ရေရွတ်လိုက်ပြီး အခန်းကို လှည့်လာကြည့်သည်။ ညှိခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ မီးဖိုချောင် အားလုံးကို လှမ်းမြင်ရသည်။

''ကိုယ့်ကိုယ်ပိုင် အိမ်ထက်တောင် ပိုကောင်းနေပါလား၊ ပရိဘောဂတွေလဲ အစုံအလင်နဲ့ပဲ။ ဒီအံဆွဲဗီရိုလေးကို ပြန်ရောင်းချင်ရင်တော့ ကိုယ့်ကို အသိပေးသင့်တယ်။ ပြီးတော့ ဒီ မဟော်ဂနီ စာရေးစားပွဲကြီးကို ရောပေါ့။ ဒီစားပွဲကြီးကတော့ အသစ်တုန်းကတည်းက အရမ်းတန်ဖိုးကြီးခဲ့တာ ဟုတ်တယ် မဟုတ်လား။ ဒါကိုတော့ ခင်ဗျား ရောင်းချင်ဟန် မတူပါဘူး''

ထရန့်က နောက်လိုက်သဖြင့် မာရီယွန်ကရယ်သည်။

''ဘာလဲ ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ဖွင့်ချင်လို့လား။ အခုတော့ ရှင့်ဆီက ကြေ

www.burmeseclassic.com



ညတ်ကို ဘာကြောင့် ရချင်နေရတာလဲ ဆိုတာကို ပြောပါရစေဦး။ ပထဦးဆုံး စားပွဲကြီးရဲ့ မျက်နှာပြင်ကို ကြည့်စေချင်ပါတယ်''

ထရန့်က ခါးအနည်းငယ်ကိုင်း၍ သေချာကြည့်လိုက်သည်။

''မင်းပြောတာ ဒီမထင်မရှား ခြစ်ရာလေးတွေကို ပြောတာလား။ မာကျောပြီး လေးလံတဲ့ အရာတစ်ခုခုကို ဒီစားပွဲပေါ် တင်ထားပြီး ဟိုရွှေ့ ဒီရွှေ့လုပ်ထားပုံရတယ်။သေချာကြည့်ရင် ခြစ်ကြောင်းရာလေးတွေက လေးနေရာမှာတွေ့ရတယ်။ စတုရန်းပုံ ဒေါက်လေးဒေါက်ပါတဲ့ အရာတစ်ခုဖြစ်ရမယ်။ ဝယ်လင့်ဖို့(ဒ်)မြို့ကနေ သယ်လာတုန်းက တည်းက ဒီအရာတွေ ရှိနေခဲ့တာလား''

''မဟုတ်ပါဘူး။ အခုတလောလေးမှ ဖြစ်လာတာ၊ သုံးပတ်လောက်၊ အင်း– သုံးပတ်ကျော်ကျော်လောက်ပဲရှိဦးမယ်။ အရင်က ဒီစားပွဲက မှန်ကြည့်လို့တောင်ရအောင် ပြောင်လက်နေတာ၊ နေ့တိုင်းအဝတ်နဲ့ သုတ်ပေးနေကျဆိုတော့ ဒီခြစ်ရာလေးတွေကို ချက်ချင်း သတိထားမိတာပေါ့''

''ကျွန်မအိမ်ကို သန့်ရှင်းရေး လာလုပ်ပေးတဲ့ အဒေါ်ကြီးတစ်ယောက်ရှိတယ်။ သူက တစ်ပတ်မှာ မနက်ခင်း နှစ်ရက်ပဲလာတယ်။ သပ်ရပ်သန့်ရှင်းပြီး အလုပ်ကို ဂရုတစိုက်လုပ်တတ်တယ်။ အဲဒီ အဒေါ်ကြီးကြောင့်လဲ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မ ဒီအစင်းကြောင်းတွေကို ပထမဆုံး စတွေ့ရတာက ကြာသပတေးနေ့မှာ အဒေါ်ကြီးလာတဲ့နေ့တွေက အင်္ဂါနဲ့ သောကြာဆိုတော့ ဗုဒ္ဓဟူးနေ့မှာ သူမရှိဘူးလေ။ ပြီးတော့ ကျွန်မက ကျွန်မပစ္စည်းတွေမှာ ခြစ်ရာ စင်းရာ ထင်တာမျိုးကို လုံးဝ မကြိုက်ဘူး။ ဒါပေမယ့် ဘယ်သူလုပ်သွားတာလဲ ဆိုတာရော၊ ပြီးတော့ လုပ်တဲ့ လူက ဒီလိုလုပ်နိုင်ဖို့ ဒီအခန်းထဲမှာ ဘယ်လိုလုပ်ရှိနေတာလဲ ဆိုတာကို ရော ကျွန်မ နည်းနည်းမှ စဉ်းစားလို့ မရဘူး။ ကျွန်မ အပြင်ထွက်တိုင်း အခန်းအဝင် တံခါးကလဲ ပိတ်ထားတယ်။ လှေကားဝက တံခါးကလဲအမြဲတမ်းပိတ်ထားတယ်–

''ဒီ အစင်းရာ ထင်တဲ့ ကိစ္စကလေးက ဘာမှလဲ အရေးမကြီးဘဲ ဇီဇာကြောင်နေတယ်လို့ ရှင် ထင်နေတယ်မဟုတ်လား။ ကျွန်မ ဒီအခန်းထဲမှာ မရှိတဲ့ အချိန်မှာ တခြားလူတစ်ယောက် ရောက်နေတယ်လို့ ထင်တယ်ဆိုတာကို အရှင်းဆုံး ပြောပြနိုင်တဲ့ တခြား အချက်တွေ ရှိနေသေးတယ်––

**မင်းပြောတာ ဒီမထင်မရှား ခြစ်ရာလေးတွေကို ပြောတာလား၊ မာကျောပြီး လေးလံတဲ့ အရာတစ်ခုခုကို ဒီစားပွဲပေါ် တင်ထားပြီး ဟိုရွှေ့ဒီရွှေ့လုပ်ထားပုံရတယ်။**



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ပက်လက်ကုလား ထိုင်ပေါ်က ချည်နဲ့ ချုပ်ထားတဲ့ နောက်မှီခေါင်းအုံးကိုကြည့်လိုက် ပါဦး။ နှစ်ဖက်စလုံးမှာ ပန်းထိုး ထားတယ်။ ဒါပေမယ့် တစ်ဖက် ကပန်းက တခြားတစ်ဖက်က ပန်းထက် ပိုလှတယ်လို့ ပြန် လာရင် မကြာခဏ ဆိုသလို ကျွန်မ မကြိုက်တဲ့ ပန်းဘက် အခြမ်းကို လှည့်လှည့်နေတာ တွေ့ရတယ်။ တစ်ယောက် ယောက်က ဒီကုလားထိုင်မှာ ထိုင်နေပြီးတော့ ပြန်ခါနီးမှာ မှီအုံးကို ပြန်ဖောင်းပြီး နေသား တကျပြန်ထားခဲ့ပေမယ့် ကျွန်မ လှည့်ထားနေကျဘက်ကို ပြန် လှည့်ရမယ်မှန်း မသိလို့ပေါ့။ ကျွန်မ စိတ်ထဲက အကြောင်း အရာကို သူဘယ်သိပါ့မလဲ--

"နောက်တစ်ခုက ဒီ မဟော်ဂနီစားပွဲကြီးလေ ရှင်သိပ် ကြိုက်နေတဲ့ စားပွဲကြီးပေါ့။ စားပွဲ အံဆွဲတွေထဲမှာ တန်ဖိုးရှိတဲ့ အရာတွေဘာမှ ထည့်မထားပါ ဘူး။ ဘယ်ဘက် အံဆွဲထဲမှာ ကျွန်မအဖေရဲ့ စာမူကြမ်းတွေ သိမ်းထားတယ်။ ညာဘက် အံဆွဲထဲမှာ ကျွန်မ ပြန်ကူးထား တဲ့ စာမူအချောတွေ သိမ်းထား တယ်။ စာရွက်တွေ အများကြီး ပါပဲ။ ဒါပေမယ့် တစ်ယောက် ယောက်က အဲဒီစာမူတွေကို ယူ ဖတ်ထားတာသုံးကြိမ်တိတိပါပဲ"

"သော့ မခတ်ထားဘူး လား"

"ဟင့်အင်း အိမ်တံခါး က လွဲလို့ ဘယ်နေရာကိုမှ ခတ် မထားဘူး။ ဒီအံဆွဲတွေကို ကြည့် ပါဦး။ ဒီမှာ တွေ့လား"

သူမက အံဆွဲနှစ်ဖက် စလုံးကို ဆွဲထုတ်လိုက်သည်။ ထို့ နောက် ပြန်ထိုးသွင်းလိုက်သည်။

"အံဆွဲနှစ်ဖက် စလုံးက နည်းနည်းချောင်နေတော့ ပြန် ပိတ်လိုက်ရင် အံကျပြီးတဲ့အပြင် အထဲအထိ နည်းနည်း ဝင်ဝင် သွားတယ်။ ဒါ့ကြောင့် ပြန်ပိတ် ပြီးတဲ့အခါတိုင်းမှာ အံကျတဲ့နေ ရာအထိ ကျွန်မနည်းနည်း ပြန် ဆွဲလေ့ရှိတယ်။ ကျွန်မက တိကျ သပ်ရပ်နေမှ ကြိုက်တာ။ တော် တော် ဇီဇာကြောင်တာပဲလို့ နောက်တစ်ခါ ရှင်ထင်ပြန်ပြီ မ ဟုတ်လား။ ကျွန်မက ဘယ် တော့မှ အံဆွဲကို အံမကျဘဲ ထားလေ့မရှိဘူးဆိုတာ ကျွန်မ အကျင့်အရ လုံးဝသေချာပြော နိုင်တယ်။ ဒါပေမယ့် သိပ်မကြာ ခင်လေးကမှ သုံးကြိမ်တိတိ အံ မကျဘဲ ပိတ်ထားတာကို တွေ့ ရတယ်"

"နောက်တစ်ခု ပြောစ ရာရှိသေးတယ်"

သူမက ပြောပြောဆိုဆို မီးဖိုချောင်ဘက်သို့ ဝင်သွား သ ဖြင့် ထရန့်ဂလိုက်၍ ကြည့် သည်။

"သေချာပေါက် သေ ချာတဲ့ အချက်တစ်ချက်ပြချင် သေးတယ်။ ဒီလက်ဆေးတဲ့ ဘေဆင်လေးမှာပါပဲ။ ကျွန်မ အလုပ်မသွားခင် မနက်ခင်းစာ စားပြီးတဲ့အခါမှာ အမြဲတမ်း ဒီ ဘေဆင်ကို သန့်ရှင်းနေအောင် ဆေးထားခဲ့ရုံတင် မကဘူး။ စင် ရဲ့ဘေးတွေရော၊ အောက်ဘက် တွေရော ရေတစ်စက်က အစ မကျန်စေရဘဲ ခြောက်သွေ့နေ အောင် သုတ်ပစ်ခဲ့တာ။ ကျွန်မ အမေက အကျင့်တစ်ခုလိုဖြစ် အောင် ဆုံးမ သွန်သင်ပေးခဲ့လို့ ပါ---

"ဒါပေမယ့် နေ့တိုင်းပဲ ကျွန်မအလုပ်က ပြန်လာတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဒီလက်ဆေးကန်ဟာ သန့်ရှင်းနေပေမယ့် ခြောက်သွေ့မနေဘူး။ ဘေးဘက်တွေမှာ ရေစက်တွေရှိနေတယ်။ ဒီမှာကြည့်လိုက်လေ။ ရေဘုံဘိုင်ခေါင်းကို ဖွင့်ထားတဲ့အခါ စဉ်ထွက်လာတဲ့ရေတွေလေ။ တွေ့တယ်မဟုတ်လား။ သူ လုပ်တာပါလို့ လက်ညှိုးထိုးပြနိုင်လောက်တဲ့ လူတစ်ယောက်မှလဲ မရှိဘူး။ ကျွန်မ ဒီမနက်အိမ်က ထွက်လာတော့လဲ သော့သေချာခတ်ခဲ့တာ''

မာရီယွန်နှင့် ထရန့်တို့သည် စကားတစ်လုံးမှ မဆိုဖြစ်ကြဘဲ ဆိတ်ငြိမ်စွာဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ ခဏနေမှ ထရန့်ထံမှ အသံထွက်လာသည်။

''လက်ဝတ်ရတနာတို့ တခြားအဖိုးတန်တဲ့ ပစ္စည်းတို့ တစ်ခုမှ မပျောက်ဘူးလား''

''မပျောက်ပါဘူး။ ဘာမှကို အခိုးမခံရဘူး။ လုံးဝသေချာတယ်။ တစ်ခါတလေဆို ပိုက်ဆံတွေကို စားပွဲအံဆွဲထဲမှာ ထည့်ထားတယ်။ လက်ဝတ်ရတနာတွေလဲ တစ်ခါတလေ ထည့်ထားတတ်တယ်။ တစ်ခါမှ မပျောက်ဖူးဘူး။ ကျွန်မတင်ထားတဲ့ စားစရာတွေကိုလဲ ထိတောင်မထိထားဘူး။ တစ်အိမ်လုံးမှာ ရှိတဲ့ ဘာပစ္စည်းကိုမှလဲ ကိုင်ထားပုံတောင် မရဘူး''

ထရန့်က ကြမ်းပြင်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း တွေးတောနေသည်။

''တွေးရတာတော့ ခက်တယ်။ အောက်ထပ်က လူတစ်ယောက်ယောက်များလား ဆိုတော့လဲ မဖြစ်နိုင်ဘူး။ မာရီယွန်ရဲ့ အခန်းသော့က သူတို့ဆီမှာမှ မရှိဘဲ''

''ဟုတ်တယ်။ သူတို့လဲ မဖြစ်နိုင်ဘူး။ ကျွန်မသော့တွေက ကျွန်မရဲ့စလင်းဘက်ထဲမှာ အမြဲတမ်းရှိတယ်။ သော့တူကလဲ အခန်းထဲက မှန်တင်ခုံအံဆွဲထဲမှာ ထည့်ထားတာ။ နောက်သော့တူတစ်ချောင်းက သန့်ရှင်းရေးလာလုပ်တဲ့ အဒေါ်ကြီး မစ္စစ်ကင့်(ချ်)ဆီမှာရှိတယ်။ သူတော့ မဖြစ်နိုင်ပါဘူး''

''နောက်တစ်ခု ပြဦးမယ်နော်။ ဟိုပြတင်းပေါက်ကို တွေ့လား။ ကျွန်မတို့ ဝင်လာတုန်းက ပိတ်ထားတဲ့ ပြတင်းပေါက်လေ။ အဲဒီ ပြတင်းပေါက်ကို လေဝင်လေထွက် ကောင်းအောင် ကျွန်မဖွင့်ထားလေ့ရှိတာကို မစ္စစ်ကင့်(ချ်) သိတယ်။ ဒါပေမယ့် အခုတလော ကျွန်မ အိမ်ပြန်လာတဲ့အခါ မကြာခဏဆိုသလို ဒီပြတင်းပေါက်က ပိတ်ပိတ်နေတယ်။ အခုလဲ ပိတ်နေတယ် တွေ့လား''

ထရန့်က ထိုပြတင်းပေါက်ဆီသို့ သွားကြည့်လိုက်သည်။ ထို့နောက် ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

''ဟုတ်သားပဲ။ လေတဖြူးဖြူး တိုက်နေတာကိုး။ ဒီကုလားထိုင်မှာ ထိုင်နေရင်တော့ ဖိမ်ကိုကျနေမှာပဲ။ မာရီယွန်ပြောတာတွေကို ကိုယ်လက်ခံပြီ။ မင်းအပြင်သွားနေတဲ့ အချိန်တွေမှာ လူတစ်ယောက်ဟာ ဒီနေရာမှာ ဖိမ်နဲ့လာနှပ်နေတဲ့ သဘောပဲ။ အထူးသဖြင့် ကုလားထိုင်မှာ ထိုင်နှပ်နေပြီးတော့ ပြန်တဲ့အခါ ဒီမှီအုံးကို နေသားတကျ ပြန်ပြင်ထားခဲ့တာပဲ''

''ဟုတ်တယ်လေ။ အဲလိုပဲ တွေးလို့ရတယ်။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



**လူတန်းစားပေါင်းစုံတို့ ပျော်မွေ့ရာ ကလပ်တစ်ခုဖြစ်သလို သတင်းလည်း ပေါင်းစုံသည်။**

တယ်မဟုတ်လား။ ကျွန်မက ဒီထက် ပိုသိချင်တာ။ ဘယ်သူက ကျွန်မအခန်းထဲကို ဘယ်လိုဝင်လာတာလဲ ဆိုတာကို သိချင်တာဒါက ရဲတိုင်လို့လဲ မရဘူး။ အမှုလို့ပြောရလောက်တဲ့ တိကျတဲ့ သက်သေလဲ မပြနိုင်ဘူး။ ဘယ်နေရာမှာလဲ အပျက်အစီးမရှိဘူး ဘာမှလဲ အခိုးမခံရဘူး။ ဘာအန္တရာယ်မှလဲ မရှိဘူးဆိုတော့ ရယ်စရာကောင်းမနေဘူးလား။ ဒါမှမဟုတ်ရင်လဲ ကျွန်မကို စိတ်ထဲထင်ရာလျှောက်ပြောနေသလို ထင်မှာကိုလဲ စိုးတယ်''

''ဟုတ်တယ်။ အဖြစ်အပျက်က အဲဒီလို ဖြစ်နေတာကိုး။ ဒါနဲ့ မာရီယွန် မနက်အလုပ်ကို ဘယ်အချိန်သွားလဲ''

''၉ နာရီ ဆယ့်ငါးမိနစ်ထွက်တယ်။ ည ၇ နာရီလောက် ပြန်ရောက်တယ်''

''စနေ၊ တနင်္ဂနွေတွေမှာနေရော၊ အိမ်မှာကြာကြာနေတတ်သလား''

''အိမ်မှာ နေလေ့မရှိပါဘူး။ ပေါင်လာကိုဖစ်ကီရယ်၊ လန်ဒန်မှာ သိကျွမ်းတဲ့ မိတ်ဆွေတွေရယ်နဲ့ အပြင်မှာအချိန်ဖြုန်းနေလေ့ရှိတယ်။ တနင်္ဂနွေနေ့တွေမှာတော့ တစ်ခါတလေ ရာသီဥတု သာယာရင် အဖော်အပါးမပါပါ မြို့ပြင်ဘက်မှာ လေကောင်း လေသန့် သွားရှူရင်း တစ်နေ့လုံး နေလေ့ရှိတယ်။ အခုကျွန်မဘဝမှာ ပျင်းစရာကောင်းတဲ့ အချိန်တို့၊ စိတ်ညစ်စရာအချိန်တို့ မရှိဘူး။ အခု ဖြစ်နေတဲ့ ဘာမှန်းမသိတဲ့ ပြဿနာတစ်ခုပဲ ခေါင်းကိုက်ရတာ''

ထရန့်က ခေတ္တမျှ ငြိမ်သက်နေပြီးမှ ...

''အကောင်းဆုံးတော့ လေ့လာနိုင်ခဲ့ပါတယ် မာရီယွန်၊ အခု ဒီပြဿနာကို ကိုယ့်တာဝန်ထားလိုက်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆောင်ရွက်ပေးမယ်။ ဂရုတစိုက် ကိုယ်တွယ်ပေးမယ်။ စုံစမ်းထောက်လှမ်းမှု နည်းနည်းလုပ်ရဦးမယ်။ မကြာခင် ပြန်ဆုံကြတာပေါ့''

''ကောင်းကင်ဘုံက ကောင်းချီးပေးပါစေ။ ဖီးလ်ကျွန်မမျှော်လင့်ထားတာလဲ အဲဒီစကားကိုပါပဲ''

''ကိုယ့်ကို ယုံကြည်ရင် သော့အပိုတွေ ကိုယ့်ကို ပေးထားနိုင်မလား''

ဘူမက အိပ်ခန်းအတွင်းမှ သော့တွဲအပိုကို သွားယူလာသည်။

''သော့ယူထားတယ်ဆိုတာ ဘာပစ္စည်းမှ မပျောက်စေရပါဘူး ဆိုတာရယ်၊ ဘယ်ပရိဘောဂမှ မကျိုးမပဲ့စေရပါဘူး ဆိုတာရယ်ကိုတော့ ကတိပေးရမှာနော်''

သော့တစ်ချောင်းချင်းစီကို သက်ဆိုင်ရာ သော့အိမ်နှင့် အံကျ မကျ၊ ဖွင့်၍ရ မရ စစ်ဆေးပြီးမှ မာရီယွန်၏ အခန်းမှ ထွက်လာခဲ့သည်။

၀၀၀၀၀

''ရှားစောင်းကလပ်''

လူတန်းစား ပေါင်းစုံတို့ ပျော်မွေ့ရာ ကလပ်တစ်ခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလို သတင်းလည်း ပေါင်းစုံသည်။ ရှာ၍မရသော သတင်းအချက်အလက်များကိုပင် ကလပ် အသင်းဝင်များထံမှ ရနိုင်သည်။

ဒေါက်တာ ကိုဇစ်ကီနှင့် ပက်သက်သော အကြောင်းအရာများကို သိလိုသဖြင့် ထရန့် တစ်ယောက် ထိုကလပ်သို့ ရောက်ရှိလာသည်။ ဒေါက်တာ ကိုဇစ်ကီသည် အရိုးအထူးကုဆရာဝန် တစ်ယောက်ဖြစ်ပြီး ကိုယ်ပိုင်ခွဲစိတ်နည်းပညာဖြင့် ကိုယ်ပိုင်ခွဲစိတ် ကိရိယာများကို အသုံးပြုကာ ကုသပေးသူဖြစ်သည်။ ဇာတိမြေ ပိုစန်မြို့တွင် ဆေးပညာကို သင်ကြားခဲ့ပြီး နာမည်ကောင်း ရှိသူ တစ်ယောက်လည်း ဖြစ်သည်။

ဒေါက်တာ ကိုဇစ်ကီ၏ လူနာဟောင်း တစ်ဦးထံမှလည်း သူ့အကြောင်းကို အတိအကျသိလာရသည်။ ကိုဇစ်ကီသည် မုဆိုးဖိုတစ်ဦး ဖြစ်ပြီး သားနှင့် သမီးကို အင်္ဂလန်သို့ ပို့၍ ကျောင်းတက်စေသည်။ ထို့ကြောင့် သားနှင့် သမီးသည် ဂျာမန်ယဉ်ကျေးမှုနှင့်အညီ မနေထိုင်တတ်တော့ချေ။ ဒေါက်တာကမူ ဂျာမန်ယဉ်ကျေးမှုဖြင့် နေထိုင်သော ပိုလန်မျိုးချစ်စိတ် အပြည့်ရှိသူ ဖြစ်လေသည်။

နိုင်ငံရပ်ခြားတွင် ကျောင်းထားခဲ့သဖြင့် ဖခင်၏ ဆုံးမအုပ်ထိန်းမှုအောက်တွင် ကြီးပြင်းလာရသူ မဟုတ်သည့်အတွက်ကြောင့် ဆိုးသွမ်းသူ ဖြစ်လာသော သားကို ထိန်း၍မရချေ။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ဒေါက်တာ ကိုဇစ်ကီသည် ဂျာမန်တွင်ဒုက္ခပင်လယ်ဝေခဲ့ရသည်။ ထို့နောက် လန်ဒန်သို့ ပြောင်းရွှေ့ခဲ့ပြီး ဆေးပညာဖြင့်ပင် ဆက်လက် အလုပ် လုပ်ကိုင်ခဲ့သောကြောင့် ပို၍ပို၍ ကျွမ်းကျင်သော သမားတော်ဖြစ်လာခဲ့သည်။ သူ၏ သားမှာမူ ပို၍ပို၍ ဆိုးသွမ်းလာပြီး လက်မှတ်တု ထိုးကာ လိမ်လည်မှုဖြင့် အလုပ်ကြမ်းနှင့် ထောင်ကျခဲ့သည်။ ဒေါက်တာသည် သမီးဖြစ်သူ ပေါင်လာကို ဇစ်ကီအပေါ်တွင် သူ၏ အချစ်များ အားလုံးကို ပုံ၍ချစ်ခဲ့သည်။ ပေါင်လာသည် အနုပညာကျောင်း တက်နေသော ကျောင်းသူ တစ်ဦး ဖြစ်သည်။ လူတိုင်းက ချစ်မြတ်နိုးကြသော သမီးဖြစ်သူကို လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်ခဲ့သည်။

မာရီယွန် ကိစ္စအတွက် ကွင်းဆက်လိုက်နေရင်းမှ အခြားအကြောင်းရင်းတစ်ခု၏ အစ ပေါ်လာသည်။ ဇီဇာကြောင် သူငယ်ချင်း မာရီယွန်၏ ဘာလဲလို့ သိရရင်တော်ပါပြီဆိုသော ဖြစ်နိုင်သလိုလို၊ မဖြစ်နိုင်သလိုလို ကိစ္စကလေး တစ်ခုထက် ပို၍ အခြားအကြောင်းရင်း တစ်ခုရှိရမည်ဟု ထရန့်က စိတ်ထဲတွင် ထင်မိသည်။ ဒေါက်တာ ကိုဇစ်ကီနှင့် ပတ်သက်သော အကြောင်းအရာများကို ရှာဖွေခြင်းသည် လုပ်သင့်သောအလုပ်ဟု ယူဆသည်။ ဒေါက်တာ၏ နောက်ကြောင်းကို လိုက်လျှင် လမ်းကြောင်းတစ်ခု တွေ့နိုင်လိမ့်မည်။

စစစစစ

ရှားစောင်း ကလပ်မှ ထွက်ခွာလာခဲ့ပြီးနောက် ဒေါက်တာ ကိုဇစ်ကီ၏ သားနှင့် ပတ်သက်သော အမှုမှတ်တမ်းများကို မှတ်တမ်းရုံးတွင် သွားရောက် ရှာဖွေနေစဉ် ရာဇဝတ်မှုများကို



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်စွာ မှတ်တမ်းပြုနိုင်သူ "မစ္စတာဟိုမန်"ဖြစ်သည်။

"ကိုဇစ်ကီ အမှုကို ရှာနေတာလား။ တွေ့မှာ မဟုတ်ဖူး။ အဲဒီအမှုကို ကျွန်တော်မှတ်မိတယ်။ သူက ဂျက်ဆန်နာမည်နဲ့ တရားစွဲထားတာ။ လူဆိုး မှတ်တမ်းတွဲထဲမှာလဲ ဂျက်ဆင်လို့ပဲ ရဲတွေသိထားကြတာ။ ခိုးလာတဲ့ ချက်လက်မှတ်မှာ လက်မှတ်တုထိုးပြီးတော့ ငွေတွေလိမ်ထုတ်တာ။ သူက ဆရာဝန်ရဲ့သားဆိုတာကို သိအောင်ကြေညာမှာ မဟုတ်ဘူး။ သူ့နဲ့ရန်ဖြစ်ခဲ့ဖူးတဲ့ လူတစ်ယောက်က သတင်းပေးလို့ လွှန်ခဲ့တဲ့ ၅ နှစ်လောက်ကတည်းက သူ့ကို ဂျက်ဆင်အနေနဲ့ပဲ တရားစွဲခံခဲ့ရတာ"

မစ္စတာ ဟိုမန်၏ ပြောပြမှုကြောင့် လမ်းကြောင်းမှန်မှန် ရှာဖွေလိုက်မှပင် တစ်ခဏအတွင်းတွင် အမှုတွဲကို တွေ့ရှိလေသည်။ သတင်းပေးသူ၏ အမည်ကို ဝင်း(မ်)စတား ဟု ပေးထားပြီး ဒေါက်တာကိုဇစ်ကီ၏ သားအမည်ကို သူတို့အချင်းချင်းခေါ်သောအမည် "ဂျက်ဆင်" ဟု ပေးထားသည်။ ဝင်း(မ်) စတားရဲကို သတင်းပေးခြင်းသည် ဂျက်ဆင်ကို တား၍မရသောကြောင့် ဟူသော အကြောင်းပြချက်တစ်ခုတည်းကြောင့်တော့ ဟုတ်ဟန်မတူချေ။

"ကတ်(တ်) အင်ဖစ်ဒယ်" စားပွဲရုံသည် ဂျက်ဆင်၊ ဝင်း(မ်)စတားနှင့် သူတို့အပေါင်းအပါများ ဆုံတွေ့လေ့ရှိသော စားပွဲရုံတစ်ခု ဖြစ်သည်။ ဟာရီးလမ်းမကြီးပေါ်တွင် ရှိသည်။ ဂျက်ဆင်ထောင်ကျသော ရက်ကို တွက်ကြည့်လျှင် လွတ်ရက်ရောက်ရန် ခြောက်လသာ ကျန်တော့သည်။ လိမ်လိမ်မာမာနေလျှင် ထိုထက်စော၍ လွတ်နိုင်မည်ဟု မစ္စတာဟိုမန်က ပြောသည်။

ⓞⓞⓞⓞⓞ

ဘီယာ တော်တော်ကောင်းသော 'ကတ်(တ်)အင်ဖစ်ဒယ်' စားပွဲရုံ ပိုင်ရှင်သည် ဝင်း(မ်)စတားကို ကောင်းကောင်းသိသည်။ သူသည် လွန်ခဲ့သော သုံးနှစ်ခန့်ကမှ ရောက်လာသဖြင့် ဂျက်ဆင်ကို မသိလိုက်ချေ။ ဝင်း(မ်)စတားကမူ စားပွဲရုံကို ပုံမှန်ရောက်လာသူ ဖြစ်သည်။ ဆိုးသွမ်းသော လုပ်ရပ်များဖြင့် နာမည်ကြီးနေသူ ဖြစ်ပြီး ထိုအလုပ်များဖြင့်ပင် အဆင်ပြေနေသူ ဖြစ်လေသည်။ မနှစ်ကတော့ ဝင်း(မ်)စတား တစ်ယောက် ဤမြို့မှ ပျောက်သွားခဲ့သည်။ သိပ်မကြာခင်က ဝင်း(မ်)စတားကို 'ဂူး(လ်)ဝစ်(ချ်)မြို့'တွင် တွေ့လိုက်ရသည်။ သူမှန်း သေချာသဖြင့် နှုတ်ဆက်သောအခါ လူမှားနေသည်ဟု ပြောကာ မိမိကိုလည်း တစ်ခါမှ မတွေ့ဖူးသည့်ဟန် လုပ်နေသည့်အတွက် တော်တော်ဒေါပွခဲ့ရကြောင်း ပြောပြသည်။

ထူးတော့ ထူးသည်။ ဝင်း(မ်)စတားကို ရှာဖွေသူမှာ ထရန့် တစ်ယောက်တည်းတော့ ဟုတ်ကြောင်း ဆက်ပြောသည်။ သိပ်မကြာခင်က မွန်မွန်ရည်ရည် လူတစ်ယောက်ကလည်း သူ့ထံတွင် လာမေးသဖြင့် ယခု ထရန့်ကို ပြောသကဲ့သို့ပင် ပြောပြခဲ့ကြောင်း သိရသည်။

လာမေးသော သူကို နောက်တစ်ကြိမ်တွေ့လျှင် မှတ်မိမလားဟု ထရန့်က မေးသောအခါ ဆိုင်ပိုင်ရှင်က ထိုသူ၏ မျက်နှာပုံသဏ္ဌာန်မှာ သူများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မတူဘဲ ထူးခြားနေသဖြင့် လွယ်လွယ်နှင့် မေ့မသွားနိုင်သော ရုပ်မျိုးဖြစ်ကြောင်း ပြောပြသည်။ ဆိုင်ပိုင်ရှင်ကိုယ်တိုင်ကပင် ဘာကြောင့် ဝင်း(မ်)စတားကို စိတ်ဝင်စားနေသည်ကို သိချင်နေသည်။

ထရန့်က ဝင်း(မ်)စတားထံမှ သိချင်သောသတင်းကို ရနိုင်၍ဖြစ်ကြောင်းသာ ပြောပြနိုင်သည်။ ဆိုင်ပိုင်ရှင်ထံမှာရော၊ ဘာတွေရနိုင်ပါသနည်း။ အေးစိမ့်နေသော ရာသီဥတုအတွက် ကောင်းသောအချမ်းပြေ နှစ်ချို့ဂျမေကာ ဘီယာကောင်းကောင်းတော့ ရနိုင်ပါသည်။

"ကောင်းသော နေ့ပါ။ ဆိုင်ပိုင်ရှင်ခင်ဗျား"

နှုတ်ဆက်၍ ထွက်လာခဲ့သည်။

၀၀၀၀၀

စုံစမ်း ထောက်လှမ်းရေးမှူးကြီး ဘလဲရှိရာ စကော့တလန်ယဒ်ရှိ သူ၏ရုံးခန်းဆီသို့ ထရန့်က သွားရောက်တွေ့ဆုံသည်။ မစ္စတာ ဘလဲက–

"ဒေါက်တာ ကိုဇစ်ကီရဲ့သား လာဒစ်(စ်)လစ်(စ်)ကိုဇစ်ကီ အကြောင်းကို ပြောပြနိုင်ပါတယ်။ ခင်ဗျား စားပွဲရုံကို သွားခဲ့တာ သိပ်ကောင်းတယ်ဗျာ။ အသုံးဝင်တဲ့ အချက်အလက်တွေ ရခဲ့တယ်။ ကိုယ်တို့ အဲဒီလမ်းကြောင်းကို မဝင်ရသေးဘူး။ ခင်ဗျား ဝင်း(စ်)စတားလို့ သိထားတဲ့လူဟာ ဂူး(လ်)ဝစ်(ချ်)မြို့မှာ သွားနေကတည်းက "ဘာလင်" ဖြစ်နေတယ်။ ဝင်း(မ်)စတားနဲ့ ဘာလင်ဟာ တစ်ယောက်တည်းကိုဗျ။ ဂျက်ဆင်နဲ့ပတ်သက်လို့ကတော့ ခင်ဗျားသိခဲ့တာထက် ပိုပြီး ကိုယ်တို့သိထားတယ်"

"သူ ပြဿနာတွေ ထပ်လုပ်တာလား"

"ဟုတ်တယ်ဗျာ"

မစ္စတာ ဘလဲက မနှစ်မြို့ဟန်ဖြင့် ပြောပြသည်။

"သူက လွန်ခဲ့တဲ့ ငါးပတ်လောက်က ထောင်က လွတ်တယ်။ အခု လူသတ်မှုနဲ့ အလိုရှိတဲ့လူ ဖြစ်နေပြန်ပြီ။ ပြီးခဲ့တဲ့ အင်္ဂါနေ့ညက 'ဘာလင်' ဟာ သူနေတဲ့မြေခွေးတောင်လမ်းမှာ လမ်းလျှောက်နေတဲ့ လူတစ်ယောက်နဲ့ သွားရင်းလာရင်း • ဆုံကြတယ်။ သူတို့နှစ်ယောက်နဲ့ သိနေတော့ လှမ်းနှုတ်ဆက်ကြသေးတယ်။ ခဏနေတော့ ရုပ်ဆိုးဆိုး လူတစ်ယောက်ထပ်ရောက်လာတယ်။ အဲဒီလူကို ကြည့်ရတာ ဘာလင်ကို စူးစိုက်ကြည့်ပြီး နောက်ယောင်ခံလိုက်နေသလိုပဲ။ မသင်္ကာတာနဲ့ သူတို့နှစ်ယောက်က နောက်ကနေ ထပ်ပြီး နောက်ယောင်ခံလိုက်ကြတယ်––

"ဘာလင်ဟာ 'နွားနီစားပွဲရုံ'ကို ရောက်တဲ့အခါအထဲ ဝင်မလို့ လုပ်နေတုန်း နောက်ကလိုက်လာတဲ့ ကောင်က ဖမ်းဆွဲပြီး လက်မောင်းနဲ့ ညှစ်ခေါ်သွားတယ်။ လိုက်ချောင်းတဲ့ နှစ်ယောက်က နည်းနည်း အလှမ်းဝေးနေလို့ သူတို့ဘာတွေပြောလဲ မကြားရဘူး။ ရုပ်ဆိုးဆိုး လူက ဘာလင်ကို စားပွဲရုံဘေးက ခြံဝင်းထဲကို ဆွဲခေါ်သွားတာ တွေ့ရတယ်။ အဲဒီနောက် ဘာလင်ရဲ့ အကူအညီတောင်းတဲ့ အော်ဟစ်သံကို ကြားရတယ်။ သူတို့နှစ်ယောက် အတင်းပြေးသွားပြီး ကြည့်တော့ ရုပ်ဆိုးဆိုးလူဟာ လမ်းမကြီးဘက်ကို အမြန်ကြီး ပြေးထွက်သွားတယ်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘာလင်ဆီကို ရောက်တော့ သွေးအိုင်ထဲမှာ လဲနေတာကို တွေ့ရတယ်။ အသက်တော့ ရှိသေးတယ်လို့ ပြောတယ်''

ဘာလင်က သေလောက်တဲ့ နေရာကို ဓားနဲ့နှစ်ချက် အထိုးခံရတာ၊ တော်တော်စိုးရိမ်ရပေမယ့် ကံကောင်းထောက်မစွာ မသေခဲ့ဘူး။ သူသတိသာလာတော့ သူ့ကို ဓားနဲ့ထိုးတဲ့လူဟာ လက်မှတ်တုထိုးပြီး ငွေလိမ်ထုတ်မှုဖြစ်ခဲ့တဲ့ ဂျော့(ဂျ်)ဂျက်ဆင် လို့ပြောတယ်။ မျက်မြင်သက်သေ နှစ်ယောက်ကို ခေါ်ပုံပြပြီး မေးတော့လဲ ချက်ချင်းမှတ်မိပြီး ဟုတ်တယ်လို့ ဖြေတယ်။ ဘာလင်ကတော့ နောက်ထပ် ဘာမှမေးလို့ မရသေးဘူး''

ပြောရင်း ပြောရင်း ဒေါသထွက်လာသော မစ္စတာ ဘာလဲ၏ စကားများကို စားပွဲပေါ် တံတောင်ဆစ်တင်၍ မေးထောက်နားထောင်နေသော ထရန့်က မေးလိုက်သည်။

''ဒါဆိုရင် ဂျက်ဆင်က ထွက်ပြေးနေတုန်းပဲပေါ့''

''ဟုတ်တာပေါ့ဗျာ။' လမ်းမကြီးပေါ် ရောက်တော့ ဘတ်(စ်)ကားတွေ၊ ဓာတ်ရထားတွေပေါ်က ဆင်းလိုက် တက်လိုက် လူတွေ၊ ဥဒဟိုသွားလာ

**ဘာလင်က သေလောက်တဲ့နေရာကို ဓားနဲ့နှစ်ချက် အထိုးခံရတာ။ တော်တော်စိုးရိမ်ရပေမယ့် ကံကောင်းထောက်မစွာ မသေခဲ့ဘူး။**

နေကြတဲ့လူတွေကြားထဲမှာ ခပ်တည်တည်နဲ့ ကိုယ်ရောင်ဖျောက်လိုက်ရင် ရှာလို့ဘယ်လွယ်တော့မလဲ။ သူ့အမှုကလဲ ပြီးသွားလို့ ထောင်ကလွတ်လာ ခါစဆိုတော့လဲ သူ့နောက်လိုက်စရာလဲ မလိုသေးဘူးလေ--

''ဒါနဲ့ပဲ သူ့နာမည်ရင်းမှာ အဖေ့နာမည်ပါနေတော့ သူ့အဖေ ဒေါက်တာကိုဇစ်ကီကို ခေါ်မေးတယ်။ ဒါပေမယ့် ဒေါက်တာက ဘာကိုမှ ရေရေရာရာ မပြောနိုင်ဘူး။ သူ့သား လျော့ရက်နဲ့ ၆ လ စောပြီး လွတ်လာတာတောင် သူမသိသေးဘူး လို့ ပြောတယ်''

ထရန့်က တွေးတွေးဆဆ လုပ်ရင်း ရဲမှူးကြီးကို ကြည့်သည်။ ထို့နောက် အဝေးသို့ ကြည့်လိုက်ပြန်သည်။ ထို့နောက် တစ်ယောက်တည်း ရေရွတ်နေပြန်သည်။

'ပြဿနာ အခြေအနေချင်းကတော့ ကိုက်ညီနေတာပဲ' 'သိပ်တော့ မကြိုက်လှဘူး' 'မဟုတ်ပါဘူးလို့ပဲ ထင်တယ်''

တစ်ဦးတည်း ရေရွတ်နေသဖြင့် မစ္စတာ ဘာလဲက တောင်းဆိုသည်။

''ခင်ဗျား စိတ်ထဲမှာ တစ်ခုခု ရှိနေတယ် မဟုတ်လား အကြံကောင်း ဉာဏ်ကောင်း တစ်ခုခုများလား။ ခင်ဗျားရဲ့ လျှပ်တစ်ပြက် ဉာဏ်က တန်ခိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဗျ။ လုပ်စမ်းပါဦး''

''ကျွန်တော့်မှာ အကြံတစ်ခုရှိတယ်။ ခင်ဗျားရှာနေတဲ့ လူရှိမယ့် နေရာကို ကျွန်တော် ခန့်မှန်းမိတယ်။ မှန်ခဲ့ရင်တော့ ခင်ဗျားပြောသလို အကြံကောင်းလို့ ခေါ်နိုင်မလားမသိဘူး။ ကျွန်တော် ထင်တဲ့အတိုင်း မှန်နေရင်တော့ တစ်ယောက်ယောက်အတွက် ဝမ်းနည်းစရာ ဖြစ်လာလိမ့်မယ်''

''ရာဇဝတ်ကောင် ဖြစ်နေလို့ လွတ်သွားမှ ခင်ဗျားအတွက် ဝမ်းနည်းစရာဖြစ်လာမှာဗျ။ လုပ်စမ်းပါ၊ ပြောစမ်းပါဦး''

မစ္စတာ ဘလဲက သွက်လက်စွာ ပြောဆိုရင်း ထိုင်နေသော ကုလားထိုင်ကို စားပွဲဆီသို့ တိုးကပ်လိုက်သည်။

ထရန့်က အခြေအနေကို ပြောပြလိုက်ပြီး အစီအစဉ်များ ဆွဲကြသည်။

၀၀၀၀၀

နောက်တစ်နေ့ နံနက် မာရီယွန်နေထိုင်ရာ ရီဗင်လီ အိမ်ရာ၏ ထောင့်တစ်နေရာတွင် ထရန့်သည် မစ္စတာ ဘလဲနှင့်ဆုံသည်။ မလှမ်းမကမ်းတွင် ရှိသော အရပ်ဝတ် ဝတ်ဆင်ထားသည့် ရဲအရာရှိမှာ 'ဆာဂျင်ဘားရက်' ဖြစ်ပြီး ထရန့်နှင့်လည်း သိသည်။ တံခါးပိတ်၍ ရပ်ထားသော ဆလွန်းကားတစ်စီးဘေးမှ ဖြတ်သွားသောအခါ မစ္စတာ ဘလဲနှင့် ကားမောင်းသူတို့မှာ မမြင်သာအောင် အချင်းချင်း ခေါင်းဆတ်ပြကြသည်။

''ခင်ဗျား မာရီယွန်ကို မှာထားပြီးပြီလား''

မစ္စတာ ဘလဲက ထရန့်ကို မေးသည်။

''ဒီ မနက် ကျွန်တော့်စာကို သေချာပေါက် သူဖတ်မိအောင် ကျွန်တော်စီစဉ်ထားတယ်။ ကျွန်တော်တို့ စီစဉ်ထားတဲ့အတိုင်းပဲ သူ့ကိုတခြားဘာမှ ပြောမထားဘူး။ ပုံမှန် အလုပ်ချိန်မှာ ပုံမှန်အတိုင်း အိမ်က ထွက်ဖို့ရယ်၊ ဘာစာမှ ကျွန်တော်တို့အတွက် မထားခဲ့ဖို့ ရယ် တံခါးဝမှာ ကျွန်တော်တို့ကို တွေ့ရင်လဲ ဘယ်သူမှ မရှိသလို အလုပ်ကို တန်းပြီးသွားဖို့ရယ်၊ ဒါပဲ မှာထားတယ်''

''ကောင်းတယ်''

အမှတ် (၄၃) တံခါးဝသို့ ရောက်သောအခါ မာရီယွန်၏ လေ့ကားသော့ဖြင့် သော့ခလောက်ကို ဖွင့်လိုက်သည်။ ဆာဂျင်က အတူပေါင်း၍ ဝင်လိုက်ပြီး ထိပ်ဆုံးထပ် ဆီသို့ ခြေသံမကြားအောင် တက်လိုက်ကြသည်။ အခန်းတံခါး ပွင့်အလာကို စောင့်ဆိုင်းနေကြသည်။

မာရီယွန် ထွက်သွားပြီးတဲ့အထိ ဘာမျှ ထူးခြားမှု မရှိရန်လိုသည်။ အခန်းတံခါးကို ဖွင့်ပြီးသည်နှင့် အသံနည်းနည်းကျယ်အောင် ပြန်ပိတ်ရမည်။ တစ်ကြိမ်သာ လုပ်၍ ရမည်ဟု တိုင်ပင်ထားကြသည်။

ကိုးနာရီ ဆယ့်ငါး မိနစ်အတိအကျတွင် အခန်းတံခါး ပွင့်လာသည်။ အလုပ်သွားမည့် အဝတ်အစားဖြင့် ဦးထုပ်ဆောင်း လက်ပွေ့ အိတ်လွယ်ကာ မာရီယွန် ထွက်လာသည်။

အခန်းဝတွင် မျက်စိရှေ့၌ ယောကျ်ားထွားထွားကြီး သုံးယောက်ကို တွေ့လိုက်ရသောအခါ ရုတ်တရက် မှုက်နှာမှ မျက်လုံးများ ပြူးကျယ်သွားလေသည်။ သို့သော် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ကာ "ကျွန်မ ရှင့် စာရတယ်" ဟု အတိုးဆုံး အသံဖြင့် ပြောကာ လှေကားမှ ဆင်းသွားလေသည်။

ထရန့်တို့ သုံးယောက်သည် အခန်းတွင်းသို့ တိတ်ဆိတ်စွာ ဝင်ရောက်လိုက်ပြီး အခန်း တံခါးကို အသံနည်းနည်း ကျယ်အောင် ပြန်ပိတ်လိုက်သည်။ လှေကားတစ်ဖက်သို့ ပွင့်နေသော အခန်း (၄)ခန်းကို မစ္စတာ ဘလဲက အကဲခတ်လိုက်သည်။ ထို့နောက် ထရန့်နှင့် မာရယ္ယွန်တို့ စကားထိုင်ပြောခဲ့သော ညှော်ခန်းဆီသို့ ဦးတည်လိုက်သည်။ အခန်းတွင်းသို့ ဝင်လာမည့်သူကို ညှော်ခန်းထဲမှပင် ထိုင်စောင့်ကြသည်။

ထိုင်စောင့်နေကြသည်မှာ နာရီဝက်ကျော်မျှ ရှိနေပြီ ဖြစ်သည်။ စကားလည်းပြော၍ မရဘဲ အသံတိတ် ထိုင်စောင့်နေရ၍လားမသိ၊ ခါတိုင်းနာရီဝက်တွေထက် ပိုကြာနေသလို ထင်မိသည်။

ထိုစဉ်တွင် တိုးညင်း၍ အသံတစ်သံကို ဘယ်ကလာမှန်းမသိ ကြားလိုက်ကြရသည်။ မစ္စတာ ဘလဲက တံခါးနောက်ဘက် ခပ်ခွာခွာတွင် နေရာယူရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်သည်။ ခပ်တိုးတိုး အသံတစ်သံကို ထပ်ကြားရသည်။

ထိုစဉ်တွင်ပင် ညှော်ခန်း၏ အပြင်ဘက် တံခါးဝအနီးရှိ မျက်နှာကြက်ပေါ်မှ အရာဝတ္ထုတစ်ခု တဖြည်းဖြည်း အောက်သို့ ကျလာသည်။ ကြည့်လိုက်တော့ လက်ကိုင်ကို ကြိုးတစ်ချောင်းဖြင့် ချည်ထားသော လက်ဆွဲအိတ်တစ်လုံး ဖြစ်ပြီး အိတ်အောက်သို့ ရောက်လာသောအခါ ကြိုးကို ပစ်ချလိုက်သည်။ ထို့နောက်တွင် ဂလောက်ဂလက် အသံ တစ်သံကြားရသည်။ ကြိမ်လှေကားထစ်များပါသော ကြိုးလှေကားတစ်ခုသည် ကြမ်းပြင်ပေါ်ရောက်သည်အထိ တစ်ထစ်ချင်း ပြေ၍ မျက်နှာကြက်ပေါ်မှ ကျလာသည်။

ထို့နောက် လှေကားသည် ယမ်းတမ်းယမ်းတမ်းနှင့် တကျွိကျွိ မြည်လာပြီး မြင်ကွင်းထဲတွင် လူတစ်ယောက်၏ ခြေထောက်နှစ်ချောင်းပေါ်လာသည်။ ထိုသူသည် ကြိုးလှေကားဖြင့် ကိုးရိုးကားရားဆင်းလာနေသည်။ ပုပြတ်ပြတ်၊ သန်သန်မာမာ၊ အချိုးအစားမကျသော ပုခုံးလျှောလျှောနှင့် လူတစ်ယောက် ဖြစ်သည်။

ထိုသူ၏ ဦးခေါင်းမြင်ကွင်းထဲသို့ ရောက်မလာမီမှာပင် ရဲအရာရှိ နှစ်ဦးသည် ညှော်ခန်းအတွင်းမှ အလျှင်အမြန် ပြေးထွက်သွားကြသည်။ ထိုသူသည် လှေကားပေါ်မှ ရုတ်တရက်ဆွဲချခြင်းခံရသဖြင့် ဒေါသတကြီးနှင့် ရုန်းကန်ကာ ပြန်လည်တိုက်ခိုက်လေသည်။ ရုန်းရင်းဆန်ခတ် ဖြစ်သဖြင့် စားပွဲငယ်တစ်ခုနှင့် ပန်းအိုးတစ်လုံးသည် အစိတ်စိတ် အမွှာမွှာ ဖြစ်ကုန်ကြသည်။ ခြေထောက်နှင့် ကန်မိသဖြင့် အဝင်ဝတံခါး၏ ပျဉ်ချပ်တစ်ချပ်လည်း ကျိုးသွားလေသည်။ ရုန်းရင်းကန်ရင်း ဖမ်းရင်းဆီးရင်းဖြင့် နောက်ဆုံးတွင် လက်ထိတ်ခတ် ဖမ်းဆီးမိသွားသည်။ ထင်သည့်အတိုင်းပင် ဂျော့(ဂ်)ဂျက်ဆင်ပါပဲ။ ဂျက်ဆင်သည် ဆာဂျင်ဘားရက်၏ ဖမ်းချုပ်ထားခြင်းအောက်တွင် စိတ်ဆိုးမာန်ဆိုးနှင့် ရှူးရှူးရှဲရှဲ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



> သူ့ကို ဒီလို ဖမ်းမိတာ တော်တော်ကောင်းသွားတယ်။ သူ့လက်နှစ်ဖက်သာ လေ့ကားကို ကိုင်မထားရင် သူ့ကိုဖမ်းမမိခင် ကျုပ်တို့ထဲက တစ်ယောက်ယောက်တော့ ဒီပစ္စတိုလက်ချက် မိသွားနိုင်တယ်။

ဂျက်ဆင်၏ နဖူးပြင် ကျယ်ကျယ်ကြီးနှင့် လိုသည် ထက်ပို၍ ကြီးမားနေသော မေး ရိုးများကြောင့် သူ့မျက်နှာပြင် သည် လေးထောင့်ပုံစံ ဖြစ်နေ သည်။ နှုတ်ခမ်းများက အလွန် ပါးလွှာပြီး ပါးပြင်က တိုသည်။ မျက်ခွံသေးသေးအောက်ရှိ မျက် လုံးများကလည်း တစ်လုံးနှင့် တစ်လုံးဝေးကွာနေသည်။ မုတ် ဆိတ်ကိုလည်း ရိတ်ထားခြင်း မရှိ သည့်အတွက် လူဆိုးတစ်ဦး ပုံစံ ပေါက်နေသည်။

မစ္စတာ ဘလဲက ဂျက် ဆင်၏ အင်္ကျီရင်ဘတ်အိတ်ထဲ မှ အော်တော်မက်တစ်ပစ္စတိုကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"တွေ့လား"

သူက ထရန့်ဘက်သို့ လှည့်၍

"သူ့ကို ဒီလို ဖမ်းမိတာ တော်တော် ကောင်းသွားတယ်။ သူ့လက်နှစ်ဖက်သာ လေ့ကား ကို ကိုင်မထားရင် သူ့ကို ဖမ်း မမိခင် ကျုပ်တို့ထဲက တစ် ယောက်ယောက်တော့ ဒီပစ္စတို လက်ချက်မိသွားနိုင်တယ်။ မျက် နှာကြက်ပေါ် တက်ဖမ်းလို့က တော့ တစ်ယောက်ယောက် ကျ ဆုံးမှာ အသေအချာပဲ။ ပြီးတော့ ဒီလောက်ကြာတဲ့အထိ ပုန်းနေ ရတာတောင် အားကမပြတ် ရှိ နေတယ်ဆိုတော့ ကျည်ဆန်တွေ အပြင် စားစရာတွေပါရှိနေလိမ့် မယ်"

မစ္စတာ ဘလဲက ပြ တင်းပေါက်ဆီသို့ သွားကာခေါင်း ကို အပြင်သို့ထုတ်၍ လက်ကို ဝှေ့ယမ်းပြလိုက်သည်။ စောစော ရပ်ထားသောကားသည် အခန်း (၄၃)ရှေ့သို့ ရောက်ရှိလာသည်။

"ခေါ်သွားတော့ ဘား ရက်"

မစ္စတာ ဘလဲက ပြော လိုက်ပြီး အဝင်ဝ တံခါးကို ဖွင့် ပေးလိုက်သည်။

"ကိုယ် မျက်နှာကြက် ပေါ်မှာ စစ်ဆေးပြီးမှ လာခဲ့မယ်"

ဆာဂျင်က ဂျက်ဆင်၏ ကော်လာအတွင်းပိုင်းကို လက် သီးဆုပ်ဖြင့် စနစ်တကျ ကိုင် ကာ ရစ်ပတ်လိုက်သည်။ နောက် လက်တစ်ဖက်က အင်္ကျီလက် မောင်းကို ကိုင်ကာ လက်တစ် ဆန့် တွန်း၍ ဖွင့်ထားသောတံခါး မှ ထွက်ကာ ဖမ်းခေါ်သွားသည်။ ဆာဂျင်သည် အစမှ အဆုံးတိုင် စကားတစ်ခွန်းမှ မပြောချေ။

"ပထမဦးဆုံး ကိုယ်တို့ အိတ်ထဲက ပစ္စည်းတွေကို ကြည့် ရအောင်"

မစ္စတာ ဘလဲက ပြော ပြောဆိုဆို ခေါင်းမိုးထပ်မှ ကျ လာသည့် လက်ဆွဲအိတ်ကို ကြမ်းပြင်ပေါ်သို့ သွန်ချလိုက် သည်။

"စိတ်အေးလက်အေး ကို ဆင်းလိုက် တက်လိုက် လုပ် နေတာပဲဗျ။ ဘာတွေပါလို့



www.burmeseclassic.com

www.burmeseclassic.com



သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာ၊ မျက်နှာသုပ်ပဝါ၊ ဘရတ်(ရှ်)၊ ဘီး၊ အင်း . . ဒီလူက သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း နေတတ်တဲ့လူပဲ။ သူလိုအပ်တာ ထက်ပိုပြီး မစ္စမာရီယွန်ဆေး(လ်) ဗက်(စ်)တာရဲ့ ပစ္စည်းတွေကို သုံးချင်ပုံမရဘူး။ သူက ပုံမှန်ရေချိုး၊ အဝတ်လျှော်၊ သန့်ရှင်းအောင် ပုံမှန်နေထိုင်ပေမယ့် ခြေရာလက်ရာ မကျန်စေရဘူး။ သူ့ကိုတွေ့ လိုက်တုန်းက သတိထားမိလိုက်လား။ မုတ်ဆိတ်ရိတ်မထားဘူး။ မုတ်ဆိတ်ရိတ် ကိရိယာတော့ မရှိသေးဘူးဗျ''

''ကျွန်တော် သတိထားမိတယ်''

ထရန့်က ဆက်၍ ပြောသည်။

''သူ့ကို ခြေရာခံမိတဲ့ အချိန်အထိ သူ အေးအေးဆေးဆေးနေနေတာပဲ။ ဒီအတော အတွင်းမှာ မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေ ပေါက်လာစေတာဟာ ရုပ်ပြောင်းရုပ်လွှဲနဲ့ ပုန်းအောင်းခြင်း တစ်မျိုးပဲဗျ''

မစ္စတာ ဘလဲက ပစ္စည်းများကို အာရုံစိုက်၍ ဆက်ကြည့်သည်။

''ဖန်ခွက်ထဲမှာ ကြက်ရိုးတစ်ချောင်းရှိတယ်။ အမှိုက်တော့ လက်လွှတ်စပယ် မပစ်ဖူးဗျ။ ပုလင်းထဲမှာ ခရမ်းသီး ရွက်ပြုတ်ရှိတယ်။ ပြီးတော့ ဘီစကစ်မုန့်တွေ၊ ထောပတ်၊ အင်းသူ့အဖေကြီးကတော့ သေချာစီစဉ်ပေးထားတာပဲ''

''ဆား၊ ငရုတ်ကောင်း၊ လက်ဖက်ရည်ထုပ်တွေ၊ လျှော်ဖို့ အကျီနှစ်ထည်။ မစ္စဆေး(လ်) ဗက်(စ်)တာရဲ့ ပစ္စည်းတွေကို မလိုအပ်ဘဲ ယူသုံးချင်ပုံမရဘူးဗျ။ ပန်းကန်တွေ၊ ဖွန်းခက်ရင်းတွေ၊ ဓားတွေနဲ့ မီးဖိုချောင်သုံးပစ္စည်းတွေတော့ ယူသုံးလိမ့်မယ်။ အဲဒါတွေ သူ့ဆီမှာ မရှိဘူး''

''ဒါနဲ့ မစ္စဆေး(လ်)ဗက်(စ်)တာက သူ့မိတ်ဆွေတွေ တက်လာတယ်လို့ ပြောသေးသလား။ ဂျက်ဆင်က မီးဖိုသုံးတာတို့၊ ရေနွေးနဲ့ရေချိုးတာတို့၊ ချမ်းတဲ့အခါ ဂက်(စ်)နဲ့ မီးလှုံတာတို့ လုပ်ခဲ့မယ်ဆိုရင်ပေါ့။ ဂျက်ဆင်ကတော့ မာရီယွန် ပြန်မလာမချင်း ကိုယ့်အိမ်မှာကိုယ် နေသလို ဇိမ်နဲ့ကို နေနေခဲ့တာဗျ''

ဘလဲ၏ စကားအဆုံးတွင် ထရန့်က

''ဒေါက်တာ ကိုဇစ်ကီက လာလာကြည့်ပြီး အစားအသောက်တွေ ကျွေးမွေးနေတာဖြစ်မယ်။ အိမ်တွေမှာ ခြေကြွခယူပြီး လူနာလိုက်ကြည့်တဲ့ ပုံစံမျိုးနဲ့ ဒီကိုလာရင် ဘယ်သူမှ သံသယရှိမှာ မဟုတ်ဘူး''

မစ္စတာဘလဲက အိတ်ကို ပြန်ပိတ်လိုက်ပြီး မတ်တပ်ရပ်လိုက်သည်။

''သူ့ အဘိုးကြီးက သူ့ကို လေ့ကားစီစဉ်ပေးတာတော့ သဘောကျသဗျာ။ ကျွန်တော်တို့ကိုယ်ခန္ဓာမျိုးတုတ်တုတ်ခိုင်ခိုင်ဆိုရင် ကြိုးနဲ့ တက်ရတာထက် လှေကားနဲ့တက်ရတာ ပို အဆင်ပြေတယ်ဗျ''

ထရန့်က ဆက်၍

''ဂျက်ဆင် ပထမဦးဆုံးအခေါက် မျက်နှာကြက်ထပ်ခိုးပေါ် တက်တုန်းကတော့ တွေးကြည့်ရင် မလွယ်လှဘူးဗျ။ မာရီယွန်ရဲ့ မဟော်ဂနီစားပွဲကြီးကို တက်မယ့် အပေါက်ရဲ့ အောက်တည့်တည့်ကို ရွှေ့လိမ့်မယ်။ ပြီးတော့ ကုလားထိုင် တစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်လိမ့်မယ်။ ဒါမှ ဂျက်ဆင်ဟာ အပေါ်က မျက်နှာကြက်တံခါးကို လက်နဲ့တွန်းပြီး ဖွင့်ဖို့ မိနိုင်မှာ။ ပြီးတော့မှ အားသုံးပြီး ကိုယ်ကိုပင့်မပြီးမှ အပေါ်ကို တက်ရလိမ့်မယ်––

"အဲဒါကြောင့် ကုလားထိုင် ခြေထောက်လေးချောင်းက စားပွဲပေါ်မှာ ပွန်းတဲ့ အစင်းရာတွေ ထင်ကျန်ခဲ့တာ။ မာရီယွန် သိချင်နေတဲ့ ပြဿနာရဲ့အဖြေပေါ့။ ကျွန်တော်တောင် ပြဿနာရဲ့ အစကို ဒီအစင်းရာတွေက စတင်ဖို့ အကြံရခဲ့တာပဲ–––

"အရင်တုန်းကတော့ ဒီဆရာဝန်ဟာ သူ လုံးဝ မသိခဲ့တဲ့ သူစိမ်း မိန်းကလေး တစ်ယောက်ကို လစာများများပေးပြီး အလုပ်ချက်ချင်း ခန့်ခဲ့တာဟာ အကြောင်းရင်း တစ်ခုခုရှိရမယ်။ ဒါ့အပြင် သူဆေးခန်းဖွင့်ထားတဲ့ အိမ်ထဲမှာ တစ်နေ့လုံး လုံခြုံစွာ စောင့်ရှောက်ထားတယ်ဆိုတာလဲ အကြောင်းရင်းရှိရမယ်လို့ ဒီလောက်ပဲ ထင်ခဲ့တာ။ တကယ်တော့ သူသိနေတာက ဒီ မိန်းကလေးဟာ ထိပ်ဆုံးထပ်အခန်းမှာ တစ်ယောက်တည်း နေတယ်ဆိုတာရယ်၊ သူ ဒီမိန်းကလေး အခန်းကို တစ်ခေါက်လိုက်လည်တုန်းက မျက်နှာကြက်မှာ ဖွက်တံခါးရှိနေတော့ သူတို့ ကောင်းကောင်းပုန်းလို့ ရမယ်ဆိုတာရယ်ကို လေ့လာထားတာကိုး––

"သူ့ဆီမှာ မာရီယွန် စပြီး အလုပ်လုပ်တဲ့ အချိန်မှာပဲ မာရီယွန်ရဲ့ အခန်းသော့ကို ခဏ ငှားပြီး ပုံတူပွားခဲ့ပုံရတယ်။ မာရီယွန်ရဲ့ ပြောစကားအရ သူ့သမီး နဲ့ မာရီယွန်တို့ဟာ တစ်နေရာရာမှာ အကြာကြီး အချိန်ဖြုန်းနေလေ့ရှိတယ်ဆိုတော့ အဲဒီလို အကြာကြီး သွားနေတုန်းမှာ သူ့သားကို မာရီယွန်ရဲ့ အိမ်ကိုခေါ်လာပြီးတော့ မျက်နှာကြက်မှာ ဖွက်ထားလိုက်တာပဲ။ ကျွန်တော် အမျိုးမျိုး တွေးကြည့်ပြီးပြီ။ နောက်ဆုံးတော့ အဖြစ်နိုင်ဆုံး အခြေအနေက ကျွန်တော်အခု ပြောခဲ့သလိုပါပဲ"

"ကိုယ်လဲ အဲသလိုပဲ ယူဆတယ်။ သူ့သား ထောင်က လွတ်ပြီဆိုတာကို သိတောင်မသိဘူးလို့ ရဲစခန်းမှာပြောခဲ့တယ်။ ထောင်က လွတ်လွတ်ချင်း သူသိခဲ့ပုံရတယ်။ ဖုန်းနဲ့ဆက်သွယ်ပြီး ဆုံကြတာဖြစ်နိုင်တယ်။ ဝင်း(မ်)စတားကို သတ်လိုက်တဲ့ ကိစ္စကိုလဲ သူသိလိမ့်မယ်။ ရဲက နောက်တစ်ကြိမ် အလိုရှိနေတာကို သိလို့သာ ပုန်းနေဖို့ ဖန်တီးပေးတာပေါ့။ ဒေါက်တာဟာ ဘယ်လိုလုပ်ရမှန်းမသိဘဲ နည်းလမ်းအမျိုးမျိုး စဉ်းစားကြည့်ရာက သူ့သမီး သူငယ်ချင်းရဲ့ အခန်းကို သွားလည်ရင်း ဒီပေါ်မှာ ဖွက်ဖို့ အကြံရသွားတာဖြစ်မယ်။ ကောင်းလိုက်တဲ့ အစီအစဉ်ပဲ။ သူ့သား

**အဲဒါကြောင့် ကုလားထိုင်ခြေထောက်လေးချောင်းက စားပွဲပေါ်မှာ ပွန်းတဲ့အစင်းရာတွေ ထင်ကျန်ခဲ့တာ။ မာရီယွန်သိချင်နေတဲ့ ပြဿနာရဲ့ အဖြေပေါ့။**



www.burmeseclassic.com

www.burmeseclassic.com



ကို ကယ်တင်ဖို့အတွက် ဘာမဆို လုပ်ပေးဖို့ အဆင်သင့်ရှိနေပုံရတယ်''

''သူ့ကို ကိုယ်ချင်းစာမိပေမယ့်လဲ သူအပြစ်ဒဏ်တွေ အများကြီး ခံရဦးတော့မှာပဲ၊ ကဲဗျာ ကိုယ်မျက်နှာကြက်ပေါ်တက်လိုက်ဦးမယ်။ လှေကားကို ခဏလောက် ထိန်းကိုင်ပေးထားပါဦး။ ခင်ဗျားပါ တက်လာချင်ရင်တော့ ဂျက်ဆင်တက်တဲ့ ပုံစံအတိုင်း ကိုယ့်ဘာသာ ကိုယ်ထိန်းပြီး တက်လာခဲ့ပေတော့''

''ကျွန်တော်ပါ လိုက်ခဲ့မယ်''

မစ္စတာဘလဲ လှေကားမှ တစ်ဆင့် မျက်နှာကြက်ပေါ်သို့ တက်သွားပြီးနောက် ထရန့်ပါ တက်လိုက်သွားလေသည်။

၀၀၀၀၀

ထောက်လှမ်းရေးမှူးကြီး မစ္စတာဘလဲ၏ လက်နှိပ်ဓာတ်မီးရောင် အောက်တွင် မျက်နှာကြက်ခန်းအတွင်း၌ ဂျက်ဆင် အိပ်သောနေရာကို တွေ့ရသည်။ ထုတ်တန်းနှစ်ခု၏ အကြားတွင် တွဲလျားဆွဲထားသော အဝတ်ပခက်တစ်ခုကို တွေ့ရပြီး၊ ထိုပခက်၏ အပေါ်တွင် စောင်တစ်ထည်ကို ခေါက်တင်ထားသည်။ အခန်းထောင့်တစ်ထောင့်တွင် စားစရာထည့်သောကတ်ထူပုံးများကို အချပ်လိုက် ပြုလုပ်၍ ဖြန့်ခင်းထားသည်။ ယင်း၏ အပေါ်တွင် အသင့်စား စားစရာများ၊ ဘီစကစ်ဘူးများ၊ ကြက်ဥတစ်ကာတွန်၊ ဖယောင်းတိုင်တစ်ထုပ်နှင့် အခြားအသုံးအဆောင် အနည်းငယ်ကို အစီ အစဉ်တကျ တင်ထားသည်။ နောက်ထောင့်တစ်ထောင့်တွင် သတင်းစာပုံကြီးကို တွေ့ရသည်။

မစ္စတာဘလဲက–

''ကဲ တော်တော်လုံလုံလောက်လောက် သိရပြီးပါပြီ။ မာရီယွန် ပြန်မလာခင် ဒီသက်သေခံ ပစ္စည်းတွေကို ရွှေ့လို့ပြီး သွားမှာပါ။ ခင်ဗျား ဒီအဖြစ် အပျက်ကို သူ့ကို ပြောပြရင် သူ ဘယ်လိုဖြစ်သွားမလဲလို့ သိချင်သေးတယ်။ သူ့ တိုက်ခန်းထဲမှာ ဝရမ်းပြေး လူငယ်တစ်ယောက် ရှိနေတယ်ဆိုတာကို မသိဘဲနဲ့ ရက်သတ္တပတ် နှစ်ပတ်လောက် အတူတူ နေခဲ့တယ် ဆိုတာကို ပေါ့''

နှစ်ယောက်သား မျက်နှာကြက်ပေါ်မှ ဆင်းလာပြီးနောက် ထရန့်လည်း ကြမ်းပြင်ပေါ်မှ အပျက်အစီးများကို တစ်စချင်းစီ ပြန်ကောက်ပြီး မီးဖိုချောင် ထောင့်တစ်ခုတွင် ခေတ္တပုံထားလိုက်သည်။

''ကျွန်တော်ကတော့ စားပွဲတစ်လုံးရယ်၊ ပန်းအိုးတစ်လုံးရယ်၊ မာရီယွန်ကို ပြန်လျော်ပေးရတော့မှာပဲ၊ ဘယ်ပရိဘောဂကိုမှ မကျိုးမပဲ့စေရပါဘူးလို့ ကျွန်တော် ကတိပေးထားရတာ''

ထရန့်က ညည်းညူလိုက်သည်။ ထို့နောက် ခပ်ဟက်ဟက် ခပ်တိုးတိုး ရယ်သံထွက်အောင်ပြုံးမိသည်။

''ဘာပြုံးစရာတွေ့လို့လဲဗျ''

မစ္စတာဘလဲက စူးစမ်းလိုက်သည်။

''ဘာ ပြုံးစရာလဲဆိုတော့ ကျွန်တော် တစ်ခုသွားသတိရမိလို့ပါ။ မာရီယွန်က ပြောတယ်ဗျ။ ဒါဟာ ရာဇဝတ်မှုတော့ မဟုတ်ပါဘူးတဲ့''

ယုယုလွင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်တော့မှမစွန့်လွှတ်ရင် ဘယ်တော့မှမရှုံးပါ



✔ ခူးသစ်

ညီလေးရေ ---

"အရာရာတိုင်းဟာ မင်းကြိုက်သလို အမြဲတမ်း ဖြစ်လာမှာမဟုတ်ပါဘူး"လို့ ဗီဒီယိုဖိုင်တစ်ဖိုင်ရဲ့ အစ စာသားလေးတစ်ကြောင်းက ဆိုပါတယ်။

၁၉၉၂ခုနှစ်တုန်းက ဘာစီလိုနာမြို့မှ [illegible]းပတဲ့ အိုလံပစ်ပြိုင်ပွဲရဲ့ ပြေးပွဲတစ်ပွဲမှာပေါ့ ညီလေးရေ။ ပြေးပွဲက မီတာ ၄၀၀ပါ။ Derek Redmond (ဒဲရက်ရက်ဒ်မွန်)လို့ခေါ်တဲ့ အပြေးသမားတစ်ယောက်ဟာ ဆုတံဆိပ်ရလိမ့်မယ်လို့ သတင်းပြေးနေသူတစ်ယောက်ပေါ့။

ဒီလိုနဲ့ ပြိုင်ပွဲစခဲ့တဲ့အခါ ပြိုင်ပွဲရဲ့ မီတာ ၁၅၀လောက်အရောက်မှာ ဒဲရက်ဟာ စူးစူးဝါးဝါး နာကျင်မှုမျိုးကို ခံစားခဲ့ရတယ်။ အဲဒီလို မချိမဆံ့ဝေဒနာခံစားပြီးတဲ့နောက်မှာ တံကောက်ကြောကြွက်သား စုတ်ပြတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်မှုနဲ့အတူ မြေပြင်ပေါ်ကို လဲကျခဲ့တယ်။ သူဟာ သူရဲ့ခြေထောက်ကိုကိုင်ပြီး ခေါင်းငိုက်စိုက်နဲ့ ထိုင်ကျသွားတယ်။

ဒါပေမယ့် သူ ဘာလုပ်သလဲ၊ သိလား ညီလေးရေ။ သူဟာ သူရဲ့ဆန္ဒ မျှော်လင့်ချက်တွေကို မစွန့်လွှတ်ဘဲနဲ့ ပြိုင်ပွဲပြီးအောင် ဆက်ပြိုင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။ သူ ဆက်ပြိုင်ခဲ့ပါတယ်။

သူရဲ့ ခြေထောက်ကို စစ်ဆေးနေတဲ့ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ဟာ သူ့ဒဏ်ရာကို ကုသပေးမလို့ လုပ်နေတုန်းမှာပဲ သူ ထပြေးသွားတယ်။ ရုတ်တရက်တော့ အားလုံး ကြောင်သွားတယ်။ သူ ပြေးတာက ကောင်းနေတဲ့ ဘယ်ခြေကို အားပြုပြီး ဒဏ်ရာရနေတဲ့ ညာခြေကို ဖြည်းဖြည်းချင်းထောက်လို့ ထော့နင်းထော့နင်းနဲ့ ခြေတစ်ပေါင်ကျိုး ပြေးသလို ပြေးတာပါ ညီလေးရေ။

အဲဒီအချိန်မှာ ပြိုင်ပွဲကြီးကြပ်သူတွေလည်း သူ့ကို တားလို့မရတော့ပါဘူး။ ဒါပေမဲ့ မထင်မှတ်ဘဲ လူတစ်ယောက်ဟာ လုံခြုံရေးတွေကို ကျော်ဖြတ်လို့ ကွင်းထဲက ပြေးလမ်းပေါ်ကို ရောက်လာခဲ့ပါတယ်။ ဘယ်သူလို့ ထင်ပါသလဲ။

ဒဲရက်ရဲ့ အဖေပါ ညီလေးရေ။ သူ့သားရဲ့ ပြေးလမ်းကြောင်းနောက်က လိုက်ပြီး သူ့သားကို မီသွားတဲ့အခါမှာတော့ ဘေးကနေ ပခုံးကို အသာတွဲနိုင်းပါတယ်။ ပြီးတော့ ဒဲရက်ကို သူ့အဖေက "မင်း ဒီလိုလုပ်ဖို့မသင့်တော့ဘူး သား"လို့ ပြောတဲ့အခါ ဒဲရက်က "ကျွန်တော်လုပ်မယ် အဖေ"လို့ ပြန်ပြောပါတယ်။ ဒါပေမယ့် ဒဲရက် ရှိုက်ကြီးတငင်ငိုပါတယ် ညီလေးရေ။ သူ့ဘဝအတွက် စိတ်ပျက်စရာ အကောင်းဆုံး အချိန်တစ်ချိန်မှာ သူ့ဘေးမှာ သူ့အဖေ ရှိနေလို့ ဝမ်းနည်းပြီးကျလာတဲ့ မျက်ရည်တွေပဲနေမှာပါကွာ။

အဲဒီအခါ သူ့အဖေက ဒဲရက်ကို 'ကောင်းပြီး သား။ ဒီလိုဆို သားနဲ့အဖေ အတူတူလိုက်ပြီး ဒီပြိုင်ပွဲကို အပြီးသတ်တဲ့အထိ ယှဉ်ပြိုင်ပေးမယ်"လို့ ပြောလိုက်တယ်။ ပြီးတော့ သူ့သားကို မပြေးခိုင်းဘဲ သူ့သားက သူ့ပခုံးကိုဖက်၊ သူက သူ့သားရဲ့ ခါးကိုကိုင်ကာ လမ်းလျှောက်ရင်း ပြေးလမ်းအတိုင်း ပန်းတိုင်ဆီကို ရောက်အောင်သွားပါတော့တယ်။

ဒဲရက်ကတော့ မထိန်းချုပ်နိုင်တဲ့ ခံစားမှုတွေနဲ့ ကလေးတစ်ယောက်လို အားရပါးရ ငိုပါတော့တယ်။ သတင်းသမားတွေဟာ သူတို့သားအဖရဲ့ ထူးခြားချက်ကို မှတ်တမ်းတင်ဖို့ ကင်မရာတွေနဲ့ ရိုက်ကြတာပေါ့ကွာ။

ဒဲရက်ရဲ့အဖေဟာ သူ့သားကို ပန်းဝင်ခါနီး နည်းနည်းအလိုမှာ လွှတ်ပေးလိုက်ပြီး သူ့ဘာသာ ပန်းဝင်စေပါတယ်။ အဲဒီအခါ အဲဒီပြိုင်ပွဲ အားကစားကွင်းထဲမှာရှိတဲ့ လူပေါင်း ၆၅၀၀၀ကျော်ရဲ့ မတ်တတ်ရပ်လို့ ဩဘာပေးခြင်းကို ဒဲရက်နဲ့ သူ့အဖေတို့ ခံယူရရှိပါတော့တယ်။

**ညီလေးရေ---**

အင်တာနက်ကရတဲ့ ဗီဒီယိုဖိုင်လေးကို ဘာသာပြန်ပြီး မျှဝေလိုက်ပါတယ်ကွာ။ အဲဒီဗီဒီယိုဖိုင်လေးရဲ့ အဆုံးမှာ ပြောသွားတာကတော့ "မင်းဘယ်တော့မှ မစွန့်လွှတ်ရင် ဘယ်တော့မှ မရှုံးနိမ့်ပါဘူး"တဲ့။

အဲဒီဗီဒီယိုဖိုင်လေးကနေ ဘာတွေရလိုက်သလဲ။ ဒဲရက်ဟာဆုရနိုင်တဲ့ကစားသမားတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲဝင်မှ ဒဏ်ရာကြောင့် နားရမလိုဖြစ်နေရာက ပန်းတိုင်ရောက်အောင် ဆက်ပြေးတယ်။ သူဟာ သူ ရောက်ရမယ့် ပန်းတိုင်ကို မဆုတ်မနစ်ရောက်အောင် သွားတယ်။ ဒါကြောင့် ဒီဗီဒီယိုဖိုင်ရဲ့အဖွင့်မှာ ‘အရာ ရာတိုင်းဟာ မင်းကြိုက်သလိုအမြဲတမ်း ဖြစ်လာမှာ မဟုတ်ဘူး’’လို့ ဆိုခဲ့တာပါ။

ပန်းတိုင်ရောက်ပြီး ဆုရမယ်လို့ ထင်ကြေး ပေးခံရတဲ့ ဒဲရက်ဟာ တံကောက်ကြောဒဏ်ရာကြောင့် မျှော်လင့်ချက်တွေ ပျက်ခဲ့ရတယ်။ ဒါပေမဲ့ ‘‘မင်း ဘယ်တော့မှ မစွန့်လွှတ်ရင် ဘယ်တော့မှ မရှုံးနိမ့်ပါ ဘူး’’လို့ ယုံကြည်ထားတဲ့အတိုင်း ခြေထော့နင်းနဲ့ပဲ ပန်းတိုင်ကို ရောက်အောင်သွားခဲ့တယ်။ ဘာဖြစ်လဲ။ သူနောက်ဆုံးပန်းဝင်သူလေ။ ဒါပေမဲ့ လူပေါင်း ခြောက်သောင်းငါးထောင်ကျော်ရဲ့ ဩဘာပေးမှုကို ရခဲ့တယ်။

ဒဲရက်ရဲ့ စိတ်ဓာတ်က ချီးကျူးဖို့ကောင်းပြီး အားကျဖို့လည်း ကောင်းပါတယ်။

ညီလေးရေ---

နောက်တစ်ဖိုင်ကတော့ သူ့အဖေပါ။ မိဘ ဆိုတာ သားသမီးဒုက္ခရောက်နေချိန်မှာ အားပေးတဲ့ အားပေးဖော်ကောင်းတစ်ယောက်ပါ။ သားသမီး ရှုံး နိမ့်နေချိန်မှာလည်း အောင်မြင်အောင် မြှင့်တင်ပေးတဲ့ သူတစ်ယောက်ပေါ့။

ဒဲရက်အဖေဟာ သူ့သားဒုက္ခဖြစ်နေချိန်၊ ဆုံး







www.burmeseclassic.com

www.burmeseclassic.com





ရှုံးမလို ဖြစ်နေချိန်မှာ ထပ်ပြီးလဲကျမသွားအောင် အားပေး ကူညီခဲ့တယ်။ ပန်းတိုင်ကိုရောက်ဖို့ အားပေးခဲ့တယ်။

တကယ်တော့ မိဘဆိုတာ သားသမီးတွေအတွက် အမြဲအဆင်သင့်ပါပဲ ညီလေးရေ။

**ညီလေးရေ---**

အစ်ကိုတို့၊ ညီလေးတို့ရဲ့ ဘဝမှာရော အရာရာဟာ ချောမွေ့မနေပါဘူးကွာ။ တစ်ခါတစ်ခါ ဒူးထောက်လဲကျ ပြိုဆင်းသွားနိုင်ပါသေးတယ်။ အဲဒီအခါမျိုးမှာ ဘယ်တော့မှ အရှုံးမပေးဖို့လိုပါတယ်ကွာ။

ဒဲရက်ရဲ့ အဖြစ်အပျက်ဟာ အကောင်းဆုံး ဥပမာပါပဲ။ လဲကျတယ်။ ပြန်ထမယ်။ လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင်သွားမယ်။ သူများလို မြင့်မားတဲ့ ဆုကိုရချင်မှရမယ်။ ဒါပေမဲ့ ပန်းတိုင်ကိုတော့ မဖြစ်မနေရောက်ခဲ့ရတယ်။

ဝမ်းနည်းတယ်၊ ပူဆွေးတယ်၊ ကျရှုံးတယ်၊ အောင်မြင်တယ်၊ ဒါတွေဟာ ဘဝပါပဲ။ ဒါပေမယ့် ကိုယ်သွားရမယ့် ပန်းတိုင်ဆိုတာကိုတော့ ဘယ်လိုနည်းနဲ့မှ ချော်ထွက်မသွားစေနဲ့။ ပန်းတိုင်ကိုရောက်ဖို့ အားစိုက်ထုတ်ဖို့တော့ လိုလိမ့်မယ်။ နာကျင်မှုနဲ့ ကျရှုံးမှုကတော့ မလွဲမသွေ ရောက်လာဦးမှာပဲ၊ အဲဒီကြားကနေ ဖောက်ထွက်ပြီး ပန်းတိုင်ကို ရောက်အောင်သွားနိုင်မှ တကယ့်လူတော်ဖြစ်တာ။

နောက်တစ်ခုက ကျရှုံးတိုင်း ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ သိထားရမယ်။ သူများတွေလည်း ကိုယ်မမြင်နိုင်တဲ့ ဘစ်နေရာမှာ ကျရှုံးနေကြတယ်။ အဓိကက ကိုယ့်မှာ မိဘတွေရှိမယ်။ ညီအစ်ကို မောင်နှမတွေရှိမယ်။ သူငယ်ချင်းမိတ်ဆွေတွေရှိမယ်။ သူတို့ကိုယ့်ကို ဖေးကူလိမ့်မယ်။ အဓိကက ကိုယ်တိုင်ရဲ့ စိတ်ဓာတ်လဲကျမသွားဖို့ပါပဲ ညီလေးရေ။

**ညီလေးရေ---**

ဘဝမှာ လဲပြိုကျ ရှုံးနိမ့်ရတယ်လို့ ထင်စရာရှိလာရင် ၁၉၉၂ခုနှစ်က ဘာစီလိုနာမြို့မှာ ကျင်းပခဲ့တဲ့ အိုလံပစ်ပြိုင်ပွဲရဲ့ ပြေးပွဲတစ်ပွဲကို ပြန်မြင်ယောင်ကြည့်လိုက်ပါကွာ။

**"မင်းဘယ်တော့မှ မစွန့်လွှတ်ရင် ဘယ်တော့မှ မရှုံးနိမ့်ပါဘူးကွာ"**

**ဆူးသစ်**

**၂၁း၅ဝနာရီ**

**(၁–၅–၁၃)**



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရှုထောင့်
ပြောင်ချက်နှလုံးသား



# သောင်တင်ခဲ့ဖူးသော ကမ်းခြေ

လွန်းရီရီ(ပင်လည်ဘူး)

မောင် . . .

အမှတ်ရစရာလေးတွေဟာ မေ့ပစ်ဖို့ခက်ခဲလွန်းလှပါတယ်။ ဖန်တီးယူလို့လည်း မရပါဘူး။ မောင် မှတ်မိနိုင်ပါဦးမလား။ တစ်ချိန်က လွန်းဆိုတဲ့ ခပ်အအ ကောင်မလေးတစ်ယောက်ကိုပေါ့။ လွန်းအတွက်တော့ ဘယ်တော့မှ ပျောက်ပျက်မသွားတော့မယ့် ပန်းချီကားချပ်တွေပါ။ တစ်နေ့ကျရင် အိပ်မက်တွေအဖြစ် ပျောက်ကွယ်သွားလိမ့်မယ်လို့ ထင်ခဲ့မိတယ်။ မောင်ရယ် အတိတ်တွေကို မေ့ထားနိုင်ခဲ့မယ်ဆိုရင် ကောင်းမှာပဲနော်။ အခုတော့ စဉ်းစားလိုက်တိုင်း အလွန်ပဲ ခံစားရပါတယ်။ နာလည်း နာကျင်ရပါတယ်။ မောင့်ကို မုန်းချင်တယ်။ မေ့ချင်တယ်။ လွန်း ဘယ်လိုလုပ်ရမလဲဟင်။ ဝေဒနာတွေပေးပြီး အဝေးဆုံးကို ထွက်ပြေးသွားရော့သလားကွယ်။ မောင် နေနိုင်ရက်တယ်နော်။ မောင်နဲ့ ခွဲခွာခဲ့ရတာ ကြာတော့လည်း ကြာခဲ့ပါပြီ။ မေ့သင့်ပါရက်နဲ့ နာကြည်းစရာ ရှာမတွေ့လို့ ပင်ပန်းလွန်းလှပါတယ် မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



၁–၁–၁၁ရက်နေ့မှာ ဘွဲ့ယူဖို့ မန္တလေးကို ဆင်းရတယ်။ အဂ္ဂကတော့ အဝေးကယူမလို့ပါပဲ။ ဒါပေမယ့် မောင်နဲ့တွေ့ရလေမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ သွားဖြစ်ခဲ့တာပါ။ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ မောင့်ကိုများ တွေ့ရလေမလားဆိုပြီး ရှာနေခဲ့မိတယ်။ မောင်နဲ့အလားသဏ္ဍာန်တူတဲ့ အရိပ်လေးတောင် မြင်တွေ့ခွင့်မရခဲ့ပါဘူး။ လွမ်းလေ ယိုင်လဲချင်ဖြစ်နေတဲ့ ခြေထောက်တစ်စုံကို အနိုင်နိုင်ထိန်းရင်း လူတွေကို ငေးကြည့်နေမိခဲ့တယ်။ ပျော်ရွှင်နေလိုက်ကြတာ မောင်ရယ်။

ရတနာပုံတက္ကသိုလ်ကြီးကို ရောက်ခဲ့သေးတယ် မောင်။ တောင်သမန်အင်းကိုရောပေါ့။ တောင်သမန်အင်းရဲ့ လေညင်းဆော်သံတွေဟာ လွမ်းကိုလှောင်နေရော့သလားကွယ်။ ဒါမှမဟုတ် လွမ်းရဲ့ခံစားမှုတွေကို အသိအမှတ်ပြုလေရော့သလား။ သတိရလိုက်တာ မောင်ရယ်။ ဖြစ်ခဲ့သမျှတွေကို အတိတ်မှာ ချန်ထားခဲ့လို့ရရင် ကောင်းတာပေါ့။ တွေးမိတိုင်း အတိတ်က စာမျက်နှာတွေဟာ တစ်ရွက်ချင်းပါပဲလေ။ တံတားလေးပေါ်မှာထိုင်ပြီး မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်တို့အကြောင်းကို ခဏခဏ ပြောပြခဲ့တယ်နော်။ လွမ်းတောင် မျက်ရည်ကျခဲ့မိတာ မှတ်မိသေးရဲ့လားဟင်။



မောင်နဲ့ လွမ်းတို့ရဲ့ ဆုံစည်းမှုလေးဟာ ဆန်းပြားတယ်နော်။ လွမ်း ဒုတိယနှစ်ကျောင်းတက်ဖို့ ထွက်လာတော့ ကောလင်းဘူတာမှာ ရထားစောင့်ရင်း ရပ်နေမိတယ်။ အဲဒီအချိန်မှာ အထက်က ရထားဆင်းလာပြီး ဘူတာမှာ ရပ်လိုက်တယ်ဆိုရင်ပဲ လွမ်းနဲ့ မျက်နှာချင်းဆိုင် ပြတင်းပေါက်တစ်ပေါက်မှာ ကောင်လေးတစ်စု။ လွမ်းကို ကြည့်နေကြတယ်။ ပြီးတော့ တစ်ယောက်က လက်သီးထောင်ပြတယ်။ လွမ်းလည်း ဘယ်အညံ့ခံပါ့မလဲ လူကိုဘာထင်သလဲ ပါးချပစ်မယ်ဆိုပြီး ရိုက်ဟန်ပြတယ်။ သူတို့အဖွဲ့လည်း ပွဲကျသွားပါရော့။ ရုတ်တရက် ရထားက ရှန်တိန်လုပ်တယ်။ နောက် ရပ်လိုက်တယ်။ တိုက်ဆိုင်လွန်းစွာပဲ သူတို့အဖွဲ့နဲ့ ဆုံပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ တစ်ယောက်က လက်ထောင်လို့ လက်မရယ်၊ လက်ညှိုးရယ်၊ လက်သန်းရယ်ပေါ့။ ပြီးတော့ လက်ယပ်ခေါ်တယ်။ လွမ်းလည်း လက်ဝါးထောင်ပြီး ပြပြန်တာပေါ့။ အဲဒီအချိန်မှာပဲ ရထားက စတင်ထွက်ခွာသွားခဲ့တယ်။ လွမ်းလည်း ရပ်ကြည့်ရင်းကျန်နေခဲ့မိတယ်။ သူတို့အုပ်စုထဲက တစ်ယောက်ဟာ မောင်ဆိုတာကို လွမ်းသိခဲ့ရတယ်။ မောင်နဲ့ စကားစပ်မိရင်းက သိခဲ့ရတာပါ။ မောင်က ပြောသေးတယ်။ 'လက်သီးဆုပ်ပြတာ ဘာဖြစ်လို့များ ထင်သလဲ မဟော်သဓာက အမရာကို စမ်းသလိုမျိုး စမ်းသပ်ကြည့်တာကို လက်ဝါးကြီး



www.burmeseclassic.com

www.burmeseclassic.com



ထောင်လို့ လုပ်နေလိုက်တာ ရယ်ရတယ်ကွာ’တဲ့ ပြောရင်း တဝါးဝါးနဲ့ ရယ်နေတဲ့မောင့်ကိုကြည့်ပြီး လွှန်းလည်း ရယ်ခဲ့ရသေးတယ်နော်။

တစ်နေ့တော့ အဆောင်ရှေ့က ခုံတန်းလေးပေါ်မှာ လွှန်း ထိုင်နေမိတယ်။ ကောင်လေးနှစ်ယောက် ရောက်လာပြီး နာမည်ကို မေးတယ်။ ဒီအဆောင်မှာ ရှိလားပေါ့။ လွှန်းက မရှိဘူးလို့ ဖြေလိုက်တော့ ကာရန် မညီတဲ့ စကားလုံးနဲ့ “မြင်ဖူးတယ်နော်”တဲ့။ ဒီလိုနဲ့ မောင်နဲ့လွှန်း မိတ်ဆွေတွေ ဖြစ်သွားခဲ့ကြတယ်နော်။ အဲဒီနေ့ကစပြီး အဆောင်ကို နေ့တိုင်းရောက်လာခဲ့တယ်။ ခင်မင်မှု ထုထည်ကြီးလာတာနဲ့အမျှ သံယောဇဉ်တွေ ပိုလာခဲ့တဲ့တစ်နေ့ ‘သိပ်ချစ်တာပဲ လွှန်းရယ်’ တဲ့။ အဲဒီနေ့ကစပြီး လွှန်းလို့ ခေါ်ခဲ့တယ်နော်။ တကယ်တော့ မောင်ရယ် လွှန်းဟာ လူတွေကို လွယ်လွယ် မယုံတတ်တဲ့သူရယ်ပါ။ ယုံမိရင်လည်း ဘယ်သူတွေ ဘာပြောပြော လက်မခံချင်တော့ဘူး။ လွှန်းက အချစ်ကို တန်ဖိုးထားတယ်။ အချစ်နဲ့ ပတ်သက်လာရင် လွယ်လွယ်နဲ့ မဆုံးဖြတ်ချင်ဘူး။ လွှန်းလေ မောင့်ကို ချစ်လျက်နဲ့ ငြင်းခဲ့မိတယ်။ ဒါပေမယ့် ဟန်ဆောင်ရတာဟာ ရင်ထဲမှာ မွန်းကျပ်ပြီး ပင်ပန်းလွန်းလှပါတယ် မောင်ရယ်။

မိုးတွေရွာနေတယ် မောင်။ မှတ်မိပါဦးမလား။ လွှန်းက မောင့်ကိုရှောင်နေခဲ့မိတယ်။ တစ်နေ့တော့ မိုးသည်းတွေထဲမှာ လွှန်းတို့ အဆောင်ရှေ့ကနေပြီး အော်နေတဲ့ မောင်။ သူငယ်ချင်းတွေက လွှန်း မရှိတဲ့ အကြောင်း ထွက်ပြီးပြောပေမယ့် မောင်က မယုံဘူးတဲ့။ သူငယ်ချင်းတွေက မကြည့်ရက်တော့လို့ ကျူရှင်ကို ဖုန်းဆက်ခဲ့တယ်။ လွှန်း ပြန်လာလို့မဖြစ်သေးတဲ့ အကြောင်း ပြောပြပြီး မောင့်ကိုပြောပေးဖို့ အကူအညီတောင်းရတယ်။ လွှန်း ညနေ (၃)နာရီထိုးလောက်မှာ အဆောင်ကို ပြန်ခဲ့တော့ အဆောင်ရှေ့က ခုံတန်းပေါ်မှာ အသားတွေ တဆတ်ဆတ်တုန်နေတဲ့ မောင်။ မိုးကို အံတုပြီး မောင့်ရဲ့အချစ်တွေကို သက်သေပြခဲ့တာလားဟင်။ မောင်ရယ် လွှန်း ရင်ထဲမှာ ခံစားနေရတာတွေ၊ အသံတိတ်ငိုကြွေးခြင်းတွေနဲ့ ကြေကွဲခဲ့ရတာတွေကို မောင်မှ မသိနိုင်ခဲ့ဘဲ။ လွှန်းရဲ့ နှလုံးသားတွေဟာ ခိုင်မာလှပြီလို့ ထင်ခဲ့မိတာ။ မောင်ရဲ့ နှလုံးသား သံစဉ်လေးကို ကြားရပြီးသည့်နောက် မောင့်ရဲ့ စကားလေးတွေထဲ နစ်မျောခဲ့ရတာပါ။ ဒါဟာ ဖန်တီးမှုတွေ မပါဝင်တဲ့ ချစ်ခြင်းဖွဲ့ လင်္ကာလေးတစ်ပုဒ်ပါ မောင်ရယ်။ ဒါပေမယ့် လွှန်း ကြောက်နေမိတယ်။ ချစ်တယ်လို့ ပြောပြီးခါမှ ခွဲရမယ့်အဖြစ်မျိုးကို မလိုချင်ဘူး။ မောင်နဲ့ လွှန်းတို့က အလွန်ကို ဝေးကွာလွန်းပါတယ်။ ဒါပေမယ့် ခံစားမှုတွေ မထိန်းချုပ်နိုင်ခဲ့တဲ့ တစ်နေ့မှာ လွှန်း ခေါင်းညိတ်ခဲ့မိတယ်။ အလွန်ကို ပျော်ရွှင်နေတဲ့ မောင့်ရဲ့မျက်နှာကိုကြည့်ပြီး လွှန်းလည်း ပျော်ခဲ့ရတယ်။ မောင် လွှန်းကို တကယ်ချစ်ခဲ့တယ် ဆိုတာကို ယုံကြည်နေမိတယ်။ ယုံကြည်နိုင်လောက်အောင်ပဲ မောင့်ရဲ့ သိတတ်မှုတွေ၊ နားလည်ပေးမှုတွေ လွှန်းအပေါ် တန်ဖိုးထားခဲ့တာတွေက သက်သေတွေပဲပေါ့ မောင်ရယ်။

မောင်နဲ့ လွှန်းတို့ ခွဲခွာခဲ့ရတဲ့နေ့လေးကို မှတ်မိသေးလားဟင်။ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတဲ့ နေ့မှာလေ မောင်နဲ့အတူ လည်ချင်ပေမယ့် သူငယ်ချင်းတွေအားလုံး ပြန်ကြတော့မှာမို့ ပြန်ခဲ့ရတယ်။ မောင်က မတားတဲ့အပြင် ‘ဒီနေ့တော့ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မရလို့ပါကွာ။ မောင်ရဲ့ သူငယ်ချင်းတစ်ယောက် ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံတင်ထားရတယ်၊ မောင် စောင့်ပေးရဦးမယ်။ အခုတောင် လွှမ်း ပြန်တော့မှာမို့ လာနှုတ်ဆက်တာ လိုက်မပို့နိုင်တာကို နားလည်ပါကွာ'တဲ့။ နားလည်ပါတယ် မောင်ရယ်။ မောင်ရဲ့ စကားတွေဆို လွှမ်းက အကြွင်းမဲ့ယုံကြည်ပြီးသားပါ။ ဒါပေမယ့် လွှမ်း အဲဒီနေ့က မပြန်ဖြစ်ခဲ့ပါဘူး။ ဘူတာမှာ တစ်ညလုံးရှိနေခဲ့တာပါ။ မောင်နဲ့ ထပ်တွေ့ရဦးမယ်ဆိုတဲ့ မျှော်လင့်ချက်တွေ၊ ပျော်ရွှင်မှုတွေနဲ့ မောင်နေတဲ့အဆောင်ကို ဖုန်း သုံးကြိမ်တောင် ခေါ်ခဲ့မိတာပါ။ ပြန်မလာသေးဘူးဆိုတဲ့ အဖြေနဲ့အတူ မြို့အနှံ့လည်မှာဖြစ်တဲ့အကြောင်း အိပ်ချိန်လောက်မှ ပြန်ရောက်နိုင်မယ်ဆိုတဲ့ အဆောင်ရှင်ရဲ့ စကားတွေကိုသာ ကြားခဲ့ရတာပါ။ မောင်ရယ် လွှမ်းရဲ့ စိတ်တွေ ဘယ်လောက်ထိ လှုပ်ရှားသွားခဲ့ရတယ်၊ ထိတ်လန့်ခဲ့ရတယ်ဆိုတာ မောင်မှ မသိနိုင်ခဲ့တာ။

လွှမ်း စိတ်ပျက်ခြင်းများစွာနဲ့ ထိုင်နေမိတယ်။ အချိန်တွေ ဘယ်လောက်တောင် ကြာသွားမှန်း မသိလိုက်ဘူး။ မောင်နဲ့ ပတ်သက်ခဲ့တဲ့အကြောင်းတွေ စဉ်းစားရင်းနဲ့ဆိုပါတော့။ ည (၈)နာရီထိုးလောက်မှာ ဘူတာမှာရှိတဲ့ လွှမ်းတို့ရဲ့ အနီးနားကို ဆိုင်ကယ်တစ်စီး ရပ်လာခဲ့တယ်။ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ လွှမ်းဟာ ဆိုင်ကယ် ဟွန်းတီးသံကြောင့် နေရာက ရုတ်တရက် ထခဲ့မိတဲ့အထိပါ။ ဘာဖြစ်လို့လဲဆိုရင် အဲဒီ ဟွန်းသံဟာ လွှမ်းရဲ့နှလုံးသားကို အချက်ပေးနေတဲ့ ထာဝရ အမှတ်အသားလေး တစ်ခုရယ်ပါ။

မောင်က တခြားလူတွေနဲ့ မတူဘူး။ အဆောင်ရှေ့ကို ရောက်တိုင်း ဟွန်းသံပေးတတ်ကယ်။ လွှမ်း ဟွန်းသံကြားရတဲ့ နေရာလေးကို အပြေးအလွှား ကြည့်မိတယ်၊ ဝမ်းသာလိုက်တာ မောင်ရယ်။ တကယ်





www.burmeseclassic.com

www.burmeseclassic.com



လွှမ်းရဲ့ မောင်မှ မောင်အစစ်ရယ်ပါ။ လွှမ်းလေ က လေးတစ်ယောက်လိုသာ အော်ဟစ်ပြီး ပြေးသွားချင် ပေမယ့် စိတ်ကို ထိန်းလိုက်ရတယ်။ လွှမ်းရဲ့ ခြေလှမ်း တွေကို စမိလိုက်တဲ့အချိန်မှာ အသံတစ်သံနဲ့အတူ မောင့်ရဲ့ အနီးနားကို ရောက်လာခဲ့တဲ့ ကောင်မလေး တစ်ယောက်ကြောင့် ခြေလှမ်းတွေအလိုလိုရပ်သွား ခဲ့ရတာပါ။ အံ့ဩခြင်းတွေနဲ့အတူ နှလုံးသားတစ်ခုလုံး ပေါက်ကွဲလုမတတ် နာကျင်ရပါတယ် မောင်။ လွှမ်း ရှက်လည်းရှက်မိတယ်။ လွှမ်း ဘာလုပ်ရမှာလဲ မောင် ရယ်။ ထိုင်ပြီး ငိုချလိုက်ရမလား။ လွှမ်းရဲ့ ကံကြမ္မာ ကိုပဲ အပြစ်ပုံချရမလားဟင်။ လွှမ်း ကိုယ့်တာသာကိုယ် ပဲ အပြစ်တွေ တင်နေခဲ့မိတယ်။ ဒါပေမယ့် သိချင်နေ သေးတယ် မောင်။ မောင် ဘာဖြစ်လို့များ လွှမ်းအပေါ် ရက်စက်ခဲ့ရတာလဲ။ လွှမ်းကို တန်ဖိုးထားခဲ့တာတွေက ရော မောင့်ရဲ့ မာယာတွေထဲက လှည့်ကွက်တစ်ခုတဲ့ လား။ မောင့်ရဲ့ ပါးစပ်က တစ်တွတ်တွတ်ပြောခဲ့တဲ့ ချစ်တယ်ဆိုတာတွေကရော အပျင်းပြေပြောခဲ့တာပဲ လား။ အချစ်ကို မျက်လှည့်ပြရုံသက်သက် ကစားခဲ့ တာပဲလား မောင်ရယ်။

လွှမ်းကို ဖွင့်ပြောခဲ့မယ်ဆိုရင်တောင် နား လည်မှုအပြည့်နဲ့ ခွင့်လွှတ်ပေးမိမှာပါ မောင်ရယ်။ မောင့်ကို စချစ်ကတည်းက ပေးဆပ်ခြင်းသက်သက်နဲ့ ချစ်ခဲ့တာပါ။ တကယ်ဆို နာကြည်းစရာနည်းလမ်း လေးတော့ ပေးခဲ့သင့်တာပေါ့။ အစိမ်းလိုက်ကြီး ရက် စက်ခဲ့တော့ လွှမ်းရဲ့ နှလုံးသားမှာ ဒဏ်ရာအပြည့်နဲ့ တမြည့်မြည့် ခံစားနေရတယ်။ လွှမ်းရဲ့ နှလုံးသားကို မောင်က အနိုင်ယူခဲ့တယ်။ မောင့်ရဲ့ ခွဲခွာမှုက အလွှမ်း ကို ပြင်းထန်လွှမ်းလှပါတယ် မောင်ရယ်။ လွှမ်းရဲ့ ခံစားမှုတွေကို မောင်သာ သိခဲ့မယ်ဆိုရင် ကျေနပ်နေ မယ့် သူရယ်ပါ။ မောင်သိအောင် လွှမ်းကို ကူညီနိုင် တဲ့သူမှာ ဒီကမ္ဘာမှာ “မှုခင်းရွှေထောင့်ရသစုံမဂ္ဂဇင်း”က လွဲလို့ တခြားသောသူမရှိနိုင်တော့ပါဘူး။

မောင်ချစ်ခဲ့တာတွေကို ခိုလှုံဖို့အတွက် ကမ်း ကို ကပ်ခဲ့တာလားဆိုတာကိုတော့ မောင်သာ အသိ ဆုံးဖြစ်မှာပါ။ ဒါပေမယ့် သောင်တင်ခဲ့ဖူးတဲ့ ကမ်းခြေ လေးတစ်ခုမှာတော့ မောင်ဆိုတဲ့ မောင့်ကိုတမ်းတရင်း ထာဝရအမှတ်ရနေမယ်ဆိုတာကို နှလုံးသားရွှေထောင့် ကနေပြီး ဝေဒနာကို ကြေညာမိတာပါ မောင်။ နောက် ဆုံးအနေနဲ့ နားလည်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့် မိပါတယ် မောင်။ ဒါကြောင့်မို့ လွှမ်းရဲ့ စာလေးကို မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ရောက်ရှိလာအောင် ညတိုင်း ဆုတောင်းရုံကလွဲပြီး ဘာများတတ်နိုင်ပါဦးမလဲ မောင်ရယ်။

**မောင့်ကိုတမ်းတရင်း လွှမ်းနေမိတဲ့**

**လွှမ်း**

**လွှမ်းရီရီ (ပင်လည်ဘူး)**

ကဲ ‘‘လွှမ်းရီရီ (ပင်လည်ဘူး)’’ရဲ့ **‘‘သောင်တင်ခဲ့ဖူးသော ကမ်းခြေ’’**ဆိုတဲ့ နှလုံးသား ရွှေထောင့်ထဲက **‘လွှမ်း’**ရဲ့ စွပ်စွဲချက်တွေကို **‘မောင်’**က ဘယ်လိုပြန်ပြီး ဖြေရှင်းမလဲ။ **‘မောင့်’**ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ၁၁-၇-၂၀၁၃ ရက်နေ့ နောက်ဆုံး ထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါ တယ်။

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**

**တာဝန်ခံအယ်ဒီတာ**

**ရွှေထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com





# တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်

## ပဏာမရွေးချယ်စိစစ်ချက်

၂၀၁၃ခုနှစ်၊ ဧပြီလထုတ် မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'နိုင်လေးကို(မော်ကျွန်း)'** ရဲ့ **'သစ်ခွကိုမြေချမိလို့ကျတဲ့မျက်ရည်'**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'ကိုကို(ခ)ရဲထက်အောင်'**ရဲ့ ခံစားချက်တွေကို **'သင်း(ခ)သင်းသင်းကြူ'**ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်–

| | | |
|---|---|---|
| (၁) | သီတာညွန့် | "ရှိပါစေတော့လေ" |
| (၂) | သီဂီဆွေ | "နေစိမ့်သူကြီးသို့" |
| (၃) | အေးအေးမာ | "ဘယ်သူ့အပြစ်လဲ" |
| (၄) | ကျော့ကျော့မှူးခင် | "ချစ်ကြမ္မာ" |
| (၅) | သော်သော်စန်း | "မဖြေသာသည်" |
| (၆) | နှင်းဖြူသျှင် (သံတွဲ) | "တောင်စွယ်နေကွယ်ရင်" |
| (၇) | စိုးမိုး (မုံရွာ) | "ချစ်လျက်နှင့်ပြေးထွက်ခဲ့သည်" |
| (၈) | ခင်ပန်းသစ် (လှိုင်) | "အလွမ်းဒဏ်သင့်သူ" |
| (၉) | ဟန်နီ (တောင်ကြီး) | "အိပ်မက်သို့လေနှင်ရာ" |
| (၁၀) | မိုးစက် (ဥပဒေ) | "ခြေရာမဲ့လှိုင်း" |



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လည်စိစစ်သုံးသပ်ချက်

(၁) **သီတာညွန့် "ရှိပါစေတော့လေ"**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။ ဒါပေမယ့် အရေးအသားပြေပြစ်မှု အားနည်းနေပါတယ်။

(၂) **သိင်္ဂီဆွေ "နေစိမ့်သူကြီးသို့"**

တစ်နှစ်ကျော် အဆက်အသွယ် ဖြတ်တောက်ထားပြီး နောက်ကြောင်းပြန်လည် မဆက်သွယ်လို့ တစ်ဘဝဒဏ်ခံရတာပါလို့ ဖြေရှင်းထားတာ သင့်ပါတယ်။

(၃) **အေးအေးမာ "ဘယ်သူ့အပြစ်လဲ"**

ကျိုးကြောင်းဖော်ပြချက် အားနည်းပြီး ဒေါသသံတွေ ပြင်းထန်လွန်းနေပါတယ်။

(၄) **ကျော့ကျော့မှူးခင် "ချစ်ကြွမ္ဘာ"**

ရေးသားပြေပြစ်မှုရှိပေမယ့် ဇာတ်လမ်းဟောင်းတွေကို ပြန်ဖော်ထားတာများနေလို့ လိုရင်းပျောက်သွားပါတယ်။

(၅) **သော်သော်စန်း "မဖြေသာသည်"**

ရိုးစင်းလွန်းနေလို့ ဆွဲဆောင်မှုအားနည်းနေပါတယ်။

(၆) **နှင်းဖြူသျှင် (သံတွဲ) "တောင်စွယ်နေကွယ်ရင်"**

ကျိုးကြောင်းဖော်ပြချက် အားနည်းနေပါတယ်။

(၇) **စိုးမိုး (မုံရွာ) "ချစ်လျက်နှင့် ပြေးထွက်ခဲ့သည်"**

အရေးအသား သင့်ပေမယ့် ကျိုးကြောင်းဖော်ပြချက် ပီပြင်ပေါ်လွင်မှု အားနည်းနေပါတယ်။

(၈) **ခင်ပန်းသစ် (လှိုင်) "အလွမ်းအထီးသင့်သူ"**

သူငယ်ချင်းကိုယ်စား ကြားလူအနေနဲ့ ဖြေရှင်းထားတာ ထူးခြားပေမယ့် ကျိုးကြောင်းဖော်ပြချက်က ယုတ္တိကင်းမဲ့နေပါတယ်။

(၉) **ဟန်နီ (တောင်ကြီး) "အိပ်မက်သို့ လေနှင်ရာ"**

ယခင်လက်ရာများကို မမီပါ။ အားနည်းနေပါတယ်။

(၁၀) **မိုးစက် (ဥပဒေ) "ခြေရာမဲ့လှိုင်း"**

ကဗျာခေါင်းစီးကို ယူထားပေမယ့် ကျိုးကြောင်းဖော်ပြချက်နဲ့ အရေးအသားက ဆွဲဆောင်မှုရှိပါတယ်။ စာရေးရင် (စု၊ တု၊ ပြု) ထုံးနှလုံးမူရပေမယ့် ထပ်တူမရေးသင့်ဘူးဆိုတာကို သတိပြုပါ။ ဆိုလိုတာက ကိုးကားတာကိုဖော်ပြ ထပ်တူကူးယူ ဖော်ပြတာ ရပါတယ်။ ခြေရာမဲ့လှိုင်းလိုပေါ့။ ဒါပေမယ့် တခြားသူ ရေးသားထားတဲ့ စာကဗျာတွေကို ကိုယ့်စာ၊ ကိုယ့်လေသံမလုပ်ရပါဘူး။ အလားအလာရှိသူမို့ ကြိုးစားစေချင်ပါတယ်။

**အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်ကတော့ **"မိုးစက်(ဥပဒေ)"**ပဲ ဖြစ်ပါတယ်။ **"မိုးစက်(ဥပဒေ)"**ရဲ့ **"ခြေရာမဲ့လှိုင်း"**ဆိုတဲ့ ဖြောင့်ချက် နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com




# ခြေရာမဲ့လှိုင်း

မိုးစက် (ဥပဒေ)

သင်း သိပ်ချစ်ရတဲ့ ကိုကိုရေ---

နောက်ဆုံးအနေနဲ့ ကိုကိုလို့ အားပါးတရ ခေါ်လိုက်ပါရစေ ကိုကို။ ကိုကိုခွင့်မြုတယ် မဟုတ်လား ဟင်။ တကယ်ဆို ဘဝမှာ ရတာမလို လိုတာမရဆိုတဲ့ လောကကြီးထဲ ကံဆရာရဲ့ စေစားမှုကြောင့် သင်းတို့ နှစ်ယောက် မဆုံစည်းနိုင်တော့ဘူးပေါ့နော်။ ချစ်စကတည်းက အရှုံးသမားမို့ အပြစ်ချကာထားခဲ့လည်း ချစ်မေတ္တာ စစ်မှန်စွာနဲ့ အနစ်နာခံဖို့အသင့်ပါ သင်းရယ်တဲ့ ဟုတ်လား ကိုကို။ ဒါတွေဟာ တကယ်တော့ သင်းကြောင့် ဖြစ်လာခဲ့ရတာပါလို့ သင်း မပြောချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မဖြစ်နိုင်မှန်းသိပေမယ့် ချစ်နိုင်ခဲ့တဲ့တစ်ခဏလေးမှာ မေတ္တာတရား သင်းဘက်က စစ်မှန်ခဲ့လို့ပါပဲ ကိုကိုရေ၊ ကိုကို ယုံတယ်မဟုတ်လားဟင်။

ကိုကိုပဲပြောတယ်မဟုတ်လား။ အစစပြည့်စုံ ကုံလုံကြွယ်ဝတဲ့ သင်းဘဝနဲ့ နွမ်းပါးအညတရ ကိုယ့်လို ဘဝဟာ ချစ်သူတွေ ဖြစ်လာလိမ့်မယ်လို့ ဘယ်မျှော်လင့်ရဲပါမလဲလေတဲ့။ ဟုတ်ပါတယ် ကိုကို။ ယောဘုမှ



www.burmeseclassic.com

www.burmeseclassic.com



သင်တော့တရား အနေအထားနဲ့ဆိုရင် ကိုကို ပြောတာ မှန်ဖို့ပါလိမ့်မယ်။ ဒါပေမယ့် ဆင်းရဲတဲ့သူမှာ အချစ်ရှိသလို ချမ်းသာတဲ့သူမှာလည်း နှလုံးသားနဲ့ပါ ကိုကို။ ဆင်းရဲတဲ့သူနဲ့ ချမ်းသာသူမချစ်ရဘူး လက်မထပ်ရဆိုတဲ့ ပြဋ္ဌာန်းချက်မရှိသလို ကန့်သတ်ချက် တားမြစ်ချက်လည်း မရှိပါဘူး။ အကြောင်းကြောင်းကြောင့် မပေါင်းလိုက်ရတဲ့သူတွေပဲ ရှိခဲ့တာပါ ကိုကို။ ဒါကြောင့်သာပဲ သင်းနဲ့ ကိုကို အမြဲကြည်ဖြူတဲ့ အသည်းတုံလေးတွေ ဖြစ်ခဲ့ကြတာပေါ့။ နှလုံးသားရဲ့ဆန္ဒကို ဘယ်သူတားလို့ ရမှာလဲ။ မှန်တာပြောရရင် ကိုကိုရေ သင်းလေး ကိုကို မှ ဆွတ်ခင်ကတည်းက သူ့တော်ချင်း မခေါ်ခင်ကတည်းက လာချစ်၊ မသွားခင်ကတည်းက လွမ်းနေချင်သူပါ ကိုကို။ အခုဖြစ်လို့လဲ သိလား ကိုကို၊ သင်းရဲ့ နှလုံးသားထဲက မေတ္တာစိမ်းရေ ရေရိုးရေစင်တွေ မေတ္တာရောင်ခြည်နဲ့ ဖူးပွင့်လာခဲ့တဲ့ ပန်းကလေးက ကိုကိုဖြစ်နေလို့ပေါ့ ကိုကိုရယ်။

ဒါပေမယ့် ကိုကိုရယ်၊ မိုးနဲ့မြေလို ဝေးကွာတဲ့ သင်းတို့နှစ်ယောက်ရဲ့ ဖြူစင်စရာ ချစ်ခန်းလေးမှာ အလွမ်းနဲ့ ဇာတ်သိမ်းကြရမယ်လို့ သင်းမှ ထင်မထားတာ။ ဒါကြောင့်သာပဲ နှစ်ယောက်သားဆုံတွေ့တဲ့ အခိုက်အတန့်ငယ်လေးမှာ မိုးမြင့် လေမြင့်ချစ်ပွဲတွေ ခင်ခဲ့ကြတယ်။ အပြီးကိုယ်နှ တစ်သက်စာဖို့ ခံ၀န်ကတိတွေလည်း ထားရှိခဲ့ကြတယ်။ မီးမီးခဲ့ရဲ့ အချစ်ကို အသိချိန်ဆိုတဲ့ သီချင်းလေးဟာလည်း သင်းတို့နှစ်ယောက်အတွက်လို့ ထင်ခဲ့မိတယ်။ ပန်းတိတားပေါ် ရှေ့ဆက်လှမ်းကြရမယ်လို့ စိတ်ကူးတွေယဉ်မိခဲ့ကြတယ်နော်။ ဒါတွေဟာ ကံကြမ္မာရဲ့ မလှနိုင်သဖြင့်အောင် မြူမှုံမယ့် တိုးနှုက်ချက်တွေ မတိုင်ခင်ကပေါ့။ ဒါအပြင် သင်းတို့နှစ်ယောက် နီးစပ်ဖို့အတွက် ကိုကို့ကို တိုက်တွန်းခဲ့တာ။ သင်းလေး ဂုဏ်မနေအဆောင်အယောင်တွေကို မက်လို့မဟုတ်ပါဘူး ကိုကို။ ကိုကို့အခ၀ မြင့်မား တိုးတက်ဖို့ရယ်၊ သင်းရဲ့မိဘတွေ ကြည်ဖြူလာနိုင်ရယ်ပါဆိုတဲ့ သင်း စကားနားထောင်ပြီး အလုပ်လုပ်ဖို့ ကိုကို ရန်ကုန်ကို ထွက်သွားခဲ့တာ။ သင်းနဲ့ ကိုကို အဲဒီကတည်းက မဆုံနိုင်တဲ့လမ်းပေါ် ရောက်ရှိသွားရတာလို့ ထင်မိခဲ့ရင်း ကိုကို့ကို သင်း ဘယ်တိုက်တွန်းပြီး လွှတ်ခဲ့မိလဲ ကိုကိုရယ်။ ခုတော့ မဆုံစည်းနိုင်တဲ့ဘ၀နှစ်ခု ဖြစ်ခဲ့ရပြီပေါ့ ကိုကိုရယ်။

ကိုကို ရန်ကုန် ထွက်သွားခဲ့တာ ဘယ်လောက်ကြာပြီလဲလို့ ထင်လဲဟင်။ ကိုကိုပြောတဲ့ တစ်နှစ်လောက် အကြာမှာမဟုတ်လား ကိုကို။ ကိုကို ထွက်သွားခဲ့တာ တစ်နှစ်လောက်ပဲရှိတယ်တဲ့လား ကိုကိုရယ်။ ကိုကိုထွက်သွားခဲ့တာ တစ်နှစ်နဲ့သုံးလ ဆယ့်နှစ်ရက်ရှိခဲ့ပြီဆိုတာ ကိုကို မမှတ်မိတာလား။ မေ့နေတာလား ကိုကိုရယ်။ ဒါမှမဟုတ် မေ့ချင်ယောင်များ ဆောင်ခဲ့တာလားဟင်။ သင်းကတော့ ကိုကို ထွက်သွားပြီးကတည်းက မေ့မရဘူး။ အလွမ်းတွေ တစ်ထွေ တစ်ပိုက်နဲ့ ညအိပ်ရင် ယောင်မိတဲ့စကား ကိုကို့နာမည်တွေဖြစ်တဲ့အထိအောင်ပါပဲ။ ဒါပေမယ့် ကိုကို ရန်ကုန်ရောက်တဲ့နေ့မှာပဲ ဖုန်းဆက်ပြီးကတည်းက ဖုန်းလည်းမဆက်၊ စာလည်းမရေးခဲ့တာ ဒီနေ့ထိတိုင်အောင်ပါပဲဆိုတာ ကိုကို သတိထားမိလား။ သင်းမှာတော့ မျှော်လိုက်ရတာ ရွှေလည်တိုင်ညောင်းမမောင်းထိုး မျှော်ပျောင်းပြီး ယိုင်လုလုဖြစ်တဲ့အထိပါပဲ။ ကိုကို ထွက်မသွားခင်တုန်း သင်းမိဘတွေက တခြား တစ်ယောက်နဲ့ နားဖောက်ဖို့ စီစဉ်နေခဲ့တာ ကိုကိုသိလား



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့တာပါပဲ။ ဒါပေမယ့် ကိုကို ထွက်သွားပြီး စေ့စပ်ပြီး လက်ထပ်ဖို့အထိပါ မိဘတွေက စီစဉ်ခဲ့ပါတယ်။ သင်း လက်မခံခဲ့ပါဘူး ကိုကို။

ဒီအကြောင်းအရာတွေကို ကိုကိုနဲ့ တိုင်ပင်ဆွေးနွေးချင်လို့ စောင့်မျှော်ခဲ့ပေမယ့် ကိုကို့ဆီက စာလည်းမလာ ဖုန်းလည်းမဆက်ခဲ့ဘူး။ နောက်ပြီး ကိုကို ပထမဆက်တဲ့ဖုန်းကို ခေါ်ကြည့်တော့ ကိုကို အလုပ်ထွက်ပြီး အခြားအလုပ်ကို ပြောင်းသွားခဲ့တယ်တဲ့။ နောက်ဆုံးကုန်ကုန်ပြောရရင် ကိုကို့နောက်ကို လိုက်လာဖို့အတွက် ကိုကို့အမေဆီ သင်းရောက်ခဲ့ပါသေးတယ်။ ကိုကိုဆက်တဲ့ ဖုန်းနံပါတ်၊ ကိုကိုနေထိုင်အလုပ်လုပ်တဲ့လိပ်စာတွေကို သင်းရဲ့မိန်းမ ဣန္ဒြေကို အောက်ကျခံပြီး တောင်းခံခဲ့ပါတယ်။ ဒါပေမယ့် ကိုကို့အမေက ကိုကိုထွက်သွားပြီး တစ်ခါနှစ်ခါဖုန်းဆက်ပြီး ကတည်းက နောက်ထပ်မဆက်တော့ကြောင်း။ ကိုကို အလုပ်လုပ်နေတဲ့ လိပ်စာကိုလည်း ပေးမထားကြောင်း သင်းကို ပြောပြတယ် ကိုကို။ ကိုကိုအဆင်ပြေရင် သင်းဆီကို ဆက်သွယ်ပါမယ်ဆိုပြီး ပြောသေးတယ်တဲ့ ဟုတ်လားကိုကို။ အဲဒီစကားတွေကြောင့် သင်းလေ ကိုကို့ဆီက ဆက်လာမယ့်ဖုန်း။ ရေးလာမယ့်စာတွေကို တစ်လတိတိ စောင့်နေခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတစ်လအတွင်းမှာလည်း ကိုကို မဆက်သွယ်ခဲ့ဘူးနော်။ အဲဒီလို မဆက်သွယ် စာလည်းမရေးဘဲ နေတာကြောင့် သင်းတို့ဘက်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို ကိုကိုမသိခဲ့တာပေ့ါ။ ကိုကို့ကို တစ်ခုပြောချင်ပါတယ်။ အဲဒါဘာလဲဆိုတော့ ဘယ်နေရာကိုရောက်ရောက် မိသားစုနဲ့ တတ်နိုင်သမျှ ဆက်သွယ်ဖို့ပါပဲ။ ခုလည်း သင်းဆီကို ချစ်သူတစ်ယောက်အနေနဲ့ ဖုန်းမဆက်၊ စာမရေးတာကို သင်း အပြစ်မပြောပါဘူး။ သင်းကတော့ ကံကိုယိုးမယ်ဖွဲ့ထားပါတယ်။ လူတိုင်းရဲ့ ပါးစပ်က ထွက်လာတဲ့ ဆင်ခြေဆင်လက် စကားလုံးလေးပါ။ ကိုကိုသိအောင် ပြောလိုက်ပါရစေ။ "ကံဆိုတာ အလုပ်တဲ့"။

ဟုတ်တယ် ကိုကို အဲဒီကံဆိုတဲ့ အလုပ်မှာ ရေးကပြုခဲ့တဲ့အလုပ်၊ ခု ပစ္စုပ္ပန်မှာလုပ်တဲ့ အလုပ်ဆိုပြီး နှစ်မျိုးရှိပါတယ်ကိုကို။ စေတနာကောင်းရင် ကံကောင်းမည်ဆိုသလို မိမိလုပ်တဲ့အလုပ် ကောင်းနေရင်တော့ လူတိုင်းပြောနေတဲ့ ငါတော့ ကံမကောင်းပါဘူးကွာ။ ငါ့ကျမှ ဆိုးလိုက်တဲ့ကံဆိုတာတွေရှိမှာ မဟုတ်တော့ပါဘူး။ ထားပါတော့ ကိုကို ဆက်ရှင်းပြနေရင် လိုရင်းရောက်မှာ မဟုတ်ဘူး။ သင်း ပြောချင်တာက သင်းတို့နှစ်ယောက် ကြိုးစားမှုမရှိဘဲ ကံဆိုတဲ့အလုပ်ကို တလွဲထင်ခဲ့ကြလို့ပေ့ါ။ ခုနစကားပြန်ဆက်ရအောင် ကိုကို။ အဲဒီလထဲမှာပဲ သင်း ဖေဖေ ဆုံးခဲ့ပြီကိုကို။ ဖေဖေ မဆုံးခင် သင်းကိုတစ်ခုတောင်းခဲ့တယ်။ အဲဒါဘာလဲဆိုတော့ သူတို့သဘောတူသူနဲ့ လက်ထပ်ပြီး သင်းတို့ရဲ့ စီးပွားရေးကို ဦးဆောင် ဆောင်ရွက်ပေးဖို့ပါပဲ။ သင်း ကတိပေးလိုက်ရပါတယ် ကိုကို။ ဆွေမျိုးညီအစ်ကိုမောင်နှမတွေရဲ့ တိုက်တွန်းမှုကတစ်ဖက်၊ ကိုကို့ကို မခွဲနိုင်တာကတစ်ဖက် တွေဝေခဲ့ရပေမယ့် နောက်ဆုံးတော့လည်း သင်း ခေါင်းညိတ်ခဲ့ရပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျေးဇူးကြီးမားလှတဲ့ မိဘရဲ့ နောက်ဆုံးအချိန်ကလေးမှာ သူ့ရဲ့စိတ်ချမ်းသာမှု စိတ်ချရမယ်လို့ ထင်တဲ့အတွက် သင်းတို့ရဲ့ ချစ်ခြင်းတွေကို မြှုပ်နှံလိုက်ဖို့ ဆုံးဖြတ်လိုက်လို့ပါ။ သင်းဒီအသက်အရွယ်ရောက်အောင် ကျွေးမွေးလာခဲ့တဲ့ ပညာတတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်အောင် စောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးတရားတွေကို သင်း ပြန်မဆပ်နိုင်သေးပါဘူး ကိုကို။ သင်း ခုလို ကတိပေးလိုက်ရတာကလည်း မိဘကျေးဇူးဆပ်နေတာပါလို့ အသံကောင်းဟစ်ကြွေးကြော်နေတာလည်း မဟုတ်ပါဘူး။ မိဘကျေးဇူးသိတဲ့အနေနဲ့ သင်းဘဝရဲ့ လုပ်နိုင်ခွင့်ကို လုပ်ပေးလိုက်တာပါ ကိုကို။ ဒီအကြောင်းအရာတွေကို ပြောပြနေရတာ ကိုကို နားလည်ခွင့်လွှတ်ပေးဖို့ ပြောပြနေတာမဟုတ်ပါဘူး။ ခွင့်လွှတ်ပေးပါလို့လည်း မတောင်းဆိုဝံ့ပါဘူး ကိုကိုရေ။ ကိုကို ယုံစေချင်တဲ့စိတ်တစ်ခုတည်းရယ်ပါ။

ကိုကိုရေ သင်းဘဝမှာ ကိုကိုဟာ အချစ်ဦးကိုကိုသာ အချစ်ဆုံးပါ။ လွန့်လွန့်လူးလူး အတွေ့ထူးကို ယစ်မူးမေ့ဖက် နှစ်သက်စဉ်မှာ ကိုကိုသည်သာ ကိုးကွယ်ရာဟု မျက်လွှာစုံမှိတ် နားကိုပိတ်ကာ တိတ်တိတ်နေရန် မြူဟန်မထင် နန်းထက်တင်၍ ဘဝင်ညွှတ်နူးပြီးလည်း ချစ်ခဲ့ဖူးပါတယ် ကိုကို။ တွယ်တာကာ ရင်ထဲမှာဖြင့် ဆယ်ကမ္ဘာတိုင် မယိုင်လဲအံ့ ကြင်နာစွာ ချစ်ခြင်းတွေနဲ့ သေအတူ ရှင်မခွာ စွယ်တော်ရွက်လိုလည်း ချစ်ခဲ့ဖူးပါတယ်။ အတူသွား အတူစားစဉ် စကားဆိုနွဲ့ ကြင်ခဲ့တာတွေလည်း ဘယ်ခါမမေ့ဘူး ဘုရားစူးပေါ့ ကိုကိုရေ။ ဒါပေမယ့် ခုချိန်မှာ ဒီအကြောင်းအရာတွေ ပြန်ပြောင်းပြောနေလို့လည်း မထူးတော့ပါဘူး ကိုကို။

ပင်လယ်ကမ်းစပ်က တည်ဆောက်ထားတဲ့ သဲအိမ်ကလေးတွေဟာ လှိုင်းတံပိုးရဲ့အောက်မှာ ပြားပြားဝပ် ပျက်စီးခဲ့ရပေမယ့် အဲဒီ လှိုင်းတံပိုးရဲ့ ခြေရာကတော့ မထင်ကျန်ရစ်ခဲ့ဘူး။ ဒီလိုပဲ ကိုကိုနဲ့ သင်းတို့ရဲ့ အချစ်အိမ်ကလေးဟာ ကံကြမ္မာလှိုင်းတံပိုးအောက်မှာ ပျက်စီးခဲ့ရပြီပကော။ ခြေရာမဲ့တဲ့ ကံလှိုင်းကြောင့် ဘယ်သူက တရားခံ၊ ဘယ်သူက တရားလိုဆိုပြီး ငြင်းချက်တွေထုတ်၊ လျှောက်လဲချက်တင်၊ အယူခံဝင်ရမယ့် အချိန်တွေလည်း မဟုတ်တော့ပါဘူး။ သင်းအနေနဲ့ကတော့ ဘယ်သူ့အပြစ်ပါလို့လဲ ပြောမနေတော့ပါဘူး။ လွမ်းရဲလို့လမ်းခွဲပြီးမှလည်း ဝမ်းနည်းစကား မဆိုတော့ပါဘူး ကိုကိုရေ။ တိုတောင်းလှတဲ့ အချိန်ကလေးအတွင်းမှာ ပျက်စီးချုပ်ငြိမ်းခဲ့ရတဲ့ ကိုကိုနဲ့ သင်းတို့ရဲ့ အချစ်တွေကို ထာဝရ မြှုပ်နှံလိုက်ကြပါစို့နော်။

'သမုဒယ အလွမ်းတွေနဲ့ လူ့ဘဝ စခန်းမရေရာဘူး။

ဝေဒနာအဖြေရှာ စစ်ပြန်တော့ ဖြစ်တည်ပျက် သဘောမှန် လောကဓံစက်ဝိုင်း။

ပြော်––ပန်မဖြစ်သော်လည်း ချန်ရစ်မယ်မဆိုရက်ပေဘူး။

မပျက်ပြယ်သစ္စာဦးရယ်နဲ့ ခက်တနွယ်မေတ္တာစူးကိုမှ ခူးရက်တဲ့လှိုင်း''

ဆိုတဲ့ ဆရာ မြင်းမူ မောင်နိုင်မိုးရဲ့ "ခြေရာမဲ့လှိုင်း"ဆိုတဲ့ ကဗျာလေးလို ပုထုဇဉ်မှန်သမျှ အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ ကံနဲ့ယခုပစ္စုပ္ပန်မှာ ပြုလုပ်နေတဲ့ ကံနှစ်ခုက စီမံခန့်ခွဲနေမှုတော့ ရုပ်သေးရုပ်ပမာ ကြိုးဆွဲရာ ကခဲ့ရတဲ့ သင်းတို့နှစ်ယောက်ရဲ့ အပြစ်ကင်းတဲ့ ချစ်ခြင်းတွေကို တစ်ခန်းရပ်ပြဇာတ်တစ်ပုဒ်အနေနဲ့ နိဂုံးတံ လိုက်ကြပါ ကိုကိုရယ်လို့ မေ့ပစ်လိုက်ကြပါစို့နော်။

**တစ်ချိန်က ကိုကိုရဲ့သင်း–သင်းသင်းကြူ**

**မိုးစက်–ဥပဒေ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အမုန်းမီးတောက်

ကျော်ဇောဟိန်း–ဒေါ်ပုံ

ဆိတ်ငြိမ်တဲ့ ရပ်ကွက်၊ ခြံဝန်းကျယ်ကြီးမှာ ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင် ဦးငြိမ်းဝေနဲ့ ဒေါ်သက်ထားရည်တို့မှာ မငြိမ်းသက်ဝေ၊ မောင်မိုးသက်ဝေနဲ့ မထားသက်ဝေဆိုတဲ့ သားသမီးသုံးယောက်နဲ့ ပျော်ပျော်ရွှင်ရွှင် ငြိမ်းချမ်းစွာနေထိုင်လျက်ရှိကြပါတယ်။

အေးချမ်းသာယာတဲ့ ခြံဝန်းကျယ်ကြီးထဲမှာလည်း သွင်းကုန်ထုတ်ကုန် ကုမ္ပဏီအိုင်ရှင် ဦးနေဝင်းချိုနဲ့ ဒေါ်မြကြာဖြူတို့မှာလည်း မောင်လမင်းကိုကို၊ မတိမ်စင်ကာင်းနဲ့ မောင်ကြယ်မင်းကိုကိုဆိုတဲ့ သားသမီး သုံးယောက်နဲ့ သိုက်သိုက်ဝန်းဝန်း ချမ်းမြေ့စွာ







နေထိုင်လျက်ရှိကြပါတယ်။

ဦးငြိမ်းဝေရဲ့သား မိုးသက်ဝေမှာ လူငယ်ပီပီ ဟစ်ဟော့ဂီတကို ဝါသနာထုံ ခုံမင်ရူးသွပ်နေသူတစ်ဦး ဖြစ်တယ်။ ဒါကြောင့် အချိန်အားတာနဲ့ ဟစ်ဟော့ဂီတကို သီဆိုလေ့ကျင့်တယ်။ အစ်မကြီး ငြိမ်းသက်ဝေက အကြီးပီပီ မောင်လေးနဲ့ ညီမလေးကို အရာရာချစ်ချယ်ချင်တယ်။ အငယ်ဆုံးသမီး ထားသက်ဝေက မွေးရာပါ နှလုံးရောဂါကြောင့် မိဘများရဲ့ အလိုလိုက်ခြင်းကို ခံရတယ်။

ဦးနေဝင်းချိုမှာ ကုမ္ပဏီအလုပ်ကိစ္စနဲ့ နိုင်ငံခြားကို မကြာခဏ သွားရတယ်။ သားသမီးများကို ဖိဖိစီးစီး မအုပ်ထိန်းနိုင်ပေ။ ဒါကြောင့် သားကြီး လမင်းကိုကိုက တစ်ကိုယ်ကောင်းဆန် အတ္တကြီးသလို သား



www.burmeseclassic.com

www.burmeseclassic.com



ငယ် ကြယ်မင်းကိုကိုကလည်း အိမ်ကိစ္စများကို ဝိုင်းကူဖော်မရဘဲ သူငယ်ချင်းများနဲ့သာ လည်ပတ်အချိန်ဖြုန်းနေတယ်။ သမီးလတ် တိမ်စင်ကင်းက မိခင်ရဲ့ လုပ်ငန်းကိစ္စမှန်သမျှကို ဝိုင်းကူလုပ်ပေးတယ်။ ဒါ့ကြောင့် ဒေါ်မြကြာဖြူက တိမ်စင်ကင်းကို အချစ်ပိုအလိုလိုက်ခဲ့တယ်။

တစ်ညတော့ တိမ်စင်ကင်းမှာ ခေတ်လူငယ် ပီပီ သူငယ်ချင်းများနဲ့အတူ ဟစ်ဟော့ဂီတဖျော်ဖြေပွဲကို သွားရောက်ကြည့်ရှုကြတယ်။ အပြန်မှာ တိမ်စင်ကင်းတို့ကို မူးယစ်ရမ်းကားတဲ့ လူငယ်တချို့က နှောင့်ယှက်ကြလို့ တိမ်စင်ကင်းတို့ကို အန္တရာယ်ကြားမှ မိုးသက်ဝေက ကယ်တင်လိုက်တယ်။

ဒေါ်မြကြာဖြူက အကြောင်းစုံသိတဲ့အခါ သမီးလတ် တိမ်စင်ကင်းရဲ့ အရှက်နဲ့အသက်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့တဲ့ မိုးသက်ဝေကို ဒေါ်မြကြာဖြူကိုယ်တိုင် သမီးကိုခေါ်ကာ အိမ်တိုင်ရာရောက် ကျေးဇူးတင်စကား သွားပြောခဲ့တယ်။ ဒီအခါ မမျှော်



လင့်ဘဲ ဦးငြိမ်းဝေနဲ့ ပြန်ဆုံရတယ်။

အိမ်ထောင်သည်များ ဖြစ်နေကြလို့ နှလုံးသားဆန္ဒကို သိက္ခာဖြင့်ထိန်းကာ မိသားစုချင်း ရင်းနှီးကြစေချင်တယ်။ ဒါ့ကြောင့် မိမိတို့ရဲ့ အိမ်ထောင်ဖက်များကို ကျောင်းနေဖက် သူငယ်ချင်းများလို့သာ ဦးငြိမ်းဝေနဲ့ ဒေါ်မြကြာဖြူတို့က အသိပေးထားလိုက်ကြတယ်။ နောက်ဆက်တွဲ ဇာတ်လမ်းကို စောင့်မျှော်ကြည့်ကြစေချင်ပါတယ်။

ဒီဇာတ်လမ်းလေးကို ချမ်းသာ (ရွှေမန်းသ

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



ဘင်)က ဇာတ်လမ်းရေးဖွဲ့ပြီး ဦးဦးမြင့်က ဇာတ်ညွှန်းရေးခွဲပေးပါတယ်။ မင်းရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့အတွက် ကိုမင်းမင်းနဲ့ မအိဖြူတို့ စီစဉ်ပေးမှုနဲ့ ဒါရိုက်တာ ကျော်ဇ ပုံဖော်ခံစားရိုက်ကူးတင်ပြပြီး ရုပ်ရှင်ဇာတ်ကားနာမည်တွေကိုတော့ 'အမုန်းမီးတောက်'လို့ အမည်ပေးထားပါတယ်။

ရဲအောင်၊ ခန့်စည်သူ၊ ဟိန်းဝေယံ၊ စွမ်း





မင်းရာဇာ၊ စွမ်ရည်၊ ထွန်းထွန်းဝင်း၊ ဇော်ဦး၊ ချိုပြုံး၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ မေသက်ခိုင်တို့နဲ့ ဇာတ်ပို့ဇာတ်ရန်များ ပါဝင်ထားကြပါတယ်။ မကြာမီ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများမှာ ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။

ကျော်ဇော်ဟိန်း–ဒေါ်ပုံ

■



www.burmeseclassic.com

www.burmeseclassic.com



# သူတို့၏ မာန်

—— နိုင်စင်သန့် ——

BURMESE CLASSIC .com

ဝတ္တု မယ်နိုင်၊ ဇာတ်ညွှန်း ပိုင်ခု၊ ဒါရိုက်တာ ကိုပေါက်က 'မာန်ထက်ချို' ဗီဒီယိုထုတ်လုပ်ရေးအတွက် မစန်းစန်းဝင်း (မော်လမြိုင်) စီစဉ်ပေးမှုဖြင့် ရိုက်ကူးထားသည့် "မာန်"ဇာတ်ကားကို မာန်ထက်ချို ဗီဒီယိုစက်ဖြင့် သန်းစံက တည်းဖြတ်ပေးပြီး ကိုလတ် (Galaxy) က နောက်ခံသံစဉ်များ ဖန်တီးဖြည့်ဆည်းပေးထားသည်။

ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာတို့ အဓိက ဦးဆောင်ထားကြပြီး ဖူးချစ်၊ ဇော်ဦး၊ ခင်မို့မို့ အေး၊ ခင်သန်းဝင်းစသည့် အနုပညာရှင်များကလည်း ကျရာဇာတ်ရုပ်ပေါ်အောင် ပါဝင်သရုပ်ဆောင်ထားကြသည်။

စိတ်လေလွင့်နေသော လူငယ်တစ်ယောက် အချစ်စစ်ကို တွေ့လိုက်ရသည့်အချိန်တွင် ဘဝတန်ဖိုးကို နားလည်ပြီး မိမိကိုယ်ကို ပြုပြင်ပြောင်းလဲလာမှုကို ပုံဖော်ရိုက်ကူးထားသည်။

ဖခင်က နိုင်ငံခြားမှာရှိပြီး မိခင်နှင့်သာနေသော သူဌေးသား မာန်က ဆိုးသွမ်းရမ်းကားနေသူဖြစ်သည်။ ကိုမန်းနှင့် စောင်းအိုတို့မှာ ဖနီးမောင်နှံများဖြစ်ကြပြီး ကိုမန်း ဆရာဝန်ဖြစ်ရေးအတွက် စောင်းအိုက အပင်ပန်းအဆင်းရဲခံကာ ကိုမန်းကို ဆေး တက္ကသိုလ်တက်စေခဲ့သောကြောင့် ကိုမန်း ဆရာဝန်ဖြစ်လာသည်။ ဆရာဝန်ဖြစ်လာသောအခါ သူချစ်လှချည့်ရဲ့ဟုဆိုကာ လက်ထပ်ပြီး ကလေးတစ်ယောက်ပင်ရနေပြီဖြစ်သော စောင်းအိုကို မပေါင်းသင်းလိုတော့ဘဲ ချယ်ရီခြိမ့်ဆိုသော မိန်းမတစ်ယောက်နှင့် ဖောက်ပြန်ကာ ချယ်ရီခြိမ့်အားကိုးနှင့် စောင်းအိုတို့ သားအမိကို ပစ်ထားခဲ့လေသည်။ အားကိုးရာမဲ့ဖြစ်နေသော စောင်းအိုကို ယောဂီတစ်ယောက်က ဦးဆန်းမြိုင်ထံ ခေါ်လာပြီး သူမ အခက်အခဲကို ပြောပြစေ၏။ ဦးဆန်းမြိုင်က စောင်းအိုနှင့် ကလေးကိုမြင်လိုက်ကတည်းက သနားစိတ်ဖြစ်သွားကာ တတ်နိုင်သလောက် ကူညီပေးမည်ဟု ကတိပေးလိုက်သည်။ ဦးဆန်းမြိုင်ကိုယ်တိုင် ကိုမန်းဆီ သွားကာ အကျိုးအကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကိုမန်းက ချယ်ရီခြိမ့်စိတ် မွန်နေသောကြောင့် ဦးဆန်းမြိုင်စကားကို လက်မခံခဲ့ပေ။

ဦးဆန်းမြိုင်မှာ မာန့်မိခင်၏ အစ်ကိုဖြစ်သောကြောင့် မာန်၏ ဦးကြီးတော်သည်။ မာန် အိမ်မှအဆင်မပြေတိုင်း ဦးကြီးဆီလာနေလေ့ရှိရာ စောင်းအို၏ သမီးလေးကိုတွေ့သွားပြီး သံယောဇဉ်ဖြစ်သွားရာမှ စောင်းအိုနှင့်ပါ ဆုံခဲ့ကြသည်။ ဘကြီးက မာန်နှင့် စောင်းအိုကို နှိုင်းယှဉ်ပြောသည့်အခါ မာန် မခံချင်စိတ်ကလေးဖြစ်သွားခဲ့သည်။

စောင်းအိုတစ်ယောက် ကလေးလက်ဆွဲကာ ကိုမန်းကို ဆေးရုံမှာသွားတွေ့သော်လည်း အဆင်မပြေဖြစ်ခဲ့ရသည်။ သူမကို ချိုးချိုးနှိမ်နှိမ်ပြောသဖြင့် မျက်ရည် ကျပြီး ပြန်လာခဲ့ရသည်။

ကိုမန်းတစ်ယောက် ချယ်ရီခြိမ့်၏ ပူဆာမှုကြောင့် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး စောင်းအိုကို လာပေးသည်။ စောင်းအိုက ထိုးမပေးနိုင်ကြောင်း ပြောရာ သူ့လက်မှတ်ထိုးထားသော စာချုပ် စောင်းအိုကိုပေးပြီး နင့်နင့်သီးသီးပြောကာ ပြန်ထွက်သွားသည်။ စောင်းအို ကွာရှင်းစာချုပ်ကိုကြည့်ပြီး မျက်ရည်ကျနေရင်း စာချုပ်မှာ လက်မှတ်ထိုးလိုက်သည်။ ကိုမန်းကို မပေးလိုသောကြောင့် ဦးဆန်းမြိုင် သိမ်းထားရန် ပြောပြီးပေးထားခဲ့သည်။

မာန်က စောင်းအိုကို ချစ်မိနေ၍ အခြေအနေကို ပြန်စဉ်းစားကြရာ စောင်းအိုမှာ ခင်ပွန်းနှင့် ကွာရှင်းပြီးသားဖြစ်နေကြောင်း ခိုင်လုံသောကြောင့် သူ့စိတ်ကို ဆုံးဖြတ်ချက်ချကာ ချစ်စကားပြောလိုက်သည်။ စောင်းအိုက နှစ်ယောက်ဘဝကွာခြားကြောင်း၊ ချစ်လို့ ဖြစ်နိုင်ပါ့မလားဟု ငြင်းဆန်လိုက်သည်။ မာန်က သူ့ကို ပြန်ချစ်လိုက်သည်နှင့်အရာရာကို ပြင်ဆင်မည်ဟု ကတိပေးလိုက်ရာ နောက်ဆုံး စောင်းအို ခေါင်းညိတ်ခဲ့သည်။

ချစ်သူရှိလာပြီဖြစ်သော မာန်က မိခင်ကို သူ့အလုပ်တစ်ခု လုပ်လိုကြောင်း ခွင့်တောင်းသောကြောင့် မိခင်က ဖခင်ရှိရာ နိုင်ငံခြားသို့ ဆက်သွယ်ပြီး ဖခင်ကုမ္ပဏီနှင့် ဆက်သွယ်လုပ်ကိုင်ရန် သားဖြစ်သူ လိမ္မာပြီး အသိတရားရှိလာသည့်အတွက် ကျေနပ်နေရှာသည်။

မိခင်က သားချစ်သူမှာ စောင်းအိုမှန်းသိသောကြောင့် စောင်းအိုကို အင်္ဂလိပ်စာသင်ပေးပြီး နိုင်ငံခြားမှာ ဒီဇိုင်းပညာသင်ခိုင်းမည်ဟူသော မိခင်၏ စိတ်ကို သိလိုက်ရသော စောင်းအိုမှာ အလွန်ဝမ်းသာသွားပြီး ကြိုးစားသွားမည်ဟု ကတိပေးလိုက်သည်။

စောင်းအိုကို ပြင်သစ်တွင် ဒီဇိုင်နာ ဒီပလိုမာ သင်တန်းနှင့် ထိုင်းတွင်လည်း ဒီပလိုမာ တစ်နှစ်သင်တန်းကို သွားရောက်သင်ကြားခဲ့ပြီး မာန်၏မိခင်ပိုင်သော Top Choiceတွင် အဓိက ဒီဇိုင်နာဖြစ်နေလေပြီ။ သူတို့ချစ်သူနှစ်ယောက်၏ ဘဝကလည်း ဖြောင့်ဖြူးနေကြလေသည်။ ကိုမန်း၏ ဇနီး ချယ်ရီခြိမ့်နှင့်တွေ့တော့လည်း မာန်က သူနှင့်လက်ထပ်မည့်သူအဖြစ် မိတ်ဆက်ပေးလိုက်သည်။

ကျန်ဇာတ်လမ်းကို ဆက်လက် ကြည့်ရှုခံစားကြစေချင်ပါသည်။

နိုင်စင်သန့်



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

တိုကြီးထူး

## "ဆီးနှင်းနယ်မြေ




ဂျပန်စာရေးဆရာ "ခဝဘတ ယာစုနရီ" (Kawabata-Yasunari)၏ ဤဝတ္ထုသည် ၁၉၆၈ခုနှစ်က နိုဗယ်ဆုရရှိခဲ့ရာ ကမ္ဘာတွင် ထင်ရှားကျော်ကြားလူကြိုက်များခဲ့သည်။ ထိုစာအုပ်ကို "ဆရာမ သင်းသင်းနိုင်"က "ဆီးနှင်းနယ်မြေ"ဟု ဘာသာပြန်ပြီးထုတ်ဝေထားရာ လှချမ်းသာဇာတ်ဆောင်မင်းသားနှင့် ဂေရှာမယ်လေးတို့၏ မေတ္တာဇာတ်လမ်းကို ရသပါပါဆွဲဆောင်မှုရှိစွာ ပြန်ဆိုနိုင်စွမ်းရှိသည်။ အပျော်ဖတ်မေတ္တာဇွဲ့မဟုတ်ဘဲ ဘာဝဒဿနများစွာ အတွေးနယ်ချဲ့စားနိုင်ပါပေသည်။ထို့ကြောင့် ဆရာမသင်းသင်းနိုင်၏ ကြိုးစားမှုတင်းမှုကို ထိုက်တန်သည့်တုံ့ပြန်မှု တစ်ခုခုရရှိမှာသေချာသည်။ စိတ်ကူးချိုချိုစာပေမှ တစ်အုပ်လျှင် ၂၀၀၀/–ကျပ်နှုန်းဖြင့်တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC .com

## "မြတ်နိုးဖွယ်ရာ တောင်ဦးသဲကျောက်အနုပ..."




"ဆရာမောင်မောင်နုန်းနွယ်"၏ဤစာအုပ်... ပခုက္ကူစာပေဆု (သုတသနစာပေ–ပထမဆုရ) ...ဖွဲ့သည်။ စာပေဆုများရှင် မောင်စိုးထိုက်(သုံးဆယ်)၏ရှေ့ဒေသ... သုတေသနပညာရှင်လှငယ်ပီပီထူးခြားဆန်းပြားမှုကို စာတေသနပြုရေးသားထားရာ ထိုက်တန်သည့်စာပေဆုကိုရရှိခဲ့ခြင်းဖြစ်သည်။ပခုက္ကူစာပေဆု ရပြီးလျှင်ပြီးချင်းစာအုပ်ကို ချက်ချင်းထုတ်ဝေခဲ့ခြင်းဖြစ်သည်။ တစ်အုပ်လျှင် ၂၀၀၀/–ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမွေသားထိုက်စာပေနှင့် မျိုးဆက်သစ်စာပေတို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com






## “သာသနာ့အခြေခံတရား”

“ဆရာဒေါက်တာ ဝင်းနိုင်ထွန်း (ရွှေဘို)”၏ ဒုတိယမြောက်၊ ဘာသာရေးလုံးချင်းဖြစ်သည်။ ပထမစာအုပ်က ဒု–သ–န–သောဖြစ်ပြီး ယခုစာအုပ်က သာသနာ့အခြေခံတရားဖြစ်သော“သီလ”အကြောင်းကိုအဆိုအမိန့်အကိုးအကားအထောက်အထားပြည့်စုံစွာ ရှာဖွေစုစည်းရေးသားထားသည်။ လူငယ်လူရွယ်လူကြီးတွေပါဖတ်ရှုမှတ်သား ဒိမ်းဆည်းထားသင့်သည့်စာအုပ်ဖြစ်သည်။ တစ်အုပ်လျှင် ၁၀၀ဝိ/–ကျပ်နှုန်း ဖြင့် ဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC .com

## “လူထုကြိုက်အောင်လုပ်”

The First Weekly News ဂျာနယ်နှင့် The First Music News ဂျာနယ်၏ “အယ်ဒီတာချုပ် ဆရာအောင်စိုးသူ”၏ ဂျာနယ် ခေါင်းကြီးများ (ဆောင်းပါးများ)ကို စုစည်းထုတ်ဝေ... ထာဝစဉ် ဖြစ်ပေါ်ပြောင်းလဲနေသော မြန်မာနိုင်ငံ... ပါရှိသည်။ ထို့ကြောင့် ...ပြည်... တစ်... တမ်းများဟု ...ိုင်သည်။ The First Media Group မှ ဝ၉၅၄၀၀၃၄၉မှ ... နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။




ကိုကြီးထူး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်သိန်းဖိုးနိုင်

## တနင်္ဂနွေ



## တနင်္လာ



'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' ကြိုးစားနေသော ကာလဖြစ်သည်။ အောင်မြင်မှု အလင်းတန်းက သင့်ကို ရှာဖွေနေပြီ။ ကံကောင်းနေသော ကာလမှာ ကြိုးစားမှုကို သုံးဆတိုးလိုက်ပါ။ သုံးထပ်ကွမ်း အောင်မြင်မှု ရရှိမည်။ လူမှုရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။

ချစ်သူ၏ အမှန်းစကားကြောင့် ရင်ခွင်တစ်ခုလုံး ဖြန်းဖြန်းကွဲမတတ် ခံစားရတတ်သည်။ အချစ်ကံ ခေနေသည်။ နှလုံးသားကို ချုပ်ထက်သော လက်နက်ဖြင့် အထိုးခံရသည့်ပမာ စူးရှနာကျင်လွန်းနေမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၈ ၈ ၅) (၉ ၈ ၀)

**ယတြာ**– ကံ ကံ၏ အကျိုးကို ယုံကြည်လျက် ဘာသာရေးအမိဋ္ဌာန်တစ်ခု ပြုလုပ်ပါ။

'ဝ'ရှိ၍ 'ဝိ'လုပ်ခွင့်ရသော ကာလဖြစ်သည်။ ကြဲတိုင်းအောင် ထင်တိုင်းဖြစ်နေမည်။ ဘဝအဆင့်တစ်ဆင့် တက်လှမ်းနိုင်မည်။ အလှမ်းကျယ် အမြင်ကျယ်နေမည်။ လုပ်ငန်းနယ်ပယ်မှာ နတ်မျက်စိရှိသည့်ပမာ ကွက်ကျော်မြင်နေမည်။ နိုင်ငံရပ်ခြားကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ရတတ်သည်။

အကြောင်းမဲ့သက်သက် လက်တွဲဖြုတ်သွားသော ချစ်သူကို နားလည်ရန် မလွယ်ကူဖြစ်နေမည်။ ပျော်ရွှင်မှုနောက်ကွယ်မှာ ဝမ်းနည်းမှုရှိသည်။ နောက်ထပ် ချစ်သူသစ်တစ်ဦးကို မျက်စပစ်မိမည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ စနေ။

**အကျိုးပေးဂဏန်း** – (၂ ၈ ၇) (၈ ၈ ၇)

**ယတြာ**– နွေးထွေးသော အောင်မြင်မှုရရှိစေရန် အိမ်ရှိဘုရားမှာ သီလခံယူပြီး ပန်း၊ ရေချမ်းနှင့် ဆွမ်းကပ်လှူကာ ဓမ္မစကြာတရားဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



အရေးကြီးသောကိစ္စရပ်များကို ဆောင်ရွက်ရသော ကာလဖြစ်သည်။ ထူးခြားသော ကမ်းလှမ်းချက်များကို ကြုံတွေ့ရမည်။ ဟန်ကျပန်ကျသော ဘဝကို တည်ဆောက်နိုင်မည်။ ဆန်းသစ်တီထွင်မှုနှင့် အကျိုးပေးကောင်းသည်။ ဝီရိယရှေ့ဆောင်ပြီး ဘဝခရီးလမ်းကို လျှောက်လှမ်းနေမည်။

**မာယာတစ်သိန်း**ဖြင့် ပလီပလာနိုင်လွန်းသူ**လေးနှင့် အိစိကာလီဖြစ်**နေမည်။ အပျော်အပြက်စခဲ့သော **အချစ်ဇာတ်လမ်းက ဝမ်းနည်းမှုဖြင့်** အဆုံးသတ်ရတတ်သည်။ အချစ်မြားနတ်မောင်က သင့်ကို ရက်စက်လွန်းနေသည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၉ ၈ ၀) (၅ ၈ ၀)

**ယတြာ**– ကံတရားအထူးကောင်းမွန်စေရန် သက်ကြီးဝါကြီးများကို တရားစာအုပ်လှူဒါန်းပါ။ မိမိကိုယ်တိုင်လည်း တရားနာပါ၊ တရားစာဖတ်ပါ။

## ဗုဒ္ဓဟူး



အတွေးအမြင် ပွင့်လင်းလွန်းနေသော ကာလဖြစ်သည်။ လူချစ်လူခင် ပေါများမည်။ အတွေးအခေါ်သစ်များ ရရှိမည်။ ခရီးသွားလာပြီး အတွေ့အကြုံသစ်များ ရရှိမည်။ ငွေကြေးအလုံးအရင်းနှင့် ဝင်လာသည်ကို ထူးထူးခြားခြား ကြုံမည်။

မရယ်ရွယ်ပါပဲ လှေနံနှစ်ဖက်နင်းမိတတ်သည်။ မိမိမွေးသော အချစ်မီးက မိမိကို ပြန်လည်လောင်ကျွမ်းလိမ့်မည်။ အချစ်ရေးမှာ မိမိရေးသောဇာတ်ကို မိမိကိုယ်တိုင်ကနိုင်ရန် လိုအပ်နေပြီ။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၃ ၈ ၆) (၈ ၈ ၅)

**ယတြာ**– မေတ္တာ**တရားကို အရင်းခံ၍** မိမိဝန်းကျင်ရှိ ကလေးများကို **သာကူတိုက်ကျွေး**ဒါန်းပြုပါ။

## ကြာသပတေး



ရတနာရှိရာ **ရတနာစုဆွဲရသော** ကာလဖြစ်သည်။ ပစ္စုပ္ပန် သံသ**ရာ နှစ်ဖြာ** အကျိုးအတွက် အဓိပ္ပာယ်ရှိသော **ကိစ္စရပ်များကို လုပ်ခွင့်ရမည်**။ ဘာသာတရား ယုံကြည်မှု **သဒ္ဓါတရားအားကောင်းနေ**မည်။ သမာဓိအားကောင်းပြီး ကြံသမျှ အောင်မြင်မည်။

နူးညံ့သိမ်မွေ့လွန်းသော နှလုံးသားမှာ အချစ်ပုံရိပ်ထင်ဟပ်လာမည်။ တစ်သက်တာ ရိုးမြေကျပေါင်းခွင့်ရမည့် ချစ်သူနှင့် ကြုံမည်။ ဖူးစာရေးနတ်က သင့်ကို ကောင်းချီးပေးပါလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၉ ၈ ၀) (၅ ၈ ၂)



www.burmeseclassic.com

www.burmeseclassic.com



**ယတြာ**– ဘ၀အထွတ်အထိပ်ထိ အောင်မြင်စေရန် စနေထောင့်မှာ ရေသပ္ပာယ်ပြီး ထီးလှူဒါန်းပါ။

## သောကြာ



စိတ်ကူးအိပ်မက် လှလှများကို မက်ခွင့်ရရှိသော ကာလဖြစ်သည်။ အညှံ့ကုန်ပြီး အကောင်းဆုံမည်။ သို့သော်အလစ်မှာ အလဲထိုးမည့် မိတ်ဆွေကို သတိထားပါ။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်မှု အဆင်ပြေမယ်။ ရတနာရှိရာ ရတနာစုခွင့်ရရှိမည်။

အတ္တမာနကြီးပြီး အပြစ်မရှိ အပြစ်ရှာတတ်သော ချစ်သူနှင့်ကြုံမည်။ ချစ်သူက သင့်အပေါ်အထင်သေး၊ အမြင်သေးရှိနေမည်။ သောကကင်းချင်ရင် ယခုကာလမှာ အချစ်ရေးကို မစဉ်းစားသင့်ပေ။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၅ ၈ ၀) (၉ ၈ ၆)

**ယတြာ**– လိုတရ ဘ၀ကို တည်ဆောက်နိုင်ရန် ညစဉ်ညတိုင်း ဘုရားမှန်မှန် ရှိခိုးပါ။ မေတ္တာပို့ အမျှဝေပါ။

## စနေ



BURMESE CLASSIC .com

အကောင်းများ ရွေးလုပ်နေသော ကာလဖြစ်သည်။ လုပ်သမျှဟုတ်၊ ကြံသမျှ အောင်မည်။ ဗဟုသုတတိုးပြီး ဘ၀အခြေမြင့်မည်။ ရင်းနှီးမြှုပ်နှံမှုကိစ္စ အပြိုင်အဆိုင်ကြားမှ အောင်မြင်မည်။ သင်ဖြတ်သန်းခဲ့သော ဘ၀အတွေ့အကြုံကြောင့် ကြီးပွားတိုးတက်မည်။

စတိုင်လ်ကျကျ စမတ်ကျကျနေထိုင်တတ်သူလေးကိုမှ ရွေးချယ်ချစ်မိမည်။ ချစ်သူက လွန်စွာအသန့်ကြိုက်၊ အကောင်းကြိုက်သူ ဖြစ်နေမည်။ အချစ်ရေးမှာ ရွေးချယ်မှု မှန်ပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၉ ၈ ၆)၊ (၃ ၈ ၀)

**ယတြာ**– ကံပွင့်ကံလန်းစေရန် အိမ်ရှိဘုရားမှာ သီလခံယူပြီး သစ်သီး (၉)မျိုး လှူဒါန်းပါ။

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com